ရွှေတောင်မြို့၊ အမှာရာမဂေါင်းတိုက်

ဆရာတော် - ဦးစိုက္ခိုဿိယ

အရှင်မြတ်၏

ဥပနိဿကိုမှီ၍စီစဉ်ရေးသားအပ်သော

ဝိပဿနာလမ်းမှန်

ပထမတွဲ၊ ဒုတိယတွဲနှင့် ဓါတ်ရှစ်ပါးရှုဘွယ်

စာတွဲကြီးမ ဝိပဿနာရှုဘွယ်ကျမ်း

နှင့်

ဝိညာဏာနုပဿနိကျမ်း။

၁၉၇၁-ခုနှစ်၊

(စုပေါင်းစမ္မဒါန- ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၂၀၀၀။)



ယခုပစ္စက္ခဘဝ၌ကျွတ်ထိုက်သူ ဝေနေယျအပေါင်းကို၊ သောတာပန်
သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ် ရောက်စေရန်
အမြဲမြဲသို့ လှည့်လည်၍ တရားဝမ္မဆုံးမခဲ့သူ
(ဦးတိက္ခိန္ဒြိယ ပုံတော်)

ရွှေတောင်မြို့၊ အမှာရုပ်ကျောင်းတိုက်

ဆရာတော် - ဦးတိကွဲနွယ်

အရှင်မြတ်၏

ဥပနိဿကိုမှီး၍စီစဉ်ရေးသားအပ်သော

တိကွဲဥပနိဿ

ဝိပဿနာဓလစ်းပြန်

တိကွဲဥပနိဿ - ပထမတွဲ၊ ဒုတိယတွဲ နှင့်

ဓာတ်ရှစ်ပါးရှု ဘွဲ့ယ်

၃-ခေတ်တွဲ။

ပထမအကြိမ် စုပေါင်း ရိုက်နှိပ်ခြင်း။

အုပ်ရေ (၂၀၀၀)။

ဓနုပြုမြို့၊ ဝိပဿနာ စာမေးပွဲအသင်းကြီး၏ နာယက
သုဗောဓာဝံကျောင်း ဆရာတော် ဦးပညာကိတ္တိ
ဖြည့်စွက် ပြင်ဆင်သည်။

ကျမ်းဦးစကား။

ကုသိုလ်ကံကောင်း ထောက်မ၍၊ သာသနာတော် အတွင်း လူ့ဘဝကိုရကြသော ဗုဒ္ဓဘာသာ မွန်သမျှသည်၊ အပါယ်ဘေး ဆိုးကြီးမှ လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်ရန်မှာ အလွန် အရေးကြီးဆုံးသော ကိစ္စကြီးဖြစ်ပါသည်။ အပါယ်ဘေး, သံသရာ ဘေးတို့မှ လွတ်ရန်, ပြတ်ရန်မှာ သက္ကာယဒိဋ္ဌိကိုပယ်နိုင်မှ လွတ်နိုင် ပြတ်နိုင်မည့်အကြောင်း ရှင်တော်ဘုရား ဟောကြားထားသည်ကို ရဟန်း, ရှင်, လူတိုင်းပင် သိကောင်းသိကြပေလိမ့်မည်။ သက္ကာယ ဒိဋ္ဌိကို ပယ်သတ်နိုင်ရန် အကြောင်းမှာ ရုပ်ဓါတ်, နာမ်ဓါတ် ပညတ်, ပရမတ်, သစ္စာ ၄-ရပ်၊ ပဋိစ္စသမုပ္ပါဒ်စသည့် တရားစုတို့ကို ဘုရားရှင်အလိုတော်အတိုင်း သိနားလည်၍ ယောနိသော မနသိ ကာရဖြစ်အောင် ကြိုးပမ်းအားထုတ်ရန် လိုပေသည်၊ မြတ်စွာ ဘုရား သက်တော်ထင်ရှား, ကိုယ်တော်တိုင်မရှိသော်လည်း၊ မြတ် စွာဘုရား အလိုတော်ကျအတိုင်း၊ ယထာဘူတ, ဟုတ်တိုင်းမှန်စွာ ဟောပြော, ဆုံးမနိုင်သော ကလျာဏမိတ္တ ဥပနိဿဆရာကောင်း ဆရာမြတ်ကို စုံစမ်းရှာကြံဆည်းကပ်၍၊ ထိုဆရာ၏ ဆုံးမသြဝါဒ နည်းနိဿကို နာခံမှတ်သား, ကျင့်ကြံအားထုတ် နှလုံးသွင်းမှ သာလျှင်၊ ဘုရားရှင်၏အဘိဓမ္မာတရားဘော်ကို ဟုတ်တိုင်းမှန်စွာ သိနားလည်၍၊ လိုရာသို့ ဆိုက်ရောက်နိုင်ပေမည်။

ဤ "တရားဟောနည်း - ဥပနိဿသစ်" တွင် အသုံးပြုသော ဟောနည်း, ပြောနည်း, မေးမြန်းနည်းတို့သည်၊ အဘိဓမ္မာတရား တော်ကို ကျေငြိန်, နားလည်၍၊ အထူးလွယ်ကူသော နည်းဖြင့်

သင်ပြ,ဟောပြောနိုင်အောင်၊ ရှေတောင်မြို့၌ ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများ,အားထုတ်,သီတင်းသုံးနေတော်မူသော ကျေးဇူးရှင်, ဆရာတော် 'ဦးတိက္ခိန္ဒြိယ'၏ ဟောနည်းကိုမှီး၍၊ စီစဉ်,ရေးသားထားသောနည်းနယ ဖြစ်သည့်အတိုင်း၊ အလှန်တရာမှ သိမ်မွေ့နက်နဲ,ခက်ခဲသော အဘိဓမ္မာတရားတော်မြတ်ကို တရားနာသူတို့၏ အသိဉာဏ်၌ အသုံးပြုစေပြီး၊ ကိုယ်တိုင်ထိုးထွင်း, သိစေနိုင်သည့် မေးခွန်းမျိုး,အပြောမျိုးဖြင့်တန်ဆာဆင်၍၊ဟောကြားပြသသောနည်းကောင်း, နည်းသစ်ဖြစ်ပါသည်။

သံသရာဘေး အပါယ်ဘေးကြီးတို့ကို ကြောက်ရွံ့တုန်လှုပ်၍၊ ထိုဘေးဆိုးကြီးတို့မှ, လွတ်မြောက်လိုသော ဆန္ဒရှိကြကုန်သော ယောကျ်ား, မိန်းမ, လူကြီး, လူငယ်တို့နှင့်တကွ အဘိဓမ္မာတရားဟောနည်း, ဥပနိသျကောင်းကို သိလိုရလိုမှတ်သားလို, လိုက်နာကျင့်ကြံ, အားထုတ်လိုသော သူတို့အကျိုးငှာ၊ 'တိက္ခဥပနိသျ' အမည်မှည့်၍၊ တရားဟောနည်း ဥပနိသျသစ်ကို စီစဉ်ရေးသားရခြင်းဖြစ်ပါသတည်း။

ဤဥပနိသျသစ်တွင် ဖေါ်ပြပါထားသော မေးခွန်းမေးပုံ စီစဉ်ပုံမျှားမှာ စံအဖြစ်သာ ရည်ရွယ်ပါသည်။ ဤမေးခွန်းမျှားကို တထစ်ကျမှတ်၍၊ အခါခပ်သိမ်း ဤအတိုင်း ဟောပြောရန်မဟုတ်ပါ။ တရားနာသူ၏ဉာဏ်,ထက်-မထက်ကို အကဲခတ်၍ သူနှင့်လျော်သောမေးခွန်းမျှားကို သင့်ရာအာင်စီစဉ်၍၊ဟောသူကလည်း မိမိ၏ ဉာဏ်ကိုအလွှာလွှာ လွှာ၍၊ အသုံးပြုပြီးလျှင် ဟောပြောရန် ဖြစ်သည်ကိုသတိပြုစေလိုပါသည်။

ဦးဘုံးစိုး
အငြိမ်းစား-ပညာဝန်ထောက်။

ကိုက္ခဥပနိသျား

တရားဟောနည်း ဥပနိသျသစ်။

နမောတသ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သတိပြုရန်-

(ကွင်းငယ်ဖြင့် ပြထားအပ်သော စကားများသည် တရားနာခံသူ၏ အဖြေ)။

[ကျိထောင့်ကွင်းကြီးဖြင့် ပြထားအပ်သော အချက်များမှာ ဗဟုသုတအဖို့ ဖြစ်ပါသည်။]

စကားချီး။

တရားနာချင်ကြတာ ဘာကုသိုလ်ကို လိုလို့ နာချင်တာလဲ နောင်ဘဝ၌ ချမ်းသာကြွယ် ဝ အောင်လို့ နာချင်တာလား၊ (မဟုတ်ပါဘူး)။ နတ် ဖြစ် ချင် လို့လား၊ (မဟုတ်ပါဘူး)။ မဟုတ်လျှင် ဘာဓကြောင့်နာချင်တာလဲ။ (အပါယ်ဘေးမှ လွှတ်ချင်လို့ နာပါတယ်)။ အပါယ်ဘေးမှ လွှတ်ချင်လျှင် သက္ကာယဒိဋ္ဌိပြုတ်အောင် လုပ်ရမှာပေါ့။ သက္ကာယဒိဋ္ဌိပြုတ်အောင် ရုပ်ပရမတ်၊ နာမ်ပရမတ်တို့၏သဘာဝဓမ္မတို့ကို ပိုင်းခြားသိအောင် လုပ်ရမယ်၊ ရုပ်ပရမတ်, နာမ်ပရမတ်ဟာ ခန္ဓာမှာ ဖြစ်ပျက်နေတာကို သိအောင် လုပ်ရမယ်၊ နိဗ္ဗာန်ကိုလဲ အာရုံပြုရမယ်။ ရုပ်ဓါတ် နာမ်ဓါတ်တို့၏ အနိစ္စ, ဒုက္ခ, အနတ္တ, သဘော တရား တွေကို ခန္ဓာမှာ သိအောင် မြင်အောင်လုပ်တာကို ဝိပဿနာဟု ခေါ်အပ်

တယ်။ ခုလိုခန္ဓာမှာမသိမမြင်ဘဲ၊ ပါးစပ်က အနိစ္စ, ဒုက္ခ, အနတ္တလို့ သာရွတ်ဆိုနေပြီး ပုတီးလုံးတွေ့ တခုပြီးတခုချနေတာ ဝိပဿနာ အစစ်မဆိုနိုင်၊ ဝိပဿနာစခန်းသို့ မဆိုက်ရောက်နိုင်ဘူးလို့ ပညာရှိများပြောဘူးတယ်၊ကျွှလိုလုပ်ရုံနှင့် သက္ကာယဒိဋ္ဌိမပြုတ်နိုင်ဘူးတဲ့၊ ဒိဋ္ဌိမပြုတ်လျှင် အပါယ်ဘေးကလဲ မလွှတ်နိုင်ဘူးတဲ့၊ ရူပ်ပရမတ်, နာမ်ပရမတ်တို့၏ဖြစ်ပေါ်မှု,ပျက်စီးမှုကို ဉာဏ်မျက်စိဖြင့် ခန္ဓာတွင်းမသို့ မမြင်သောသူဟာ အနှစ်တရာပတ်လုံး အသက်ရှင်သော်လဲ မမြတ်ဘူးတဲ့။ ခန္ဓာထဲ၌ဖြစ်ပျက်မှုကို ဉာဏ်မျက်စိဖြင့် မှန်ကန်စွာသိမြင်သောသူသာလျှင်၊ တရက်မျှ အသက်ရှင်နေသော်လဲ အနှစ်တရာနေရသူထက် ရှင်ရက်ပေါင်းနှင့်ပြီး,မြင့်မြတ်ပေတယ်တဲ့။

ကဲ-ယခုရူပ်ပရမက်, နာမ်ပရမက်တို့၏ သဘာဝမှုကို ဟောပြမည်။အာရုံဘုံးစိုက်ပြီး နားထောင်ကြ။

အားလုံးလိုက်ဆိုကြ။

ရှိ,ပရမတ်-မရှိ,ပညတ်။ အမည်ကို နာမပညတ်, အမှုံအမှားထင်သမျှကို သဏ္ဌာန်ပညတ်၊ ဘာမျှမရှိတာကို အဘာဝပညတ် သည်ပညတ်သုံးပါးမှ လွှတ်နေလျှင် ပရမတ်ခေါ်တယ်မှတ်ထား။

ရူပ် ၈ တတ် ကြီး ၄ ပါး။

(၁) နှာခေါင်းဝနားမှာ ခုလို လက်ခံပြီး၊ နှာခေါင်းကလေကို မှုတ်ထုတ်လိုက်တော့၊ နှာခေါင်းဝကို တိုးသွားတာ၊ တွန်းသွားတာမတွေ့ရဘူးလား၊ မသိရဘူးလား (သိရပါတယ်)။ လက်ဝါးအလယ်မှာတိုးတာ,တွန်းတာကောမသိရဘူးလား၊(သိရပါတယ်)၊ လက်ဝါးဘေးမှာကော တိုးတာ,တွန်းတာ မသိရဘူးလား၊ (သိရ

ပါတယ်)။ ဒါဖြင့် တွန်းတာဟာတနေရာထဲလားအန္ဆုံအပြားလား၊ (အန္ဆုံ အပြားပါ)။ တွန်းတာကို မျက်စိဖြင့်မြင်နိုင်သလား (မမြင်နိုင်ပါ)။မမြင်နိုင်သော်လဲ၊ တွန်းတာရှိမှန်းမသိနိုင်ဘူးလား(သိနိုင်ပါတယ်)။တွန်းတာဟာ အမှုံ့အမှဲားလား၊ စဉ်းစားပြော(မဟုတ်ပါ)၊ တွန်းတာဟာ အကောင်သတ္တဝါလား(အကောင်သတ္တဝါလဲမဟုတ်ပါ)။ တွန်းတာမှာ အမည်ရှိသလား (မရှိပါဘူး) အမည်မရှိလျှင် ဘာရှိသလဲ၊ (တွန်းတာဘဲရှိပါတယ်)။ အမည်မရှိလျှင် တွန်းတာကို နာမပညတ်လို့ ဆိုနိုင်မလား (မဆိုနိုင်ပါ)။ ဒါဖြင့် နာမပညတ်မဟုတ်ဘူးပေါ့၊(မဟုတ်ပါ)၊တွန်းတာဟာ အမှုံ့အမှဲား သဏ္ဌာန်ကောရှိသလား (မရှိပါ)၊သဏ္ဌာန်မရှိလျှင် သဏ္ဌာနပညတ်လို့ ဆိုနိုင်မလား။ (မဆိုနိုင်ပါ)။ ဒါဖြင့် သဏ္ဌာနပညတ်လဲမဟုတ်ဘူးပေါ့။(မဟုတ်ပါ)။ တွန်းတာအမှန်ရှိသလား၊ မရှိဘူးလား။ (အမှန်ရှိပါ၊ဘယ်) အမှန်ရှိလျှင် ဘာမျှမရှိဆိုတဲ့အဘာဝပညတ်လို့ကော ဆိုနိုင်မလား၊(အဘာဝပညတ်လို့လဲမဆိုနိုင်ပါ)။နာမပညတ်လဲမဟုတ်။ သဏ္ဌာနပညတ်လဲမဟုတ်၊ အဘာဝပညတ်လဲ မဟုတ်လျှင် ပညာသုံးပါးမှလွတ်နေတဲ့သဘောပါ့ လွတ်မနေဘူးလား၊ (လွတ်နေပါတယ်)။ လွတ်နေလို့ပညာ်မဟုတ်လျှင် ပရမတ်ပေါ့၊ မဟုတ်ဘူးလား။ (ဟုတ်ပါတယ်)။ တွန်းတာဟာ သတ္တဝါလား (မဟုတ်ပါ)၊ အသက်လို့ပ်ပြာလား၊(မဟုတ်ပါ)။ သတ္တဝါအသက် မဟုတ် သူ့သဘော သူဆောင်နေလို့ခေါ်တ်ပေါ့၊ ဓမ္မပေါ့။ ထို့ကြောင့်၊ "ဓမ္မာနိဿတ္တာ၊နိဇ္ဇီဝသဘာဝါ"လို့ဟောတယ်၊အကောင် သတ္တဝါ့ အသက်လိပ်ပြာ မဟုတ်ဘူးတဲ့၊ သဘာဝဓမ္မဘဲတဲ့။

(၂) နာခေါင်းက လေကိုမှုတ်ထုတ်လိုက်လို့ တွန်းတာ တွေ့ရတာဟုတ်ပါ့ပြီ၊ တွန်းတာအပြင် ဘာတွေ့ရသေးသလဲ၊ လုပ်ကြည့်

စမ်းပါဦးလား၊ ပူတာမတွေ့ရဘူးလား (တွေ့ရပါတယ်)။ အဲသည် ပူတာကောတနေရာထဲလား အနှံ့အပြားလား၊ (အနှံ့အပြားပါ)၊ မျက်စိဖြင့် မြင်နိုင်သလား (မမြင်နိုင်ပါ)။ မမြင်နိုင်လျှင် သူ့ကို ဘယ်လိုသိရသလဲ (ပူတာလို့ဘဲသိရပါတယ်) ပူတယ်လို့ သိရှိတာမှ တပါး သည့်ပြင်သိစရာရှိသေးသလား (မရှိပါ)၊ ပူတာဟာ အမှုံ့ အမှားလား (မဟုတ်ပါ)၊ အကောင်လား (မဟုတ်ပါ)၊ အသက် လိပ်ပြာ ရှိသလား (မရှိပါ) ပူတာကောအမည်ရှိသလား(မရှိပါ)၊ အမည်မရှိလို့ နာမပညတ် မဟုတ်ဘူးပေါ့ (မဟုတ်ပါ)။ လေး ထောင့်ဘဲ၊ ဝိုင်းဝိုင်းဘဲရယ်လို့ ပုံသဏ္ဌာန်ကောရှိသလား(မရှိပါ)၊ မရှိလို့ သဏ္ဌာန ပညတ်လဲမဟုတ်ဘူးပေါ့၊ (မဟုတ်ပါ) ပူတယ် ဆိုတဲ့ သဘောဟာ အမှန်မရှိဘူးလား (ရှိပါတယ်)၊ အမှန်ရှိလျှင် ဘာမျှ မရှိဆိုတဲ့၊ အဘာဝပညတ်လဲ မဟုတ်ဘူးပေါ့၊ (မဟုတ်ပါ) ဒါဖြင့် ပညတ်သုံးပါးက လွတ်မနေဘူးလား (လွတ်နေပါတယ်)၊ လွတ်နေလို့ သူ့ကိုဘာခေါ်သလဲ၊ (ပရမတ်ခေါ်ပါတယ်) ပူတာဟာ အကောင်လား (မဟုတ်ပါ)၊ သတ္တဝါလား (မဟုတ်ပါ)၊ အသက် လိပ်ပြာလား (မဟုတ်ပါ)၊ အကောင်,သတ္တဝါ,အသက်မဟုတ်လျှင်ဘာလဲ၊ (ပူတာဘဲ)၊ အေးဟုတ်တယ် ပူတာဟာ ပူတာဘဲ သူ့သဘောသူ ဆောင်နေလို့ ခဘတ်ပေါ့- ဓမ္မပေါ့ (ဟုတ်ပါတယ်)။

(၃) နှာခေါင်းက လေမှုတ်ထုတ်လိုက်တော့၊ အသံမြည်ဘူးလား၊ (မြည်ပါတယ်)၊ ဘာကြောင့် အသံမြည်သလဲ၊ ကဲ-စဉ်းစားစမ်း၊ တုတ် ၂-ချောင်းကို ရိုက်လျှင် မြည်မလား၊ မြည်ပါတယ်။ ဝါဂွမ်းစု ၂-စုကိုရိုက်လျှင်ကော မြည်မလား၊(မမြည်ပါ)၊ ဘာကြောင့် တုတ် ၂-ချောင်းကိုရိုက်တော့မြည်သလဲ (မာလို့မြည်

တယ်)၊ ဝါဂွမ်း ချင်းချင်းရိုက်တော့ ဘာကြောင့် မမြည်သလဲ၊ (ပြော့လို့မမြည်ပါ)။ .အေး- ပြော့လို့ နှုးညံ့လို့ မမြည်တာပေါ့၊ နှာခေါင်းကမှုတ်ထုတ်လိုက်တော့ ပူတာရှိတယ်။တွန်းတာရှိတယ်။ အသံမြည်လို့ မာတံတာကော မရှိပေဘူးလား၊(မာတာလဲရှိပါတယ်) မာတာကို့ မျက်စိဖြင့် မြင်သလား၊(မမြင်နိုင်ပါ)မမြင်နိုင်ဘူး၊ မာတယ်လို့ဘဲသိရတာပေါ့၊မာတာဟာ မှုံ့မှုံ့မှဉ်းမှဉ်းလား အကောင်လား၊ အသက် လိပ်ပြာလား (မဟုတ်ပါ)၊ မဟုတ်လျှင်ဘာလဲ၊ မာတဲ့သဘောဘဲပေါ့(ဟုတ်ပါတယ်)၊ မာတာမှာအမည်ရှိသလား (မရှိပါ) သဏ္ဌာန်ကောရှိသလား(မရှိပါ)၊မာတယ်ဆိုတဲ့သဘောဟာ အမှန်မရှိဘူးလား၊ (အမှန်ရှိပါတယ်)အေး-အမှန်ရှိလို့ပရမတ်ပေါ့ သူ့သဘော သူဆောင်လို့ ဓာတ်ပေါ့၊ ဓမ္မပေါ့။

(၄) တွန်းတာ ပူတာ၊ မာတာ သဘောသုံးမျိုးထဲက တမျိုးထဲရအောင်ယူလိုက်စမ်း၊ ရမလား(တမျိုးထဲမရပါ)၊ တွန်းတာကို ယူလျှင် ပူတာလဲပါ မာတာလဲပါတာပေါ့၊ မာတာကို ယူလျှင်ကော (တွန်းတာလဲပါ ပူတာလဲပါမယ်) ဘာကြောင့် တခုထဲပါအောင်ယူလို့မရသလဲ သည်မှာကြည့်၊ စက္ကူ ၃-ချပ် ထပ်ထားမယ် တခုယူစမ်းရသလား (ရပါတယ်)၊ ကောင်းပြီ စက္ကူ ၃-ချပ်ကော်နှင့်ကပ်ထားမယ်၊ တခုယူစမ်း၊ ရသလား (မရုပါ အားလုံးပါလာပါတယ်)၊ ဘာကြောင့် တခုထဲယူလို့မရသလဲ (ကပ်နေလို့မရပါ)။ အေး - ပူတာ,မာတာ,တွန်းတာထဲမှာ ကပ်တတ်တဲ့ သဘောတခုမရှိဘူးလား-ရှိသလား (ရှိပါတယ်)၊ ကပ်တာရှိလို့အားလုံးပါတာပေါ့၊ (ဟုတ်ပါတယ်)။ ကပ်တာကိုမျက်စိဖြင့်မြင်ရသလား (မမြင်ရပါ၊ ကပ်တာလို့ဘဲသိရပါတယ်)။ ကပ်တာဟာ အမှုံ့မှုံ့အမှဉ်းမှဉ်းလား၊ အကောင်လား၊ အသက်လိပ်ပြာလား (မဟုတ်ပါ)။

ကပ်တာမှာပုံသဏ္ဌာန်ရှိသလား၊(မရှိပါ)။သဏ္ဌာန်မရှိလို့သဏ္ဌာန
ပညတ်မှ လွတ်နေတာပေါ့၊ လွတ်နေလျှင်ဘာလဲ၊ (ပရမတ်ပါ)။
အမည်ကော ကပ်တာမှာရှိသလား၊(မရှိပါ)။အမည်မရှိလျှင် နာမ
ပညတ်က လွတ်နေလို့ ပရမတ်ပေါ့၊ မဟုတ်ဘူးလား (ဟုတ်ပါ
တယ်)။ ကပ်တဲ့သဘောဟာ ထင်ရှားမရှိဘူးလား ရှိသလား၊(ထင်
ရှားရှိပါတယ်)။ ထင်ရှားရှိနေလို့ အဘာဝ ပညတ်က လွတ်နေ
တာပေါ့၊ ဒါဖြင့်ဘာလဲ၊ ထင်ရှားမှုလို့ ပရမတ်ပေါ့၊ ဓာတ်ပေါ့၊
ဓမ္မပေါ့၊ တွန်းတာရယ်, ပူဘာရယ်, မာတာရယ်, ကပ်တာရယ်၊
သဘောဝယ်နှစ်ခု ပေါင်းစုံနေဘာတွေ့ရသလဲ၊ (လေးခု တွေ့ရပါ
တယ်)။ တွန်းတာကို ဝါယောဓာတ်ပူဘာကို တေဇောဓာတ်၊ မာတာကို
ပထဝီဓာတ်၊ ကပ်တာကို အာပေါဓာတ်လို့ ဘုရားကအမည်တပ်ထားတယ်၊
သူတို့ကို ဓာတ်ကြီး ၄-ပါးလို့ ခေါ်တယ်၊ မဟာဘုတ် လေးပါး
လို့လဲခေါ်တယ်၊ သည်ဓာတ်လေးပါးထဲက တခုစီ၊ ဟခုစီနှင့်ယှဉ်
လို့ရမလား၊ (မရဘူးတခုယူလျှင်အားလုံးပါပါတယ်) သည်ဓာတ်
၄-ပါး အသီးသီးဟာ၊ လူလား၊ နတ်လား၊ အဇကာင်၊ သတ္တဝါ
အသက်လား (မဟုတ်ပါ)။ မဟုတ်လျှင် သူတို့အပေါင်းအစုဟာ
လူ,နတ်,သတ္တဝါ,အသက် ဟုတ်နိုင်ပါ့မလား၊ (မဟုတ်နိုင်ပါ)။
ဘုရားက ဓာတ်အစုအပေါင်းလို့ ဟောတယ်၊ မှန်သလား၊ မမှန်
ဘူးလား(မှန်ပါတယ်)။သူတို့ တခုနှင့်တခု သဘောခြင်းတူသလား
(မတူပါ)၊ သူတို့ဘယ်အခါရှိသလဲ၊ (ပေါ်မှုရှိပါတယ်)။ တခု
ပေါ်လျှင် သည့်ပြင် ဓာတ် ၄-ပါးလဲပေါ်တာဘဲ၊ တခုပျက်လျှင်
ကော (အားလုံးပျက်ပါတယ်)၊ဘယ်အခါပေါ်သလဲ၊အကြောင်း
ပေါင်းဆုံတဲ့အခါးပေါ်တားပေါ့၊ ပေါ်ပြီးဘာဖြစ်သလဲ၊ (ရင့်ရော်
ပျက်စီးပါတယ်) ပေါ်ပြီးပျက်တာကို ဝိပရိဏာမ ဖေါက်ပြန်

တယ်လို့ ဆိုတယ်။ သည်လို ဖေါက်ပြန်တာ ဘယ်သူ့ကြောင့်လဲ၊ ကံ့စိတ်,ဥတု,အာဟာရဆိုတဲ့ အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာရခြင်းကြောင့်၊ ဖေါက်ပြန်တာပေါ့။ သည်လို ဖေါက်ပြန်ပျက်စီးမှု ထင်ရှားခြင်းကြောင့်၊ သူတို့ကို ရုပ်လို့ ခေါ်တယ်။ ပေါ်တာ ဇာတိ၊ ရင့်ရော်တာ ဇရာ၊ ပျက်တာ မရဏဟုမှတ်။ ဇာတိ ရှိလျှင် ဘာဖြစ်ရမလဲ (ဇရာ ဖြစ်ရမယ်၊ မရဏဖြစ်ရမယ်)၊ ဒါဖြင့် ဘယ်သူ့ကို အများကြီးကြောက်ရမလဲ၊ (ဇာတိကို) ဇာတိ ဖြစ်လျှင်၊ ဇရာ မရဏ ဖြစ်မလား၊ မဖြစ်ဘူးလား (ဖြစ်ပါမယ်)။ ဇာတိ.ကို အကြောင်းတရား ပဋိစ္စသမုပ္ပါဒလို့ ခေါ်တယ်၊ ဇရာမရဏကို အကျိုးတရား ပဋိစ္စသမုပ္ပန္နလို့ ခေါ်တယ်၊ မှတ်ထား။

နည်းလေးပါး။

(ဇာတိပေါ်လျှင်၊ မရဏတို့ ဖြစ်ပေါ်တာ ဘာကြောင့်လဲ၊ ခမ္မတာသဘော၊ မွေနိယာမသဘောကြောင့်ဘဲ။ ဇာတိ၊ဇရာ၊ မရဏဟာ တဆက်ထဲတခုထဲလို ဖြစ်မသွားဘူးလား။ (ဖြစ်သွားပါတယ်)။ အဲ-ခုလိုဖြစ်သွားတာ ဧးဇတ္တနည်းခေါ်တယ်။ တဆက်ထဲတခုထဲလိုဖြစ်သော်လဲ။ သူ့လက္ခဏာနှင့်သူ၊ သူ့သဘောနှင့်သူ၊ တခုနှင့်တခုတူကြသလား၊(မတူပါ)။ အဲ-မတူကြလို့ နာနတ္တနည်း ခေါ်တယ်။ ဇရာ,မရဏဖြစ်ပေါ်အောင်၊ ဇာတိက လှုပ်လှုပ်ရွရွ ပြုရသလား။ ကြောင့်ကြစိုက်ထုတ်ရသလား၊ (မစိုက်ထုတ်ရပါ) အဲတာအဗျာပါရနည်း ခေါ်တယ်။ ကြောင့်ကြမစိုက်ထုတ်ရဘဲ ခမ္မတာသဘောအတိုင်း ဖြစ်ကြတာ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်)။ သူတို့ခမ္မတာအတိုင်းဖြစ်ကြလို့ ဧဝံခမ္မတာနည်း ခေါ်တယ်။အဲ-ခုလိုနည်း ၄-ပါးနှင့်လဲ သိအုံးတဲ့)။

ခါတ် ၄-ပါးအစုဟာပေါ်ပြီး ချက်ခြင်းမပျက်ဘူးလား၊(ပျက်ပါတယ်)။ ပျက်တာဟာမြဲလို့လား၊ မမြဲလို့လား။(မမြဲလို့ပါ) မမြဲတာဟာအနိစ္စပေါ့။ ပျက်တာသိတာ မမြဲတာသိတာ အနိစ္စအသိပေါ့။ (ဟုတ်ပါတယ်) ပေါ်ပြီးပျက်တာ သက်သာတာလား။ မသက်သာတာလား (မသက်သာပါ)။ မသက်သာတာ ဒုက္ခပေါ့။ မသက်သာတာသိတာ ဒုက္ခအသိပေါ့။(ဟုတ်ပါတယ်)။ မပျက်ပါစေနှင့်လို့ တားဆီးလို့ရသလား၊(မရပါ)။ ကိုယ့်အလို အတိုင်းဖြစ်အောင် တားဆီးလို့မရလို့ အနတ္တပေါ့။ အကောင်သတ္တဝါမဟုတ်လို့လဲ အနတ္တပေါ့။ ကိုယ့်အလိုအတိုင်းဖြစ်အောင် တားဆီးလို့ မရတာ သိတာ-အကောင်သတ္တဝါ မဟုတ်တာကို သိတာ-အနတ္တ အသိပေါ့။ (ဟုတ်ပါတယ်)။ သည်ခါတ် ၄-ပါး အစုဟာ အကောင်သတ္တဝါ ဟုတ်သလား၊ (မဟုတ်ပါ။ မဟုတ်လျှင်ဘာလဲ၊ (ခါတ်လေးပါး)။ အေး-ခါတ် လေး ပါး ဆိုတာ ရုပ်တရားအစုအဝေးသက်သက်ပေါ့။ ဓမ္မတွေပေါ့။သည်ရုပ်တရားစုထဲမှာ ငါကောင် သူကောင်ဆိုတာပါသလား၊(မပါပါ)။ မပါဘူးပေါ့။မရှိဘူးပေါ့။ ဒါကြောင့် ဘုရားက "သင့် ရှုပ်နေတံမမနေသေဟမသို့ နမေသော အတ္တာတိ" လို့ ဟောတာပေါ့။ ရုပ်တရားအစုဟာ ငါဟာမဟုတ်။ ငါမဟုတ် အစိုးရတဲ့တရားလဲ မဟုတ်ဘူးတဲ့။

မဂ္ဂင်ဖြစ်ပုံ။

ယခုလို အကောင်သတ္တဝါမဟုတ်၊ လူမဟုတ်၊နတ်မဟုတ်၊မိန်းမမဟုတ်၊ယောကျ်ားမဟုတ်၊ ငါမဟုတ်၊ သူမဟုတ်၊တဖြစ်ထဲဖြစ် တပျက်ထဲပျက်နေတဲ့ ပရမတ် တရားစုတွေဘဲ၊ ဓမ္မတွေဘဲလို့ သိတာ၊ မှန်တာကိုသိတာလား၊မမှန်တာကိုသိတာလား၊ (မှန်တာကိုသိတာ

ပါ)။ မှန်တာကိုသိတာဖြစ်လျှင်။ ပညာသိပေါ့။ ဝိဇ္ဇာသိပေါ့။။ သစ္စာဉာဏ်လို့လဲခေါ်တယ်။ မမှန်တာကိုသိတာ အဝိဇ္ဇာသိပေါ့။။ ဘဝသံသရာက လူဘဲ၊ နတ်ဘဲ၊ ယောကျ်ားမိန်းမဘဲလို့ သိသမျှ ဟာ အဝိဇ္ဇာသိပေါ့။ သည်လိုအဝိဇ္ဇာဖြင့် သိပြီး၍၊ တကယ် နတ်ဘဲ၊ လူဘဲ၊ သတ္တဝါဘဲလို့ စွဲနေသောအယူမျိုးကို၊ မိစ္ဆာဒိဋ္ဌိ ခေါ်တယ်။ဝိဇ္ဇာသိကို သမ္မာဒိဋ္ဌိခေါ်တယ်။ သမ္မာဒိဋ္ဌိဖြစ်တဲ့အခါ အမြင်မှား, အယူမှားတဲ့ မိစ္ဆာဒိဋ္ဌိရှိသေးသလား။ (မရှိတော့ပါ)။ ဘာရှိတော့မလဲ။ မိစ္ဆာဒိဋ္ဌိကို သမ္မာဒိဋ္ဌိက ဖျက်ဆီးလိုက်တာကို။ သမ္မာဒိဋ္ဌိ ဖြစ်တိုင်းဖြစ်တိုင်း၊ မိစ္ဆာဒိဋ္ဌိကင်း၍ ကင်း၍ သွားဘာ ပေါ့။ ဟုတ်မဟုတ်ကိုစဉ်းစား။ ကင်းမှန်းကို သိလိမ့်မယ်။ သမ္မာ ဒိဋ္ဌိကမိစ္ဆာဒိဋ္ဌိကို ဖျက်လို့ 'မ'။ အမှန်ကိုသိတာသို့ ရောက်လို့ 'ဂ'။ သည်လို အမှန်သိနေတဲ့အခါ၊ ကိလေသာမရှိဘဲ စိတ်ကို ဖြူစင်စေလို့ 'အရိယ' ဒါကြောင့် 'အရိယမဂ္ဂ'ဟု ဘုရားဟောတယ်။ ။ အမှန်သိအောင် မြင်အောင်မကြုံဘဲ, မစဉ်းစားဘဲ သိပါ့မလား။ (မသိနိုင်ပါ၊မမြင်နိုင်ပါ)။ ကြုံတာရှိမှ မြင်နိုင်-သိနိုင်တယ်မဟုတ် ဘူးလား(ဟုတ်ပါတယ်)။ ကြုံတာကို ဘာခေါ်မတုံး၊ ကြုံတာ သမ္မာသက်ပ်ခေါ်တယ်၊ သမ္မာသက်ပ်ကကြုံပေးလို့ သမ္မာဒိဋ္ဌိက မြင်တယ်မဟုတ်လား၊ (ဟုတ်ပါတယ်)။ အဲသည်သမ္မာသက်ပ်ဟာ ကောင်းတာကြုံတာလား၊ မကောင်းတာကြုံတာလား။ (ကောင်း တာကြုံပါတယ်)။ ကောင်းတာကြုံတော့၊ မကောင်းတာ ကြုံတဲ့ မိစ္ဆာသက်ပ်ပျက်နေအုံးမလား။ မကင်းဘူးလား။ (ကင်းပါတယ်)။ ကင်းအောင် ဖျက်ဆီးလိုက်တာက 'မ'၊ မှန်တာကို အကြုံရောက် လို့ 'ဂ'။ သည်အခါမှာ စိတ်ကို ဖြူစင်စေလို့ "အရိုယ"ဒါကြောင့် ဘုရားကအရိယမဂ္ဂလို့ ဟောတယ်။ ။မှန်တာကိုရောက်အောင်

ကောင်းစွာ ကြံ ဘို့ ရာ အားမထုတ် ရဘူးလား၊ (အားထုတ်ရပါ တယ်)။ ဤလိုကောင်းစွာ အားထုတ်မှုကို "သမ္မာဝါယမ"ခေါ် တယ်။ သမ္မာဝါယမဖြစ်နေတဲ့အခါ ပျင်းပျင်းရိရိနေတဲ့ မိစ္ဆာ ဝါယမဖြစ်အုံးမလား။ (ဖြစ်မှုမရှိနိုင်တော့ပါ)။ ဖြစ်မှုမရှိတော့ ဘူးပေါ့။ ကင်းနေတာပေါ့။

မိစ္ဆာဝါယမကို ဖျက်လို့ 'မ'။မှန်တာရောက်လို့ 'ဂ'။သည်အခါ စိတ်ကို ဖြူစင်စေလို့ 'အရိယ' ဒါကြောင့် 'အရိယမဂ္ဂ'ပေါ့။ ဓာတ် လေးပါးကို အကောင် သတ္တဝါမဟုတ်၊ အသက် လိပ်ပြာမဟုတ်၊ သဘာဝ တရားအစုံသာ ဟုတ်ပါကလား ဖြစ်ပျက်နေတဲ့၊ ဒုက္ခ တရား အစုံပါကလားလို့ တွေးမနေဘူးလား (ကွေးနေပါတယ်)၊ တွေးနေတာ သမ္မာသတိပေါ့၊ ဤလိုတွေးနေတဲ့အခါ၊ လူဘဲ, နတ် ဘဲ, ဗြဟ္မာဘဲ, သူဘဲလို့ တွေးတောမှု ရှိနိုင်အုံးမလား (မရှိနိုင်တော့ ပါ။ နိစ္စဘဲ၊ သုခဘဲလို့ ကော တွေးတောမှုရှိအုံးမလား (မရှိပါ)၊ ထိုကဲ့သို့ တွေးတောမှု ရှိမနေလျှင် မိစ္ဆာသတိ ကင်းနေတာပေါ့၊ ဖြူစင်နေတာပေါ့၊ ဒါကြောင့် အရိယမဂ္ဂပေါ့။ ဤသို့ တွေးနေ တော့ ဓာတ်လေးပါးဟာ အကောင်သတ္တဝါ မဟုတ်ဘူး ဆိုတာ မှာ စိတ်တည်မနေဘူးလား၊ (တည်နေပါတယ်)။ ကောင်းတာ မှာ တည်နေတာလား၊ မကောင်းတာမှာ တည်နေတာလား၊ (ကောင်းတာမှာတည်နေပါတယ်)။ အဲသည်လို ကောင်းတာမှာ တည်နေလို့ 'သမ္မာသမာဓိ'ပေါ့။ ထိုအခိုက် ခိုးချင်တဲ့စိတ်၊ သတ် ချင်တဲ့စိတ်တွေ ဝင်ရောက်တည်အုံးမလား (မတည်ပါ)။ လောဘ၊ ဒေါသ၊ မောဟ တွေ ရှိအုံးမလား၊ (မရှိပါ)။ မတည် မရှိလျှင် မိစ္ဆာသမာဓိ ကင်းနေတာပေါ့၊ မိစ္ဆာသမာဓိကိုဖျက်လို့ 'မ'။ မှန် တာကို စိတ်ရောက်နေလို့ 'ဂ'။ သည်အခါမှာ စိတ်ဖြူစင်နေလို့

အရိယ၊ အဲတာ 'အရိယမဂ္ဂ'လို့ ဘုရားဟောတယ်၊ သင့် ခန္ဓာမှာ သမ္မာသတိ၊ သမ္မာသမာဓိ ဖြစ်နေလျှင် ဖရူဿဝါစာ၊ သမ္မပ္ပလာပဝါစာ စသော နှုတ်ကြမ်းတမ်းမှုတွေ ဖြစ်အုံးမလား၊(မဖြစ်ပါ)။ မဖြစ်လျှင် သမ္မာဝါစာဖြစ်တာပေါ့၊ သမ္မာဝါစာဖြစ်လျှင် မိစ္ဆာဝါစာ ကင်းနေတာပေါ့၊ ခုလို သမ္မာသတိ၊ သမ္မာသမာဓိ ဖြစ်နေလျှင် ကာယကံမှု သောင်းကျန်းအုံးမလား၊ (မသောင်းကျန်းတော့ပါ) မသောင်းကျန်းလျှင် သမ္မာကမ္မန္တ ဖြစ်နေတာပေါ့၊ သမ္မာကမ္မန္တဖြစ်နေတော့ မိစ္ဆာကမ္မန္တ ဖြစ်အုံးမလား (မဖြစ်ပါ) ကင်းနေတာပေါ့၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တဖြစ်နေလျှင် ကောင်းစွာ အသက်မွေးခြင်း မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်) ဖြစ်နေလျှင် သမ္မာအာဇီဝဖြစ်တာပေါ့။ သမ္မာအာဇီဝ ဖြစ်နေတဲ့အခါ မိစ္ဆာအာဇီဝမကင်းဘူးလား (ကင်းပါတယ်)၊ အဲသည် တရားတွေလဲဘဲ အရိယမဂ္ဂပေါ့၊ ခုခံပြောတဲ့တရားရှစ်ပါးကို အင်္ဂါရှစ်ပါးနှင့် ပြည့်စုံတဲ့မဂ္ဂင်လို့ ခေါ်တယ်။ တပါးဖြစ်လျှင် အားလုံးတပြိုင်နက်မဖြစ်ဘူးလား(ဖြစ်ပါတယ်) တပါးပျက်ရင် အားလုံးမပျက်ဘူးလား၊ (ပျက်ပါတယ်)မီးရထားခေါင်းတဲ့သွားလျှင် နောက်ဆက်တဲ့မျှား အားလုံးပါလိုက်သလိုပေါ့။

သိက္ခာ ၃-ပါး

မဂ္ဂင်တရားကို ထပ်ခါထပ်ခါ ပွားများ နှုလုံးသွင်းနေလျှင် လျှင် ကာယကံ၊ ဝစီကံ မစင်ကြယ်ဘူးလား (စင်ကြယ်ပါတယ်) သည်လိုစင်ကြယ်နေတာ သီလသိက္ခာနှင့်ပြည့်စုံနေတာပေါ့၊သမာဓိကောမဖြစ်ဘူးလား (ဖြစ်ပါတယ်) သမာဓိသိက္ခာနှင့် ပြည့်စုံနေတာပေါ့၊ ပညာကောဖြစ်မနေဘူးလား၊ (ဖြစ်နေပါတယ်) ပညာပညာသိက္ခာနှင့် ပြည့်စုံနေတာပေါ့၊ နှုလုံး သွင်းဖန် များတော့

သမာဓိ ကြီးမလာဘူးလား။ ဉာဏ်ရင့်မလာပေဘူးလား၊(ရင့်လာ
ပါတယ်) ယခုလို ဝိပဿနာ ယှဉ်ပြိုးဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာ
ကို အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာလို့ ခေါ်တယ်။

နိဗ္ဗာန်ကိုအာရုံပြုပုံ။

သည်ခါတ် ၄-ပါးအစုဟာ ပေါ်ပြီး ဘာဖြစ်သလဲ။(ရင့်ယော်
ပျက်စီးသွားပါတယ်) နောင်ဘဝတွေ့မှာကော ပေါ်ပြီး ဘာဖြစ်
မလဲ။ (ရင့်ယော်၊ပျက်စီးသွားပါ့မယ်)။ ထိုထိုဘဝသံသရာကကော
ပေါ်ပြီးဘာဖြစ်ခဲ့လလဲ။ (ရင့်ယော် ပျက်စီးခဲ့ပါတယ်)။ သည်
ခါတ် ၄-ပါးအစုဟာ လူလား၊နတ်လား၊ ယောကျ်ားလား၊ မိန်းမ
လား။ (မဟုတ်ပါ)။ ဒါဖြင့် ပေါ်ပျက်နေတဲ့ ဒုက္ခတရားပေါ့။
(ဟုတ်ပါတယ်)။ ဘဝသံသရာကလဲဒုက္ခ၊ ယခုဘဝလဲဒုက္ခ၊ နောင်
ဘဝအဆက်ဆက်လဲ ဒုက္ခ အပူမီးဖြစ်အုံ့မှာပေါ့။ မဖြစ်ပေဘူး
လား၊ (ဖြစ်ပါတယ်)။ သည်ခါတ် ၄-ပါးအစုဟာ နှစ်သက်စရာ
လား၊ (မဟုတ်ပါ)။ ခင်မင်စရာလား၊ (မဟုတ်ပါ)။ တွယ်တာ
စရာလား၊(မဟုတ်ပါ)။ သူတို့ကိုခင်မင်တွယ်တာခဲ့လို့ ဘဝပေါင်း
အသခ်ျေ့ အနန္တ မရေမတွက်နိုင်အောင် လည်ခဲ့ရပြီ မဟုတ်လား၊
(ဟုတ်ပါတယ်)။ ခင်မင်တွယ်တာ သင့်သေးသလား (မခင်မင်
သင့်တော့ပါ)။ တွယ်တာလျှင် ဖြစ်ပေါ်မှု ဇာတိရှိအုံ့မှာပေါ့။
(ဟုတ်ပါတယ်)။ ဇာတိရှိလျှင်ဘာဖြစ်မလဲ၊ (ဒုက္ခမီးအမျိုးမျိုး
တွေ့ရပါတယ်)။ သည်တော့ ဖြစ်ပေါ်မှုလွတ်တဲ့သဘော အဇာ
တိသာ ဒုက္ခမီးကလွတ်တော့မယ်လို့ ဉာဏ်ဖြင့် မသိနိုင်ဘူးလား၊
(သိနိုင်ပါတယ်)။ ဖြစ်ပေါ်မှုလွတ်တဲ့ အဇာတိ သဘောသို့
ရောက်လိုသော အာသာမဖြစ်ဘူးလား၊ (ဖြစ်ပါတယ်) ဇာတိ ရှိ
လျှင် ဇာတိနှင့်ဆန့်ကျင်ဘက်ဖြစ်တဲ့ အဇာတိဟာ ရှိမြဲမမှတာဘဲ၊

ပူတာရှိလျှင် အေးတာရှိတာဘဲ၊ သည်ဘက်ကမ်းရှိလျှင် ဟိုဘက်ကမ်းရှိတာဘဲ၊ အဲသည်လိုရှိတာ ဓမ္မတာဘဲ၊ နိယာမဘဲ၊ ပူတာကို တွေ့တော့ အေးတာကိုမရှာဘူးလား (ရှာပါတယ်)။ အေးတာကို မဟောင့်တဘူးလား (တောင့်တပါတယ်)။ ဖြစ်ပေါ်မှုဇာတိဟာ ပူတာလား၊ အေးတာလား၊ (ပူတာပါ)။ ပူတာဖြစ်လျှင် ပူတာကလွတ်ရာ ပူတာနှင့် တဘက်မှာရှိတဲ့အေးရာသို့ ရောက်ချင်တဲ့ စိတ်မဖြစ်ဘူးလား၊ (ရောက်ချင်တဲ့စိတ်ဖြစ်ပါတယ်)။ အဲသည် ဖြစ်ပေါ်မှုမရှိတဲ့ အဇာတိအေးရာဟာ နိဗ္ဗာန်ဘဲ၊ ဇာတိမရှိလို့ သည်တရားဘဲ၊ မြဲတဲ့နိစ္စတရား သည်တရားဘဲ၊ ချမ်းသာနေတဲ့ သုခတရား ပြုပြင်ခြင်းမှ ကင်းနေတဲ့အသင်္ခတ တရားဘဲ၊ ခိုင်မာတဲ့တရား၊ မြဲတဲ့တရား၊ ကမ္ဘာအဆက်ဆက် အမြဲတည်ရှိနေတဲ့ တရားဘဲ၊ အဲသည် တရားသို့ စိတ်ရောက်အောင် လှုတ်ရမည်။ ယခုလို သင့်စိတ်ကို လှုတ်ဖန်များလျှင် ဖြစ်ပေါ်မှုရှိတဲ့ဘက်ကို အာသာရှိအုံးမလား (မရှိတော့ပါ)။ သည်ဘက်က ဒုက္ခ အပူမီးတွေကို မြင်လေလေ၊ ဟိုဘက်ကိုစိတ်ရောက်လေလေပေါ့။ စိတ်ရောက်ဖန်များလျှင် သည်ဘက်က အာသာပြတ်ရောပေါ့၊ သည်ဘက်ကို အာသာပြတ်လျှင် နောင် အဆက်ဆက်ဖြစ်မဲ့ ဘဝတွေလဲ ပြတ်ရောပေါ့၊ဒုက္ခခပ်သိမ်းလဲငြိမ်းရောပေါ့။ ထိုဒုက္ခတို့၏ငြိမ်းကြောင်းဟာ အသင်္ခတနိဗ္ဗာန်ပေါ့။ နိဗ္ဗာန်ရောက်တယ်ဆိုတာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို ထိုးထွင်း မြင်တာကိုဆိုတယ်။ ခန္ဓာကြီး ရောက်သွားတာမဟုတ်ဘူး။

နာမ်တရား။

ကဲ- ယခု နာမ်တရားကိုပြမယ်နားထောင်၊ ယခုပြခဲ့တဲ့ ဓာတ် ၄-ပါးဟာ ဘယ်လိုသဘောတွေလဲဆိုတာ အာရုံပြုလိုက်အုံး၊တွေး

လိုက်အုံး၊ ဤလိုအာရုံပြုလိုက်တော့ ဓာတ်လေးပါးကို မသိဘူးလား (သိပါတယ်)။ အဲသည်သိမှုဟာ သင့်ခန္ဓာရင်ချိုင့်ထဲက ဟဒယဝတ္ထုကို မှီ၍ ထင်ထင်ရှားရှားဖြစ်ပေါ်လာတယ်။ အဲသည် အသိကို စိတ်လှုံလဲခေါ်တယ်။ ဝိညာဏ်လှုံလဲခေါ်တယ်။ မနောလှုံ့လဲခေါ်တယ်။သည်သိမှုဟာဘယ်အခါပေါ်သလဲ၊ အကြောင်းခံ အာရုံရှိတဲ့အခါ ပေါ်တယ်မဟုတ်ဘူးလား (ဟုတ်ပါတယ်)။ အာရုံဝတ္ထုအကြောင်းခံမရှိဘဲ ပေါ်မှုရှိပါ့မလား (ပေါ်မှုမရှိပါ)။ အကြောင်းအမျှားပေါင်းဆုံမှ ဖြစ်ပေါ်တဲ့တရားမို့ သခ်ၤတ တရားလို့ခေါ်တယ်။ ဓာတ် ၄-ပါးကိုတွေးတော့ အကောင်မဟုတ်တာ၊ အသက်မဟုတ်တာ ဖြစ်,ပျက်နေတာတွေကို မသိဘူးလား(သိရပါတယ်)။ အဲသည်လိုသိတဲ့ သိမှုဟာ ဖြစ်ပေါ်တာပေါ့ (ပေါ်ပါတယ်)။ သည်သိမှုဟာကော၊ မှုံမှုံမှားမှားလား၊ အထည့်,ခြဒ်သဏ္ဌာန်ကော ရှိသလား၊ (မှုံမှုံမှားမှားလဲမဟုတ်၊ သဏ္ဌာန်လဲမဟုတ်ပါ)။ အကောင် သတ္တဝါလား၊ အသက် လိပ်ပြာလား၊ (အကောင်လဲမယုတ်၊ အသက် လိပ်ပြာလဲမဟုတ်ပါ) မိန်းမလား၊ ယောကျ်ားလား (မဟုတ်ပါ)။ အကောင်, သတ္တဝါမဟုတ်လျှင်ဘာလဲ (သိတတ်တာပါဘဲ) အေး- ဟုတ်တယ်။ သိတယ်ဆိုတဲ့မှတ်ကြောင်းလက္ခဏာပေါ့၊ အကြောင်းခံအာရုံရှိလို့ပေါ်တဲ့သဘောတရား မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်)။ ပေါ်တဲ့အခါထင်ရှားမရှိဘူးလား (ရှိပါဘယ်)။ ဒါကြောင့်သိမှုကိုလဲ ဘုရားက ပရမတ်လို့လဲဟောတယ်၊ ဓါတုလို့လဲဟောတယ်၊ ဓမ္မလို့လဲဟောတယ်။

စေတသိက်။

အဲသည်သိမှုဟာ ဘယ်အခါပေါ်သလဲ၊ ဓာတ် ၄-ပါးကို အာရုံပြုတဲ့အခါ- ကွဲးတဲ့အခါ ပေါ်တယ်မဟုတ်ဘူးလား၊ (ဟုတ်ပါ

တယ်)။ အာရုံနှင့်မတွေ့ဆုံဘဲ ပေါ်မှုရှိပါ့မလား၊(မတွေ့ဆုံလျှင် ပေါ်မှုမရှိပါ)။ အဲသည် တွေ့ဆုံတယ်ဆိုတဲ့သဘောဟာ သိမှုနှင့် အတူပေါ်တာပေါ့၊ (မှန်ပါတယ်)။ သည်တွေ့ဆုံတဲ့ သဘောကို ဖဿလို့ ခေါ်တယ်။ ဓာတ် ၄-ပါးဟာ အကောင်သတ္တဝါမဟုတ်၊ ဖြစ်ပျက်နေတဲ့ ရုပ်တရားတွေဘဲလို့ မှန်တာကိုသိနေတော့၊ သင့် စိတ်ထဲမှာ ချမ်းသာတာ, ခံစားတာမရှိဘူးလား (ရှိနေပါတယ်)။ အဲ သည်လို ခံစားနေတဲ့သဘောတခုဟာလဲ သိမှုနှင့်တွဲ၍ အတူတူ ပေါ်တဲ့တရားပေါ့။ သည်ခံစားတတ်တဲ့ သဘောကို ဝေဒနာခေါ်တယ်။ ဓာတ် ၄-ပါးကိုသိနေတော့ ထိုဓာတ် ၄-ပါးဟာ လှုပ်နတ်, ပြဟ္မာ, သတ္တဝါမဟုတ်၊ ဓာတ်အစုံဘဲ၊ ဓမ္မအစုံဘဲ၊ ပရမတ်အစုံဘဲ ရယ်လို့ မမှတ်ဘူးလား(မှတ်ပါတယ်)။ အဲ မှတ်တတ်တဲ့ သဘော တခုလဲပါတာပေါ့။ သည်မှတ်တတ်တဲ့ သဘောကို သညာ ခေါ်တယ်၊ သဘောဘယ်နှစ်ခုရှိမလဲ၊ သိမှု, တွေ့ဆုံမှု, ခံစားမှု, မှတ်မှု လေးခုရှိပြီး အဲသည်တရားသဘောတွေကို အာရုံမှာ ဖြစ်အောင် စေ့ဆော်ပြုလုပ်ပေးတဲ့သဘောတခုကော ပါမနေဘူးလား(ပါနေ ပါတယ်)။ သည်စေ့ဆော်ပြုလုပ်ပေးတဲ့သဘောကို စေတနာခေါ်တယ်။ သည်တရားသဘောတွေကို အာရုံ၌ မပုံမှန်လွှင့်တည်တော် သော သဘောတရား ကေဂ်တာကော ပါမနေဘူးလား(ပါနေပါ တယ်)။ သည်တရားတွေကို စောင့်ရှောက်တဲ့သဘော ဇီဝိတိန္ဒြ ကော မပါဘူးလား(ပါပါတယ်)။ ထိုပြုအပ်တဲ့အာရုံသို့ ယှဉ်ပေါ် ယှဉ်ဘက်ဖြစ်တဲ့ သမ္ပယုတ်တရားတို့ကို ရှေ့ရှုပြေးဝင်စေတတ်တဲ့ မနသိကာရကော မပါဘူးလား (ပါပါတယ်)။ ယခု သိမှုပါ သဘောအားလုံး ဘယ်နှစ်ခုရှိပြီလဲ၊ လိုက်ဆိုကြ "သိ, ဆုံ, ခံစား, မှတ်, စေ့ဆော်ပြုလုပ်, တည်စောင့်ရှောက်, ရှေ့ရှုန့လုံးသွင်း၊ ဘယ်

နွစ်ခုလဲ၊ (ရှစ်ခု)။ သိမ္မမပါရင်ကော ဘယ်နှစ်ခုလဲ (ခုနစ်ခု)။ အဲသိမ္မပေါ်လျှင် သိမ္မနှင့်အတူ သဘော (၇)ခုဟာ မပေါ်ဘူးလား (ပေါ်ပါတယ်) သိမ္မပျက်လျှင် သူတို့ကော မပျက်ဘူးလား (ပျက်ပါတယ်)။ သည်သဘော (၇) ခုဟာ သိမ္မနှင့် ပေါ်အတူ ပျက်အတူ အာရုံတခုထဲ၊ မိုရာတခုထဲဖြစ်လို့ သူတို့ကို စေတသိက်လို့ ခေါ်တယ်။ သိမ္မ ပေါ်တိုင်း ပေါ်တိုင်း ဘယ်တရားတွေ ပေါ်သလဲ (စေတသိက်တွေပေါ်တယ်)။ စေတသိက်တွေကို ဆိုပြုစမ်း (ဖဿ၊ဝေဒနာ၊သညာ၊စေတနာ၊ကေဂ္ဂတာ၊ဇီဝိတိန္ဒြေ၊မနသိကာရ) သဒ္ဓါသတိ အစရှိသော စေတသိက်တို့ယှဉ်ပြဉ်းသော်လည်း ကျယ်လွန်းမည်စိုး၍ (မထည့်ဘဲချန်ခဲ့သည်) သည်တရားတွေဟာ သိမ္မနှင့်အတူ အာရုံသို့မညွတ်ဘူးလား၊ မကိုင်းဘူးလား (ညွတ်ပါတယ်၊ကိုင်းပါတယ်)။ အာရုံသို့ ညွတ်တတ် ကိုင်းတတ်လို့ နာမ်ဓာတ်လို့ ခေါ်တယ်။ နာမ်တရားတို့လဲခေါ်တယ်။ ဖဿ၊ဝေဒနာ၊ သညာ စသော နာမ်တရားတွေဟာကော၊ အမှုံ အမှဲ ရှိသလား (မရှိပါ)။ အထည်ခြဒ်ရှိသလား (မရှိပါ)။ အကောင်သတ္တဝါလား၊ လူ,နတ်,ယောကျ်ား,မိန်းမ ဟုတ်သလား (မဟုတ်ပါ)။ သည်နာမ်တရားများဟာ တခုနှင့်တခု သဘောချင်း တူသလား၊(မတူကြပါ၊သူ့သဘောနှင့်သူဖြစ်ပါသည်)။ သူသိတယ်၊ ငါသိတယ်ဆိုတာမှာ သူ-ငါက သိတာလား၊ သိတာက သိတာလား၊ (သိတာက သိတာပါ)။ ဒါဖြစ်လျှင် ဘယ်ဟာကို သူ, ငါ လုပ်မလဲ၊ (လုပ်စရာမရှိပါ)။ငါ,သူ,တွေဆုံတာလား၊ ဖဿက တွေ့ဆုံတာလား၊ (ဖဿကတွေ့ဆုံပါတယ်)။ ငါ,သူ, ခံစားတာလား။ ဝေဒနာက ခံစားတာလား (ဝေဒနာကခံစားပါတယ်)။ ငါ,သူ, မှတ်တာလား၊ သညာကမှတ်တာလား၊ (သညာကမှတ်ပါတယ်)။

ဒါဖြင့်လျှင် ဘယ်မှာလဲ၊ ငါ,သူ,ငါ,သူ, ရှိသလား၊ (မရှိပါ) မရှိဘူးပေါ့။ မိမိ မိမိတို့၏ မှတ်ကြောင်း လက္ခဏာမျှသာပေါ့၊ ပရမတ်တွေပေါ့၊ ဓမ္မတွေပေါ့။ သိမ္မုန့်အတူ ပေါ်တဲ့ စေတသိက်တွေဟာ အကောင်,သတ္တဝါ,လူ,နတ်,ဗြဟ္မာ၊ ငါ သူတပါးယောကျ်ားမိန်းမ မဟုတ်တော့၊ ဘာလဲ အနတ္တပေါ့၊ သိမ္မုလဲအနတ္တာ၊ သူတို့လဲ အနတ္တပေါ့။ သိမ္မုန့် ပေါ်အတူ ပျက်အတူပေါ့ (မှန်ပါတယ်)။ ပေါ်ပြီးဘာဖြစ်သလဲ (ပျက်ပါတယ်)။ ပျက်တာ မမြဲတဲ့သဘောပေါ့၊ မမြဲတဲ့သဘောကို ဘာခေါ်သလဲ၊ (အနိစ္စခေါ်ပါတယ်)။ ခုလို ပေါ်လိုက်, ပျက်လိုက်၊ ပေါ်လိုက်, ပျက်လိုက်နေတာ ချမ်းသာတာလား၊ မချမ်းသာတာလား၊ (မချမ်းသာပါ)။ မချမ်းသာတာဒုက္ခပေါ့။ မပျက်နှင့်လို့ တားဆီးလို့ ရသလား၊ အစိုးရသလား (မရပါ)။ အစိုးမရလို့ အနတ္တပေါ့။

ခန္ဓာငါးပါး။

ခုတင်က ပြခဲ့တဲ့ ပထဝီ၊ တေဇော၊အာပေါ၊ဝါယောဆိုတဲ့ ရူပ်ဓါတ်တွေဟာလဲ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်တဲ့ ဓမ္မအစု။ ယခုပြတဲ့ နာမ်တရားရှစ်ပါးဟာလဲ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်တဲ့ ဓမ္မအစုဘဲဆိုတော့ ဘယ်ဟာကို လူ,နတ်,ဗြဟ္မာလုပ်မလဲ၊ (လူ,နတ် မလုပ်နိုင်ပါ)။ လူ,နတ်,ဗြဟ္မာ လုပ်စရာ ဘယ်မှာရှိတော့မလဲ၊ (မရှိတော့ပါ)။ အကြောင်းတိုက်ဆိုင်လို့ ဖြစ်ပျက်နေတဲ့ တရားတွေပေါ့။ ဖြစ်ပျက်၊ ဖြစ်ပျက်နေတဲ့ ဓါတ်အစုအပေါင်းတွေ မဟုတ်ဘူးလား (ဟုတ်ပါတယ်)။ ရူပ်ဓါတ်အစုအပေါင်းကို ရူပက္ခန္ဓာခေါ်တယ်။ ဝေဒနာကို ဝေဒနက္ခန္ဓာ။ သညာကို သညက္ခန္ဓာ။ ဝေဒနာ,သညာမှတပါးကျန်တဲ့ စေတသိက်တွေကို သင်္ခါရက္ခန္ဓာ။ သိမ္မုကို ဝိညာဏက္ခန္ဓာခေါ်တယ်။ ခန္ဓာငါးပါးဆိုတာ တာပေါ့။

သက္ကာယဒိဋ္ဌိ။

သည်ရုပ်အစု နာမ်အစု ဖြစ်တဲ့ ခန္ဓာငါးပါးဟာ လူ, နတ် ဟုတ်သလား၊ (မဟုတ်ပါ)။ ယောကျ်ား မိန်းမ ဟုတ်သလား၊ (မဟုတ်ပါ)။ သတ္တဝါလား၊ အသက်လိပ်ပြာလား (မဟုတ်ပါ)။ နိဿတ္တနိဇ္ဇီဝ သဘာဝါလို့ အဋ္ဌကထာဆိုတာ မမှန်ဘူးလား၊ (မှန်ပါတယ်)။ တရားမနာခင်က ဓါတ်အစုအပေါင်းဘဲ၊ ပရမတ် တွေဘဲ၊ ဓမ္မတွေဘဲဆိုတာ သိရဲ့လား၊ (မသိပါ)။ ဘဝသံသရာ ကကောသိခဲ့ရဲ့လဲ့လား၊ (မသိခဲ့ပါ)။ မသိခဲ့လို့ ယခုဘဝတိုင်အောင် သံသရာဝဲထဲ လည်နေရတာပေါ့။ဓါတ်အစုအပေါင်းကို သက္ကာယ ခေါ်တယ်။ ဓါတ်အစု အပေါင်းကို ဟုတ်တိုင်း မှန်စွာ ဓါတ် အစုအပေါင်းဘဲလို့မသိဘဲ။ လူဘဲ၊ နတ်ဘဲ၊ဗြဟ္မာဘဲ၊ ယောကျ်း ဘဲ၊ မိန်းမဘဲလို့ အယူရှိနေတာ သက္ကာယ ဒိဋ္ဌိခေါ်တယ်။ ယခု တရားအစုတွေဘဲလို့ယူတော့။ သက္ကာယဒိဋ္ဌိ ရှိသေးသလား၊(မရှိ တော့ပါ)။ အဲ- သည်ခန္ဓာငါးပါး ရုပ်နာမ်တရား အစုအပေါင်း ကိုယခုပြခဲ့သလို အနိစ္စ, ဒုက္ခ, အနတ္တထင်အောင် အဖန်တလဲလဲ ရှုနေရမယ်။ နှလုံးသွင်းနေရမယ်။ ဤလို ရှုနေလျှင် မှန်တာကို သိမနေဘူးလား(သိနေပါတယ်)။ အဲ- မှန်တာကိုသိနေတာ သမ္မာ ဒိဋ္ဌိဝိပဿနာဉာဏ် ခေါ်တယ်။ ဤလိုအဖန်တလဲလဲ နှလုံးသွင်း ရှုနေလျှင်။ ခန္ဓာငါးပါးဟာ နိစ္စ, သုခ, အတ္တ မဟုတ်တာတွေကို မြင်မနေဘူးလား (မြင်နေပါတယ်)။ မြင်နေလျှင် အနှစ်သာရ မရှိတဲ့ အချည်းနှီးတရား အမှန်ဖြစ်တာကို သိတာပေါ့။ဖြစ်ခဲပေါ်မှု ရှိလို့ သည်တရားတွေပေါ်တယ်မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်) ဒါဖြင့် ဖြစ်ပေါ်မှုကို ကြောက်ရမယ် မဟုတ်ဘူးလား၊ (ဟုတ်ပါ တယ်)။ သည်တော့ ဖြစ်ပေါ်မှုကို လိုချင်အုံးမလား၊(မလိုချင်ပါ)

ဖြစ်ပေါ်မှုရှိလျှင် ဇရာ, မရဏ မရှိပေဘူးလား၊ (ရှိပါတယ်)။ ဖြစ်ပေါ်မှုကို အလိုမရှိဘဲ ငြီးငွေ့ စက်ဆုတ်မှာပေါ့၊ (ဟုတ်ပါတယ်)။ ဤလို ရှုတိုင်းရှုတိုင်း သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်ဟာ ရင့်မလာပေဘူးလား၊(ရင့်လာပါတယ်)။ ကျယ်ဝန်းကျယ်ဝန်း မလာဘူးလား၊ (ကျယ်ဝန်းလာပါတယ်)။ ကျယ်ဝန်းလာတိုင်း, ကျယ်ဝန်းလာတိုင်း ပဋိပက္ခဖြစ်တဲ့ အဝိဇ္ဇာနုဿယ ပျက်,ပျက် မသွားဘူးလား၊ (ပျက်ပါတယ်)။ ခေါင်းပါး,ခေါင်းပါး၍ မသွားဘူးလား၊ (ခေါင်းပါးပါတယ်)။ အဲ- သည်အဝိဇ္ဇာ ကင်းသွားတဲ့ အခါ သည်အဝိဇ္ဇာအကြောင်းခံတဲ့ တဏှာ,ဥပါဒါန်,ကံ,သန်ဓိရတို့ကော ရှိအုံးမလား၊ (မရှိပါ)၊ ကင်းပါတယ်)။

သမ္မဇညတရား ၄ - ပါး။

[ဤတရား ၄-ပါးကို ဗဟုသုတအဖို့ ထည့်လိုက်ပါသည်]

သမ္မဇညတရား ၄-ပါးဖြစ်နေပုံအကြောင်း အနည်းငယ်ပြောပြအုံးမယ်။ သမ္မဇညဆိုတာ မချွတ်မယွင်း အမှန်ကို သိတာကိုဆိုတယ်။ ခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့ကိုအကောင်သတ်ဝါမဟုတ်၊ အသက်လိပ်ပြာမဟုတ်၊ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား ဘဲလို့ နှလုံးသွင်းပြီး သိနေတာ မှန်တာကိုသိတာလား၊ မမှန်တာကိုသိတာလား၊ (မှန်တာကို သိတာပါ)၊ မှန်တာ အမျိုးမျိုးကို သိနေလို့ ပညာသိပေါ့။ ယခုလို နှလုံးသွင်းနေကဲ့အခါ စိတ်ဟာ ခန္ဓာ ၅-ပါး ရုပ်နာမ်တရားမှာ တည်မနေဘူးလား၊ (တည်နေပါတယ်)။ စိတ်ဟိုပုံဒိဒိမရောက်ဘဲ တည်နေလို့ သမာဓိပေါ့၊ ခုလို စိတ်တည်နေတော့ ကာယကံသောင်းကျန်းအုံးမှာလား(မသောင်းကျန်းပါ)။ ဝစီကံ သောင်းကျန်း အုံးမှာလား၊ (မသောင်းကျန်း

ပါ)။ မသောင်းကျန်းတော့၊ သီလဖြစ်တာ်ပေါ့။ သီလ-သမာဓိ ပညာ ဖြစ်နေတာ အကျိုးမရှိဘူးလား၊ (အကျိုး ရှိပါတယ်)။ အကျိုးရှိတယ်လို့ မသိဘူးလား၊(အကျိုးရှိတယ်လို့ သိပါတယ်) အကျိုးရှိပါကလားလို့ သိတာ သတ္ထုက သမ္မာဇာည ခေါ်တယ်။ ဤလို သိက္ခာ ၃-ပါးနှင့်ပြည့်စုံနေအောင် နှလုံးသွင်းတာမလျောက်ပတ်ဘူးလား၊ (လျောက်ပတ်ပါတယ်)။ သိက္ခာ ၃-ပါးနှင့် ပြည့်စုံနေအောင် နှလုံးသွင်းတာ အလွန်တရာ လျောက်ပတ်ပါကလား လို့ကော မသိဘူးလား၊ (သိပါတယ်)။ အဲ- လျောက်ပတ်ပါကလားလို့ သိနေတာကို သပ္ပါယသမ္မာဇာည ခေါ်တယ်။ဩဝ်-ရုပ်နာမ်တရားတွေဟာ အကောင်သတ္တဝါ၊ အသက်၊ လိပ်ပြာမဟုတ်၊ ဓမ္မအစုအပေါင်းတွေဘဲ။ ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးကြောင့် တဖြစ်ထဲဖြစ်၊ တပျက်ထဲပျက်နေတဲ့ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရားတွေဘဲလို့ နှလုံးသွင်းမနေဘူးလား၊ (သွင်းနေပါတယ်)။ ခုလိုနှလုံးသွင်းနေတာ ကျက်စားရာအာရုံခေါ်တယ်။ အဲ- သည်ကျက်စားစရာ အာရုံကို သိနေတာ ဂေါစရသမ္မာဇာည ခေါ်တယ်။ ဤလို သမ္မာဒိဋ္ဌိဝိပဿနာဉာဏ်တွေဖြစ်နေတဲ့အခါ၊ တွေဝေခြင်း ကင်းမနေဘူးလား၊ (ကင်းနေပါတယ်)။ ကင်းနေတာကိုကော မသိဘူးလား၊ (သိနေပါတယ်)။ တွေဝေခြင်း ကင်းနေတာကိုသိတာ အ သမ္မောဟာ သမ္မာဇာညလို့ ခေါ်တယ်။ [သမ်ဗံဇာညတရား ၄-ပါး ခန္ဓာထဲမှာ ဖြစ်နေတာကိုလဲ သိလေတဲ့။]

သစ္စာ ၄-ပါး။

ရုပ် နာမ် ဓမ္မ သင်္ခါရ တရားတွေဟာ လူလား၊ နတ်လား၊ သတ္တဝါလား၊ အသက်လိပ်ပြာလား (မဟုတ်ပါ)။ မဟုတ်လျှင်

လူဘဲ၊ နတ်ဘဲ၊ သတ္တဝါဘဲ၊ အသက် လိပ်ပြာဘဲဆိုတဲ့ အတ္တခေါ်တဲ့ အနှစ်သာရ ရှိပါ့မလား၊ (မရှိပါ)။ မရှိလျှင်ဘာလဲ၊ အနတ္တပေါ့၊ (ဟုတ်ပါတယ်)။ လှုပတင့်တယ် နှစ်သက်ဖွယ်ဆိုတဲ့ သုဘဟူသောအနှစ်သာရကော ရှိရဲ့လား၊ (မရှိပါ)။ မရှိလျှင်ဘာလဲ၊ (အသုဘ)။ တဖြစ်ထဲဖြစ်၊ တပျက်ထဲပျက်နေတဲ့ တရားတွေဟာ ချမ်းသာတဲ့ တရားလား၊ (မချမ်းသာပါ)။ မချမ်းသာလျှင် ချမ်းသာခြင်း သုခဆိုတဲ့ အနှစ်သာရကော ရှိရဲ့လား၊ (မရှိပါ)။ မရှိလျှင်ဘာလဲ၊ ဒုက္ခပေါ့။ မဟုတ်ဘူး လား၊ (ဟုတ်ပါတယ်)။ ဖြစ်ပျက်နေတဲ့ တရားဟာ မြဲလို့လား၊ မမြဲလို့လား (မမြဲလို့ပါ)။ ဒါဖြင့်ရင် မြဲတယ်ဆိုတဲ့ နိစ္စအနှစ်သာရကော ရှိရဲ့လား (မရှိပါ) မရှိဘူးပေါ့။ အနိစ္စပေါ့၊ အနတ္တ, အသုဘ, ဒုက္ခ, အနိစ္စ ဖြစ်တဲ့ တရားတွေဟာ အနှစ်သာရရှိသလား (မရှိပါ)။ အနှစ်သာရမရှိတဲ့ တရားဟာနှစ်သက်စရာလား၊စက်ဆုပ်စရာလား(စက်ဆုပ်စရာပါ)။ စက်ဆုပ်စရာဖြစ်လျှင် အချည်းနှီးတရားပေါ့။ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်)။ စက်ဆုပ်အပ်တဲ့ အချည်းနှီးတရားအမှန် ဖြစ်တာဘဲလို့ မသိနိုင်ဘူးလား၊ ပညာမျက်စိဖြင့် မမြင်နိုင်ဘူလား၊ (သိနိုင်ပါတယ်၊ မြင်နိုင်ပါတယ်)။ မြင်နိုင်လျှင် ဒုက္ခ သစ္စာကို သိတာပေါ့၊ မြင်တာပေါ့၊ အဲ- သည်ဒုက္ခသစ္စာဖြစ်တဲ့ ရုပ် နာမ် တရားတွေဟာ ဘာကြောင့် ဖြစ်ပေါ်လာရသလဲလို့ အကြောင်းကိုရှာရမတဲ့။ရှာတော့ကာ အကောင်သတ္တဝါမဟုတ်တဲ့ အနတ္တကို အကောင်ဘဲ၊ သတ္တဝါဘဲရယ်လို့အမြင်မှား၊ အထင်မှားတဲ့အဝိဇ္ဇာ၊ သုခမဟုတ်တဲ့ ဒုက္ခကို သုခဘဲရယ်လို့ အမြင်မှား အထင်မှားတဲ့ အဝိဇ္ဇာ၊ နိစ္စမဟုတ်တဲ့ အနိစ္စကို မြဲတဲ့နိစ္စတရားဘဲရယ်လို့ အမြင်မှား, အထင်မှားတဲ့ အဝိဇ္ဇာ၊ သုဘမဟုတ်တဲ့ အသုဘကို သုဘ

ရယ်လို့ အမြင်မှား, အထင်မှားတဲ့အဝိဇ္ဇာ။ အဲသည် ဒုက္ခသစ္စာ ပြစ်ချက်တွေလို့ မသိမမြင်ခြင်း အဝိဇ္ဇာကြောင့်၊ ခင်မင်,တွယ်တာ ခဲ့တဲ့ တဏှာလောဘဖြစ်ရတယ်။ ထိုလောဘကြောင့် သည်ရုပ်နာမ် တရားတွေ ဖြစ်ပေါ်လာတာပေါ့၊ သည်ခန္ဓာငါးပါး ရုပ် နာမ် တရားတွေပေါ်မှုမရှိအောင် ဘယ် နှယ်လုပ်မလဲ။ သူတို့ကို မခင်မင် မတွယ်တာနှင့်ပေါ့၊ ယခုမျက်မှောက်ဘဝမှာ ဘာကြောင့် သည် ရုပ် နာမ် တွေပေါ်သလဲ၊ ရှေးဘဝက ခင်မင်တွယ်တာမှုကြောင့် ပေါ့။ မတွယ်တာခဲ့လျှင် သည် ရုပ် နာမ် တွေ ပေါ်အုံးမလား၊ (ပေါ်မှုမရှိပါ)။ အဲ- မတွယ်တာလျှင် ပေါ်မှုမရှိပေဘူးပေါ့၊ ဘာ နှင့် တူသလဲဆိုတော့ အမြစ်ပြတ်ပြီးတဲ့ သစ်ပင်လိုပေါ့၊ အမြတ် ပြတ်ပြီးတဲ့ သစ်ပင်ဟာ နောင်ကို အသီးအပွင့် အဆက်ဆက်ကို ဖြစ်စေနိုင်ပါ့မလား၊ (ဖြစ်စေမှုမရှိနိုင်ပါ)။ အဲ-သည်လိုပေါ့။ ဘာ ဖြစ်မှုရနိုင်မလဲ၊ ရှေးဘဝကတွယ်တာမှု တဏှာ အကယ်လို့ ဖြတ် တောက်ခဲ့လျှင်၊ ယခုဘဝမှာ ဖြစ်ပျက်နေတဲ့ ခန္ဓာ ဒုက္ခမီး,ဓါတ် အစုအပေါင်းတွေ ဖြစ်ပေါ်နိုင်အုံးမလား၊ (ဖြစ်ပေါ်မှုမရှိနိုင်ပါ) ပေါ်မှု မရှိတော့ဘူးပေါ့၊ သည်တွယ်တာတဲ့ တဏှာကြောင့်သာ ဒုက္ခမီးလောင်ရတယ်လို့ သိလျှင် သမုဒယသစ္စာကို ထိုးထွင်းသိတာ ပေါ့။ ဩော် - သည်ဒုက္ခမီးလောင်းနေတာ ဟိုဘဝက ခင်မင် တွယ်တာမှု,တဏှာကြောင့် အမှန်ဖြစ်ရတာဘဲ၊ အစမထင်,သံသရာ က ဖြစ်ခဲ့ဘူးသမျှ အကြောင်းသမုဒယ,အကျိုးဒုက္ခတွေဟာ ယခု ဘဝတိုင်အောင် ထပ်ကာ,ထပ်ကာဖြစ်နေပါကလား၊ လူဘဲ,နတ်ဘဲ ယောကျ်ား,မိန်းမဘဲရယ်လို့ အမြင်မှား၊အယူမှားလာပါကလား။ လူ, နတ်, မဟုတ်၊ ယောကျ်ား, မိန်းမ, မဟုတ်ပါကလား။ အကြောင်းအကျိုး ဆက်သွယ်ပြီး၊ မပြတ်ဖြစ်ပျက်နေတဲ့ ဒုက္ခမီး

ပါကလေးလို့ ထပ်ကာ,ထပ်ကာ နှုံလုံးသွင်းနေလျှင် ဉာဏ်ထဲမှာ တရေးရေးဖြစ်နေရောပေါ့။ယခုပစ္စက္ခ သည်ခန္ဓာကြီးကို တွယ်တာလျှင် နောင်ဒုက္ခမီး ဖြစ်ရအုံးမှာပါကလေး၊ နောင်ဖြစ်မဲ့ ခန္ဓာကိုတွယ်တာပြန်လျှင်လဲ နောက်နောင်ဖြစ်မဲ့ ဒုက္ခမီး အမှုန်လောင်အုံးမှာပါဘဲကလေး။ တွယ်တာမှုရှိနေသမျှ အကြောင်းအကျိုးဆက်ဆက်ဖြစ်နေတာ မဆုံးနိုင်တော့ပါကလေး။ ငါ့ခန္ဓာမှာလဲ သည်လိုအကြောင်းအကျိုး ဆက်ကာ, ဆက်ကာ ဖြစ်နေတာဘဲ၊ သူများခန္ဓာမှာလဲ သည်လို အကြောင်းအကျိုး ဆက်ကာ, ဆက်ကာဖြစ်နေတာဘဲပါကလေး။သြော် - သည်လိုဆက်ကာ,ဆက်ကာ ဖြစ်နေရတာ ဖြစ်ပေါ်မှု ဇာတိရှိလို့ဘဲ။ ဖြစ်ပေါ်မှုဆိုတဲ့ ဇာတိတရားဟာတယ်ဆိုးပါကလေး။ ဖြစ်ပေါ်မှုရှိနေသမျှ အကြောင်းသမုဒယနှင့် အကျိုးဒုက္ခတရားက ဘယ်တော့မှ လွတ်တော့မယ် မဟုတ်ပါကလေးလို့ စဉ်းစားလိုက်တော့၊ မဖြစ်ပေါ်တဲ့ တရားကို အလိုမရှိပေဘူးလား၊ မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော တရားတပါးသာ ဒုက္ခနှင့်ဆန့်ကျင်ဘက်ဖြစ်၍ လွတ်နေတာပေါ့၊ ထိုလွတ်နေသောတရားတပါးသာ၊ အေးချမ်းသော တရားပေလို့ ဉာဏ်မမြင်ပေဘူးလား၊ (ဉာဏ်ကမြင်ပါတယ်)။ အပူရှိလျှင် အပူနှင့်ဆန့်ကျင်ဘက် အအေးမရှိပေဘူးလား၊(ရှိပါတယ်)။မကောင်းတာရှိလျှင် ၎င်းနှင့်ဆန့်ကျင်ဘက် ကောင်းတာ မရှိပေဘူးလား၊ (ရှိပါတယ်)။ အမိုက်ရှိလျှင် အမိုက်နှင့် ဆန့်ကျင်ဘက် အလင်းမရှိပေဘူးလား၊(ရှိပါတယ်)။ အဲ-သည်လိုဘဲ၊ ဖြစ်ပေါ်မှုရှိလျှင်၊ ဆန့်ကျင်ဘက်ဖြစ်တဲ့ မဖြစ်ပေါ်မှု သဘောလဲ ဧကန် ရှိမယ်လို့ ဉာဏ်နှင့်မသိနိုင်ဘူးလား(သိနိုင်ပါတယ်)။ အဲသည် မဖြစ်ပေါ်မှု အဇာတိဟာ နိဗ္ဗာန်တရားပေါ့၊ (ဤလိုထောက်ဆ

ထောက်ဆပြီးသိတဲ့ဥာဏ်ကို သန္ဋိပဒဥာဏ်ခေါ်တယ်)။ ဖြစ်ပေါ်မှုနှင့် ဘယ်လိုနေသလဲ၊ တဘက်စီပေါ့။ သည်ဘက်က ဖြစ်ပျက်ခြင်း၊ ပြုပြင်ခြင်းရှိတဲ့ သင်္ခတနယ်။ ဟိုဘက်ကဖြစ်ပျက်ခြင်း၊ပြုပြင်ခြင်းကင်းတဲ့ အသင်္ခတနယ်ပေါ့။ ဘယ်လောက်ဝေးသလဲ၊ စပ်နေတာပေါ့။ သည်ဘက်က ဖြစ်ပေါ်ပျက်စီးတဲ့ ဒုက္ခမီးတွေ တရှိန်ရှိန်လောင်တဲ့တရား၊ ဟိုဘက်က အိုနာ, သေဘေးမရှိဘဲ အခါ ခပ်သိမ်း ချမ်းသာအေးချမ်းပြီး၊ ထင်ရှားမြဲတည်နေတဲ့တရား၊ မည်သူကမှ ဘယ်တရားကမှ ပြုပြင်တာမဟုတ်ဘူး၊ အေးမြသော သန္ဋိသုခသဘောအားဖြင့် နိစ္စ၊ ဓုဝ၊ သဿတအဖြစ်ဖြင့်ကမ္ဘာအဆက်ဆက်က မြဲတည်နေတဲ့ တရားပေါ့။

မဂ်ဥာဏ်။

ဖြစ်ပေါ်မှုရှိလို့ သည်လိုအကြောင်းအကျိုးတွေ ဆက်ဆက်မြစ်ပေါ်နေတာကို တွေးရင်း တွေးရင်း ငြီးငွေ့ခြင်း ဖြစ်မလာဘူးလား (ငြီးငွေ့ လာပါတယ်)။ ငြီးငွေ့ဖန် များလာသော အခါ၊ စိတ်ထဲမှာ သည်တရားက လွတ်လိုတဲ့ဆန္ဒ အများကြီး ဖြစ်ပေါ်လာမှာပေါ့၊ (ဖြစ်ပေါ်လာပါတယ်)။ လွတ်လိုတဲ့ စိတ်ပေါ်တိုင်း သည်တရားကို အလိုဆန္ဒနည်းလာလျှင် အကြောင်းအကျိုးက လွတ်နေတဲ့ အဇာတိသဘော၊ နိရောဓသစ္စာကိုတကယ် မှီခိုရာဘဲ၊ ပုနိုးအောင်းရာဘဲလို့ ဉာဏ်ဖြင့်မကြာမကြာအာရုံရောက်မလား၊ မရောက်ဘူးလား(ရောက်ပါတယ်)။ ခုလိုစိတ်ကို နိဗ္ဗာန်သို့ စေလွတ်ဖန်များတဲ့အခါ အဇာတိသဘောကို ထင်ထင်ရှားရှား ထိုးထွင်းသိနိုင်ရောပေါ့၊ ထိုအခါ လောကုတ္တရာ မဂ်ဉာဏ် ဖြစ်တာပေါ့၊ ဤလို မဂ်ဉာဏ် ဖြစ်ခိုက် မဂ်ဉာဏ်နှင့် ဖြစ်ဖေါ်ဖြစ်

ဖက်ဖြစ်တဲ့ သမ္မာသက်ပွ စသော ကျန်မဂ္ဂင် (၇)ပါးလဲ တပြိုင်နက်ဘဲဖြစ်ကြတယ်။ [ရုပ် အကြောင်းမှာမဂ္ဂင်ရှစ်ပါးဖြစ်ပုံ ပြပြီးခဲ့ပြီ] ဤလို ထင်ထင် ရှားရှား ပဌမတကြိမ် ထိုးထွင်းသိမြင်တဲ့ ဉာဏ်ကို သောတာပတ္တိ မဂ်ဉာဏ်ခေါ်တယ်။

သစ္စာ ၄-ပါး တပြိုင်နက်ဖြစ်ပုံ။

နိရောဓသစ္စာ၊ အသင်္ခတဓာတ်၊နိဗ္ဗာန်ကိုအာရုံပြု၍ သောတာပတ္တိမဂ်ဉာဏ်ဖြစ်ခိုက်၊ နိရောဓသစ္စာဟာ ဖြစ်ပေါ်မှုမှ ကင်းနေလို့ ချမ်းသာနေတဲ့ သုခတရား၊ ဇရာ,မရဏမနှိပ်စက်လို့ ချမ်းသာနေတဲ့ သုခတရား၊ သတ္တဝါ, အသက်, လိပ်ပြာမဟုတ်၊ ဓမ္မသဘော သက်သက်သာဟုတ်လို့ အနတ္တတရား၊ အမြဲဘေးကင်းနေ၊ ချမ်းသာနေလို့ တင့်တယ်တဲ့ သုဘ တရားအစစ်ဖြစ်တာကို ပိုင်ပိုင်နိုင်နိုင် ထိုးထွင်း သိဘာနှင့်တပြိုင်နက် ၎င်းနှင့် ဆန့်ကျင်ဘက်ဖြစ်၍၊ ကဘက်နေတဲ့ သင်္ခတ ရုပ်နာမ်ခန္ဓာဓာတ် အစုအပေါင်းဟာ နိစ္စ မဟုတ်၊ သုခ မဟုတ်၊ အတ္တမဟုတ်၊ သုဘမဟုတ်၊အနိစ္စ၊ဒုက္ခ၊အနတ္တ၊အသုဘသာ အမှန်ဟုတ်ပါကလားလို့ မတွေ့မဝေဘဲ ပိုင်းခြား၍ ထင်ထင်လင်းလင်း ပိုင်ပိုင်နိုင်နိုင် ထိုးထွင်းသိတာပေါ့၊ မသိဘူးလား (သိပါတယ်)။ တွေ့ဝေအုံးမလား (မတွေ့ဝေတော့ပါ)။ ဤလို သိတော့ခါ နိစ္စ၊သုခ၊အတ္တ၊ သုဘ မဟုတ်တဲ့ သင်္ခတဓာတ် အစုအပေါင်းကို နိစ္စဘဲ၊ သုခဘဲ၊ အတ္တဘဲ၊ သုဘဘဲလို့ ဖေါက်လဲ့ ဖေါက်ပြန် စဲ့လန်းတဲ့ မိစ္ဆာဒိဋ္ဌိကော ရှိအုံးမလား (မရှိတော့ပါ)။ နိစ္စဟုတ်လေရဲ့၊ သုခ ဟုတ်လေရဲ့ ဆိုတဲ့ ယုံမှားသံသယကော ရှိအုံးမလား(မရှိတော့ပါ)။ ပြတ်တောက်မသွားပေဘူးလား၊ (ပြတ်တောက်ပါတယ်)။ ပြတ်တောက်သွားတယ်ဆိုတော့ ပယ်လို့က်

တာပေါ့၊ မပယ်လိုက်ဘူးလား (ပယ်လိုက်ပါတယ်)။ ဒါဖြစ်လျှင် လောကုတ္တရာ, မဂ်ဥာဏ်ဟာ သမုဒယ ကိလေသာတို့ကိုလဲ အာရုံမပြုဘဲ၊ ပယ်ခြင်းကိစ္စကိုဖြစ်စေပြီး မတွေ့မဂေ ထိုးထွင်း၍ ထင်ထင်ရှားရှား သိတာပေါ့၊ မသိဘူးလား (သိပါတယ်)။ နိရောဓသစ္စာ, နိဗ္ဗာန်ကို ပိုင်ပိုင်နိုင်နိုင်ထိုးထွင်း၍သိတဲ့ဥာဏ်ဟာ ဘာဝနာအစုမ်းဖြင့် ဖြစ်တဲ့ လောကုတ္တရာမဂ်ဥာဏ်ဘဲ၊ သည်မဂ်ဥာဏ် ဖြစ်ခိုက် မိမိကို ဖုံးလွှမ်းတဲ့အဝိဇ္ဇာ ရှိဒုံးမလား (မရှိတော့ပါ)။ မရှိတော့ဘူးပေါ့၊ ဖျက်ဆီးလိုက်တာပေါ့၊ မိမိတည်းဟူသော မဂ်ကိုလဲ အာရုံမပြုဘဲ၊ မတွေ့မဂေ ထိုးထွင်း၍ ထင်ထင်လင်းလင်း သိမြင်တာပေါ့၊ ဘာဝနာကိစ္စကိုကော တပြိုင်နက် မပြီးစေဘူးလား၊ ပြီးစေတာပေါ့၊ အဲ ဒါကြောင့် နိရောဓသစ္စာတပါးတည်းကို အာရုံပြုတာနှင့် ဒုက္ခသစ္စာကို ထိုးထွင်းလိုလဲသိတယ်။ ပရိညာကိစ္စကိုလဲ ပြီးစေတယ်။ သမုဒယ သစ္စာကို ပယ်သည်၏အစုမ်းဖြင့် ထိုးထွင်းလိုလဲသိတယ်၊ မဂ္ဂသစ္စာကိုလဲ ဘာဝနာကိစ္စဖြင့် ထိုးဖောက်လို့ သိတယ်။ ထိုသို့သိလျှင် သစ္စာ ၄-ပါးစလုံးကို တပြိုင်နက်သူမြင်တာပေါ့၊ ဥပမာ- ဘာနှင့်တူသလဲဆိုတော့ ဆီမီးဟာ တပြိုင်နက်, တချက်တည်း မီးစာကိုလဲကျွမ်းတယ်၊ အမိုက်ကိုလဲပယ်ဖျက်တယ်၊ အလင်းကိုလဲဖြစ်စေတယ်၊ ဆီကိုလဲ ကုန်ခန်းစေတယ်၊ ဤလို ကိစ္စလေးပါးကို တပြိုင်နက် ပြီးစေသလို လောကုတ္တရာ မဂ်ဥာဏ်ဟာ နိရောဓသစ္စာကို အာရုံပြုခိုက်၊ ကိစ္စ ၄-ခုကို တပြိုင်နက် တချက်တည်း ပြီးစေတာပေါ့။

(က) ဒုက္ခသစ္စာကို ပိုင်းခြားခြင်းဖြင့် သိခြင်းကိစ္စ။

(ခ) သမုဒယသစ္စာကိုပယ်ခြင်းဖြင့် သိခြင်းကိစ္စ။

(၇) မဂ္ဂသစ္စာကို ပွားခြင်းဖြင့် သိခြင်းကိစ္စ။

(ဃ) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းဖြင့် သိခြင်းကိစ္စ။
သည်လေးပါးကို တပြိုင်နက် ပြီးစေတာပေါ့။

မင်္ဂဖိုလ်။

လောကုတ္တရာ မင်္ဂဉာဏ်ဟာ၊ တကြိမ်တည်းဖြစ်တယ်၊ ဖြစ်ပြီး တော့ခါ သူသိမြင်တဲ့နိဗ္ဗာန်ကို ထပ်မံသိရန် ဖိုလ် တည်းဟူသော အကျိုးတရားကိုပေးပြီး ချုပ်ကွယ်သွားတယ်။ အဲသည် မင်္ဂချုပ်ပြီးနောက် သူ၏အကျိုးဖိုလ်ဟာ သူမြင်ခဲ့တဲ့နိဗ္ဗာန်ကိုဘဲ ဆက်ပြီး အာရုံပြုပြီး၊ နှစ်ကြိမ်သော်လည်းကောင်း၊ သုံးကြိမ်သော်လည်း ကောင်း၊ ဖြစ်ပြီးချုပ်ကွယ်တယ်။ မဒ္ဒပုဂ္ဂိုလ်၌ပရိကံ,ဥပစာ,အနု လုံ,ဂေါတြဘူ မင်္ဂ,ဖိုလ်,ဖိုလ် ဇော(၇) ကြိမ်ဖြစ်တယ်။ (ဖိုလ် ၂-ကြိမ်သာဖြစ်တယ်)။ တိက္ခပုဂ္ဂိုလ်၌ ဥပစာ, အနုလုံ, ဂေါတြဘူ, မင်္ဂဖိုလ်,ဖိုလ်,ဖိုလ်ဇော(၇)ကြိမ်ဖြစ်တယ်၊(ဖိုလ် ၃-ကြိမ်ဖြစ်တယ်) ပရိကံ၊ဥပစာ၊အနုလုံဟာ၊ သန်ါရကိုအာရုံပြုလို့ သန်ါရ အာရုံလို့ ခေါ်တယ်။ အနုလောမ ဉာဏ်ဆိုတာ သည်ဇောသုံးကြိမ် ကိုဘဲ ခေါ်တယ်။ ဂေါတြဘူဇောဟာ နိဗ္ဗာန်ကိုအာရုံပြုတယ်။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, ဇောလေးကြိမ်ကို ကာမဇောလို့လဲ ခေါ်တယ်၊ လောကီဇောလို့လဲခေါ်တယ်။ သည်ဇောတွေမှာ ရှိတဲ့ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးကိုလောကီမဂ္ဂင်လို့ ခေါ်တယ်။ မင်္ဂဇော၊ ဖိုလ်ဇောတွေကို လောကုတ္တရာ ဇောလို့ ခေါ်တယ်။ လောကုတ္တရာ မင်္ဂဉ်ရှိသော မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာလို့လဲ ခေါ်တယ်။

ပစ္စဝေက္ခဏာဝိထိ။

ပစ္စဝေဝေက္ခဏာဝိထိ ကျပုံကိုပြောမယ်၊ ပစ္စဝေက္ခဏာ ဆိုတာ ဆင်ခြင် တွေးတောတာကိုဆိုတယ်၊ ဝိထိ ဆိုတာ စိတ်အစဉ်ကို ဆိုတယ်၊ ဖိုလ်ဇောချုပ်ပြီး ဘဝင်ကျလေတော့၏၊ ဘဝင်ကျပြီးနောက်၊ ပစ္စဝေက္ခဏာဝိထိကျတယ်၊ ကျပုံမှာ....

(က) "အာရုံပြုလို့မြင်တဲ့ မဖြစ်မပေါ်သော သင်္ခေါဟာ စင်စစ်မပျက်မစီး အမြဲတည်တဲ့ သင်္ခေါပေဘဲ"လို့ အောက်မေ့ တွေးတောဆင်ခြင်လိုက်တယ်။ သည်အခိုက်ဖြစ်တဲ့ စိတ်အစဉ် ဆိုတဲ့ ဝိထိကို နိဗ္ဗာန်ကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ ဝီထိ ခေါ်တယ်။

(ခ) "သြော်၊ ရှေးရှေးက တခါဘူးမျှဖြစ်ပေါ်ခြင်းမရှိသေးသော ဥာဏ်အမြင်ဟာ ယခုဖြစ်ပေါ်ပေပြီ"လို့ တွေးတော ဆင်ခြင် အောက်မေ့လိုက်တယ်။ သည်အခိုက်ဖြစ်တဲ့ စိတ်အစဉ်ဆိုတဲ့ ဝိထိကို မဂ်ကိုဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဝိထိ ခေါ်တယ်။

(ဂ) "ရှေးရှေးက မဖြစ်စဘူး မသိစဘူးတဲ့ မဖြစ်မပျက်တဲ့ သင်္ခေါ နိဗ္ဗာန်ကို မြင်ပြီးသိတဲ့ ဥာဏ်အမြင်ကို ယခုရပေပြီ"လို့ တွေးတောအောက်မေ့ ဆင်ခြင်လိုက်တယ်။ သည်အခိုက် မဂ်၏ အကျိုး ဖိုလ်ကိုဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ ဝိထိဇောဖြစ်တယ်။

(ဃ) "ယခုအခါ အမြင်မှားမှု ယုံမှားမှု စသော တရားတွေ ဟာ မရှိလေပြီ"လို့ တွေးတောဆင်ခြင်လိုက်တယ်။ ထိုအခါ ပယ်လိုက်တဲ့ ကိလေသာကိုဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ ဝီထိဇော ဖြစ်တယ်။

(င) "သည်တုံပြင် ကိလေသာတွေ ကျန်နေသေးတယ်" လို့ တွေးတောဆင်ခြင်လိုက်တယ်။ ထိုအခါ ကျန်နေသေးတဲ့ ကိလေ

သာဏော့ကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဝိထိဇောဖြစ်တယ်။ ခုလို ပစ္စဝေက္ခဏာဇောတွေပါ ကျရောက်ပြီး နိဗ္ဗာန်သစ္စာကို ဒိဋ္ဌတွေ့ မြင်ပြီးတဲ့ ပဋိဂ္ဂါလ်ကို သောတာပန် ပဋိဂ္ဂါလ်လို့ ခေါ်တယ်။

တရားဂုဏ်တော် ၆-ပါး။

မြတ်စွာဘုရား ဟောကြားတော်မူသော တရားသည် ဂုဏ် ၆-ပါးနှင့်ပြည့်စုံတယ်။ ပြခဲ့တဲ့အတိုင်းမြတ်စွာဘုရား၏တရားတော်ကို ကျင့်ကြံအားထုတ်လျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူးလား၊ (ရနိုင်ပါတယ်)။ နိဗ္ဗာန်ကိုထိုးထွင်းမမြင်နိုင်ဘူးလား (မြင်နိုင်ပါတယ်)။ အားထုတ်နှလုံးသွင်းနေရတာ ကိုယ့်စိတ်နှစ်ပါး မချမ်းသာဘူးလား (ချမ်းသာနေပါတယ်)။ ဤလို မဂ်ဖိုလ်ရနိုင်အောင် နိဗ္ဗာန်ကိုထိုးထွင်းမြင်နိုင်အောင် ကိုယ့်စိတ်နှစ်ပါးချမ်းသာအောင် ဟောထားတဲ့တရားဟာ အစ,အလယ်,အဆုံး,ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောထားတဲ့တရား ဟုတ်သလား၊ မဟုတ်ဘူးလား။ (ဟုတ်ပါတယ်)။ အဲ ဟုတ်လို့ သွက္ခာတဂုဏ်နှင့် ပြည့်စုံတယ် ဆိုတာပေါ့၊ တရားတော်အတိုင်း ကျင့်ကြံအားထုတ်လို့ ကိုယ့်စိတ်နှစ်ပါး ချမ်းသာတာ မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်ရတာ ကိုယ်တိုင် ဒိဋ္ဌ မသိနိုင်ဘူးလား၊ မတွေ့ရဘူးလား (သိရပါဘယ်၊ တွေ့ရပါတယ်)။ ဒိဋ္ဌ တွေ့မြင်ရတာ ကျေးဇူးရှိအောင် ဖြစ်စေတဲ့ဂုဏ် မရှိဘူးလား (ရှိပါတယ်)။ အဲ သည်ဂုဏ်ဟာ သန္ဒိဋ္ဌိကဂုဏ်ဘဲ။ ဤလိုဂုဏ်ကျေးဇူးတွေကို တွေ့မြင်ရတော့ အခါမလင့်ဘဲ၊ သင်တို့မှာ ချမ်းသာခြင်းမဖြစ်ဘူးလား (ဖြစ်ပါတယ်)။ အဲသည် အခါမလင့်ဘဲ ချမ်းသာခြင်းဖြစ်စေတဲ့ဂုဏ်ဟာ အကောလိကဂုဏ်ပေါ့၊ အားထုတ်ကျင့်ကြံတိုင်း, ကျင့်ကြံတိုင်း၊ သင်တို့မှာ ကောင်းကျိုး

ချမ်းသာဖြစ်နေလျှင် အားမထုတ်ဘဲ, မကျင့်ကြံဘဲ နေအံ့းမလား (မနေပါ)။ တရား၌ စိတ်ဝင်စား မနေပေဘူးလား (ဝင်စားနေပါတယ်)။ တရားက လာပါ,လာပါ။ ငါ့ကိုအားထုတ်, ငါ့ကို အားထုတ်လို့ မခေါ်သော်လဲ ခေါ်သလိုမဖြစ်ဘူးလား (ဖြစ်ပါတယ်) အဲ သည်လို လာလှည့် ရှုလှည့် အားထုတ်လှည့်ခေါ်သလို ဖြစ်စေတဲ့ဂုဏ်ဟာ ဟိပဿိကဂုဏ်ပေါ့။ ဤတရားကို အားထုတ်လို့ အကျိုးရှိမှန်းလည်းသိ၊ ချမ်းသာမှန်းလည်း သိတော့ မပြတ်မလပ် မိမိ၏စိတ်ကို တရားတော်သို့ရောက်အောင် မဆောင်ပေဘူးသား (ဆောင်ပါတယ်)။ ဤလိုဆောင်အပ်သောဂုဏ်ဟာ သြပနေယျိကဂုဏ်ပေါ့။ သြော်-သည်တရားဟာအကျိုးရှိပေစ့၊ သည်တရားမှန်ပေစ့၊ သည်တရားဟာ ကိုယ်စိတ်နှစ်ပါး ချမ်းသာစေတဲ့ တရားထူး တရားမြတ်ဖြစ်ပေစ့လို့ ပညာရှိသူများသာ မိမိတို့၏စိတ်၌ တွေ့မြင်ခံစားနိုင်တယ်တဲ့၊ ပညာမဲ့သူ ပုထုဇဉ်မိုက်များဟာ ကောင်းမှန်းလည်းမသိ၊ဆိုးမှန်းလည်းမသိ၊အကျိုးရှိမှန်းလည်း မသိဘူးတဲ့၊ အဲ သည်လို ပညာရှိသူတို့သာ ခံစားနေနိုင်အောင် ဖြစ်စေတဲ့ဂုဏ်ဟာ ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်တဲ့၊ မြတ်စွာဘုရား ဟောကြားတော်မူသော တရားခေတ်ဟာ သည် ဂုဏ် ၆-ပါးနှင့် ပြည့်စုံတယ်တဲ့။

မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး။

သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်မှာ သက္ကာယဒိဋ္ဌိမရှိ၊ ဝိစိကိစ္ဆာမရှိ၊ သီလဗ္ဗတ ပရာမာသ၊ သံယောဇဉ်မရှိ။ ဤကိလေသာတွေ အကြွင်းမရှိ ပြတ်တောက်တယ်၊ အပါယ် ကျရောက်စေတတ်တဲ့ ကိလေသာကံတို့ကိုလဲ ကုန်ခန်းတယ်။ သုဂတိဘုံမှာ ခုနစ်ဘဝ

ထက်ပိုပြီး ဖြစ်မှုမရှိတော့ဘူး၊ အလွန်အားဖြင့် ခုနစ်ဘဝသာဖြစ်ဖို့ ကျန်တော့တယ်။ ဤတရားဆိုးကြီးတွေကို သောတာပတ္တိ မင်ဉာဏ်က ပြတ်တောက်အောင် ပယ်လိုက်တယ်။ အဲသည် ပယ်လိုက်တဲ့ဉာဏ်ကို ပဟာန ပရိညာလို့ခေါ်တယ်။ ထိုသောတာပန် ပုဂ္ဂိုလ်ဟာ ပြဆိုခဲ့တဲ့ နည်းအတိုင်း၊ ဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲ သုံးသပ်လျှင် သကဒါဂါမိ မင်, ဖိုလ်သို့ရောက်နိုင်တယ်။ ထို့နောက် ဆက်၍ သုံးသပ်ပြန်လျှင် အနာဂါမိ မင် ဖိုလ်သို့ရောက်နိုင်တယ်။ ထို့နောက် ၄-ကြိမ် သုံးသပ်ပြန်လျှင် အရဟတ္တမင်, အရဟတ္တဖိုလ်သို့ ရောက်နိုင်တယ်။ သည်အခါ ကိလေသာ ဟူသမျှ အားလုံးအကြွင်းအကျန်မရှိ ကုန်ရော့၊ စုံတေ့အဆုံးဥ် ခန္ဓာတဖန်ဖြစ်ရန် မရှိတော့ဘူး၊ ရုပ်နာမ်ဓမ္မ အဆက်ဆက်၏ ဖြစ်ပေါ်မှု ဘာမျှမရှိတော့ဘူးပေါ့။ သည်ဖြစ်ပေါ်မှုမရှိတာဘဲ ဒုက္ခ ခပ်သိမ်း ငြိမ်းလေတော့တာဘဲ။ ထို့ကြောင့် ဤတရားကို နှလုံးသွင်း၍ အားထုတ်ကြပါလေ။

ဤတိုက္ခဥပနိဿျ ဝိပဿနာကို ရေးသားရသော ကုသိုလ်ကံစေတနာအဟုန်ကြောင့် နိဗ္ဗာန်သို့လျင်မြန်စွာ ရောက်ရပါလို၏။

ဦးဘိုးစိုး

အငြိမ်းစားပညာဝန်ထောက်။

(နောက်ဆက်တွဲ)

အရဟံဂုဏ်တော်အနက် ၅-ချက်။

ဘုရားရှင်သည် ဗောဓိပင်ရင်းဦး၌ ရာဂ, ဒေါသ စသော ကိလေသာတို့ကို အကြွင်းမရှိ၊အရဟတ္တမဂ်ဉာဏ်ဖြင့် သတ်တော်မူ၏။ ထို့ရာဂ, ဒေါသ စသော ကိလေသာ တို့ကို အကြွင်းမရှိ သတ်တတ်သော အရဟတ္တ မဂ်ဉာဏ်သည် အရဟံဂုဏ်တော်မည်၏။

မြတ်စွာဘုရား၏ စိတ်အစဉ်၌၊ ရာဂ, ဒေါသ, ကိလေသာတို့ အခါခပ်သိမ်း ဝေးကွာ၍ နေတော်မူ၏။ ထို့သို့ ဝေးကွာ၍နေတော်မူသော စိတ်အစဉ်သည် အရဟံဂုဏ်တော်မည်၏။

မြတ်စွာဘုရားသည်ဆိတ်ကွယ်ရာ၌ မကောင်းမှုကိုပြုတော်မမူ။ ထို့ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုတော်မမူသော စိတ်အစဉ်သည် အရဟံဂုဏ်တော်မည်၏။

မြတ်စွာဘုရားသည် သံသရာစက်၏ အကန့်တို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ချိုးဖဲ့ဖျက်ဆီးတော်မူလိုက်၏။ ထို့သို့ချိုးဖဲ့ဖျက်ဆီးသော အရဟတ္တမဂ်ဉာဏ်သည် အရဟံဂုဏ်တော်မည်၏။

မြတ်စွာဘုရား၌ သူတပါးတို့၏ သီလစသည်တို့နှင့် မတူသော အတုမရှိသောသီလ၊ အတုမရှိသောသမာဓိ၊ အတုမရှိသော ပညာနှင့် ပြည့်စုံတော်မူ၏။ ထို့အတုမရှိသော သီလ, သမာဓိ, ပညာနှင့် ပြည့်စုံတော်မူသော ကြောင့်

တလောကလုံး၏ ပူဇော်အထူးကို ခံတော်မူထိုက်၏။ ထို ပူဇော်အထူးကို ခံတော်မူထိုက်သော သီလ,သမာဓိ,ပညာ သည် အရဟံဂုဏ်တော်မည်၏။

ဝိဇ္ဇာ ၃-ပါး။

ပုဗ္ဗေနိဝါသ၊ သတ္တဝါတို့၏ ရှေးရှေးသောဘဝ၌ ဖြစ်ပျက် ခဲ့သည့်အစဉ်ကို သိနိုင်သောဉာဏ်။
ဒိဗ္ဗစက္ခု၊ နတ်မျက်စိကဲ့သို့ မြင်သောဉာဏ်။
အာသဝက္ခယ၊ ပူပန်စေတတ်, နှိပ်စက်တတ်သော ကိလေသာတို့ကို ကုန်ခန်းစေနိုင်သောဉာဏ်။

ဝိဇ္ဇာ ၈-ပါး။

ဒိဗ္ဗစက္ခု၊ နတ်မျက်စိကဲ့သို့ မြင်နိုင်သောဉာဏ်။
ဒိဗ္ဗသောတ၊ နတ်နားကဲ့သို့ ကြားနိုင်သောဉာဏ်။
ဣဒ္ဓိဝိဓ၊ အမျိုးမျိုး အံ့သြဘွယ်သော တန်ခိုးကို ပြစွမ်းနိုင်သောဉာဏ်။
စေတောပရိယ၊ သတ္တဝါတို့၏စိတ်ကို သိနိုင်သောဉာဏ်။
ပုဗ္ဗေနိဝါသ၊ရှေးရှေးဘဝတို့၌ ဖြစ်ပျက်ခဲ့ဘူးသည့် အစဉ်ကို သိနိုင်သောဉာဏ်။
အာသဝက္ခယ၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့ကို ကုန်ခန်းစေနိုင်သောဉာဏ်။
မနောမယိဒ္ဓိ၊ စိတ် အလို တော်အတိုင်း ပြီးစေနိုင်သောဉာဏ်။

(၈) ဝိပဿနာ၊ ဖြစ်ဖြစ်သမျှသော တရားတို့၏မမြဲခြင်း၊ ဆင်းရဲခြင်း အနှစ်သာမရှိခြင်းတို့ကို ပိုင်းခြားသိမြင်၍ မင်္ဂလာရှိသော စျာန်တရားတို့ကို ရှေ့ရှုတော်မူနိုင်သောဉာဏ်။

အာသဝေါရဏဉာဏ်တော် ၆-ပါး။

(၁) မဟာကရုဏာ သမာပတ်တို့ဉာဏ်တော်-မြင်မြင်သမျှ ဝေဒနာယျတို့ကို ရင်၌ဖြစ်သောသားကဲ့သို့ သနားကြင်နာတော်မူခြင်း။

(၂) သဗ္ဗညုတ ဉာဏ်တော် - အလုံးစုံသော တရားအပေါင်းတို့ကို အကြွင်းမရှိသိမြင်တော်မူခြင်း။

(၃) ဣန္ဒြိယ ပရော ပရိယတ္တိဉာဏ်တော် - သတ္တဝါ အပေါင်းတို့၏ ဣန္ဒြေနုရင့်ကို ထောက်ချင့်ဆင်ခြင်တော်မူနိုင်ခြင်း။

(၄) ယမကပါဋိဟာရိယ ဉာဏ်တော် - ကိုယ်တော်မှ ရေ, မီး အစုံတို့ကိုထွက်အောင် ဘန်ဆင်းတော်မူနိုင်ခြင်း။

(၅) အာသယာနုသယဉာဏ်တော်- သတ္တဝါတို့၏ အလိုဆန္ဒကို သိတော်မူခြင်း။

(၆) အနာဝရဏ ဉာဏ်တော် - အလုံးစုံသော အခြင်းအရာကို ဆီးတားပိတ်ပင်ခြင်းမရှိ၊ သိမြင်တော်မူနိုင်ခြင်း။

ဘုန်းတော် ၆-ပါး။

(၁) ဣဿရိယ - အစိုးရတော်မူခြင်း။

(၂) ယသ - အခြံအရံအကျော်အစော များတော်မူခြင်း။

(၃) သိရီ - ဂုဏ်အသရေတော်နှင့် ပြည့်စုံခြင်း။

(၅) ကာမ - အလိုတော်အတိုင်း ပြီးစေနိုင်ခြင်း။
(၆) ဃာထ - အားလုံ့လနှင့် ပြည့်စုံတော်မူခြင်း။

ဒုစရိုက် ၁၀-ပါး။

ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ကာမေသုမိစ္ဆာစာရာ၊ မုသာဝါဒါ၊ ပိသုဏာဝါစာ၊ဖရုသာဝါစာ၊ သမ္ဖပ္ပလာပဝါစာ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။

ပုဉ္ဉကြိယာ ၁၀-ပါး။

ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုံမောဒနာ၊ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ။

သံယောဇဉ် ၁၀ ပါး။

ကာမရာဂ၊ ဘဝရာဂ၊ ပဋိဃ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊သီလဗ္ဗတ ပရာမာသ၊ ဣဿာ၊ မစ္ဆရိယ၊ အဝိဇ္ဇာ။

အနုသယ ၇-ပါး။

ကာမ ရာဂါ နုသယ၊ ဘဝ ရာဂါ နုသယ၊ ပဋိဃာ နုသယ၊ မာနာ နုသယ၊ ဒိဋ္ဌိ နုသယ၊ ဝိစိကိစ္ဆာ နုသယ၊ အဝိဇ္ဇာ နုသယ။

မဂ်-ဖိုလ်-မရနိုင်ကြောင်း တရားများ။

လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ မုသာဝါဒ၊ ဣဿာ၊ မစ္ဆရိယ၊ မာယာ၊ သာဌေယျ။

တိကၠဥပနိသျ-စိပသသနာ

(ဒုတိယတွဲ)

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

က။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, အာယတန အကြောင်း။

ဘ။ စက္ခာယတန၊ ရူပါယတန၊ အာယတန နှစ်ပါးကို ပြောမယ်။

အရာဝတ္ထု တခုခုကို ကြည့် တော့၊ မြင် တယ် ဆို တာ ဘာအကြောင်း များကြောင့် မြင်တာလဲ၊ (မျက်စိ အကြည်ကြောင့် မြင်တာပါ)။ မျက်လုံးအိမ်အတွင်းက မျက်စိ အကြည်ကို ဆိုလို သလား၊ (ဟုတ်ပါတယ်)။ ကောင်းပြီ၊ စက္ခုအကြည်တခုတည်း နှင့် အခြားအကြောင်းများမပေါင်းဆုံဘဲ မြင်ခြင်း, ဖြစ်ပေါ်နိုင် သည်။ မဖြစ်ပေါ်နိုင်သည်ကို ယခု စဉ်းစားကြည့်မယ်၊ မြင်စရာ တခုခုမရှိလျှင် မြင်ခြင်းဖြစ်ပေါ်နိုင်ပါ့မလား(မဖြစ်ပေါ်နိုင်ပါ)။ မြင်စရာတခုခုရှိရမှာပေါ့။ အဲသည် မျက်စိအကြည်နှင့် မျောင်မိုက် နေတဲ့အခါကော မြင်ပါ့မလား(မျောင်မိုက်နေရင်လဲမမြင်နိုင်ပါ)၊ သည်တော့ မြင်ဘို့ဟာ ဘာရှိမှမြင်နိုင်သလဲ၊ (အလင်းရောင်ရှိမှ မြင်နိုင်ပါတယ်)။ ဟုတ်တယ်၊ မျက်စိအကြည်နှင့် မြင်စရာကြား မှာ အကွယ်,အကာ, ဘာမျမရှိဘဲ၊ အလင်းရောင် တဖြာင့်တည်း ရှိမှ မြင်နိုင်တယ်။ မြင်စရာတခုခု ဆိုတာဟာ အဆင်းကိုဆိုတယ်၊ ရူပါယတနလို့လဲခေါ်တယ်။ ရူပဓာတ်လို့လဲခေါ်တယ်၊ ရူပါဠုလို့ လဲခေါ်တယ်၊ ဝဏ္ဏလို့လဲခေါ်တယ်၊ မှတ်ထားပါ။

၂။ သည်တော့၊ မြင်ခြင်းဖြစ်ပေါ်ဘို့ရာ၊ ခန္ဓာ အပြင်က အာဆင်းဓာတ်နှင့် အလင်းရောင်ရှိရမယ် ဟုတ်သလား။ (ဟုတ်ပါတယ်)။ ခန္ဓာအတွင်းက စက္ခုအကြည်ရှိရမယ်။ သည့်ပြင် ရှုပါရုံကို ဆင်ခြင်တတ်တဲ့ အာဝဇ္ဇန်း ခေါ်တဲ့ စိတ်လဲရှိရမယ်။ စက္ခု အကြည်နှင့် အဆင်းလဲဆုံရမယ်။ အဲသည် အကြောင်းလေးပါး အားလုံးပြည့်စုံမှ မြင်ခြင်းဖြစ်ပေါ်နိုင်တယ်။ ဟုတ်, မဟုတ် ထပ်မံ စဉ်းစားပါအုံး၊ (ဟုတ်ပါတယ်)။

၃။ စက္ခု အကြည် အကြောင်းပြောမယ်၊ စက္ခု အကြည်ကို စက္ခုဝယတနလို့လဲခေါ်တယ်။ စက္ခုဝတ္ထုလို့လဲခေါ်တယ်။ စက္ခု ဒ္ဒါရလို့လဲခေါ်တယ်။ စက္ခုဓာတ်လို့လဲခေါ်တယ်၊ စက္ခုပသာဒ လို့လဲခေါ်တယ်၊ အကြည်သဘောသက်သက်ဘဲ၊ အဲသည်အကြည် ဓာတ်ဟာ အတိတ်က ကံအကြောင်းခံကြောင့် မျက်လုံး၏ မျက် နက်အလယ်၌ စုပေါင်းနေကြသောအကြည်များကို သန်းဦးခေါင်း ပမာဏရှိတယ်လို့ အရှင်သာရိပုတ္တရာ ဟောတော်မူတယ်။ မှတ် ထားပါ။ မျက်လုံးလို့ ဝေါဟာရ ခေါ်ဝေါ်ပြောဆို နေကြတာ က ပထဝီ, တေဇော, အာပေါ, ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါး အစုအပေါင်းကိုဆိုတယ်၊ သည်အကြည်ဓာတ်ဟာက မျက်လုံးလို့ ခေါ်ဝေါ်နေတဲ့ ဓာတ်ကြီး ၄-ပါးကို မှီနေတဲ့ အကြည်သဘော သတ်တိကလေးဘဲ။

၄။ ဥပမာ ဘာနဲ့ တူသလဲဆိုတော့ ပြောင် ပြောင် လက် အောင် တိုက်ပွတ်ထားတဲ့ပျဉ်ပြားက အရောင်အကြည်နဲ့ တူတယ်။ သည်အရောင်အကြည်ဟာ ပျဉ်ပြား ဟုတ်သလား (မဟုတ်ပါ)။ သည်အရောင်အကြည်ဟာ ပျဉ်ပြားနှင့်ကင်းလို့ ဖြစ်မလား (မဖြစ်

ပါ)၊ ထို့အတူစက္ခုအကြည်ဟာ ထိုမျက်လုံးလို့ခေါ်နေတဲ့ခဘတ်ကြီး ၄-ပါးကိုမှီနေသော အကြည်သဘောသတ္တိဘဲ၊ မျက်လုံးနှင့်ကင်းလို့ လဲမဖြစ်ဘူး၊ မဟာဘုတ်ဆိုတဲ့ ခဘတ်ကြီး ၄-ပါးကိုမှီလို့ စက္ခုအကြည်ပေါ်တယ်မဟုတ်လား(ဟုတ်ပါတယ်)။ မဟာဘုတ် ၄-ပါးမရှိလျှင် စက္ခုအကြည်ရှိပါ့မလား (မရှိနိုင်ပါ)။ ဒါဖြစ်ရင် မဟာဘုတ် ၄-ပါးက အခြောင်း စက္ခုအကြည်က အကျိုးပေါ့၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်)။

၅။ [ဤအချက်နှင့်စပ်၍] ဗဟုသုတဖြစ်အောင် ပဋိသမ္ဘိဒါညာဏ် ၄-ပါးဖြစ်တာကိုပြောပြအုံးမယ်၊ မဟာဘုတ် ၄-ပါးကအခြောင်း၊ စက္ခုအကြည်က အကျိုးဘဲလို့ သိမှုမှာ....

(၁) မဟာဘုတ် ၄-ပါးကား အခြောင်းဘဲလို့ သိတဲ့ညာဏ်ဟာ ဓမ္မပဋိသမ္ဘိဒါခေါ်တယ်။

(၂) မဟာဘုတ် ၄-ပါးရှိလို့ အကျိုးစက္ခုအကြည် ရှိတယ်လို့ သိတဲ့ညာဏ်ဟာ အတ္ထပဋိသမ္ဘိဒါခေါ်တယ်။

(၃) ဘာကြောင့် အခြောင်းတရားကို ဓမ္မဟု ခေါ်ဆိုအပ်သနည်း။ အကျိုးကိုဖြစ်စေသောကြောင့် ဓမ္မဟုခေါ်ဆို အပ်ပါသည်ဟု ထုတ်ပြောအပ်သောညာဏ်၊ အဘယ်ကြောင့်အကျိုးကို အတ္ထဟုခေါ်ဆိုအပ်သနည်း။ အခြောင်းကိုစွဲ၍ဖြစ်သောကြောင့် အတ္ထဟု ခေါ်ဆိုအပ်သည်ဟု ထုတ်ပြောအပ်သော ညာဏ်တို့ကို နိရုတ္တိပဋိသမ္ဘိဒါဟု ခေါ်ဆိုအပ်သည်။

(၄) ဤကားအခြောင်းကိုသိသောညာဏ်၊ ဤကားအကျိုးကိုသိသောညာဏ်၊ ဤကား အခြောင်း,အကျိုးတို့ကို

ထုတ်၍ပြောသော နိရုတ္တိဉာဏ်တို့ကို ထပ်မံ သိသော ဉာဏ်ကို ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်ခေါ်တယ်။

အဲ ခုလိုသိနေလျှင် ပဋိသမ္ဘိဒါဉာဏ် ၄-ပါး သင့်ခန္ဓာမှာ ဖြစ်နေတယ် မှတ်ထားပါ။

၆။ သည်အကြည်ဓာတ်ဟာ ဘယ်တော့မှ အမြဲတည်မနေဘူးတဲ့၊ တဖွဲ့ဖွဲ့ ဖြစ်ပျက်,ဖြစ်ပျက်နေတယ်လို့ ဘုရားဟောတယ်။ ဤလိုဖြစ်ပျက်နေတာ ဓမ္မတာဘဲတဲ့၊ ဓမ္မနိယာမ လို့ လဲဆိုတယ်။ ဖြစ်,ပျက်နေတာကို ဉာဏ်ဖြင့်မြင်အောင် ကြည့်ရမယ်၊ စဉ်းစား ကြည့်စမ်း၊ အဲသည် အကြည်ဓာတ်ဟာ အမှုံအမှား၊ လုံးလုံး ဝိုင်းဝိုင်းလား၊ ရှည်ရှည်လား (မဟုတ်ပါဘူး)။ ဘာမဟုတ်ဘူးလဲ (အမှုံအမှားလဲမဟုတ်ပါ၊ လုံးလုံးဝိုင်းဝိုင်းလဲမဟုတ်ပါ၊ရှည်ရှည်လဲ မဟုတ်ပါဘူး)။ ဘာ ဟုတ်နိုင်ပါ့မလဲ၊ ဖြစ်ပျက်, ဖြစ်ပျက်နေတဲ့ သဘောဟာ ဘယ်အလုံးအခဲ ဟုတ်နိုင်ပါ့မလဲ၊ (မဟုတ်နိုင်ပါ)။ ပုံသဏ္ဌာန်မရှိဘူးပေါ့၊ (မရှိပါ)။ အကောင်သတ္တဝါ အသက်လိပ်ပြာကော ဟုတ်ရဲ့လား၊ (မဟုတ်ပါ။ ဘာဟုတ်သလဲ၊ (အကြည်သဘော သက်သက်ပါ)။ သည်အကြည်သဘော သက်သက်ဟာ ထင်ရှားမရှိဘူးလား၊(ထင်ရှားရှိပါတယ်)။ ထင်ရှားရှိလို့ ပရမတ်ပေါ့။ သူ့သဘောသူဆောင်နေလို့ ဓါတ်ခေါ်တယ်။ အကောင် သတ္တဝါ, အသက်မဟုတ်, အထည်ဒြဒ် သဏ္ဌာန်မရှိလို့ ဓမ္မခေါ်တယ်။

၇။ ဓါတ်၊ ဓမ္မ၊ ပရမတ်လို့ အမည်သုံးမျိုးခွဲခြားပြီး၊ ဘုရားရှင်ဟောသော်လဲ အနက်မှာ အထည်ဒြဒ် သဏ္ဌာန်စသည်မရှိ၊ မှုတ်ကြောင်း, လက္ခဏသဘော, သတ္တိမျှသာရတယ်။ ဖြစ်ပျက်,ဖြစ်ပျက်

နေတဲ့သဘောက မကင်းတဲ့သဘောဘဲ။ ကံ့စိတ်,ဥတု,အာဟာရ, အကြောင်းတရား ၄-ပါးကြောင့် တဖြစ်ထဲဖြစ်၊ တပျက်ထဲပျက် နေတဲ့သဘောတရားပေါ့။ အကြောင်းပြုပြင်လို့၊ ဤလို ဖြစ်ပျက်, ဖြစ်ပျက်နေတဲ့ သဘောတရားတွေကို သခ်ၤတတရား ခေါ်တယ်။ ဘယ်အခါမှ မြဲတည်နေတာ မဟုတ်ဘူး။ ခုလို ဖြစ်ပျက်နေတာ ဝိပရိဏာမ ဖေါက်ပြန်တယ်လို့ဆိုတယ်။ သည်လို ဖေါက်ပြန်တတ်လို့ စက္ခုအကြည်ကို ရုပ်ခေါတ်လို့ခေါ်တယ်။

၈။ အဆင်းခေါတ်။ ။မြင်စရာဆိုတဲ့ အဆင်းခေါတ် ဆိုတာလဲ၊ ပထဝီ, တေဇော, အာပေါ, ဝါယောဆိုတဲ့ မဟာဘုတ်ခေါတ်ကြီး ၄-ပါးရှိမှသာ ရှိနိုင်တယ်။ မဟာဘုတ်တို့ကို မှီနေတဲ့သဘောဘဲ။ မဟာဘုတ်မရှိလျှင် အဆင်းချည်းဘဲ ရှိနိုင်ပါ့မလား၊ မရှိနိုင်ပါ)။ ဒါဖြစ်လျှင်အဆင်းပေါ်တာ ဘယ်သူ့ကြောင့်လဲ (ခေါတ်ကြီး ၄-ပါးကြောင့် ဖြစ်ပါတယ်)။ခေါတ်ကြီး ၄-ပါးကအကြောင်းအဆင်းကအကျိုးပေါ့၊ (ဟုတ်ပါတယ်)။

၉။ (ဗဟုသုတ ဖြစ်အောင်၊ ပဋ္ဌာန်းဥာဏ်ဖြစ်ပုံကို အနည်းငယ်ပြောပြအုံးမယ်။

(က) မဟာဘုတ်သည် အဆင်းကို အတူဖြစ်၍၊ ကျေးဇူးပြုသောကြောင့် သဟဇာတပစ္စည်းခေါ်တယ်။

(ခ) မဟာဘုတ်က မှီရာ, တည်ရာအဖြစ်ဖြင့် ကျေးဇူး ပြုသောကြောင့် နိဿယပစ္စည်းခေါ်တယ်။

(ဂ) ရှိခိုက် ကျေးဇူး ပြုသောကြောင့် အတ္ထိ ပစ္စည်း ခေါ်တယ်။

(ဃ) မကင်းခိုက် ကျေးဇူးပြုခြင်းကြောင့် အဝိဂတပစ္စည်း ခေါ်တယ်။ လေးပစ္စည်းနှင့် ကျေးဇူးပြုပုံကို မှတ်ထားပါ။)

၁၀။ အဆင်းလဲ ကံ, စိတ်, ဥတု, အာဟာရအကြောင်း ပြုပြင်နေလို့ ဖြစ်ပျက်နေတဲ့ သဘောတရားဘဲ။ ဥပမာ မီးတုတ်ကို ကိုင်ယမ်းလျှင်၊ ရှည်ရှည်, လျားလျား, ဝန်းဝန်း, ဝိုင်းဝိုင်း, မီးကွင်းထင်တယ်မဟုတ်လား၊ (ဟုတ်ပါတယ်)။ထင်သော်လည်း မီးကွင်းဟုတ်သလား (မဟုတ်ပါ)။ မီးတုတ်ကို ကိုင်ယမ်းသော မီးတုတ်အစဉ်သာဟုတ်တာပေါ့၊ မီးကွင်းမဟုတ်ဘူး။ ထို့အတူ အဆင်းဓါတ်ဟာလဲ ဖြစ်ပျက်နေတဲ့သဘောဘဲ။ ဖြစ်ပျက်, ဖြစ်ပျက်နှင့် ဆက်ဆက် ဖြစ်ပျက်နေတဲ့ အစဉ်သာ ဟုတ်တာပေါ့။ အလုံးအခဲစသည် ဟုတ်ပါ့မလား၊ (မဟုတ်ပါ)။ ခုလို ဖြစ်ပျက်, ဖြစ်ပျက်, ဖေါက်ပြန်နေလို့ အဆင်းကိုလဲ ရုပ်ဓါတ်ခေါ်တယ်။ မဟာဘုတ်ကိုမှီနေလို့ ဥပါဒါရုပ် ခေါ်တယ်။ သည်အဆင်းဓါတ်ဟာ ထင်ရှားမရှိဘူးလား၊ (ထင်ရှားရှိပါတယ်)။ ထင်ရှားရှိနေလို့ သူလဲ ပရမတ်ဘဲ။ အထည်ခြဒ်သဏ္ဌာန်ရှိရဲ့လား၊ (မရှိပါ)။ သတ္တဝါ, အသက် လိပ်ပြာဟုတ်သလား၊ (မဟုတ်ပါ)။ မဟုတ်လျှင် သူလဲ ဓါတ်ပေါ့။ ဖြစ်ပျက်နေတဲ့ မြင်စရာသဘောသက်သက်သာ ဟုတ်တာပေါ့။ ရုပ်ဓါတ် ၂၈-ပါးရှိတယ်။ ၂၈-ပါးမှာ အဆင်းဓါတ်တခုကိုသာမြင်နိုင်တယ်၊ မျက်စိနှင့်မြင်သမျှ အားလုံးဟာ အဆင်းဘဲ မှတ်ထားပါ။

၁၀။ စက္ခုဝိညာဏ်။

မြင်တယ်ဆိုတာ တခြားကိုဆိုတာမဟုတ်ဘူး၊ ခုပြခဲ့တဲ့ အဆင်းနှင့်စက္ခုအကြည် ဆုံတဲ့အခါ၊ တိုက်တဲ့အခါ စက္ခုအကြည်ပေါ်ဒွါ

စက္ခုဝိညာဏ်ဆိုတဲ့ စိတ်ဓါတ်တခု ဖြစ်ပေါ်တယ်။ အဲသည်ဓါတ်ဖြစ်ပေါ်လာတာကို မြင်တယ်လို့ဆိုတယ်။ အဆင်းကို သိတာကို ဆိုတာဘဲ။ "စက္ခုဥ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" လို့ ဟောတယ်။ အဓိပ္ပါယ်ကား။ စက္ခုအကြည်နှင့် အဆင်းကိုစဲ့၍။ စက္ခုဝိညာဏ် ဖြစ်ပေါ်တယ်ဆိုတယ်။

၁၂။ စက္ခုအကြည်တခြား၊ အဆင်းတခြားစီနေပြီး၊ စက္ခုရူပါရုံတို့ ရှေ့ရှုထင်ခြင်းသို့ ရောက်သည်ကိုပင် စက္ခုနှင့် ရူပါရုံထိခိုက်သည်ဟု ဆိုအပ်သည်။ ထိုသို့ ရှေ့ရှုထိခိုက်, ထင်ခြင်းသို့ မရောက်လျှင်၊ စက္ခုဝိညာဏ်ပေါ်မလား(မပေါ်ပါ)။ ဘယ်အခါပေါ်မလဲ၊ (သူတို့ ၂-ခု ရှေ့ရှု ထိခိုက်, ထင်ခြင်းသို့ ရောက်ပြီးမှ ပေါ်ပါမယ်)။ အေး - သူတို့ ၂-ခု ရှေ့ရှု, ထိခိုက်, ထင်ခြင်းသို့ ရောက်ပြီးမှ မြင်သိဆိုတဲ့ စက္ခုဝိညာဏ်ဟာ ပေါ်တာပေါ့။ တိမ်တိုက်အချင်းချင်း တိုက်ခတဲ့ လျှပ်ပေါ်သလို၊ မီးခတ်ကျောက်နှင့်သံခြစ်တော့ မီးပွင့်လာသလို၊ စက္ခုဓါတ်နှင့်အဆင်းဓါတ်ထိခိုက်တော့ စက္ခုဝိညာဏ်ဖြစ်ပေါ်လာတယ်။ ပေါ်လျှင် ဘာဖြစ်ရမလဲ (ပေါ်လျှင် ချက်ခြင်းပျက်ရပါမယ်)။ သည်လိုပေါ်ပြီး ချက်ခြင်းပျက်ရတာလဲ ဓမ္မနိယာမဘဲ၊ စက္ခု ဓါတ်နှင့် အဆင်း ဓါတ်တို့ကြောင့်၊ စက္ခုဝိညာဏ်ဖြစ်တာကိုသဘောကျပါ့လား၊(ကျပါပြီ) ဒါဖြင့်ရင် အဆင်းဓါတ်နှင့် စက္ခုဓါတ်က အကြောင်းတရားပေါ့။ ဟုတ်ပါတယ်။ အကြောင်းတရားရှိလျှင် အကျိုးတရားက ဘယ်ဟာလဲ၊ (အကျိုးတရားက စက္ခုဝိညာဏ် ဖြစ်ပါတယ်)။ ဟုတ်တယ်။

၁၃။ စက္ခုအကြည်မှာ၊ အဆင်းအာရုံမှတပါး တခြား အာရုံထင်နိုင်သလား (မထင်နိုင်ပါ၊ အဆင်းသာ ထင်နိုင်ပါတယ်)။

အဆင်းဟာ ပညတ်လား၊ ပရမတ်လား (ပရမတ်ဖြစ်ပါတယ်)။ ဒါဖြစ်ရင် ပရမတ်မဟုတ်တဲ့ပညတ်တွေ့ မထင်နိုင်ဘူးပေါ့။ထင်နိုင်ပါ့မလား၊ စဉ်းစားစမ်း (ပညတ်တွေ့ မထင်နိုင်ပါ)။ ဒါဖြင့်ရင်၊ လူ့ယောကျ်ား့မိန်းမခေါ်ဝေါ်တဲ့ ပညတ်တွေ့မထင်နိုင်ဘူးပေါ့၊ (မထင်နိုင်ပါ)။ ဘယ်ဟာသာ ထင်နိုင်သလဲ၊ (အဆင်းပရမတ်သာထင်နိုင်ပါတယ်)။ ဒါဖြစ်ရင်၊ မြင်သချိုကို အဆင်းလို့သာမှတ်ရမှာပေါ့၊ နှလုံးသွင်းရမှာပေါ့၊ ဤလိုနှလုံးသွင်းတော့မှန်တာကို နှလုံးသွင်းတာ မဟုတ်ပေဘူးလား၊ ဟုတ်ပါတယ်)။

၁၄။ အဆင်းလဲဖြစ်ပျက်,ဖြစ်ပျက်နေတဲ့တရား၊ စက္ခုအကြည်လဲ ဖြစ်ပျက်,ဖြစ်ပျက်နေကဲ့တရား၊ သည်ဖြစ်ပျက်, ဖြစ်ပျက်နေတဲ့တရားတွေ့ဆုံလို့ ဖြစ်ပေါ်တဲ့ စက္ခုဝိညာဏ်ကော ဖြစ်ပျက်,ဖြစ်ပျက်မနေပေဘူးလား (ဖြစ်ပျက်,ဖြစ်ပျက်နေပါတယ်)။ နေတာပေါ့၊ အချဉ်သီး,သီးတဲ့အပင်က အသီးဟာချဉ်တာဘဲ၊ အချိုသီး,သီးတဲ့အပင်ကအသီးဟာချိုတာဘဲ၊ အဲသည် ဥပမာလိုဘဲ ဖြစ်ပျက်တဲ့တရားတွေ့ဆုံလို့ဖြစ်ပေါ်သော စက္ခုဝိညာဏ်လည်း ဖြစ်ပျက်နေတာပေါ့၊ ဖြစ်ပျက်ပုံ ဘာနဲ့တူသလဲဆိုလျှင် ခား,ကတ်ကြေးသွေးတဲ့ ကျောက်စက် မြင်ဘူးသလား၊ (မြင်ဘူးပါတယ်)။ ခားနှင့်ကျောက် ထိလိုက်တဲ့အခါ မီးပွား, မီးပုံ့တွေ့ တဖွဲဖွဲပေါ်ပျက်, ပေါ်ပျက်ဖြစ်နေတာ မြင်ဘူးတယ်မဟုတ်လား(မြင်ဘူးပါတယ်)။ ခားနှင့်ကျောက်မတိုက်တဲ့အခါ မီးပွား,မီးပုံ့တွေ့ဖြစ်ပျက်သလား (မဖြစ်ပျက်ပါ)။ အဲသည်ဥပမာလိုဘဲ စက္ခု အကြည်နှင့်အဆင်းရှေ့ရှုထိခိုက်တဲ့အခါ၊ စက္ခုဝိညာဏ်ဟာ ကျောက်စက်,မီးပွား, မီးပုံ့ တဖွဲဖွဲပေါ်ပျက်သကဲ့သို့၊ တဖွဲဖွဲဖြစ်ပျက်နေတယ်၊ ဉာဏ်နှင့် မြင်အောင် စဉ်းစားကြည့်ပါ၊ သိလွယ်ပါတယ်၊ မခက်ပါဘူး၊

သဘောပေါက်ရဲလား၊ (သဘောပေါက်ပါတယ်)။ အဆင်းကွယ်ပျောက်လျှင် စက္ခုဝိညာဏ်ကော မပျောက်ပေဘူးလား(ပျောက်ပါတယ်)။ သူ့အဆင်းနှင့် သူ့စက္ခုဝိညာဏ်လည်း ပျောက်တာပေါ့။

၁၅။ အဆင်းရှုပါရုံဟာ စက္ခုဝိညာဏ်၏ကျက်စားရာဘဲ၊စက္ခုအကြည်က စက္ခုဝိညာဏ်၏တည်ရာဘဲ၊ စက္ခုဝိညာဏ်၏ တည်ရာ, မှီရာဖြစ်လို့၊ စက္ခုအကြည်ကို စက္ခုဝတ္ထုလို့လဲခေါ်တယ်၊ မြင်သိဆိုတဲ့ စက္ခုဝိညာဏ်ဟာ ကြိယာသဘောသက်သက်ဘဲ၊ မြင်သိတာကဘဲ မြင်သိတာဘဲ၊ မြင်တတ်တဲ့ အကောင်,သတ္တဝါ, တခြားရှိသလား(မရှိပါဘူး)။ အဆင်းဟာ အကောင်,သတ္တဝါ, အသက်လိပ်ပြာလား(မဟုတ်ပါ)။ စက္ခုအကြည်ဟာကော အကောင်, သတ္တဝါ, အသက်လိပ်ပြာ ဟုတ်သလား (မဟုတ်ပါ)။ စက္ခုဝိညာဏ်ကော အကောင်,သတ္တဝါ,အသက်လိပ်ပြာလား (မဟုတ်ပါ)။ သည်သဘော ၃-ခုဟာ အကောင်,သတ္တဝါတွေမဟုတ်လျှင် ဘာဟုတ်သလဲ (သဘောတွေဟုတ်ပါတယ်)။ အေး ဟုတ်တယ်၊ ဖြစ်ပေါ်, ဖြစ်ပေါ်တဲ့အခါ ထင်ရှားရှိနေတဲ့သဘောတွေဘဲ၊ ပရမတ်တွေပေါ့။ အကောင်,သတ္တဝါတွေမဟုတ်၊ သူတို့သဘောသူတို့ဆောင်နေလို့ ဓမ္မတွေပေါ့ ဓာတ်တွေပေါ့၊ မဟုတ်ဘူးလား(ဟုတ်ပါတယ်)။

၁၆။ အကောင်, သတ္တဝါမဟုတ်လျှင် ငါမြင်တယ်၊ သူမြင်တယ် ဆိုတာတွေဟာ မှန်သလား(မမှန်ပါ)။ ဘာကြောင့် မမှန်သလဲ (ငါဆိုတဲ့အကောင်,သူဆိုတဲ့အကောင် သတ္တဝါမရှိလို့ မမှန်တာပါ။ စက္ခုအကြည်နှင့်အဆင်း တိုက်လို့သာ မြင်သိဆိုတဲ့ စက္ခုဝိညာဏ်ပေါ်ပါတယ်)။ အေး ဟုတ်တယ်၊ မြင်တတ်တဲ့ ငါ,သူ

ဆိုတာ မပါဘူးပေါ့၊ စက္ခုအကြည်, အဆင်းတို့ကြောင့်၊ စက္ခု စိညာဏ်ဖြစ်မေ၇်တာကို မြင်တယ် ဆိုတယ် မဟုတ်လား (ဆိုပါတယ်)။ သူတို့ တခုနှင့်တခု သဘောချင်းတူသလား (မတူပါ)။ မတူကြဘဲ သူ့သဘောနှင့်သူ တခြားစီဖြစ်ပါလျက်၊ဘယ်သဘောကိုင်လုပ်မလဲ၊ ဘယ်သဘောကိုသူလုပ်မလဲ (ဘယ်ဟာကိုမှ မလုပ်နိုင်ပါ)။ ဘာလုပ်နိုင်မလဲ၊ အကြောင်းပေါင်းဆုံလို့ ဖြစ်ပေါ်တဲ့ တရားတွေဘဲကို၊ အကြောင်းတရားတွေ, အကျိုးတရားတွေ သက်သက်ပေါ့၊ ဘယ်ဟာက အကြောင်း၊ သယ်ဟာက အကျိုးလဲ၊ (အဆင်းနှင့်စက္ခုအကြည်က အကြောင်းတရား၊ မြင်သိဆိုတဲ့စက္ခုဝိညာဏ်က အကျိုးတရားပါ)။ အကြောင်း, အကျိုးတွေဖြစ်တဲ့ ဓာတ်အစုတွေပေါ့ (ဟုတ်ပါတယ်)။

၁၇။ စက္ခုအကြည်,အဆင်း၊စက္ခုဝိညာဏ်တွေဟာ အကောင်သတ္တဝါမဟုတ်၊ ဓာတ်အစုသာ ဟုတ်တယ်လို့ သိတဲ့အသိဟာ မှန်တာကိုသိတာလား၊ မမှန်တာကိုသိတာလား(မှန်တာကိုသိတာပါ) မှန်တာကိုသိလို့ ဝိဇ္ဇာသိခေါ်တတ်၊ ပညာသိခေါ်တယ်၊ ယထာဘူတဉာဏ်၊ သမ္မာဒိဋ္ဌိဉာဏ်လို့လဲခေါ်တယ်။ ဤလို မှန်တာကိုသိလျှင် သက္ကာယဒိဋ္ဌိကင်းမနေပေဘူးလား (ကင်းနေပါတယ်)။ မြင်တယ်လို့ဆိုတာ အကောင်သတ္တဝါ တခုခုက မြင်တာမဟုတ်ပါကလား။ အကြောင်းတရား၊အကျိုးတရားဖြစ်ပေါ်တာသာ ဟုတ်ပါကလားလို့ အကြောင်းကိုသိတဲ့အသိကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ခေါ်တယ်။ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်နေလျှင် အကောင်,အသက်လိပ်ပြာ ဟုတ်လေသလား။ မဟုတ်လေသလား ဟု ယုံမှားခြင်းကို လွန်မြောက်နေတဲ့ ဉာဏ်၏ စင်ကြယ်ခြင်း၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်နေတာပေါ့။

သမ္မာဒိဋ္ဌိဉာဏ်ဖြစ်ခြင်းသည်၊ တရား ၄-ပါးကိုမှီ၍ဖြစ်ရတယ်၊ ဗဟုသုတဖြစ်အောင် ပြောပြအုံးမယ်။

(၁) [သမ္မာဒိဋ္ဌိ ဖြစ်တဲ့အခါ၊ ကိလေသာကိုဆိတ်ခြင်းကို မှီတယ်၍ဖြစ်သောကြောင့်၊ ဝိဝေကနိသိတခေါ်တယ်။

(၂) ကိလေသာတို့မှ ကင်းခြင်းကို မှီတယ်၍ ဖြစ်သောကြောင့်၊ ဝိရာဂ = နိသိတခေါ်တယ်။

(၃) ကိလေသာတို့မှ ဖြစ်မှု မရှိခြင်းကိုမှီတယ်၍ ဖြစ်ခြင်းကြောင့်၊ နိရောဓ, နိသိတခေါ်ထယ်။

(၄) ထိုအာရုံတို့က ရှေ့ရှုသောအားဖြင့် ညွှတ်တိုင်း ညွှတ်တိုင်း ကိလေသာတို့ကို စွန့်ခြင်းကြောင့် ဝေါသဂ္ဂ ပရိနာမိ ခေါ်တယ်]။

ဗဟုသုတဖြစ်အောင် မှတ်ထားပါ။

၁၈။ စေတသိက်။

မြင်ခြင်းဖြစ်ပေါ်အောင် လုပ်ဆပေးနေတဲ့သူ တစုံတယောက် ရှိသလား (ဘယ်သူမျှမရှိပါ)။ မြင်အောင်ကြည့်တတ်တဲ့အကောင် သတ္တဝါကော ခန္ဓာထဲမှာရှိနေသလား (မရှိပါ)။ မရှိလျှင် စက္ခုဝိညာဏ်ဆိုတဲ့ မြင်သိမှုဟာ ဘယ်လိုဖြစ်ပေါ်လာတာလဲ (အဆင်းနှင့် စက္ခုအကြည်ဆုံတွေ့လို့ပေါ်လာပါတယ်)။ အေး-ဟုတ်တယ်။ ဆုံတွေ့လို့ စက္ခုဝိညာဏ်ဖြစ်ပေါ်လာတာပေါ့၊ မဆုံလျှင် ပေါ်မလား (မဆုံလျှင်မပေါ်ပါ)။ ဆုံတဲ့သဘောက ဖဿခေါ်တယ်။ ဖဿ ဆိုတဲ့ သဘောဟာ စက္ခုဝိညာဏ်နှင့်အတူ မပေါ်ဘူးလား၊ မပါဘူးလား (ပါနေပါတယ်)။ လှတဲ့ အဆင်းကိုမြင်တော့ ချော်....သည်အဆင်းလှပါကလားလို့ စိတ်ထဲမှာ မဖြစ်ဘူးလား

(ဖြစ်ပါတယ်)။ အဲသည်လိုဖြစ်တော့ခါ စိတ်ထဲမှာမရှင်ဘူးလား (ရှင်ပါတယ်)။ ၎င်းရှင်တာဟာ အဆင်းအာရုံကို ခံစားတာဘဲ၊ သည်လိုဖြစ်တဲ့သဘောကို ဝေဒနာခေါ်တယ်။ အဲသည် ဝေဒနာကော စက္ခုဝိညာဏ်နှင့်အတူ မပေါ်ဘူးလား (ပေါ်ပါတယ်)။ လှတာကိုမြင်တော့ လှတယ်လို့မမှတ်လိုက်ဘူးလား (မှတ်လိုက်ပါတယ်)။ မှတ်တာသညာခေါ်တယ်။ အဲသည်သညာဆိုတဲ့ သဘောကော စက္ခုဝိညာဏ်နှင့်အတူမပေါ်ဘူးလား(ပေါ်ပါတယ်)။ ယခုပြောခဲ့တဲ့ မြင်သိတာ,တွေ့ဆုံတာ,ခံစားတာ,မှတ်တာ သဘောတွေဟာ ဘယ်တော့ပေါ်သလဲ၊ (စက္ခုဝိညာဏ်နှင့် အတူတကွပေါ်ပါတယ်)။ သည်သဘောတရားတွေကို အာရုံမှာဖြစ်အောင် စေ့ဆော် ပြုလုပ်ပေးတဲ့သဘောတခုကော ပါမနေဘူးလား၊ စဉ်းစားစမ်း (ပါနေပါတယ်)။ သည်စေ့ဆော်ပြုလုပ်တတ်တဲ့သဘောကို စေတနာခေါ်တယ်။

သည် သဘော တရားတွေကို အာရုံ၌ တည် စေ တတ် သော သဘောတရား တခုကော ပါမနေဘူးလား (ပါနေပါတယ်)။ ပါတာပေါ့၊ သည်သဘောတရားကို ဧကဂ္ဂတာခေါ်တယ်။

သည်တရားတွေကို စောင့်ရှောက်တဲ့သဘော ဇီဝိတိန္ဒြေ ဆိုတဲ့ သဘောတခုလဲပါတယ်။

ပြုတဲ့အာရုံသို့ သမ္မယုတ်ဖြစ်သော ယှဉ်ဘော်,ယှဉ်ဘက်တရားတို့ကို ရှေ့ရှု ပြေးဝင်စေတတ်တဲ့ သဘော မနသိကာရ ခေါ်တဲ့ တရားသဘောတခုလဲပါတယ်၊ မပါဘူးလား (ပါပါတယ်)။

၁၉။ ယခု ပြခဲ့တာ မြင်သိမှုပါသဘောအားလုံး ဘယ်နှစ်ခုလဲ (ရှစ်ခုပါ)။ မြင်သိမှုမပါလျှင် ဘယ်နှစ်ခုလဲ (၇-ခုပါ)။ မြင်

သိမ္ဟုပေါ်လျှင် ၎င်းနှင့်အတူ သည်သဘော ၇-ခုဟာ မပေါ်ဘူးလား (ပေါ်ပါတယ်)။ သိမ္ဟုပျက်လျှင် သူတို့ကော ဘာဖြစ်မလဲ (သူတို့လဲပျက်မှာဘဲ)။ ပျက်မှာပေါ့ သူတို့ကသိမ္ဟုကို မှီနေတဲ့တရားတွေကိုး၊ သည်သဘော ၇-ခုဟာ သိမ္ဟုအာရုံပြုတဲ့အဆင်းကို အာရုံမပြုဘူးလား (ပြုပါတယ်)။ စက္ခုအကြည်မှာကော မမှီဘူးလား (မှီပါတယ်)။ အဲသည်သဘော ၇-ခုဟာ မြင်သိမ္ဟုနှင့် ပေါ်အတူ ပျက်အတူ အာရုံတခုထဲ မှီရာတခုထဲဖြစ်လို့ သူတို့ကို စေတသိက်လို့ ခေါ်တယ်။ စေတသိက် ၇-ခုကို ဆိုပြစမ်းပါ။ (ဖဿ, ဝေဒနာ, သညာ, စေတနာ, ကေဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ) အဲသည် စေတသိက် ၇-ခုကို သဗ္ဗစိတ္တသာဓာရဏစေတသိက်လို့ခေါ်တယ်။ သိမ္ဟုဆိုတဲ့ စိတ်အားလုံးနှင့်ယှဉ်တယ်။ စက္ခုဝိညာဏ်ပေါ်တဲ့အခါ အတူပေါ်တတ်တဲ့ အခြားစေတသိက်တွေ အများကြီး ရှိသေးတယ်၊ ကုသိုလ်စိတ်ဖြစ်တဲ့အခါမှာ ကုသိုလ်နှင့်ဆိုင်တဲ့ စေတသိက်တွေယှဉ်တယ်၊ အကုသိုလ်စိတ်ဖြစ်တဲ့အခါ အကုသိုလ်နှင့်ဆိုင်တဲ့ စေတသိက်တွေယှဉ်တယ်။ ခုပြခဲ့တဲ့ စေတသိက် ၇-ခုကိုဘဲ မှတ်ထားပါအုံး၊ သည် ၇-ခုကို မှတ်မိပြီး ခန္ဓာထဲမှာမြင်လျှင် အကျိုးတော်တော်များပါပြီ၊ တရား နှလုံး သွင်းဘန်များလျှင် အခြားယှဉ်ဘော်, ယှဉ်ဘက် တရားတွေပေါ်တာကို တဖြည်းဖြည်းသိလာပါလိမ့်မယ်။

၂၀။ မြင်သိမ္ဟုဟာ အာရုံသို့မညွတ်ဘူးလား၊ မကိုင်းဘူးလား (ညွတ်ပါတယ်၊ကိုင်းပါတယ်)။ သူနှင့်အတူပေါ်တဲ့စေတသိက်တွေကော သူနှင့်အတူ မညွတ်ပေဘူးလား၊ မကိုင်းပေဘူးလား (ညွတ်ပါတယ်၊ ကိုင်းပါတယ်)၊ သူ့ကိုမှီနေတဲ့တရားတွေဟာ အတူတူ ညွတ်မှာပေါ့၊ကိုင်းမှာပေါ့၊ အာရုံသို့ ညွတ်တတ်, ကိုင်းတတ်လို့

သည်တရားတွေကို နာမ်ခေတ်လို့ခေါ်တယ်။ နာမ်တရား လို့လဲ ခေါ်တယ်။

၂၁။ မြင်သိမှုစက္ခုဝိညာဏ်ဟာ အမှုံ့အမှားမဟုတ်၊ အထည် ဖြဒ်မဟုတ်၊ အကောင် သတ္တဝါမဟုတ်၊ ခေတ်ဘဲ့ ဓမ္မဘဲ့ ပရမတ်ဘဲ့ ဆိုတာပြခဲ့လို့ သိရပြီမဟုတ်လား (သိရပါပြီ)။ မြင်သိမှုနှင့် အတူပေါ် အတူပျက်၊ အာရုံတခုထဲ၊ မှီရာတခုထဲဖြစ်တဲ့ ဖဿ၊ ဝေဒနာ၊ စေတနာ၊ အစရှိတဲ့ တရားတွေကော အကောင်သတ္တဝါ ဟုတ်ပါ့မလား (မဟုတ်ပါ)။ မဟုတ်လျှင်ဘာဘဲ (သူတို့လဲ ခေတ်တွေပါဘဲ)။ သည်ခေတ်တွေဟာ တခုနှင့်တခု သဘောချင်း တူကြသလား (မတူကြပါ)။ မတူကြဘဲ သူ့သဘောနှင့်သူ အမျိုးမျိုး ဖြစ်နေပါလျက် ငါတွေ့ဆုံတယ်၊ ငါခံစားတယ် ဆိုတာတွေ့မှာ ဘယ်သဘောကို ငါလုပ်မလဲ၊ ငါလုပ်စရာရှိသလား၊ (ငါလုပ်စရာ မရှိပါ)။ ဘာရှိမလဲ၊ တွေ့ဆုံတယ်ဆိုတာ ဖဿက တွေ့ဆုံ တာပေါ့၊ ခံစားတယ်ဆိုတာလဲ ဝေဒနာကခံစားတာပေါ့။ ဖဿ၊ ဝေဒနာတွေ့ ဖြစ်ပေါ်တာကို ဆိုတာဘဲ၊ တွေ့ဆုံကတ်တဲ့ အကောင် သတ္တဝါတခြားရှိသေးသလား(မရှိပါ)။ ခံစားတတ်တဲ့အကောင် ကလေးကော တခြားရှိသေးသလား (မရှိပါ)။

၂၂။ မြင်သိမှုပေါ်လျှင် သည်စေတသိက်တွေဘဲပေါ်တယ်။ သိမှုပျက်လျှင်ကော (စေတသိက်တွေလဲပျက်ပါတယ်) ခုလို ပေါ်ပျက်နေတာမမှန်ဘူးမဘဲ၊ပေါ်တာပျက်တာတွေဟာမြဲတဲ့သဘော လား၊ မမြဲတဲ့သဘောလား၊ (မမြဲတဲ့သဘောဖြစ်ပါတယ်)။ မမြဲတဲ့ သဘောဟာ နိစ္စလား, အနိစ္စလား (အနိစ္စပါ)။ သိမှုလဲအနိစ္စ၊ သူတို့အားလုံးလဲ အနိစ္စပေါ့၊ မြဲတည်မနေဘဲ ယခုလို ပေါ်လိုက်, ပျက်လိုက်၊ ပေါ်လိုက်, ပျက်လိုက်နှင့် ပေါ်ချေ, ပျက်ချေနေတဲ့

တရားဟာ သက်သာပါ့မလား (မသက်သာပါ)။ ချမ်းသာပါ့မလား(မချမ်းသာပါ)။ မသက်သာတာ,မချမ်းသာတာဟာ ဒုက္ခလား, သုခလား (ဒုက္ခပါ)။ မပျက်ပါနဲ့လို့ တားဆီးလို့ရမလား။ (မရပါ)။ အစိုးရသလား (အစိုးမရပါ)။ အေး-တားဆီးလို့မရလို့, အစိုးမရလို့ အနတ္တပေါ့။ အကောင်,သတ္တဝါ,အသက်လိပ်ပြာမဟုတ်လို့လဲ အနတ္တပေါ့။ အနှစ်သာရ ဘာတခုမျှမရှိဘဲ ဖြစ်,ပျက်နေတဲ့ အချည်းနှီးတရားပေါ့။ (ဟုတ်ပါတယ်)။

၂၃။ ခုတင်က ပြောခဲ့တဲ့ ဖြစ်ပျက်, ဖြစ်ပျက်နေတဲ့ အဆင်းဓာတ်ကော မြဲသလား (မမြဲပါ)။ မမြဲလို့လဲ ဖြစ်ပျက်,ဖြစ်ပျက်နေတာပေါ့။ ဖြစ်ပျက်နေတဲ့တရားဟာ သက်သာသလား (မသက်သာပါ)။ မြဲဟဲ့ သက်သာဟဲ့လို့ ပြောရင်ကော ရမလား (မရပါ)။ အေး-အဆင်းဓာတ်ဟာလဲ အနိစ္စ,ဒုက္ခ,အနတ္တ တရားပေါ့။ အချည်းနှီးတရားဘဲ။

ဖြစ်ပျက်, ဖြစ်ပျက်နေတဲ့ မျက်စိ အကြည်ကော မြဲသလား (မမြဲပါ)။ သက်ကော သက်သာရဲ့လား (ဖြစ်ပျက်နေတဲ့ တရားဟာ မသက်သာပါ)။ မြဲဟဲ့သက်သာဟဲ့လို့ အမိန့်ပေးရင်ကော မြဲပါ့မလား၊ သက်သာပါ့မလား (မမြဲနိုင်ပါ၊ မသက်သာနိုင်ပါ)။ မသက်သာတာ ဒုက္ခဘဲ၊ အဲဒါကြောင့် မျက်စိ အကြည်ဟာလဲ အနိစ္စ, ဒုက္ခ, အနတ္တပေါ့။ အချည်းနှီးတရားပါဘဲ။

၂၄။ မျက်စိအကြည်ဟာ ဘာပရမတ်လဲ (ရုပ်ပရမတ်ပါ)။ အဆင်းကော ဘာပရမတ်လဲ (အဆင်းရုပ်ပရမတ်ပါ)။ မြင်သိမှုဝိညာဏ်ကော (စိတ်ပရမတ်ပါ)။ သိမှုနှင့်အတူ ပေါ်တဲ့,ပျက်တဲ့ ဖဿ,ဝေဒနာ,သညာ,စေတနာ, အစ ရှိတဲ့ တရားတွေကော ဘာ

ပရမတ်တွေလဲ (စေတသိက်ပရမတ်တွေပါ)။ အေး-သည်ဖြစ်ပျက်, ဖြစ်ပျက်နေကဲ့ မျက်စိအကြည်ဓာတ်, အဆင်းဓာတ်, စက္ခုဝိညာဏ်ဓာတ်, ဖဿ, စသော ဓမ္မဓာတ်ဟာ စိတ်, စေတသိက်, ရုပ်, ဆိုတဲ့ သင်္ခတ ပရမတ်တရား ၃-ပါးပေါ့။ ပရမတ်တရားဆိုတာလဲ ဓာတ်တွေဘာ၊ ဓမ္မတွေဘာ။

၂၅။ စိတ်, စေတသိက်, ရုပ်, ဆိုတဲ့ဖြစ်ပျက်တရားတွေဟာ ခန္ဓာ ၅-ပါးဘဲ၊ ခန္ဓာဆိုဟာ အစုကိုဆိုတယ်၊ ဖြစ်ပျက် အစုတွေဘဲလို့ ဆိုနိုင်ပါတယ်။

၁။ ရုပ်အစုဟာ ရူပက္ခန္ဓာဘဲ။

၂။ စိတ်ဟာ ဝိညာဏက္ခန္ဓာဘဲ။

၃။ ဝေဒနာ စေတသိက်ဟာ ဝေဒနက္ခန္ဓာဘဲ။

၄။ သညာစေတသိက်ဟာ သညက္ခန္ဓာဘဲ။

၅။ စေတနာ, အစ ရှိသော ကျန်စေတသိက်တွေဟာ သင်္ခါရက္ခန္ဓာဘဲ။ ခန္ဓာ ဘယ်နှစ်ပါးလဲ (၅ါးပါးဖြစ်ပါတယ်)။

ရူပက္ခန္ဓာဟာ ရုပ်အစုမို့ ရုပ်ခန္ဓာ ခေါ်တယ်။

ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ လေးပါးဟာ နာမ်အစုတရားတွေမို့ နာမ်ခန္ဓာ လေးပါးခေါ်တယ်။

၂၆။ ခန္ဓာ၅ါးပါးဆိုတာ ဖြစ်ပျက်နေတဲ့ တရားတွေ ဟုတ်သလား၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်)။ ဟုတ်ရင် ခန္ဓာ ၅-ပါးဟာ အနိစ္စတရား, ဒုက္ခတရား, အနတ္တတရားတွေဘဲပေါ့။ (ဟုတ်ပါတယ်)၊ အနှစ်သာရ ဘာမျှမရှိတဲ့ အချည်းနှီး တရားတွေပေါ့။ (ဟုတ်ပါတယ်)။ နှစ်သက်စရာ, ခင်တွယ်စရာ ဟုတ်သလား(မဟုတ်ပါ)။ အကောင်, သတ္တဝါ, အသက်လိပ်ပြာမဟုတ်၊ အနှစ်သာရ

ဘာတခုမျှမရှိတဲ့ အစဉ် ဖြစ်ပျက်နေတဲ့ တရားဟာ ဘယ်နှစ်သက်စရာ ဟုတ်နိုင်မလဲ၊ မဟုတ်ဘူးပေါ့ (မဟုတ်ပါ)။ အစဉ်ဖြစ်ပျက်နေတဲ့ သခ်ၤတပရမတ်, ဓာတ်အစုအပေါင်းတွေကို လူဘဲ, နတ်ဘဲ, ဗြဟ္မာဘဲ, ယောကျ်ားဘဲ, မိန်းမဘဲ, အသက် လိပ်ပြာဘဲ ရယ် လို့ အထင်မှားမနေကြဘူးလား (အထင်မှားနေပါတယ်)။ အမှတ်မှားမနေဘူးလား (အမှတ်မှားနေပါတယ်)။ အယူမှားမနေဘူးလား (အယူမှားနေပါတယ်)။ အေး-ခုလို အထင်မှား, အမှတ်မှား, အယူမှားနေလျှင် သက္ကာယဒိဋ္ဌိ ဖြစ်နေတာပေါ့။ သက္ကာယဒိဋ္ဌိ ဖြစ်နေရင်၊ အပါယ်ဘေး သံသရာဘေးက ကျွတ်လွတ်ခွင့် ရနိုင်ပါအုံးမလား (မရနိုင်ပါ)၊ ကြောက်စရာကြီးဘဲ။

အထင်မှား, အမှတ်မှား, အယူမှားမဖြစ်ရဘဲ၊ ဘုရားရှင် အလို တော်ကျ အမှန်ကိုသိအောင် ကြိုးစားရမယ်။ ယထာဘူတမှန်တာကိုသိဘို့ရာ ဥပနိသျ ဆရာကောင်းထံ မှီဝဲဆည်းကပ်၍ အဆုံးအမ သြဝါဒကိုခံယူရမယ်လို့ ရှင်တော်ဘုရားဟောကြားတယ်။ ဘုရားဆုံးမတော်မူတဲ့အတိုင်း ကျင့်ကြံအားထုတ်လေ။

၂၇။ စက္ခု ဝိညာဏ် ဖြစ်ပေါ်ခြင်း အကြောင်းကို အကျယ်ဖပြောပြခဲ့ပြီးဖြစ်၍၊ ကိုယ်ပိုင်ဉာဏ်နှင့် ယထာဘူတ ဟုတ်တိုင်းမှန်စွာ ပိုင်ပိုင်ကြီး ယခုသိရပြီမဟုတ်လား၊ (သိရပါပြီ)။ ကောင်းပြီ၊ အမှန်ကို ပိုင်ပိုင်ကြီးသိရလျှင် အမှန်မသိသူတို့က လုတယ် ဆိုတဲ့ သက်မဲ့ဝတ္ထုကိုဖြစ်စေ၊ သက်ရှိဝတ္ထုကိုဖြစ်စေ သင်မြင်တော့ ဘယ်လို နှလုံးသွင်းမလဲ၊ (အဆင်းဘဲ အာရုံဘဲလို့သာ နှလုံးသွင်းပါမယ်)။

ဟုတ်ပေတယ်၊ အဆင်းဘဲ အာရုံဘဲလို့မှတ်လျှင် နှလုံး သွင်းလျှင် အမှန်ကို သိနေသူမို့ ပရမတ်ကို မြင်တာဘဲ၊ စက္ခုဝိညာဏ်

စောင့်တာဘဲ၊ ဤလို နှလုံးသွင်းမှုကို သတိအာရက္ခခေါ်တယ်။ ခုလို နှလုံးသွင်းတော့ မှန်တာကိုသိသည့်အတိုင်း နှလုံးသွင်းတာလား၊ မမှန်တာကို သွင်းတာလား (မှန်တာကိုသွင်းတာပါ)။ မှန်တာ နှလုံးသွင်းသည့်အတွက် သင့်၌ မောဟ ဖြစ်အုံးမလား (မဖြစ်ပါ)။ အမှန်ကိုမသိတော့ သူတကာလိုဘဲ လှတယ်,အရုပ်ဆိုးတယ်လို့ နှလုံးသွင်းလျှင် မမှန်တာကို နှလုံးသွင်းသည့်အတွက် သင့်၌ မောဟ, မဖြစ်ဘူးလား (ဖြစ်ပါတယ်)။ လှတယ်လို့ ထင်နေလျှင် ထိုဟာကို နှစ်သက်ခြင်း မဖြစ်ပေဘူးလား၊ (ဖြစ်ပါတယ်)။ နှစ်သက်ခြင်းဖြစ်နေလျှင် လိုချင်တပ်မက် စဲလန်းခြင်းကော မဖြစ်ပေဘူးလား (ဖြစ်ပါတယ်)။ အေး-လိုချင်တပ်မက်လျှင် ရာဂ ဖြစ်တာပေါ့၊ အမှန်မသိလို့ လိုချင်တယ်၊ လိုချင်လို့ စဲလန်းတယ်၊ အစိုင်အဂဿာတဏှာ ဥပါဒါန်ဆိုတဲ့တရားတွေပေါ့၊ မနှစ်သက်ဖွယ်တခုခုကိုမြင်တော့ကော အမှန်ကိုမသိလျှင် ဘာဖြစ်မလဲ (ဒေါသဖြစ်ပါမယ်)။ အဆင်းကိုအဆင်းဘဲလို့ အမှန်သိသလို နှလုံးမသွင်းတော့ သင့်၌ ရာဂ, ဒေါသ, မောဟတွေ ဖြစ်မနေဘူးလား၊ (ဖြစ်နေပါတယ်)။ ယဆာဘူတ ဟုတ်တိုင်းမှန်စွာမသိ၍ နှလုံးသွင်း မမှန်လို့ဘဲ၊ သည်တရားတွေပေါ်တာဘဲ၊ အယောနိသော မနသိကာရပေါ့။

၂၈။ ဤတရားတွေ ဖြစ်ပေါ်ရခြင်း၏ မူလ အကြောင်း ရင်းဟာ ဘယ်တရားတွေကြောင့်လဲစဉ်းစား၊စမ်း (မသိပါ)။ စဉ်းစားလျှင်သိရမယ်၊ ဘယ်မသိဘဲရှိမလဲ၊ စက္ခုဝိညာဏ် မြင်သိမှုဖြစ်ပေါ်လို့ စက္ခုဝိညာဏ်နှင့် ယှဉ်ဘော် ယှဉ်တက်ဖြစ်တဲ့ တွေ့ဆုံမှု, မှတ်မှု, ခံစားမှု, စေ့ဆော်မှု, စောင့်ရှောက်မှု အစရှိသည့် နာမ်ခန္ဓာလေးပါး တရားတွေ တပြိုင်နက်ဖြစ်ပေါ်တာပြခဲ့လို့ သိရပြီမဟုတ်လား၊

(သိခဲ့ရပါပြီ)။ မြင် သိ ဆိုတဲ့ စက္ခုဝိညာဏ်ပေါ်တာကော ဘယ် တရားတွေကြောင့် ဖြစ်ပေါ်သလဲ၊ ထပ်မံ ပြောပြပါအုံး၊ (စက္ခု အကြည်နှင့် အဆင်းကြောင့် ဖြစ်ပေါ်ပါတယ်)။ ဟုတ်တယ်၊ အဲဒီ စက္ခုအကြည်နှင့် အဆင်းက မူလ အကြောင်းရင်းခံလို့ နာမ်ခန္ဓာ ၄-ပါးဆိုတဲ့ မြင်သိစိတ်နှင့်တကွ တွေ့ဆုံမှု, မှတ်မှု, ခံစားမှု, စောင့် ရှောက်မှုဆိုတဲ့ ဖဿ, ဝေဒနာ, သညာ, စေတနာ, ကေဂ္ဂတာအစ ရှိတဲ့ စေတသိက်တွေအများကြီး ဖြစ်ပေါ်တယ်မဟုတ်လား(ဟုတ် ပါတယ်)။ သူတို့နောက် လောဘ, ဒေါသ, မောဟ အစရှိသော တရားတွေကော မဖြစ်ဘူးလား (ဖြစ်ပါတယ်)။

အဲ-ခုလိုစေတသိက်တွေအများကြီးဖြစ်ပေါ်လာအောင်ခဲ့ဖျက်ဆီး တတ်သောကြောင့်၊ စက္ခုအကြည်နှင့် အဆင်းကို အာယတနလို့ ခေါ်တယ်။ စက္ခုအကြည်ကို စက္ခာယတနလို့ ခေါ်တယ်။ ငါ့, ငါ့ဟာဟု အစဲ့အလမ်း အားကြီးခြင်းကြောင့် အဇ္ဈတ္တာယတနဟု ခေါ်တယ်။အဆင်းကို ရူပယတနလို့ခေါ်တယ်။ငါ့ဟာ, ငါ့စ္စာဟု အစဲ့အလမ်း အားကြီးခြင်းကြောင့် ဗဟိဒ္ဓါ, အပြင် အာယတန ခေါ်တယ်။ အာယတနဆိုတာ ယခုသိပြီလား၊ (သိပါပြီ၊ စိတ်, စေတသိက်တွေ အများကြီးဖြစ်ပေါ်အောင် ခဲ့ဖျက်ဆီးတတ်တဲ့ စက္ခု စသော တရားတွေကိုခေါ်ပါတယ်)။

စက္ခုအကြည်, အဆင်း, မြင်သိသဘော ၃-ခုကို အကောင် သတ္တဝါအသက်လိပ်ပြာမဟုတ်လို့ ဓါတ်ခေါ်တယ်။စက္ခုအကြည် ကို စက္ခာယတန စက္ခုဓါတ်၊ အဆင်းကိုရူပါယတန ရူပဓါတ်၊ မြင် သိကို မနာယတန စက္ခုဝိညာဏ်ဓါတ်လို့ ခေါ်တယ်။

စက္ခုဝိညာဏ်နှင့်စပ်၍ အာယတန ၃-ပါး၊ဓါတ် ၃-ပါးရှိသည် ကို ယခုသိရပြီ၊ မှတ်ထားပါ။

၂၉။ စက္ခုဝိညာဏ်နှင့်စပ်သည့် အာယတနများကို အကျယ်ပြောပြခဲ့၍ သဘောပေါက် နားလည်ပြီးဖြစ်၍ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်တို့နှင့် စပ်သည့် အာယတနများကို စက္ခုဝိညာဏ်တွင် ပြသည့်နည်းကိုမှီး၍ နားလည် သဘောပေါက်ရန် မခဲယဉ်းတော့ပြီ ဖြစ်သောကြောင့် အကျဉ်းမျှ ပြောပြတော့မည်။ အာရုံစူးစိုက် နားထောင်ပါ။

(ခ) သဒ္ဒါယတန-သောတာယတန။

၃၀။ ယခုတအောင့်ကလေး နားထောင်လိုက်စမ်းပါ။ အသံအမျိုးမျိုးတွေ မကြားရဘူးလား(ကြားရပါတယ်)။ အဲဒီကြားရတာကိုလဲ ဘယ်လိုအကြောင်းများကြောင့် ကြားရတာကိုအမှန်သိဘို့လိုတယ်။ နားပေါက်ဝကို ဝါဂုမ်းနှင့်ပိတ်ထားလျှင် ကြားရပါ့မလား၊(မကြားရပါ)။ ဘာကြောင့် မကြားရသည်ကို ပြောပြမယ်။ နားပေါက်အတွင်းမှာ နားအကြည်ဓါတ်ဆိုတာ၊ ဖြစ်တည်, ပျက်နေတယ်။ သည်နားအကြည်ဓါတ်ဟာ နားပေါက်အတွင်း လက်စွပ်ကွင်းသဏ္ဌာန်ရှိသော အမွေးနုများပေါက်ရောက်ရာ အသားနုဋ္ဌ တည်,မြဲနေသော သဘောတမျိုးကို ဆိုတယ်။ စက္ခုဝိညာဏ်မှာ ပြခဲ့သည့်သဘောလိုဘဲ၊ အပြင်ပကအသံဟာ ထို နားအကြည်နှင့် ဆုံတဲ့အခါ၊တိုက်တဲ့အခါ အသံကြားရတယ်ဆိုတဲ့ ဓါတ်တခုပေါ်တယ်။ နားပေါက်ကို ပိတ်ထားတော့ ဘာကြောင့် မကြားရသလဲဆိုတာသိရောပေါ့၊(သိပါပြီ)။အသံနှင့်နားအကြည် မတိုက်ရ၍ (မကြားရပါ)။ ဟုတ်တယ်၊ မတိုက်ရလို့မကြားရတာမှန်တာဘဲ။ နားအကြည်ကို သောတဓါတ်လို့ ခေါ်တယ်။ အသံကို သဒ္ဒဓါတ်လို့ခေါ်တယ်။ သောတဓါတ်နှင့် သဒ္ဒဓါတ်တို့က်

တော့ကြားသိဆိုတဲ့ ဓါတ်တခုပေါ်တယ်၊ သည်ဓါတ်ကို သောတ စိဉ္ဉာဏ်လို့ ခေါ်တယ်။ အဲဒီ သောတဝိဉ္ဉာဏ်ပေါ်တာကို ကြားသိတယ်လို့ ဆိုတာဘဲ။

"သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏ"

သောတဓါတ်, သဒ္ဒဓါတ်ကိုစွဲ၍ သောတဝိဉ္ဉာဏ် ဖြစ်တယ်လို့ ဟောတယ်။

၃၁။ ဓါတ်ဆိုတာ ဘယ်လိုသဘောကိုဆိုတာ စက္ခုဝိဉ္ဉာဏ်အကြောင်းမှာ ပြောခဲ့လို့ သိရပြီ မဟုတ်လား။ (သိရပါပြီ)။ အကောင်သတ္တဝါ,အသက်လိပ်ပြာမဟုတ်၊ဖြစ်ပျက်နေတဲ့သဘောတရားဆိုတာသိခဲ့ရပါပြီ။ နားအကြည်ဓါတ်, အသံဓါတ်, ကြားသိဓါတ်၊ ပါဠိလို သောတဓါတ်, သဒ္ဒဓါတ်, သောတဝိဉ္ဉာဏ်ဓါတ်တွေဟာ အကောင်သတ္တဝါ, အသက်လိပ်ပြာ ဟုတ်သလား (မဟုတ်ပါ)။ ကြားသိဆိုတာ ဘယ်ဟာကိုဆိုတာလဲ၊ (သောတဓါတ်နှင့် အသံဓါတ်တို့က်၍ သောတဝိဉ္ဉာဏ်ဓါတ် ပေါ်တာကို ဆိုပါတယ်)။ ဟုတ်တယ်၊ ကြားတတ်တဲ့ အကောင်သတ္တဝါ ခန္ဓာထဲမှာ ဘခြားရှိနေလို့ ကြားသိတာလား၊ (မဟုတ်ပါ၊အကြောင်းတို့က်ဆိုင်လို့ ဖြစ်ပေါ်တာပါ)။ ဘယ်ဟာက အကြောင်းလဲ၊ (အသံနှင့် နားအကြည်က အကြောင်းပါ)။ အကျိုးကော ဘယ်ဟာလဲ၊ (သောတဝိဉ္ဉာဏ်က အကျိုးပါ)။ ဒါဖြစ်ရင် ကြားတယ်ဆိုတာလဲဘဲ အကြောင်း,အကျိုးတရားတွေပေါ့။ မည်သူတဦးတယောက်ကမှ ကြားအောင်လုပ်ပေးတာ မဟုတ်ဘူးပေါ့။

၃၂။ သောတဝိဉ္ဉာဏ် ပေါ်တဲ့အခါ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာအစရှိတဲ့ စေတသိက်တွေမပေါ်ဘူးလား၊ နောက်၌တဖန်

လောဘ၊ ဒေါသ၊မောဟ စေတသိက်တွေ့မပေါ်ဘူးလား၊ (ပေါ်ပါတယ်)။ ပေါ်ပြီးဘာဖြစ်မလဲ၊ (ပျက်ပါတယ်)။ သူတို့လဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေဘဲ၊ အဲဒီစေတသိက်တွေ့ အမျှားကြီးပေါ်တဲ့ အကြောင်းရင်းဟာ ဘယ် တရား တွေ့ကြောင့်လဲ၊ (သဒ္ဓါတ်၊ သောတ ဓါတ် ၂-ပါး ကြောင့် ဖြစ်တယ်)။ ဟုတ်တယ်၊ စိတ်၊စေတသိက်တွေ့ အမျှားကြီးဖြစ်ပေါ်အောင် ခဲ့ထုတ်တတ်သောကြောင့် သဒ္ဓါတ်ကို သဒ္ဓါယတန။ သောတဓါတ်ကို သောတာယတနလို့ ခေါ်တယ်။ အသံ, နားအကြည်, ကြားသိ ၃-ပါးကို အာယတနခေါ်တယ်၊ဓါတ်ခေါ်တယ်။ အသံကိုသဒ္ဓါယတန သဒ္ဒဓါတ်။ နားအကြည်ကို သောတာယတန သောတဓါတ်၊ ကြားသိကိုမနာယတန သောတဝိညာဏ်ဓါတ်လို့ ခေါ်တယ်။

သောတ ဝိညာဏ်နှင့် စပ်၍ အာယတန ၃-ပါး။ ဓါတ်၃-ပါး ရသည်ကို မှတ်ပါအုံး။

ကျန်အချက်စုမျှားကို စက္ခုဝိညာဏ်မှာပြသော နည်းကိုမှီး၍ ကိုယ်ပိုင်ဉာဏ်နှင့်သိယူပါတော့။

(ဂ) ဃာနာယတန - ဂန္ဓာယတန။

၃၃။ ဂန္ဓ-ဆိုတာ အနံ့ကိုဆိုတယ်။ အနံ့ဆိုတာလဲ ထင်ရှားရှိတဲ့တရားဘဲ။ ထင်ရှားရှိတယ်ဆိုတာ သဘောလက္ခဏာအားဖြင့် ရှိတာကိုဆိုတာ။ အလုံးအခဲကြီး, ရှည်ရှည်ကြီးလို့ မျက်စိနှင့်ထင်ထင်ရှားရှား မြင်ရတာမျိုး မဟုတ်ဘူး။ အနံ့ဟာ ထင်ရှားမရှိဘူးလား၊(ရှိပါတယ်)။ အကောင်သတ္တဝါလား၊ (မဟုတ်ပါ)။ ဒါဖြစ်ရင် အနံ့ဟာလဲ ဓါတ်ဘဲပေါ့၊ (ဟုတ်ပါတယ်)။ ဓါတ်ဆိုဆိုတာလဲ ပရမတ်ဘဲ (ဟုတ်ပါတယ်)။ နံတယ်, မွှေးတယ်, အနံ့ရ

တယ်လို့ ပြောဆိုကြတာ ဘယ်လို သဘောတရားတွေဆိုတာ ပြော ပြမယ်။ နှာခေါင်းအိမ်အတွင်းမှာ ဆိတ်ခွါသဏ္ဌာန်ရှိတဲ့ ပထဝီ, အာပေါ, တေဇော, ဝါယော, မဟာဘုတ်တို့ကိုမှီနေတဲ့ နှာခေါင်း အကြည်သဘော ဆိုတာရှိတယ်၊ ပေါ်လိုက်ပျက်လိုက် နေတယ်။ ဒီအကြည်သဘောကော အကောင်သတ္တဝါ, အသက်လိပ်ပြာ ဟုတ် ပါ့မလား (မဟုတ်ပါ)။ ဒါဖြင့် သူလဲခတ်ဘဲပေါ့ (ဟုတ်ပါ တယ်)။

၃၄။ အနံ့လို့ခေါ်တဲ့ ဂန္ဓခတ်ဟာ အဲဒီ နှာခေါင်းအကြည် ခေါ်တဲ့ ဃာနခတ်နှင့်ဆုံတွေ့တဲ့အခါ ခတ်တာခုဖြစ်ပေါ်တယ်။ စက္ခုဝိညာဏ်မှာလိုပေါ့။ အဲဒီပေါ်တဲ့စိတ်ခတ်ကို ဃာနဝိညာဏ် ခေါ်တယ်။ "ဃာနဉ္စ ပဋိစ္စ ဂန္ဓေ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ" လို့ ဟောတယ်။ ဃာနခတ်, ဂန္ဓခတ်ကိုစဲ့၍ ဃာနဝိညာဏ် ဖြစ် ပေါ်တယ်လို့ဟောတယ်။ ဃာနဝိညာဏ်ဆိုတာ အနံ့ကို သိတဲ့ ခတ်ဘဲ၊ နံတယ်, မွှေးတယ်, အနံ့ရတယ်လို့ ပြောဆိုနေကြတာ သည်ခတ်ပေါ်တာကို ဆိုတာဘဲ။

၃၅။ ဝိညာဏ်ခတ်ပေါ်တဲ့အခါ သူနှင့်အတူစေတသိက်တွေ ပါ ပေါ်တယ်လို့ ပြောခဲ့တာကို မှတ်မိရဲ့လား (မှတ်မိပါတယ်)။ ဝိညာဏ်ခတ်ဆိုတာ စိတ်ခတ်ဆိုတဲ့ သိမှုဘဲ၊ အဲဒီဖြစ်ပေါ်တဲ့ စိတ်, စေတသိက်တွေကို ခန္ဓာအားဖြင့် ပြောရမယ်ဆိုလျှင် နာမ် ခန္ဓာလေးပါးဘဲ ဟုတ်သလား (ဟုတ်ပါတယ်)။ ခန္ဓာတရားတွေ ဆိုတာ ဖြစ်ပျက်နေတဲ့ တရားတွေဘဲ၊ အနိစ္စ, ဒုက္ခ, အနတ္တ တရား တွေပေါ့။

ခုလို စိတ်, စေတသိက်တွေ ဖြစ်ပေါ်အောင် ခွဲတတ်သော ကြောင့် နှာခေါင်းအကြည်နှင့် အနံ့ကိုအာယတနလို့ ခေါ်တယ်။

နှာခေါင်း အကြည်ကို ဃာနာယတန၊ အနံ့ကို ဂန္ဓာယတနလို့ ခေါ်တယ်။

နှာခေါင်းအကြည်ကို ဃာနာယတန၊ ဃာနခာတ်၊ အနံ့ကို ဂန္ဓာယတန၊ ဂန္ဓခာတ်။ နံသိခေါ်တဲ့ ဃာနဝိညာဏ်ကို မနာယတန ဃာနဝိညာဏ်ခာတ်လို့ ခေါ်တယ်။

ဃာနဝိညာဏ်နှင့်စပ်၍ အာယတန ၃-ပါး၊ ခာတ် ၃-ပါး ရသည်ကို မှတ်ပါ။

ကျန်အဆစ်အပိုင်းများကို စက္ခုဝိညာဏ်မှာ ပြသောနည်းကို မှီး၍ ကိုယ်တိုင်ဉာဏ်နှင့် သိနိုင်ပါတယ်။

(ဃ) ရသာယတန, ဇိဝှါယတန။

၃၆။ အစာစားတဲ့အခါ အရသာကို သိတယ် မဟုတ်လား (သိပါတယ်)။ သိတာကို သင်က ငါသိတယ်လို့ ဆိုတယ်။ဟိုလူက သူသိတယ်လို့ ဆိုတယ်၊ အမှန်အားဖြင့် ငါ, သူက သိတာလား၊ (မဟုတ်ပါ)။ မဟုတ်ရင် ဘာကသိတာလဲ (သိတာကဘဲ သိတာပါ)။ ကောင်းပြီ၊ သည်သိမှုဟာ ဘယ်လိုဖြစ်ပေါ်လာတယ် ဆိုတာ ပြောမယ်။ လျှာအလယ်မှာ ကြာပွင့်ဖတ်အဖျားသဏ္ဌာန် ရှိတဲ့နေရာ၌ လျှာအကြည်ဆိုတာ ဖြစ်,တည်,ပျက်နေတယ်။

၃၇။ အဲဒီလျှာအကြည်ဟာ မဟာဘုတ်ကိုမှီပြီးနေတဲ့သဘောဘဲ၊ အကောင်, သတ္တဝါမဟုတ်၊ ရုပ်ခာတ်ဘဲ၊ အကြောင်းတိုက် ဆိုင်တဲ့အခါပေါ်တာဘဲ။ အရသာဆိုတာ အကောင်, သတ္တဝါလား (မဟုတ်ပါ)။ အရသာလဲ ရုပ်ခာတ်ပါဘဲ။ ဟုတ်တယ်၊ အကြောင်း တိုက်ဆိုင်တဲ့အခါ ပေါ်တာဘဲ။

အဲဒီ လျှာအကြည်နဲ့ အရသာ ထိုတွေ့တဲ့အခါ ဓာတ်တခုဖြစ်ပေါ်လာတယ်။ အရသာကိုသိတတ်တဲ့ ဓာတ်ဆိုတယ်။ လျှာအကြည်ကို ဇီဝဒြာဓာတ်လို့ ခေါ်တယ်။ အရသာကို ရသာဓာတ်လို့ ခေါ်တယ်၊ သည်ဓာတ် ၂-ခု တွေ့ထိလို့ ပေါ်တဲ့ဓာတ်ကို ဇီဝဒြာဝိညာဏ်ခေါ်တယ်။

"ဇီဝဒ္ဓ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇီဝဒြဝိညာဏံ။"

လျှာအကြည်နှင့်အရသာကိုစွဲ၍ အရသာကိုသိတဲ့ဓာတ်၊ ဇီဝဒြဝိညာဏ်ဖြစ်ပေါ်တယ်လို့ ဟောတယ်။ အရသာနှင့် လျှာအကြည် မထိတွေ့ရင် ဇီဝဒြဝိညာဏ်ဖြစ်ပေါ်မလား (မဖြစ်ပေါ်နိုင်ပါ)။ စက္ခုဝိညာဏ်မှာလိုဘဲ အကြောင်းအကျိုး တရားတွေဘဲ မဟုတ်ပေဘူးလား (ဟုတ်ပါတယ်)။

ဘယ်ဟာက အကြောင်း၊ ဘယ်ဟာကအကျိုးလဲ (ဇီဝဒြဓာတ်နှင့် အရသာဓာတ် ၂-ပါး က အကြောင်း၊ ဇဝဒြဝိညာဏ်က အကျိုးပါ)။

၃၈။ ဓာတ်ဆိုတာ ရှေးစာပိုဒ်တွေမှာ အထပ်ထပ်ပြောခဲ့လို့ သိရပြီမဟုတ်လား (သိရပါပြီ)။ အကောင်,သတ္တဝါမဟုတ်၊ ဖြစ်ပျက်နေတဲ့သဘောတရားကိုဆိုတာပါ။ ဟုတ်တယ်၊ ဇဝဒြဝိညာဏ်တွေဟာ ဘယ်တော့မှ မြဲတည်နေတဲ့ တရားတွေ မဟုတ်ဘူးတဲ့။ အကြောင်းတိုက်ဆိုင်မှပေါ်တယ်။ ပေါ်ပြီးပျက်တာဘဲတဲ့၊ အနိစ္စ, ဒုက္ခ,အနတ္တ တရားတွေဘဲပေါ့။ (ဟုတ်ပါတယ်)။

၃၉။ အရသာကိုသိမှု ဇဝဒြဝိညာဏ်ပေါ်တဲ့အခါ ဝေဒနာခန္ဓာ၊ သညာခန္ဓာ၊သင်္ခါရခန္ဓာ နာမ်ခန္ဓာ ၃-ပါးကော မရှေး

မနှောင်းမပေါ်ဘူးလား (ပေါ်ပါတယ်)။ အဲဒီ စိတ်,စေတသိက်တွေဆိုတဲ့ နာမ်ခန္ဓာ ၄-ပါးပေါ်အောင် ခဲ့ဖျက်ထင်တာ ဘယ်တရား တွေလဲ (လျှာအကြည်နှင့် အရသာခေတ် ၂-ပါးစုံကြောင့် ဖြစ်ပါတယ်)။ ဟုတ်တယ်၊ ဒါကြောင့် သည်ခေတ် ၂-ပါးကို အာယတနလို့ခေါ်တယ်။ လျှာအကြည်ကို ဇဝဋ္ဌဳယတန၊ အရသာကို ရသာယတနလို့ ခေါ်တယ်။ လျှာအကြည်ကို ဇဝဋ္ဌဳခေတ်၊ အရသာကို ရသာခေါတ်၊ အရသာကို သိုတာကို မနာယတန၊ ဇဝဋ္ဌဳဝိညာဏ်ခေတ်၊ ခေတ် ၃-ပါးဘဲ၊ ဇဝဋ္ဌဳဝိညာဏ်နှင့်စပ်၍ အာယတန ၂-ပါး၊ ခေတ် ၃-ပါး ရပြန်ပြီ မှတ်ပါအုံး။

(၄) ကာယာယတန-ဖေါဋ္ဌဗ္ဗာယတန။

၄၀။ အာယတနဟာ ဘယ်လိုသဘောဆိုတာ အထပ်ထပ် ပြောခဲ့လို့သိခဲ့ရပြီမဟုတ်လား (သိခဲ့ရပါပြီ)။ ဘယ်လိုသဘောလဲ (စိတ်,စေတသိက်တို့ဖြစ်ပေါ်အောင် ခဲ့ဖျက်ထင်တတ်သောသဘောကို ဆိုပါတယ်)။ ကောင်းပြီ၊ ကာယာယတန, ဖေါဋ္ဌဗ္ဗာယတနဟာ ဘယ်လိုသဘောတွေလဲဆိုတာ ယခုပြောမယ်။ ကာယာယတန ဆိုဟာ ကိုယ်အကြည်သက်သက်ဘဲ၊ မဟာဘုတ်တို့ကိုမှီနေတဲ့ အကြည်သဘောပါဘဲ၊ မဟာဘုတ်တို့ကို ကြည်စေတတ်တဲ့သဘောဘဲ။ ကာယ အကြည်လို့လဲခေါ်တယ်၊ သည်ကာယအကြည်ဟာ အစာသစ်အိမ်အောက်၌တည်သော 'ဝမ်းမီး' ခေါ်ပါစကတေဇော ကလာပ်နှင့် ခြေသည်းဖျား၊လက်သည်းဖျား၊ဆံပင်ဖျား၊မွေးညှင်းဖျား၊ တွေ့ထိ၍ ကာယဝိညာဏ်ကို မဖြစ်စေတတ်သော အသားခြောက်တို့မှတပါး၊ တကိုယ်လုံး၌ ဖြစ်,တည်,ပျက်နေတဲ့ သဒ္ဒဘာသက်သက်ဘဲ။ အကြည်ဟာ ဘယ်လိုသဒ္ဒဘာဆိုဘာ သိခဲ့ပြီမဟုတ်

လား(သိပါပြီ)။ ကာယအကြည်ကိုမျက်စိနှင့်မြင်ပါ့မလား(မမြင်ပါ)။ အကောင်,သတ္တဝါ,အသက်လိပ်ပြာကော ဟုတ်ပါ့မလား(မဟုတ်ပါ)။ ဒါဖြင့်ရင် သည်အကြည်ဟာလဲဓာတ်ဘဲပေါ့၊ (ဟုတ်ပါတယ်)။ ဓာတ်ဆိုတာ ပရမတ်ဘဲ (ဟုတ်ပါတယ်)။

ပြခဲ့တဲ့စက္ခုအကြည်၊ သောတအကြည်၊ ဃာနအကြည်၊ ဇိဝှါအကြည်တွေဟာ ပေါ်တိုင်း,ပေါ်တိုင်း မိမိတို့ ဆိုင်ရာဆိုင်ရာ ဌာနတဋ္ဌာနတည်းမှာသာပေါ်တယ်။ ကာယအကြည်ဟာက တကိုယ်လုံးမှာ အနှံ့အပြား ဖြစ်ပေါ်ပြီး ပျက်နေတယ်။

၎၂။ ဖေါဋ္ဌဗ္ဗာယတနဆိုတာ အပူ,အအေး, အငွေ့,အရှိန် (တေဇော) အပျော့,အမာ,အချောအကြမ်း (ပထဝီ) တွန်းကန်တောင့်တင်း (ဝါယော) ဆိုတဲ့ အတွေ့သဘောဘဲ။ ဖေါဋ္ဌဗ္ဗာရုံလို့လဲခေါ်တယ်။ သည်သဘောကော အကောင်,သတ္တဝါ,အသက်လိပ်ပြာ ဟုတ်သလား(မဟုတ်ပါ)။ သူလဲ သဘောတရားပင်ဖြစ်၍ ဓာတ်ဘဲပေါ့၊ လက္ခဏာအားဖြင့် ထင်ရှား ရှိသောကြောင့် ပရမတ်ဘဲပေါ့ (ဟုတ်ပါတယ်)။

သည်ဖေါဋ္ဌဗ္ဗာအာရုံကို ကာယအကြည်ဟာ အမြဲမြှောလင့်တောင့်ဘနေတယ်။ အဲဒီ ဖေါဋ္ဌဗ္ဗာ အတွေ့အာရုံနှင့် ကာယအကြည် တွေ့ဆုံထိခိုက်တဲ့အခါ၊ အတွေ့ကို သိတဲ့သဘောတခု ဖြစ်ပေါ်လာတယ်၊ သည်သဘောကို ကာယဝိညာဏ်လို့ ခေါ်တယ်။

၎၂။ ကာယဉ္စ ပဋိစ္စ ဖေါဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။

ကာယအကြည်ဓာတ်, အတွေ့ဖေါဋ္ဌဗ္ဗဓာတ် ၂-ပါးစုံကို စဲ့၍၊ ကာယဝိညာဏ်ဖြစ်ပေါ်တယ်လို့ဟောတယ်။ ကာယဝိညာဏ်ဖြစ်

ပေါ်တယ်ဆိုတာ အတွေ့သိမှုပေါ်တာကိုဆိုတယ်။ အတွေ့ကိုသိတယ်ဆိုတာပေါ့။ ပထဗီ, တေဇော, ဝါယောဆိုတဲ့ ဖေဋ္ဌဗ္ဗဓာတ်ဟာလဲ ရုပ်ဓာတ်၊ ကာယအကြည်လဲ ရုပ်ဓာတ်၊ သည်ဓာတ် ၂-ခု တွေ့ဆုံမှု ကာယဝိညာဏ်ဆိုတဲ့ အသိဓာတ်ဟာ ပေါ်တယ်။ သည်ပေါ်တဲ့ အသိဓာတ်ကို နာမ်ဓာတ်ခေါ်တယ်။ သည်ဓာတ်ကသာသိတယ်၊ ရုပ်ဓာတ်တွေက သိတတ်တာမဟုတ်ဘူး။ သို့သော်လည်း သူတို့က အကြောင်းမခံလျှင် သိမှုပေါ်နိုင် ပါ့မလား (မပေါ်နိုင်ပါ)၊ သူတို့နှင့်ကင်းလို့ဖြစ်မလား (မဖြစ်နိုင်ပါ)။

၄၃။ ကိုယ်လို့ခေါ်နေတဲ့ ရူပကွန္ဓာကြီးကို ဘယ်နေရာ၌မဆို အပ်နှင့်အသာထိုးကြည့်ရင် နာမ်မှုမပေါ်ဘူးလား(ပေါ်ပါတယ်)။ အဲဒီနာမ်မှုပေါ်တာကို သိတဲ့အသိဟာ ကာယဝိညာဏ်ဘဲ၊ နာတယ်လို့ခံစားရတာ သိမှုနှင့်အတူပေါ်တဲ့ ဝေဒနာဘဲ။

ခြေမှာ နာမ်မှုပေါ်လျှင် ကာယဝိညာဏ်လဲ ခြေမှာပေါ်တယ်။ ခေါင်းမှာနာမ်မှုပေါ်လျှင် ကာယဝိညာဏ်လဲခေါင်းမှာပေါ်တယ်။ ခြေညောင်းတယ်ဆိုလျှင် ညောင်းမှုဟာ ခြေမှာပေါ်တယ်။ ခြေညောင်းတာကို သိတဲ့အသိ၊ ကာယဝိညာဏ်လဲ ခြေမှာပေါ်တာဘဲ၊ ဝေါဟာရခေါ်ဝေါ်နေတဲ့ ခြေ, ခေါင်းဆိုတာ ပရမတ္ထအားဖြင့် အမှန်ရှိတဲ့ တရားတွေ့ မဟုတ်ဘူး၊ အမှန်မရှိတဲ့ တရားကညောင်းတတ်, နာတတ်ပါ့မလား (မညောင်း မနာတတ်ပါ)။ ညောင်းတတ်, နာတတ်တဲ့ အကောင်,သတ္တဝါ ခန္ဓာထဲမှာ တခြားရှိသေးလို့ ညောင်းတာလား၊ နာတာလား(မဟုတ်ပါ)။ ဒါဖြင့်ရင် ညောင်းတယ်,နာတယ်ဆိုတာ ဘယ်လိုဖြစ်တာလဲ(အကြောင်းတိုက်ဆိုင်လို့ ဖြစ်ပေါ်တဲ့ အကြောင်း, အကျိုး တရားတွေပါ)။

ဟုတ်တယ်။ ခြေနာတယ်၊ ခေါင်းနာတယ်၊ ခြေညောင်းတယ်၊ ခေါင်းကိုက်တယ်လို့ အယူရှိနေလျှင် မှန်သောအယူ ဟုတ်ပါ့မလား (မဟုတ်ပါ)၊ မှားသောအယူပေါ့။

၄၄။ သံပူတုံးကို လက်နှင့်မထိလျှင် ပူမှန်းသိပါ့မလား (မသိပါ)။ လက်နှင့်ထိတော့ကော ပူမှန်းသိသလား (သိပါတယ်)။ ဘာကြောင့်သိသလဲ၊ ဖေါင်ပွမခေါ်တဲ့ သံတုံးပူနှင့် လက်ရှိကာယအကြည်နှင့် ထိတွေ့တော့၊ ပူတာကိုသိတဲ့ ကာယဝိညာဏ်ပေါ်လို့ သိပါတယ်။ အေးလှတယ်, ချမ်းလှတယ်ဆိုပြီး သိုးမွေးစောင်ကလေး ဆွဲခြုံလိုက်လို့ သိုးမွေးကလေးနှင့် ကိုယ်ကာယထိတွေ့တဲ့အခါ၊ နွေးတေးတေးနှင့် ခံသာတဲ့အသိသဘောကလေး ဖြစ်ပေါ်လာတာ သိရတယ်မဟုတ်လား၊ (သိရပါတယ်)။ အဲဒီအသိဟာ ကာယဝိညာဏ်ဘဲ။ ပူလှတယ်, အိုက်လှတယ် ဆိုပြီး၊ ပံကာလေကလေး ဖွင့်ပေးလိုက်လျှင် အပူသက်သာ အေးချမ်းပြီး၊ ခံသာတဲ့ အသိကလေး ပေါ်တယ်မဟုတ်လား (ပေါ်ပါတယ်)။ အဲဒီခံသာတဲ့ အသိကလေးပေါ်တာဟာ ကာယဝိညာဏ် ပေါ်တာဘဲ၊ ပံကာလေ, ဖေါင်ပွမှုန့် ကိုယ်အကြည် တွေ့ဆုံတော့၊ ကာယဝိညာဏ်ဖြစ်ပေါ်တာပေါ့။ ညောင်းတယ်, ကိုက်တယ်, ပူတယ်, အေးတယ်, ခံသာတယ် ဆိုတာတွေဟာလဲ ဝေဒနာစေတသိက်တွေဘဲ၊ သိမှု, ကာယဝိညာဏ်နှင့် အတူပေါ်တဲ့တရားတွေဘဲ။

၄၅။ သိမှုဝိညာဏကွန္ဓာပေါ်တဲ့အခါ၊ ဝေဒနာဆိုတဲ့ ဝေဒနာကွန္ဓာ၊ သညာဆိုတဲ့ သညာကွန္ဓာ၊ စေတနာ အစရှိတဲ့ သင်္ခါရကွန္ဓာတွေဖြစ်တဲ့ နာမ်ခန္ဓာတွေဖြစ်ပေါ်တာကိုပြခဲ့လို့ သိပြီမဟုတ်လား (သိရပါပြီ)။

ပေါ်လျင် ဘာဖြစ်ရမလဲ၊ (ပေါ်လျင်ပျက်ရပါတယ်)။ သည်နာမ်ခန္ဓာတွေပေါ်အောင်အကြောင်းခံတဲ့ ဖေဋ္ဌဗ္ဗဓာတ်၊ကာယအကြည်ဓာတ်ခေါ်တဲ့ ရူပက္ခန္ဓာတွေကော ပေါ်ပြီးဘာဖြစ်မလဲ၊ (ပျက်တာဘဲ)။ ဟုတ်တယ်၊ ပျက်တာဘဲ။ ဘယ်တော့မှ မြဲတည်မနေဘူး၊ ဖြစ်ပြီး ပျက်တဲ့သဘောတွေဘဲ၊ အကြောင်းတိုက်ဆိုင်ပြန်လျင် ပေါ်ပြန်တာဘဲ၊ သည်တရားတွေလဲ အနိစ္စ,ဒုက္ခ,အနတ္တတရားတွေပေါ့။

သည်နာမ်ခန္ဓာ ၄-ပါးဟာ ကာယာယတန, ဖေဋ္ဌဗ္ဗာယတန ၂-ပါးစုံကအကြောင်းမခံလျင် ပေါ်ပါ့မလား(ပေါ်မှုမရှိနိုင်ပါ)။ သည် အာယတန ၂-ပါးစုံကို စဲလို့သာ ပေါ်ရတာဘဲပေါ့။ ဒါကြောင့် အာယတနဟာ စိတ်,စေတသိက်ဆိုတဲ့ နာမ်တရားတွေဖြစ်ပေါ်အောင် ခဲ့ုထွင်တယ်ဆိုလျင် မမှန်ဘူးလား၊ (မှန်ပါတယ်)။

(စ) မနာယတန-ဓမ္မာယတန။

၄၆။ စက္ခာယတန, ရူပါယတန၊ သောတာယတန, သဒ္ဒါယတန၊ ဃာနာယတန,ဂန္ဓာယတန၊ ဇိဝှါယတန, ရသာယတန၊ ကာယာယတန, ဖေဋ္ဌဗ္ဗာယတနတို့ကို ပြဆိုခဲ့ပြီးသည့်အတိုင်း ရိပ်မိလောက်ပြီ၊ နားလည်လောက်ပြီထင်တယ် (နားလည်ပါပြီ)။

ယခု မနာယတနကိုပြောမည်၊ စူးစိုက်နားထောင်ပါ။ အလုံးစုံသော အာရုံကိုသိတတ်သော စိတ် ဟူသမျှကို မနာယတနဟုခေါ်ဆိုအပ်သည်။ အဘယ်ကြောင့် စိတ်ဟူသမျှကို မနာယတနဟုခေါ်ဆိုအပ်သနည်း။ ၎င်းစိတ်တို့ကို မှီ၍ ဖြစ်သော စေတသိက်

တရားတို့၏ ဖြစ်မှုကို ခဲ့ုထွင် တတ်သောကြောင့်၊ မနာယတနဟု ခေါ်ဆိုအပ်သည်ဟု မှတ်ပါ။ တနည်း၊ ၎င်းစိတ်ဟူသမျှတို့သည် စေတသိက်တရားတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့်လည်း မနာယတနဟု ခေါ်ဆိုအပ်ပါသည်။ ၎င်းအာရုံကိုသိတတ်သော စိတ်ဟူသမျှကို အာရုံသို့ ရှေ့.ရှု ကိုင်းညွှတ်၍ ဖြစ်တတ်သောကြောင့် နာမ်တရားဟူ၍ ခေါ်ဆိုအပ်သည်။

၄၇။ စိတ်ဟူသမျှသည် အာရုံနှင့်ကင်း၍ ဖြစ်မှုမရှိဟုမှတ်ပါ။ အိပ်ပျော်သောအခါလည်း ပစ်ချသော ကံကြောင့် ထင်သော ကံအာရုံကိုဖြစ်စေ၊ ကမ္မနိမိတ်အာရုံကိုဖြစ်စေ၊ ဂတိနိမိတ်အာရုံကို ဖြစ်စေ၊ တပါးပါးသော ပဋိသန္ဓေ စိတ်နှင့်တူသော အာရုံကို အာရုံပြု၍ဖြစ်နေသည်။ ၎င်းစိတ်ကို ဘဝင်စိတ်ဟု ခေါ်ဆိုအပ်သည်။ ပျက်မစဲနေတာဘဲဟုမှတ်ပါ။ စိတ်ဟူသမျှကို မနာယတနဟု မှတ်ပါ။

၄၈။ ဓမ္မာယတနကို ပြဦးအံ့၊ ဓမ္မာယတန ဆိုအပ်သည်မှာ၊ စက္ခာယတန၊ ရူပါယတန၊ သောတာယတန၊ သဒ္ဒါယတန၊ ဃာနာယတန၊ ဂန္ဓာယတန၊ ဇိဝှါယတန၊ ရသာယတန၊ ကာယာယတန၊ ဖေါဋ္ဌဗ္ဗာယတန၊ မနာယတနမှ ကြွင်းကုန်သော သုခုမရုပ် ၁၆၊ စေတသိက် ၂၅-ပါး၊ နိဗ္ဗာန်၊ ဤတရားကို ဓမ္မာယတနဟု ခေါ်ဆိုအပ်သည်။ အဘယ်ကြောင့် သုခုမ ရုပ် ၁၆-ကို ဓမ္မာယတနဟု ခေါ်ဆိုအပ်သနည်း။ ၎င်းရုပ်တို့သည်၊ သတ္တဝါ, အသက်မဟုတ်၊ သူတို့၏ လက္ခဏာကိုသာ ဆောင်တတ်သောကြောင့်၊ ဓမ္မာဟု ဆိုအပ်သည်။ ၎င်းတရားတို့သည် စိတ်, စေတသိက်တို့၏ အဖြစ်ကို ခဲ့ုထွင် တတ်သောကြောင့်လည်းကောင်း၊ စိတ်, စေတသိက်တို့၏

ဖြစ်ကြောင်း ဖြစ်သောကြောင့် လည်းကောင်း၊ ဓမ္မာယတနဟု ခေါ်ဆိုအပ်သည်။ စေတသိက် ၅၂-ပါးတို့ကို အာဘယ်ကြောင့် ဓမ္မာယတနဟု ခေါ်ဆိုအပ်သနည်း။ ၎င်းစေတသိက် ၅၂-ပါး တို့သည် သတ္တဝါ, အသက်မဟုတ် မိမိ၏ လက္ခဏာကို ဆောင်တတ်သောကြောင့် ဓမ္မာဟုဆိုအပ်သည်။ ၎င်းဓမ္မာသည် စိတ်၏အဖြစ်ကို ခဲ့ျတတ်၊ စိတ်ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဓမ္မာယတနဟု ဆိုအပ်သည်။

နိဗ္ဗာန်တရားကို အာဘယ်ကြောင့် ဓမ္မာယတနဟု ခေါ်ဆိုအပ်သနည်း။ နိဗ္ဗာန်တရားသည်လည်း သတ္တဝါ,အသက်မဟုတ်၊မိမိ၏ လက္ခဏာကို ဆောင်တတ်သောကြောင့် ဓမ္မာဟုဆိုအပ်သည်။၎င်း နိဗ္ဗာန် ဓမ္မသည် မိမိကိုအာရုံပြု၍ဖြစ်သော စိတ်,စေတသိက်တရား တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ဓမ္မာယတနဟု ဆိုအပ်သည်။

အာယတနကိုပြဆိုပြီး၍၊ မနောဓာတ်, မနောဝိညာဏ်ဓာတ်, ဓမ္မဓာတ်ကို ပြဆိုဦးအံ့။

စက္ခုဝိညာဏ်၊သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်တို့ ဖြစ်မှုမရှိခင်၊ ရှေ့အဖို၌ဖြစ်သော ပဋိသန္ဓေဂြာဇဉ်း စိတ် ၁-ခု၊ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ် စိတ်တို့၏ နောက်၌ဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ် ၂-ခု၊ ပေါင်း ၃-ခုကို မနောဓာတ်ဟု ခေါ်ဆိုအပ်သည်။

စိတ်သည်အကျဉ်း ၈၉၊အကျယ် ၁၂၁-ပါးရှိပါသည်။ အကျယ်ကိုသိလိုလျှင် သင်္ဂြိဟ်စာအုပ်များတွင် ကြည့်ပါ။

ကျန်သော စိတ် ၇၆-ခုကို မနောဝိညာဏ်စိတ်ဟု ခေါ်ဆိုအပ်သည်။ ဘုံခုမရှိပ် ၁၆၊ စေတသိက် ၅၂-ပါး၊ နိဗ္ဗာန်တရားကို ဓမ္မဓာတ်ဟု ခေါ်ဆိုအပ်သည်။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံမှတပါးသော ပသာဒရှိပ် ၅၊ သုံခုမရှိပ် ၁၆၊ စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်ဟူသော ဓမ္မာရုံဟူသမျှသည် ဘဝင်မနောဒွါရထင်သည်။ ၎င်း ရူပါရုံ၊ သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံတို့ကို မြင်မှု,ကြားမှု စသည် မရှိဘဲ၊ စိတ်ကူး ကြံစည်သည့် အခါဌ်လည်း ဘဝင်မနောဒွါရသာထင်ပါသည်။ ထို့နောက် မနောဝိညာဏ်စိတ်တို့သည် ဖြစ်ပေါ်ကြပါသည်။

ထို့ကြောင့် "မနဥ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ" ဟူ၍၊ ဘုရားဟောတော်မူအပ်ပါသည်။ ဤကား အထူး မှတ်ရန်။

ယခုပြခဲ့တဲ့ အာယတနတွေကို မှတ်မိရဲလား၊ ပြောပြစမ်းပါ။

(စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ,မန, ခြောက်ပါး။ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ, ခြောက်ပါး၊ ပေါင်း ၁၂-ပါး ဖြစ်ပါတယ်)။

ဝိညာဏ် ၆-ပါးကိုလဲ ပြောပြအုံး။

၁။ စက္ခုဝိညာဏ် = စက္ခာယတန- ရူပါယတန နှစ်ပါး စုံကို စဲ့၍ ဖြစ်ပါသည်။

၂။ သောတဝိညာဏ် = သောတာယတန- သဒ္ဒါယတန နှစ်ပါးစုံကို စဲ့၍ဖြစ်ပါသည်။

၃။ ဃာနဝိညာဏ် = ဃာနာယတန-ဂန္ဓာယတန နှစ်ပါးစုံကို စဲ့၍ ဖြစ်ပါသည်။

၄။ ဇော်ဝ္ဇ်ါဝိညာဏ် = ဇော်ဝ္ဇ်ါယတန—ရသာယတန နှစ်ပါး စုံကို စွဲ၍ ဖြစ်ပါသည်။

၅။ ကာယဝိညာဏ် = ကာယာယတန - ဖေါဋ္ဌဗ္ဗာယတန နှစ်ပါးစုံကို စွဲ၍ ဖြစ်ပါသည်။

၆။ မနောဝိညာဏ် = ဘဝင်မနော - ဓမ္မာရုံကို စွဲ၍ အာရုံ ၅-ပါးတွင် တပါးပါးကို စိတ်ကူးကြံစီမှုဖြင့်စွဲ၍ ဖြစ်ပါသည်။

ဓာတ် ၁၈-ပါးဆိုတာ သိလောက်ရောပေါ့။

ပြောပြပါအုံး။ စက္ခုဓာတ်၊သောတဓာတ်၊ဃာနဓာတ်၊ဇော်ဝ္ဇ်ါဓာတ်၊ ကာယဓာတ်၊ ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ရသဓာတ်၊ ဖေါဋ္ဌဗ္ဗဓာတ်၊ရုပ်ဓာတ်၊ ၁၀-ပါး၊ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇော်ဝ္ဇ်ါဝိညာဏဓာတ်၊ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်လို့ စိတ်ဓာတ် ၇-ပါး၊ရုပ်နာမ် ၂-ပါးရောတဲ့ ဓမ္မဓာတ် ၁-ပါး၊ ပေါင်း ၁၈–ပါး ဖြစ်ပါသည်။ မနာယတန တပါးတည်းကို ဓာတ်ဖွဲ့ လိုက်တော့ ၇-ပါး ရပါသည်။

၄၉။ စက္ခု,သောတ,ဃာန, ဇော်ဝ္ဇ်ါ, ကာယ,အတွင်း အာယတန ၅-ပါးဟာ သူတို့အသီးသီး ဆိုင်ရာမဟာဘုတ်ကို မှီနေကြတယ်။ မနကားဝတ္ထု ရုပ် ၆-ပါးတို့တွင် တပါးပါးကိုဆိုင်ရာမှီကြတယ်။ အာရုံကို ယူခြင်း ကိစ္စကို ဆောင်ရွက်ကြတယ်။ ပြင်ပက အာရုံဖြစ်တဲ့ အာယတနတို့က အတွင်း အာယတနသို့ ရှေ့ရှုက္ခ ရောက် ထင်ကြပြီးလျှင် မိမိတို့ကိစ္စကို ဆောင်ရွက်ကြတယ်။ သည်

အာယတနတို့ တွေ့ဆုံလို့ဖြစ်ပေါ်တဲ့ စိတ်,စေတသိက် တို့ကလဲ မိမိတို့ မှီရာဖြစ်တဲ့ ဝတ္ထုကိုမှီ၍၊ အာရုံပြုခြင်း ကိစ္စကို ဆောင်ရွက်ကြတယ်။ စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ, ဆိုဟဲ့ အကြည် ၅-ခုနဲ့ ဟဒယ ဝတ္ထုကို ဆိုင်ရာစိတ်, စေတသိက်တို့၏ မှီရာဖြစ်လို့ ဝတ္ထုခေါ်တယ်။ ထိုဆိုင်ရာ,ဆိုင်ရာ, စိတ်ဓာတ်တို့၏ အစဉ်ဖြစ်ကြောင်းဖြစ်သောကြောင့်၊ ဒုင်း စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ ကာယ၊ ဘဝင်မနော၊ ဤ ၆-ပါးကို ဒွါရ ၆-ပါး ဟူ၍လည်းခေါ်သည်။

၅၀။ သတ္တဝါတို့၏ ခန္ဓာတွင် ထိုအကြည်ဒွါရ ၆-ဌာနဟာ လူအများဝင်ထွက်ရာဖြစ်သော မြို့တံခါးကြီး ခြောက်ပေါက်နှင့် တူတယ်။ သုဂတိ,ဒုဂ္ဂတိသို့ လားရာ လားကြောင်းဖြစ်တဲ့ တရားသဘောတွေဟာ သည် ၆-ဒွါရက ထွက်ကြ ဝင်ကြတယ်။

ပြခဲ့တဲ့ စက္ခုအကြည် - ရူပါရုံ - စက္ခုဝိညာဏ် ဓာတ် ၃-ပါး ပေါင်းဆုံ ထိခိုက်မှုဟာ ဖဿဘဲ၊ ဖဿကြောင့် ရူပါရုံ၏ အာရဿာခံစားမှု ဝေဒနာဖြစ်တယ်။ ဝေဒနာပေါ်၍ ရူပါရုံ အာရုဿာကို ကောင်းမှန်းသိတဲ့အခါ ရူပါရုံကို တွယ်တာတဲ့ တဏှာပေါ်တယ်။ ပြင်းစွဲတွယ်တာစဲလမ်းတဲ့အခါ ဥပါဒါန်ဖြစ်လာတယ်။ ဤတရားတွေဟာ စက္ခုဒွါရက ထွက်ပေါ်လာရတာဘဲ။ ခုလိုဖြစ်ပေါ်လာရခြင်းဟာ ဓာတ်အစုအပေါင်းဖြစ်တဲ့ အဆင်းအာရုံကို ယထာဘူတဟု ဟုတ်တိုင်းမှန်စွာ မသိ,မမြင်ဘဲ၊ ယောကျ်ားဘဲ၊မိန်းမဘဲ၊ လှလှကလေးဘဲ၊ ယဉ်ယဉ်ကလေးဘဲလို့ အထင်မှား၊ အမှတ်မှား၊ အယူမှားတဲ့ အဝိဇ္ဇာကြောင့်ဘဲပေါ့။ မသိလို့ လိုချင်တပ်မက်၊ လိုချင်တပ်မက်လို့ မခဲနိုင် မခွါနိုင်အောင် အစွဲကြီး စွဲလမ်းဆိုတဲ့ ဥပါဒါန်ဖြစ်တယ်။ ဥပါဒါန်ဖြစ်လျှင် မသိတတ်သော အဝိဇ္ဇာ၊

တ့ယ်တာတတ်သော တဏှာလဲပါရောပေါ့။ ဥပါဒါန်တရား‌တွေ့ ဖြစ်နေသမျှ သံသရာကြီးက လွတ်မြောက်နိုင်ပါအုံးမလား(မလွတ်မြောက် နိုင်တော့ပါ)။

ကျွန် ဒ့ါရပေါက်များမှ အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန်အစရှိသော တရား‌တွေ့ဖြစ်ပေါ်ပုံကို စက္ခု‌ဒ့ါရတွင် ပြသည့်နည်းကိုမှီ၍ သိရန် လွယ်ကူပါပြီ။

၅၁။ အာယတန ဓာတ်တွေ့ဟာ ခန္ဓာ ၅-ပါးဘဲဆိုတာပြခဲ့လို့ သိခဲ့ရပြီမဟုတ်လား (သိရပါပြီ)။ သည်ခန္ဓာ ၅-ပါးဖြစ်တဲ့အာယတန ဓာတ်တွေ့ဟာ ဖြစ်ပျက်နေလို့ မမြဲတဲ့သဘောအနိစ္စ၊ ဖြစ်ပျက်နေတဲ့ ဒုက္ခ၊အနတ္တဖြစ်တဲ့ အာယတန ဓာတ်, ခန္ဓာ ၅-ပါးဟာ အနှစ်သာရ ရှိရဲ့လား (မရှိပါ)။ ဘုရားရှင်က ဘယ် ခန္ဓာမှ အနှစ်သာရရှိတာ မဟုတ်ဘူးတဲ့၊ ရူပက္ခန္ဓာဟာ ဖြစ်လွယ်, ပျက်လွယ် အနှစ်သာရမရှိလို့၊ ရေမြှုပ်နှင့်တူတယ်တဲ့၊ဝေဒနက္ခန္ဓာဟာလဲ တဖွဲဖွဲ ဖြစ်ပျက်,ချုပ်ပျောက်နေတဲ့ ရေပွက်နှင့်တူလို့ အနှစ်သာရ ဘာမှမရှိဘူးတဲ့၊ သညက္ခန္ဓာဟာ အထင်မှား၊ အမှတ်မှား အောင်ဖြစ်စေတဲ့ တံလျှပ်နှင့်တူလို့ အနှစ်သာရမရှိဘူးတဲ့။ သင်္ခါရက္ခန္ဓာဟာလဲ အကာအတိမျှသာဖြစ်တဲ့ ငှက်ပျောတုံးနှင့်တူလို့ အနှစ်သာရမရှိဘူးတဲ့။ ဝိညာဏက္ခန္ဓာဟာ မဟုတ်တာကိုအဟုတ်

ထင်အောင် လှည့်စားပြတတ်တဲ့ မျက်လှည့်နှင့်တူလို့ အနှစ်သာရ မရှိဘူးလို့ ဟောတယ်။

သည်အာယတန ဓာတ်တွေဟာ လူဟုတ်သလား၊ နတ်ဟုတ်သလား၊ ဗြဟ္မာဟုတ်သလား၊ သတ္တဝါလား၊ အသက်လိပ်ပြာလား (ဘယ်ဟာမှမဟုတ်ပါ)။ မဟုတ်လျှင် လူဘဲ၊ နတ်ဘဲ၊ ဗြဟ္မာဘဲ၊ သတ္တဝါဘဲ၊ အသက်လိပ်ပြာဘဲဆိုတဲ့ အတ္တခေါ်တဲ့ အနှစ်သာရ ရှိပါ့မလား (မရှိပါ)။ မရှိလျှင် အနတ္တပေါ့။ လှပတင့်တယ် နှစ်သက်ဖွယ်ဆိုတဲ့ သုဘ, အနှစ်သာရကော ရှိရဲ့လား(မရှိပါ)၊ မရှိလျှင် အသုဘပေါ့။

မျက်တောင် တခတ်အတွင်းမှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဖြစ်ပျက် ချုပ်ပျောက်နေတဲ့ ခန္ဓာ အာယတန ဓာတ်တွေဟာ ချမ်းသာတဲ့တရားတွေလား(မချမ်းသာပါ)။ မချမ်းသာလျှင် ချမ်းသာခြင်းသုခဆိုတဲ့ အနှစ်သာရကော ရှိရဲ့လား(မရှိပါ)။ မရှိလျှင် ဒုက္ခမဟုတ်ဘူးလား (ဒုက္ခဟုတ်ပါတယ်)၊ ဒုက္ခပေါ့။

ဖြစ်ပျက်နေတဲ့ တရားဟာ မြဲလို့လား၊ မမြဲလို့လား (မမြဲလို့ ဖြစ်ပျက်နေပါတယ်)၊ ဒါဖြစ်ရင် မြဲတယ်ဆိုတဲ့ နိစ္စ အနှစ်သာရ ရှိရဲ့လား (မရှိပါ)။ မရှိလျှင် အနိစ္စပေါ့။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘဖြစ်၍၊ အနှစ်သာရ ဘာမျှမရှိတဲ့ ခန္ဓာ အာယတန ဓာတ်တွေဟာ နှစ်သက်စရာလား၊ စက်ဆုပ်စရာလား (စက်ဆုပ်စရာတွေပါ)။ စက်ဆုပ်စရာဖြစ်လျှင် အချည်းနှီးတရားတွေပေါ့ မဟုတ်ဘူးလား (ဟုတ်ပါတယ်)။ စက်ဆုပ်အပ်တဲ့ အချည်းနှီးတရား အမှန်ဟုတ်တာဘဲလို့မသိနိုင်ဘူးလား။ ပညာ

မျက်စိနှင့် မမြင်နိုင်ဘူးလား (သိနိုင်ပါတယ်၊ မြင်နိုင်ပါတယ်)။ သိနိုင်, မြင်နိုင်လျှင် ဒုက္ခသစ္စာကိုသိတာပေါ့၊ မြင်တာပေါ့။

၅၃။ သည် ဒုက္ခ သစ္စာ ဖြစ်တဲ့ ခန္ဓာ, အာယတန, ဓာတ်တွေဟာ ဘာကြောင့် ဖြစ်ပေါ်လာရသလဲလို့ အကြောင်းကို ရှာတော့ ခါ အကောင်,သတ္တဝါမဟုတ်တဲ့ အနတ္တကိုအကောင်ဘဲ၊ သတ္တဝါဘဲရယ်လို့ အမြင်မှား အထင်မှားတဲ့ အဝိဇ္ဇာ၊ သုခမဟုတ်တဲ့ ဒုက္ခကို သုခဘဲရယ်လို့ အမြင်မှား, အထင်မှားတဲ့အဝိဇ္ဇာ၊ နိစ္စမဟုတ်တဲ့ အနိစ္စကို မြဲတဲ့ နိစ္စ တရားဘဲလို့ အမြင်မှား အထင်မှားတဲ့ အဝိဇ္ဇာ၊ သုဘမဟုတ်တဲ့အသုဘကို သုဘဘဲရယ်လို့ အမြင်မှား အထင်မှားတဲ့အဝိဇ္ဇာ၊ အဲသည်ဒုက္ခသစ္စာ ဖြစ်ချက်တွေကို မသိမမြင်ခြင်း အဝိဇ္ဇာကြောင့်၊ အ ဆင်း လှ လှ က လေး၊ အသံကောင်းကောင်းကလေး၊ အနံ့မွှေးမွှေးကလေး၊ အရသာကောင်းကောင်းကလေးစသော ကာမဂုဏ် အာရုံတွေကို ခင်မင် တွယ်တာ ခဲ့တဲ့ တဏှာလောဘ ဖြစ်တယ်၊ ထိုတဏှာလောဘကြောင့်သာ သည် ခန္ဓာ,အာယတနဓါတ်တွေ ဖြစ်ပေါ်တာပေါ့။ သည်ခန္ဓာ, အာယတနဓါတ်တွေ၏ သဘာဝဓမ္မကို ယထာဘူတ ဟုတ်တိုင်းမှန်စွာ သိလို့ရှိရင်၊ အဝိဇ္ဇာဖြစ်မှုမရှိဘူးပေါ့။အဝိဇ္ဇာဖြစ်မှုမရှိလျှင် တဏှာလောဘလဲ ဖြစ်မှုမရှိတော့ဘူးပေါ့။ ရှေး ရှေး ဘဝက အဝိဇ္ဇာ, တဏှာကြောင့်၊ ယခုဘဝ ခန္ဓာအာယတန ဓါတ်တွေ ပေါ်တာပေါ့၊ ခင်မင်တွယ်တာတဲ့တဏှာမရှိလျှင် သည်ဓါတ်တွေ ပေါ်မှုမရှိပေဘူးပေါ့။ ရှေးဘဝက တွယ်တာမှုတဏှာ အကယ်လို့ ပြတ်တောက်ခဲ့လျှင်၊ ယခုဘဝမှာဖြစ်ပျက်နေတဲ့ ခန္ဓာအာယတနဓါတ်တွေဖြစ်ပေါ်နိုင်အုံးမလား (ဖြစ်ပေါ်မှုမရှိနိုင်တော့ပါ)။ ပေါ်မှုမရှိတော့ဘူးပေါ့။ အမြစ်ပြတ်ပြီးတဲ့သစ်ပင်လိုပေါ့။အမြစ်ပြတ်ပြီး

တဲ့သစ်ပင်ဟာ နောင်ကိုအသီးအပွင့်,အဆက်ဆက်ကိုဖြစ်စေနိုင်ပ ါ့
မလား(ဖြစ်ပေါ်စေမှု မရှိနိုင်တော့ပါ)။ အဲသည်လိုဘဲ။ ဖြစ်စေမှု
ဖြစ်ပေါ်မှု မရှိနိုင်တော့ဘူးပေါ့။ သည်တွယ်တာမှု, တဏှာကြောင့်
သာ ခန္ဓာ,အာယတနဓါတ်ဆိုတဲ့ ဒုက္ခမိုးလောင်ရတယ်လို့ သိလျှင်
သမုဒယသစ္စာကို ထိုးထင်းသိတာပေါ့။

၅၄။ ဟိုဘဝကခန္ဓာ, အာယတနဓါတ်တွေကို ခင်မင်တွယ်
တာခဲ့တဲ့ တဏှာလောဘကြောင့် ယခုဘဝဒုက္ခမိုးလောင်နေရတယ်
မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်)။ ယခုပစ္စက္ခ ခန္ဓာ အာယတန
ဓါတ်တွေကိုတွယ်တာလျှင် နောင်ဖြစ်မဲ့ဘဝမှာ ဒုက္ခမိုးမလောင်
ပေဘူးလား၊ (လောင်ပါမယ်)။ နောက်နောင်ဖြစ်မဲ့ ခန္ဓာကို
တွယ်တာပြန်လျှင်ကော ဒုက္ခမိုး မလောင်ရဘူးလား၊ (လောင်ရ
အုံးမှာဘဲ)။ တွယ်တာမှု တဏှာရှိနေသမျှ အကြောင်းသမုဒယ၊
အကျိုးဒုက္ခအဆက်ဆက်ဖြစ်နေတာ ဆုံးနိုင်ပါအုံးမလား၊ (မဆုံး
နိုင်တော့ပါ)။ အစမထင် သံသရာက ဖြစ်ခဲ့ဘူးသမျှ အကြောင်း
သမုဒယ၊ အကျိုးဒုက္ခတွေဟာ ယခုဘဝတိုင်အောင် ထပ်ကာ,
ထပ်ကာ မပြတ်ဖြစ်နေတာပေါ့။

သည်လိုအကြောင်း အကျိုးဆက်ဆက်ဖြစ်နေတာ၊ ဖြစ်ပေါ်မှု
ဇာတိရှိလို့ဘဲ။ ဇာတိရှိလျှင်ဘာဖြစ်မလဲ၊ ဇရာ,မရဏဆိုတဲ့ ဒုက္ခ
မီးတွေ မလောင်ပေဘူးလား၊ (လောင်ပါမယ်)။ သည်တော့
ဖြစ်ပေါ်မှု လွတ်တဲ့သဘော။ ဇာတိနှင့် ဆန့်ကျင်ဘက်ဖြစ်သော
'မဖြစ်'သဘောလက္ခဏာ အဇာတိသာ ဒုက္ခမီးကလွတ်တော့မယ်လို့
ဉာဏ်ဖြင့် မသိနိုင်ဘူးလား၊(သိနိုင်ပါတယ်)။ သိလျှင် ဖြစ်ပေါ်မှု
လွတ်တဲ့ အဇာတိသဘောသို့ ရောက်လိုခဲသာ အာသာ မဖြစ်ပေ

ဘူးလား၊ (ဖြစ်ပါတယ်)။ ထိုလွတ်နေသော တရားတပါးသော အေးချမ်းသောတရားလို့ကော ဉာဏ်မမြင်ပေဘူးလား၊ (မြင်ပါတယ်)။

ပူတာရှိလျှင် ဆန့်ကျင်ဘက် အေးတာရှိတာဘဲ။

အမိုက်ရှိလျှင် ဆန့်ကျင်ဘက် အလင်းရှိတာဘဲ။

သည်ဘက်ကမ်းရှိလျှင် ဟိုဘက်ကမ်းရှိတာဘဲ။

ဇာတိရှိလျှင် ဇာတိနှင့် ဆန့်ကျင်ဘက် ဖြစ်တဲ့ အဇာတိဟာ မုချကောန်ရှိမြဲဓမ္မတာဘဲ။

ဖြစ်ပေါ်မှုဇာတိဟာ ပူဘာလား၊ အေးတာလား(ပူတာပါ)။ ပူတာဖြစ်လျှင် ပူတာကလွတ်ရာ၊ ပူတာနှင့် တဘက်မှာရှိတဲ့ ဖြစ်ပေါ်မှုလွတ်တဲ့ အဇာတိ အေးရာသို့ ရောက်ချင်တဲ့စိတ် မဖြစ်ဘူးလား၊(ဖြစ်ပါတယ်)။ အဲသည် ဖြစ်ပေါ်မှုမရှိတဲ့ အဇာတိ အေးရာဟာ နိဗ္ဗာန်ဘဲ။

(အဲသည်လို ထောက်ဆ၊ ထောက်ဆပြီး သိတဲ့ဉာဏ်ကို သန္ဋိဟဒဉာဏ်ခေါ်တယ်)။

၅၅။ နိဗ္ဗာန်သဘော၏ အချုပ်ကို အနည်းငယ် ထပ်မံပြောပြအုံးမယ်။)

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟာ ပရမတ်တရား ၄-ပါးဘဲ။ သည် ၄-ပါးအထဲက—

(၁)။ စိတ်၊ စေတသိက်၊ ရုပ် ၃-ပါးဟာ ပြုပြင်ခြင်းမကင်းလို့ သခ်ၤတတရား။

နိဗ္ဗာန်က ပြုပြင်ခြင်းကင်းလို့ အသခ်ၤတတရား။

(၂)။ စိတ်၊စေတသိက်၊ ရုပ် ၃-ပါးဟာ ဖြစ်ပေါ်မှုရှိလို့ ဇာတိတရား။ နိဗ္ဗာန်ဟာ ဖြစ်ပေါ်မှုမရှိလို့ အဇာတိတရား။

(၃)။ စိတ်၊ စေတသိက်၊ ရုပ် ၃-ပါးဟာ ဖြစ်တည်ရန်အကြောင်း ရှိလို့ သပစ္စယတရား။
နိဗ္ဗာန်ဟာ ဖြစ် တည် ရန် အကြောင်းမရှိလို့ အပစ္စယ တရား။

(၄)။ စိတ်၊စေတသိက်၊ ရုပ် ၃-ပါးဟာ ရင့်ယော်ခြင်းရှိလို့ ဇရာ။
နိဗ္ဗာန်ဟာ ရင့်ယော်ခြင်းမရှိလို့ အဇရာ။

(၅)။ စိတ်၊စေတသိက်၊ရုပ်ဟာ သေပျောက်ရခြင်းရှိလို့ မရဏ။
နိဗ္ဗာန်ဟာ သေပျောက်ရခြင်းမရှိလို့ အမတ။
နိဗ္ဗာန်တရားတော်ဟာ ဒုက္ခ၊ သမုဒယ ၂-ပါး စုံသော သစ္စာတို့၏ ငြိမ်းကြောင်းတရားဘဲ။ မဂ်ဉာဏ်,ဖိုလ်ဉာဏ်တို့၏အာရုံဘဲ။
နိဗ္ဗာန်တရားတော်ဟာ ဖြစ်ခြင်း၊ ရင့်ယော်ခြင်း၊ ပျက်စီးခြင်းမရှိသောတရားဘဲ။
အခါခပ်သိမ်းသောကာလ၌ အမြဲထင်ရှား၊ နိစ္စ၊ ဓုဝ၊ သဿတ၊ အဖြစ်ဖြင့် ရှိနေတဲ့တရားဘဲ။
နိဗ္ဗာန်သည် ဖြစ်မှုမရှိသောကြောင့်၊ တည်တံ့ရန် အထောက်အပံ့၊ အကြောင်းကစုံဘရာမရှိဘူး။
နိဗ္ဗာန်ကို ဘယ်သူ ဘယ်တရားကမှ မပြုမလုပ်ဘူး၊ နိဗ္ဗာန်ဟာ လူကကျင့်မှ ဖြစ်လာရသော တရားမဟုတ်ဘူး။
မဂ်ဖိုလ်တို့သို့ ဆိုက်ရောက်၍ သံသရာတိုလိုကြပါမူ၊ ရုပ်နာမ်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ တိလက္ခဏာ၊ အစုံအညီကို၊ ရှုကြည့်ထင်မြင် ဆင်ခြင်သုံးသပ်မှသာလျှင် မဂ်ဖိုလ်တို့သို့ ဆိုက်ရောက်၍ သံသရာတိုကြလိမ့်မည်။ ပြဆိုခဲ့ပြီးသော နည်းအတိုင်း ကြိုးစား၍ နှလုံးသွင်းအားထုတ်ပါလေ။ ။

(နောက်ဆက်တွဲ)

ရုပ် ၂၈-ပါး။

၁-ပထဝီ၊ ၂-အာပေါ၊ ၃-တေဇော၊ ၄-ဝါယော၊ (ဘူတရုပ် ၄-ပါး)။ ၅-စက္ခု၊ ၆-သောတ၊ ၇-ဃာန၊ ၈-ဇိဝှာ၊ ၉-ကာယ (ပသာဒရုပ် ၅-ပါး)။ ၁၀-ဝဏ္ဏ၊ ၁၁-သဒ္ဒ၊ ၁၂-ဂန္ဓ၊ ၁၃-ရသ၊ (ဝိသယရုပ် ၄-ပါး)။ ၁၄-ဣတ္ထိဘာဝ၊ ၁၅-ပုမ္ဘာဝ၊ (ဘာဝရုပ် ၂-ပါး)။ ၁၆-ဟဒယဝတ္ထု၊ ၁၇-ဇီဝိတ၊ ၁၈-အာဟာရ။

၁၉-ပရိစ္ဆေဒရုပ်၊ ၂၀-ကာယဝိညတ်၊ ၂၁-ဝစီဝိညတ်(-ဝိညတ် ရုပ် ၂- ပါး)၊ ၂၂- လဟုတာ၊ ၂၃- မုဒုတာ၊ ၂၄- ကမ္မညတာ၊ (ဝိကာရရုပ် ၃-ပါး)။ ၂၅-ဥပစယ၊ ၂၆-သန္တတိ၊ ၂၇-ဇရတာ၊ ၂၈-အနိစ္စတာ၊ (လက္ခဏာရုပ် ၄-ပါး)။

နံပါတ် ၁-က ၁၈-ထိ ရုပ်တို့ကို နိပ္ဖန္နရုပ် (ရုပ်စစ်)ဟု ခေါ်သည်။ နံပါတ် ၁၉-က ၂၈-ထိ ရုပ်တို့ကိုအနိပ္ဖန္နရုပ်ဟု ခေါ်သည်။ ဤရုပ် ၂၈-ပါးအနက် ၁-အာပေါ၊ ၂-ဣတ္ထိဘာဝ၊ ၃-ပုမ္ဘာဝ၊ ၄-ဟဒယရုပ်၊ ၅-ဇီဝိတရုပ်၊ ၆-အာဟာရရုပ်၊ ၇-ပရိစ္ဆေဒ၊ ၈-ကာယဝိညတ်၊ ၉-ဝစီဝိညတ်၊ ၁၀-လဟုတာ၊ ၁၁-မုဒုတာ၊ ၁၂-ကမ္မညတာ၊ ၁၃-ဥပစယ၊ ၁၄-သန္တတိ၊ ၁၅-ဇရတာ။ ၁၆-အနိစ္စတာတို့ကို သုခုမရုပ်ဟုခေါ်သည်။

စေတသိက် ၅၂-ပါး။

၁။ ဖဿ = အာရုံကိုတွေ့ခြင်းသဘော။

၂။ ဝေဒနာ = အာရုံအရသာကို ခံစားခြင်းသဘော။

၃။ သညာ = အာရုံကို မှတ်သားခြင်း သဘော။
၄။ စေတနာ = ယှဉ်ဘက်တရားတို့ကို ဆိုင်ရာကိစ္စ၌ ဆောင်ရွက်ကြဘို့ရာ စေ့ဆော်ခြင်း၊ (တိုက်တွန်းနှိုးဆော်ခြင်း) သဘော။
၅။ ကေဂ္ဂတာ - အာရုံတခု၌တည်တန့်ခြင်း။ တည်ကြည်ခြင်း သဘော။
၆။ ဇီဝိတိန္ဒြေ-ယှဉ်ဘက်တရားတို့ကိုစောင့်ထိန်းခြင်းသဘော။
၇။ မနသိကာရ - စိတ်ထဲ၌၊ အာရုံ ဖြစ်ပေါ်လာအောင် ပြုပေးသောသဘော၊ (စိတ်ကို အာရုံသို့ ရောက်၍ ရောက်၍ နေအောင် နှလုံးသွင်းခြင်းသဘော)။
၌ ၇-ပါးကို သဗ္ဗစိတ္တသာဓာရဏာ စေတသိက်ခေါ်သည်။
[သဗ္ဗစိတ္တ = အလုံးစုံသောစိတ်၊ သာဓာရဏာ - ဆက် ဆံသော စေတသိက်] အလုံးစုံသော စိတ်နှင့်ဆက်ဆံသော စေတသိက် "စိတ်အားလုံးနှင့် ယှဉ်နိုင်သော စိတ်ဖြစ်တိုင်း ပါကြရသော စေတသိက်များ" ဟူလို။
၁။ ဝိတက် - ယှဉ်ဘက်တရားတို့ကို အာရုံသို့တင်ပေးခြင်း (ကြံစည်ခြင်း သဘော)။
၂။ ဝိစာရ - အာရုံကိုသုံးသပ်ခြင်း၊ (ထပ်၍ ထပ်၍ ယူခြင်း) သဘော။
၃။ အဓိမောက္ခ - အာရုံကို ဆုံးဖြတ်ခြင်းသဘော။
၄။ ဝီရိယ - အားထုတ်ခြင်း၊ (အားတက်သရော ရှိခြင်း)။
၅။ ပီတိ - နှစ်သက်ခြင်းဆာသဘော။
၆။ ဆန္ဒ - လိုလားတောင့်တခြင်း သဘော။
၌ ၆-ပါးကို ပကိဏ်း စေတသိက်ခေါ်သည်။

[ပကိုဏ္ဏက။ ပ၊ အပြားအားဖြင့်၊ ကိုဏ္ဏ - ရောပြွမ်းသော စေတသိက်၊ က = အနက်မရှိ] အပြားအားဖြင့် ရောပြွမ်းသော စေတသိက် "စိတ်အားလုံး၌ မယှဉ်နိုင်ဘဲ၊ ဟိုတချို့ သည်တချို့ ရောရောပြွမ်းပြွမ်း ယှဉ်သော စေတသိက်များ" ဟူလို။

သဗ္ဗစိတ္တသာဓာရဏ ၇-ပါးနှင့် ပကိဏ်း ၆-ပါး ၂-ရပ်ပေါင်းကို အညသမာန်း စေတသိက် ၁၃-ပါးဟု ခေါ်သည်။

၁။ မောဟ - အာရုံ၌ အမှန်ကို ဖုံးကွယ်ခြင်းသဘော။
၂။ အဟိရိက - ဒုစရိုက်မှ မရှက်ခြင်းသဘော။
၃။ အနောတ္တပ္ပ- ဒုစရိုက်မှ မကြောက်လန့်ခြင်းသဘော။
၄။ ဥဒ္ဓစ္စ - ပို့လွှင့်ခြင်းသဘော။

ဤ ၄ ပါးကို အကုသိုလ်စိတ်အားလုံးနှင့်ဆက်ဆံသော အကုသလ သာဓာရဏ စေတသိက် ခေါ်သည်။

၁။ လောဘ - လောကီ အာရုံ ကာမဂုဏ်တို့၌ လိုချင်ခြင်း သဘော။

(ကုသိုလ်အရာ၌ လိုချင်ခြင်း၊ စွန့်ကြဲ ပေးကမ်းဘို့ရာ ပစ္စည်းကို လိုချင်ခြင်းကား လောဘမဟုတ်၊ ကုသိုလ်ဆန္ဒတည်း)။

လောဘနှင့် ဆန္ဒ အထူး = အစေးဖြင့် ကပ်သကဲ့သို့ အာရုံ၌ ငြိကပ် တွယ်တာခြင်း သဘောပါသော လိုချင်မှုသည် လောဘတည်း။ ငြိကပ်တွယ်တာခြင်းမရှိတဲ့ အာရုံတခုကို ရလိုရုံမျှသည် ဆန္ဒတည်း။

၂။ ဒိဋ္ဌိ - မှားမှား ယွင်းယွင်း သိမြင်ခြင်း၊ (အယူမှားခြင်း) သဘော။

၃။ မာန၊ ထောင်လွှား တက်ကြွခြင်းသဘော။
၄။ ဒေါသ၊ ခက်ထန်ကြမ်းတမ်းခြင်းသဘော။
၅။ ဣဿာ၊ သူတပါး၏ ဂုဏ်သိရ် စည်းစိမ်ချမ်းသာကို ငြူစူခြင်း၊ စောင်းမြောင်းခြင်းသဘော၊ (နှုတ်ခမ်းစူ၍ မျက်စောင်းထိုး၍ ပြောဆို ကြည့်ရှုကြောင်းတရား)။
၆။ မစ္ဆရိယ၊ ကိုယ့်စည်းစိမ်ကို ဝန်တိုခြင်းသဘော။ (သူတပါးတို့နှင့် မဆက်ဆံလိုခြင်း၊ နှမြောခြင်းသဘော)။
၇။ ကုက္ကစ္စ၊ ဒုစရိုက်ကို ပြုမိပြီးမှငင်း၊ သုစရိုက်ကိုမပြုခဲ့၍ငင်း၊ နောင်တ တဖန် ပူပန်ခြင်းသဘော။
၈။ ထိနု၊ စိတ်မလန်းဘဲ ခပ်ထိုင်းထိုင်း ဖြစ်နေခြင်းသဘော။
၉။ မိဒ္ဓ၊ ယျဉ်ဘက်စေတသိက်များ မလန်းဘဲ မှိုင်းထိုင်းထိုင်း ဖြစ်နေခြင်းသဘော၊ (အိပ်ချင်မူးတူးဖြစ်သည့်အခါတိုင်း ၂ ပါး ထင်ရှား၏)။
၁၀။ ဝိစိကိစ္ဆာ၊ ဘုရား, တရား, စသည်မျှား၌ ယုံမှားခြင်းသဘော။

(အဓိပ္ပါယ် မသိ၍၊ တွေး တော ယုံမှား မှု ကား ဝိ စိ ကိစ္ဆာ မဟုတ်)။

ဤစေတသိက် ၁၀ ပါးကို အကုသလပကိဏ်း စေတသိက်ခေါ်သည်။

အကုသလ သာဓာရဏ ၄ ပါးနှင့် အကုသလ ပကိဏ်း ၁၀-ပါး ၂ ရပ်ပေါင်းကို အကုသလ စေတသိက် ၁၄ ပါး ဟု ခေါ်သည်။

၁။ သဒ္ဓါ = မှန်သော ဘုရား, တရား, သံဃာနှင့် ကံ, ကံ၏ အကျိုးစသည်ကို ကြည်ညိုမှု, ယုံကြည်မှု, ကျေကျေနပ်နပ်ရှိမှု၊

(မမှန်သော ဘုရား, တရား, ကောင်းစွာမကျင့်သောသံဃာစသည်၌ ယုံကြည်မှုကား သဒ္ဓါစစ်မဟုတ်)။

၂။ သတိ = ဘုရား, တရား, စသော ကုသိုလ်နှင့် ဆိုင်ရာကို အောက်မေ့မှု, အမှတ်ရမှု(အကုသိုလ်ဆိုင်ရာ အမှတ်ရမှု၊ ထိုထိုကိစ္စ လုပ်ငန်းကို သတိရမှုကား သတိစစ်မဟုတ်)။

၃။ ဟိရီ = ဒုစ္စရိုက်မှ ရှက်မှု။ ။၄- သြတ္တပ္ပ၊ ဒုစရိုက်မှ ကြောက်လန့်မှု၊ (ကုသိုလ်ကောင်းမှုဆိုင်ရာ၌ ရှက်မှု၊ ကြောက်ခြင်း၌ နေမှုကား၊ ဟိရီသြတ္တပ္ပ အစစ်မဟုတ်)။

၅။ အလောဘ၊ လောဂီအာရုံ ကာမဂုဏ်ကို မလိုချင်မစုံမက်မှု။

၆။ အဒေါသ၊ မခက်ထန် မကြမ်းတမ်းမှု (မေတ္တာ ဟူသည် ဤစေတသိက်ပင်။)

၇။ တတြမဇ္ဈတ္တတာ၊ စိတ်, စေတသိက်တို့ကို မိမိတို့ကိစ္စ၌ အပိုအလွန် မရှိစေရအောင် အလယ်အလတ်၌ တည်မတ်မှု၊ လစ်လျူရှုမှု။

၈။ ကာယပဿဒ္ဓိ၊ စေတသိက်အပေါင်း၏ ငြိမ်းအေးမှု (ဤ၌ ကာယသဒ္ဒါ၊ စေတသိက် အပေါင်း ဟူသော အနက်ကိုဟော၏။)

၉။ စိတ္တပဿဒ္ဓိ၊ စိတ်၏ ငြိမ်းအေးမှု။

၁၀။ ကာယလဟုတာ၊ စေတသိက် အပေါင်း၏ လျင် မြန် ပေါ့ပါးမှု။

၁၁။ စိတ္တလဟုတာ၊ စိတ်၏ လျင်မြန် ပေါ့ပါးမှု။

၁၂။ ကာယမုဒုတာ၊ စေတသိက် အပေါင်း၏နူးညံ့မှု။

၁၃။ စိတ္တမုဒုတာ၊ စိတ်၏နူးညံ့မှု။

၁၄။ ကာယကမ္မညတာ၊ စေတသိက် အပေါင်း၏ ကုသိုလ် ကောင်းမှုဌ် ခံ့ငြားမှု။

၁၅။ စိတ္တကမ္မညတာ၊ စိတ်၏ ကုသိုလ်ကောင်းမှုဌ် ခံ့ငြားမှု။

၁၆။ ကာယပါဂုညတာ၊ စေတသိက် အပေါင်း၏ ကုသိုလ် ကောင်းမှုဌ် ပြုမ်းတီးလေ့ လာမှု။

၁၇။ စိတ္တပါဂုညတာ၊ စိတ်၏ ပြုမ်းတီး လေ့ လာမှု။

၁၈။ ကာယုဇုကတာ၊ စေတသိက် အပေါင်း၏ဖြောင့်မတ်မှု။

၁၉။ စိတ္တုဇုကတာ၊ စိတ်၏ ဖြောင့်မတ်မှု။

ဤ ၁၉-ပါးကို သောဘဏသာဓာရဏာစေတသိက်ခေါ်သည်း (သောဘဏ - သောဘဏစိတ်၊ သာဓာရဏ - ဆက်ဆံသော စေတသိက်၊ သောဘဏစိတ်အားလုံးနှင့် ဆက်ဆံသော (ယှဉ်နိုင်သော) စေတသိက်များ ဟူလို။)

၁။ သမ္မာဝါစာ၊ အသက်မွေး ဝမ်းကြောင်းနှင့် မစပ်ဆိုင်သော ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်မှု။

၂။ သမ္မာကမ္မန္တ၊ အသက်မွေး ဝမ်းကြောင်းနှင့် မစပ်ဆိုင်သော ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်မှု။

၃။ သမ္မာအာဇီဝ၊ အသက်မွေး ဝမ်းကြောင်းနှင့် စပ် ဆိုင်သော ဝစီဒုစရိုက် ၄၊ ကာယဒုစရိုက် ၃ ပါးမှ ရှောင်ကြဉ်မှု။

ဤ ၃-ပါးကို ဝိရတီ စေတသိက် ခေါ်သည်။ (မကောင်းမှု ဒုစရိုက်ရှောင်ကြဉ်ခြင်းကို 'ဝိရတိ' ဟု ခေါ်သည်)။

၁။ ကရုဏာ၊ ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍သနားမှု။

၂။ မုဒိတာ၊ သုခိတ သတ္တဝါ ပညတ်ကို အာရုံပြု၍ ဝမ်း မြောက်မှု။

ဤ ၂-ပါးကို အပ္ပမညာ စေတသိက် ခေါ်သည်။

(ဤ၍ ဤမျှ ဟု အတိုင်းအရှည် ပမာဏ မထားဘဲ သတ္တဝါ ပဋိသန္ဓေတ်၌အာရုံပြုသော တရားကို 'အပ္ပမညာ'ဟု ခေါ်သည်။)

၁။ ပညိန္ဒြေ၊ အသိ, အလိမ္မာ, ဉာဏ်, ပညာ, ဝိဇ္ဇာ။

ဤစေတသိက်ကို ပညာစေတသိက်ဟုခေါ်သည်။

(ပညာ၊ ကုန္ဒြိယ။ ပညာ၊ အထူးထူး အပြားပြား သိခြင်း။ ကုန္ဒြိယ၊ ထိုသိခြင်း ကိစ္စ၌ အစိုးတရဖြစ်သည်။)

သောဘဏ၊ သာဓာရဏ ၁၉ ပါး၊ ဝိရတီ ၃ ပါး၊ အပ္ပမညာ ၂ ပါး၊ ပညာ ၁-ပါး၊ ပေါင်း ၂၅ ပါးကို သောဘဏ စေတသိက် ၂၅ ပါးဟုခေါ်သည်။

လောဘ, ဒေါသ, စသော အပြစ်ကင်းရှင်း တင့်တယ်သော ကြောင့် သောဘဏ စေတသိက်ဟု ခေါ်သည်။

အညသမန်းစေတသိက် ၁၃)
အကုသိုလ် ၈စေတသိက် ၁၄) အားလုံးပေါင်းစေတသိက်၅၂ပါး။
သောဘဏစေတသိက် ၂၅)

ဝိပဿနာ တရားအားထုတ်သူများ၊ အောက်ပါ တရား ၈ရေ အတွက်များကို ကျွက်မှတ်ထားလျှင် ကျေးဇူးများ၏သည်။

၁။ အရိယာ ဖြစ်ကြောင်း အင်္ဂါ ၄ ပါး။

(၁) သပ္ပုရိသ သံသေဝေါ၊ သူတော်ကောင်းကို မှီဝဲ ဆည်းကပ်ခြင်း။

(၂) သဒ္ဓမ္မသဝနံ၊ သူတော်ကောင်းတရားကို ကြားနာခြင်း။

(၃) ယောနိသောမနသိကာရော၊ သင့်တင့်သော နှလုံးသွင်း ခြင်း။
(၄) ဓမ္မာနုဓမ္မပဋိပတ္တိ၊ လောကုတ္တရာ တရား နှင့် လျော် အောင် ကျင့်ခြင်း။

၂။ မဂ်ဖိုလ် နိဗ္ဗာန်ရအောင် အားထုတ်နိုင်သော ပဓာနိယင် အင်္ဂါ ၅–ပါး။

(၁) ထက်သန်သော သဒ္ဓါတရား နှင့် ပြည့်စုံခြင်း။
(၂) ကိုယ်လက် ကျန်းမာတောင့်တင်း၊ အနာကင်းခြင်း။
(၃) နှလုံးဖြောင့်စင်း လှည့်ပတ်ခြင်းကင်းခြင်း။
(၄) ဓိရိယ ထက်သန်ခြင်း။
(၅) နာမ်,ရုပ် နှစ်တန် ဖြစ်ပျက်ဟန်ကို အမှန်သိခြင်း။

၃။ မဂ်ဖိုလ် မရနိုင်သော အန္တရာယ် ၅ ပါး။

(၁) ကမ္မန္တရာယ်၊ ပဥ္စာနန္တရိယ ကံကြီးထိုက်ခြင်း။
(၂) ကိလေသန္တရာယ်၊ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိခြင်း။
(၃) ဝိပါကန္တရာယ်၊ ဒွိဟိတ်, အဟိတ်, ဖြစ်ရခြင်း။
(၄) အရိယူပဓိဒန္တရာယ်၊ အရိယာကိုပြစ်မှားခြင်း။
(၅) အာဏာဝိတိက္ကမန္တရာယ်၊ အာဏာတော်ကို လွန်ကြ။း ခြင်း။ အာပတ်သင့်ခြင်းကို ဆိုလိုသည်။

၄။ အရပ်ပြစ်ရှစ်ပါး (မဂ် ရခြင်းမှ ကင်းဝေးသော အရပ် ရှစ်ပါး)။

(၁) ငရဲ၊ ချမ်းသာ အလျှင်းမရှိသောအရပ်။
(၂) တိရစ္ဆာန်၊ မဂ် ဖိုလ် မှ ဖီလဲ၁ ကန့် လန့် သွား သော သတ္တဝါ။

(၃) ပြီတ္တာ၊ ချမ်းသာ သုခမှု ကင်းဝေးသော ဖုတ် တစ္ဆေစသော သတ္တဝါ။
(၄) အသညသတ္တာ၊ အရူပဘုံ။ အသညသတ်ဘုံ။
(၅) ပစ္စုပ္ပန်ရော၊ ရတနာသုံးပါး မတည်၍၊ ရိုင်းစိုင်းသော သူတို့ အရပ်။
(၆) ဝိကလိန္ဒြိယ၊ ပဋိသန္ဓေအားဖြင့် ကျိုး, ကန်း, ဆွံ့, အ, သော သူတို့အဖြစ်။
(၇) မိစ္ဆာဒိဋ္ဌိ၊ မှားသော အယူကိုယူသော မိစ္ဆာဒိဋ္ဌိ တက္ကဒုန်း ဖြစ်ရခြင်း။
(၈) ဗုဒ္ဓသုညော တိဟေတုကော၊ ဘုရားမဖြစ်တော်မူသော ကာလ၌ တိဟိတ်ပဋိသန္ဓေ နေသောသူ။

၅။ သက္ကာယအစဲ့ ၃-စဲ့။

(၁) တဏှာအစဲ့၊ ဤရုပ်သည် ငါ့ဟာတည်းဟု စွဲခြင်း။
(၂) မာနအစဲ့၊ ဤရုပ်သည် ငါတည်းဟု စွဲခြင်း။
(၃) ဒိဋ္ဌိအစဲ့၊ ဤရုပ်သည် ငါ၏ကိုယ်တည်းဟုစွဲခြင်း။

၆။ ယုံမှားခြင်း ဝိစိကိစ္ဆာ ၈-ပါး။

(၁) ဘုရား၌ ယုံမှားခြင်း။
(၂) တရား၌ ယုံမှားခြင်း။
(၃) သံဃာ၌ ယုံမှားခြင်း။
(၄) သိက္ခာ၌ ယုံမှားခြင်း။
(၅) ရှေး၌ ဖြစ်ဘူးသော ခန္ဓာ၌ ယုံမှားခြင်း။
(၆) နောင်၌ ဖြစ်လတံ့သော ခန္ဓာ၌ယုံမှားခြင်း။

(၇) ရှေးဖြစ်ဘူးသောခန္ဓာ၊ နောက်ဖြစ်လတံ့သောခန္ဓာ၊ နှစ်ပါးစပ်၍ ယုံမှားခြင်း။
(၈) ပဋိစ္စသမုပ္ပါဒ်တရား၌ ယုံမှားခြင်း။

၇။ တဏှာ ၃-မျိုး။

(၁) ကာမတဏှာ၊ ရူပါဒုံစသော ကာမဝတ္ထုတို့ကို နှစ်သက်ခြင်း။
(၂) ဘဝတဏှာ၊ ဘုံဘဝတို့ကို နှစ်သက်ခြင်း။
(၃) ဝိဘဝတဏှာ၊ ဘဝကင်းပြတ်ခြင်းကို နှစ်သက်ခြင်း။

၈။ ကိလေသာ ၃-မျိုး။

(၁) အနုသယ ကိလေသာ၊ စိတ်သန္တာန်တွင် အစဉ်မပြတ် ငုပ်ဝပ်ကိန်းအောင်းနေသော ကိလေသာ။
(၂) ပရိယုဋ္ဌာန ကိလေသာ၊ ထကြွသောင်းကျန်း သော ကိလေသာ။
(၃) ဝီတိက္ကမ ကိလေသာ၊ လွန်ကြူးသော ကိလေသာ။ (ကာယကံ၊ဝစီကံ၊သောင်းကျန်းမှု)။

၉။ ဝိပလ္လာသ ၃ ပါး။ (ဖေါက်ပြန်မှားယွင်းခြင်း)

(၁) သညာဝိပလ္လာသ၊ ရုပ်နာမ်ကို အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘဟု အမှတ်အထင် ဖေါက်ပြန် မှားယွင်းခြင်း။
(၂) စိတ္တဝိပလ္လာသ၊ ရုပ်နာမ်တို့ကို နိစ္စ, သုခ, အတ္တ, သုဘ ဟူ၍ အသိအကြံ ဖေါက်ပြန်မှားယွင်းခြင်း။

(၃) ဒီဋ္ဌိဝိပလ္လာသ၊ ရုပ်နာမ်တို့ကို၊ နိစ္စ, သုခ, အတ္တ, သုဘဟု အာယူအမြင်အစဲ့ ဖေါက်ပြန်မှားယွင်းခြင်း။

၁၀။ နိဝရဏတရား ၆-ပါး။

(၁) ကာမစ္ဆန္ဒနိဝရဏ၊ အဆင်း, အသံ, အနံ., အရသာ, အတွေ့အတို့ဋ္ဌ တပ်ခြင်း။

(၂) ဗျာပါဒနိဝရဏ၊ အမျက်ထွက်ခြင်း၊ ရန် ငြိုး ဖွဲ့ ခြင်း၊ ခိုက်ရန်မျှားခြင်း၊သူတပါးပျက်စီးကြောင်း ကြံစီခြင်း၊

(၃) ထိနမိဒ္ဓ နိဝရဏ၊ ငိုက်မြိုးခြင်း။

(၄) ဥဒ္ဓစ္စ ကုက္ကုစ္စ နိဝရဏ၊ ပြန့်လွင့်ခြင်း၊ နောင်တ တဖန် ပူပန်ခြင်း။

(၅) ဝိစိကိစ္ဆာနိဝရဏ၊ အာရုံကို မဆုံးဖြတ်နိုင်ခြင်း၊ ယုံမှား သက်ဝင်ခြင်း။

(၆) အဝိဇ္ဇာနိဝရဏ၊သစ္စာ ၄-ပါး။ ပဋိစ္စသမုပ္ပါဒ် တရား စုံကို မသိသောမောဟ။

၁၁။ အာသဝတရား ၄-ပါး။

(၁) ကာမာသဝ၊ ကာမကုန်၌ ကြာရှည်စွာထုန်စဲ့ခြင်း။

(၂) ဘဝါသဝ၊ ရူပအရူပဘဝ၌ ကြာရှည်စွာထုန်စဲ့ခြင်း။

(၃) ဒိဋ္ဌာသဝ၊ မှားသောအယူ၌ ကြာရှည်စွာထုန်စဲ့ခြင်း။

(၄) အဝိဇ္ဇာသဝ၊ အမှန်ကိုမသိခြင်း၌ ကြာရှည်လေးမြင့်စွာ ထုန်စဲ့ခြင်း။

၁၂။ ဝိဘက် ၃-ပါး။

(၀) ကာမဝိတက်၊ ကာမကုတ်၌ ကြံစီခြင်း။

(၂) ဗျာပါဒဝိတက်၊ တုံ့ပြန်လက်စားခြေရန် ကြံစီခြင်း။
(၃) ဝိဟိံသဝိတက်၊ နှိပ်စက်ညှဉ်းပမ်းရန် ကြံစီခြင်း။

၁၃။ ပဟာန် ၃-ပါး။

(၁) တဒင်္ဂပဟာန်၊ ကာမကုသိုလ်ဖြင့် တခဏမျှ ကိလေသာကို ပယ်နိုင်ခြင်း။
(၂) ဝိက္ခမ္ဘနပဟာန်၊ စျာန်သမာပါတ်တရားဖြင့် ကိလေသာကို အတော်ကြာကြာပယ်နိုင်ခြင်း။
(၃) သမုစ္ဆေဒပဟာန်၊ မဂ်တရားဖြင့်ကိလေသာကို အကြွင်းမရှိပယ်နိုင်ခြင်း။

၁၄။ စင်္ခသုံးပါး။

(၁) ကိလေသာဝင်္ခ၊ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်။
(၂) ကမ္မဝင်္ခ၊ ကမ္မဘဝ,သင်္ခါရ။
(၃) ဝိပါကဝင်္ခ၊ ဥပပတ္တိဘဝ, ဝိညာဏ်, နာမ်, ရုပ်, သဠာယတန, ဖဿ,ဝေဒနာ,ဇာတိ,ဇရာ,မရဏ။

၁၅။ မစ္ဆရိယ ၅ပါး။ (ဝန်တိုခြင်း။)

(၁) လာဘမစ္ဆရိယ၊ သူတပါးပစ္စည်းဥစ္စာ, ရသည်ကို မလိုခြင်း။
(၂) ဝဏ္ဏမစ္ဆရိယ၊ သူတပါး အဆင်းလှသည် ကျော်ဇော သည်ကို မလိုခြင်း။
(၃) အာဝါသ မစ္ဆရိယ၊ သူတပါး၏အိမ်ရာကျောင်းမွန်သည် ကို မလိုခြင်း။

(၄) ကုလမစ္ဆရိယ၊ သူတပါးအမျိုးမြတ်သည်ကို အခြေအရံများသည်ကို မလိုခြင်း။
(၅) ဓမ္မမစ္ဆရိယ၊ သူတပါး စံပေကျမ်းဂန် တတ်မြောက်သည်ကို မလိုခြင်း။

၁၆။ အနတ္တသဘော။

(၁) အဝသဝတ္တနသဘော၊ အလိုသို့မလိုက်ခြင်း။
(၂) အသာရသဘော၊ အနှစ်သာရမရှိခြင်း။
(၃) ပရသဘော၊ကိုယ်ပိုင်ဟူ၍ အတွင်းမထားထိုက်ဘဲ ကိုယ်နှင့်မဆိုင်ခြင်း။
(၄) သုညသဘော၊ ပုဂ္ဂိုလ်သတ္တဝါ သဘောမှ ဆိတ်သုဉ်းခြင်း။
(၅) နိဇ္ဇီဝသဘော၊ အသက်အရှင်မဟုတ်ခြင်း။

၁၇။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး။

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ မရဏ။

အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ဘဝ၊အကြောင်း ၅-ပါး။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဤ ၅-ပါး တာဝ အကျိုးတရား။

အကြောင်းတရား ၅-ပါး၊ အကျိုးတရား ၅-ပါး၊ ဤ ၁၀ ပါးသော တရားတို့၏ (ဖြစ်, တည်, ပျက်)။ ဥပါဒ်-ဌီ-ဘင်ကို ဇာတိ,ဇရာ,မရဏ ဆိုသည်။

၁၈။ ဂတိ ၅-ပါး။

(၁) တိရစ္ဆာနဂတိ၊ တိရစ္ဆာန်ဖြစ်ရခြင်း။
(၂) ပေတဂတိ၊ ပြိတ္တာဖြစ်ရခြင်း။
(၃) နိရယဂတိ၊ ငရဲ၌ဖြစ်ရခြင်း။
(၄) မနုဿဂတိ၊ လူဖြစ်ရခြင်း။
(၅) ဒေဝဂတိ၊ နတ်,ဗြဟ္မာ ဖြစ်ရခြင်း။

၁၉။ ဝိပတ္တိတရား ၄-ပါး။

(၁) ဂတိဝိပတ္တိ၊ အပါယ် ၄-ဘုံ၌ဖြစ်ရခြင်း။
(၂) ဥပဓိဝိပတ္တိ၊ ယုတ်ညံ့သော အတ္တဘောကိုရခြင်း။
(၃) ကာလဝိပတ္တိ၊ မကောင်းသောမင်းတို့၏ လက်ထက်ဟူ
ဆိုအပ်သော ကာလ။
(၄) ပယောဂဝိပတ္တိ၊ မကောင်းသောလုံ့လရှိခြင်း။

၂၀။ ဗျသနတရား ၅-ပါး။

(၁) ညာတိဗျသန၊ အဆွေအမျိုးတို့ ပျက်စီးခြင်း။
(၂) ဘောဂဗျသန၊ စည်းစိမ်ဥစ္စာ ရာထူးတို့ပျက်စီးခြင်း။
(၃) ရောဂဗျသန၊ အနာရောဂါ နှိပ်စက်၍ပျက်စီးခြင်း။
(၄) သီလဗျသန၊ ကောင်းသောအကျင့်သီလ ပျက်စီးခြင်း။
(၅) ဒိဋ္ဌိဗျသန၊ ကောင်းသောအယူဝါဒပျက်စီးခြင်း။

၂၁။ စိစဿနာ၏အန္တရာယ် ညစ်ငြူးကြောင်းတရား ၁၀-ပါး။

(၁) ဆန္ဒာဝသ၊ ဝိပဿနာ စိတ္တဇရောင်ခြည်။
(၂) ပီတိ၊ နှစ်သက်မှု။

(၃) ပဿဒ္ဓိ၊ ကိုယ်စိတ်တို့၏ ငြိမ်းအေးမှု။
(၄) အဓိမောက္ခ၊ သဒ္ဓါယုံကြည်အားကြီးမှု။
(၅) ပဂ္ဂဟ၊ ဘုရားလောင်းလို လွန်စွာအားထုတ်မှု။
(၆) သုခ၊ အလွန်အလွန် စိတ်စေတသိက်ချမ်းသာမှု။
(၇) ဉာဏ၊ ဝရဇိန်လက်နက်နှင့်တူစွာ ဉာဏ်ပညာ ထက်သန်၍ အမြင်မှားမှု။
(၈) ဥပဋ္ဌာန၊ သတိအထင်မှားမှု။
(၉) ဥပေက္ခာ၊ သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ မဖြစ်လျစ်လျူရှုမှု။
၁၀) နိကန္တိ၊ အရောင်စသည်၌ နှစ်သက်သာယာမှု။

၂၂။ သူဝေဿကောင်းဥစ္စာ ၇-ပါး။

(၁) သဒ္ဓါ၊ ရတနာသုံးပါးဂုဏ်ကို ယုံကြည်ခြင်း။ ကံ, ကံ၏အကျိုးကို ယုံကြည်ခြင်း။
(၂) သီလ၊ ပဉ္စသီ၊ အဋ္ဌသီ၊ စတုပါရိ သုဒ္ဓိ သီလနှင့် ပြည့်စုံခြင်း။
(၃) သုတ၊ အကြား အမြင် များခြင်း။
(၄) စာဂ၊ ပေးကမ်းစွန့်ကြဲခြင်း။
(၅) ပညာ၊ သစ္စာလေးပါးကို သိမြင်ခြင်း။
(၆) ဟိရီ၊ သူတော်ကောင်းတို့ကဲ့ရဲအံ့သည်မှုရှက်၍မကောင်းမှုကို ကြဉ်ရှောင်ခြင်း။
(၇) ဩတ္တပ္ပ၊ ပစ္စုပ္ပန်ဘေး, သံသရာဘေးကိုကြောက်လန့်၍ မကောင်းမှုမှ ကြဉ်ရှောင်ခြင်း။

၂၃။ သူတော်ကောင်းတို့အား ၅-ပါး။

(၁) သဒ္ဓါဗလ၊ ရတနာသုံးပါးဂုဏ်၌ မတုန်မလှုပ် ကြည်ညိုခြင်း။

(၂) စီရိယဗလ၊ အကုသိုလ်တရားကို ခေါင်းပါးစေ၍ကုသိုလ်တရားကို ပွားစေခြင်းငှါ လုံ့လပြုခြင်း။

(၃) သတိဗလ၊ ရူပကာယ-နာမကာယကို အနိစ္စအစရှိသော လက္ခဏာရေး ၃-ပါးဖြင့် နှလုံးသွင်းခြင်း။

(၄) သမာဓိဗလ၊ ဒါနသီလ အစရှိသော ကုသိုလ်ကောင်းမှုတို့၌ မတုန်မလှုပ် တည်ကြည်စွာ ဆောင်ရွက်ခြင်း။

(၅) ပညာဗလ၊ ထိတ်လန့်ခြင်း သံဝေဂတရားဖြင့် အဖြစ်အပျက်ကို အဖန်တလဲလဲ ဆင်ခြင်ခြင်း။

ဓာတ်ရှစ်ပါးရွတ်ဆိုပုံ။

(အကျဉ်း)

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သတ္တဝါဟု သမုတ်အပ်သော ခန္ဓာသည် ပထဝီ, တေဇော, အာပေါ, ဝါယော တည်းဟူသော ဓာတ်ကြီးလေးပါးတို့၏ အစုအဝေးသာ ဖြစ်သည်ဟူ၍ လည်းကောင်း၊ ရုပ်တရား, နာမ်တရား ရုပ်နာမ် ၂-ပါးသာဖြစ်သည်ဟူ၍လည်းကောင်း၊ သူတကာ ပြောကြ ဟောကြသည်ကို ကြားနာကြရ၍၊ အမှတ်သညာအားဖြင့် မှတ်ကြ၏၊ ပြောကြ၏။ ထိုသို့မှတ်သား ပြောဆိုခြင်းကား၊ ရှင်တော်ဘုရား ဟောကြားတော်မူသည့်အတိုင်းဖြစ်၍ အမှန်ကို မှတ်သားခြင်း၊ ပြောဆိုခြင်းပင်ဖြစ်ပေသည်။ သို့သော်လည်း ထိုဓာတ်ကြီး ၄-ပါး၊ သို့မဟုတ် ရုပ်နာမ် တရားတို့၏ သဘာဝဓမ္မကိုကား ပိုင်ပိုင်နိုင်နိုင် အဟုတ်တကယ် သိသူကား ရှားလှ၏။ သိအောင်လည်း အားထုတ်သင့်သလောက် အားမထုတ်ကြ၊ မကြံကြ၊ ကလျာဏမိတ္တ၊ ဥပနိဿ၊ ဆရာကောင်းထံသို့လည်း ချဉ်းကပ်ခြင်း၊ ဆုံးမသြဝါဒကို ခံယူခြင်း မပြုကြဘဲ၊ ထိုသညာသိ ကလေးကို အဟုတ်သိ, တကယ်သိ, အသိကြီးသိပြီး အထင်နှင့် တင်းတိမ်ပြီး လျှင် စားခါ, သောက်ခါ, ဝါကြွားခါ ကာမဂုဏ် စည်းစိမ် အမျိုးမျိုးနှင့်သာ ယစ်ပြီး အချိန်ကို ကုန်လွန်စေသူကား များလှ၏။ လူအဖြစ်, လူ့ဘဝကိုရပြီး သာသနာတော်အတွင်း၌ ကြုံကြိုက်လျက်နှင့် ရုပ်ဓာတ်, နာမ်ဓာတ်သဘာဝဓမ္မကို ပိုင်ပိုင်နိုင်နိုင်အဟုတ်တကယ် မသိက၊ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်မရဘဲ၊ မဂ်စခန်း၊ ဖိုလ်စခန်း

နှင့်ဝေးပြီး "ရေတိမ်တွင်နစ်"ဆိုသော စကားကဲ့သို့ သံသရာ ဝဲသြဃဿ် နစ်တုံ့ ပေါ်တုံ့ တဝဲလည်လည် မြောပါးရန်သာ ဖြစ်လေတော့မည်ကို ကောင်းစွာ သတိပြုရန် သင့်လေတော့၏။

ပိုင်ပိုင်နိုင်နိုင်သို့ အဟုတ်သို့ တကယ်သို့ ဆိုသည်မှာ၊ (၁) ပညတ်ပရမတ်ကို ခွဲခြင်းသိုခြင်း။ (၂) ပရမတ်တို့၏ သဘာဝဓမ္မကို လက္ခဏာရေး ၃-ပါးနှင့်တကွ ခန္ဓာထဲ၌ စိတ်ကူး၍ ရှင်တော်ဘုရားဟောဘော်ပြသည့်အတိုင်း တသွေမတိမ်းသိခြင်းကို ဆိုအပ်သည်။

ပရမတ် ဆိုသည်မှာ အဟုတ်ရှိသောတရား။ ပညတ် ဆိုသည်မှာ အဟုတ်မရှိသော တရားကိုဆိုအပ်သည်။ မြေနေပုံသဏ္ဌာန်ကို စွဲ၍ အိုး, ခွက်, အင်တုံ, စလောင်းဟူ၍ ခေါ်ဆိုအပ်၏။ မြေကို လှတ်၍ အိုး, ခွက်, အင်တုံ, စလောင်းမရှိ၊ မြေသာအမှန်ရှိသကဲ့သို့ ပရမတ်ဆိုသည်မှာ အဟုတ်ရှိ၊ တကယ်ရှိ၊ အမှန်ရှိတရားကို ဆိုအပ်သည်။ ပညတ်ဆိုသည်မှာ အဟုတ်မရှိ၊ တကယ်မရှိ၊ အမှန်မရှိသောတရားကိုဆိုအပ်သည်။ ပရမတ်, ပညတ်နှစ်ပါးကို ပိုင်းခြား၍ သိမှသာလျှင် မင်္ဂလာပေါက်, ဖိုလ်ပေါက်, နိဗ္ဗာန်သို့ရောက်မည်။

ပရမတ်, ပညတ်နှစ်ပါးတို့တွင်၊ ပညတ်သည် အဘာဝပညတ်၊ သဏ္ဌာနပညတ်၊နာမပညတ်ဟူ၍ အကျဉ်းအားဖြင့် ပညတ် ၃-မျိုး ရှိသည်။ (၁) ဘာဝမျှမရှိခြင်းသည် အဘာဝပညတ်။ (၂) အမှုန်အမှား, အလုံးအခဲ, အထည်ဝတ္ထုသည် သဏ္ဌာနပညတ်။ (၃)ခေါ်ဝေါ်အပ်သော အမည်နာမသည်နာမပညတ်။ ဤသို့လျှင် ပညတ် ၃-ပါး အပြားရှိသည်ကို သိကြပါလေ။

ပရမတ်သည် စိတ်,စေတသိက်, ရုပ်,နိဗ္ဗာန်ဟူ၍ ၄-ပါး ရှိသည်ကို သိကြလေ။ ထိုပညတ်, ပရမတ် တရားနှစ်ပါးကို သိမှုသည် သညာသိ, ဝိညာဏ်သိ,ပညာသိဟူ၍ အသိ ၃-မျိုးရှိ၏။ ထိုအသိ ၃-မျိုးရှိသည့်အနက် ရုပ်နာမ်ဓမ္မတို့ကို ပညာသိ အသိမျိုးဖြင့် သိမှ ပိုင်ပိုင်နိုင်နိုင်သိ၊ အဟုတ်တကယ်သိဟု ဆိုအပ်ကုန်သည်။

ပညတ် ၃-မျိုးမှလွဲ၍ သိမှုသည် ပညာသိမည်၏။ ခန္ဓာထဲ၌ စိတ်ကူး၍ သိမှုသည် ဝိညာဏ်သိမည်၏။ စာထဲ၌ အမှတ်ပြု၍ သိမှုသည် သညာသိမည်၏။ပညတ်,ပရမတ်ကို ခွဲခြားမသိသည့်အတွက် ပညတ်တွေ့ကို အဟုတ်ကြီး အရှိထင်နေသမျှ, မြင်နေသမျှကာလ ပတ်လုံး အပါယ်နှင့်မကင်းမပြတ်, အပါယ်မင်းတို့ပိုင်နက် အုံမင်း, သေမင်းတို့ပိုင်နက်က မလွတ်ထွက်နိုင်ကြကုန်။ ။ထင်ရှား မရှိသေးပညတ် ၃-ပါးမှ လွတ်၍ အဟုတ်ရှိ တကယ်ရှိ ပရမတ်အစစ် အသားနှစ်ကို ထုတ်နှုတ်ယူငင်သိမြင်နိုင်သော ပရမတ်မျက်စိ၊ အလင်းရှိအောင်ကြိုးပမ်းအားထုတ်ရာ၏။ ထိုပရမတ်မျက်စိ၊ အလင်းရှိသောပုထုဇဉ်ကို ကလျာဏပုထုဇဉ်။ မသိမမြင်သော ပုထုဇဉ်ကို သိမြင်နိုင်သော မျက်စိအလင်းမရှိသည့်အတွက် အန္ဓပုထုဇဉ် ပုထုဇဉ်ကန်းဟူ၍ ခေါ်ဆိုအပ်သည်။ ပရမတ်အစစ်ဆိုသည်မှာ၊ ရုပ်နာမ်တရားတို့၏ သဘာဝလက္ခဏာကို ပရမတ်အစစ် ဆိုအပ်သည်။ ထိုပရမတ်အစစ်ဆိုဖြစ်သော နာမ်,ရုပ်ကို ပိုင်ပိုင်ပိုင်နိုင်နိုင်အဟုတ်သို, တကယ်သို, သိနိုင်လျှင် တဏှာ၊မာန၊ ဒိဋ္ဌိကင်းရှင်း အိုလက်စ၊ နာလက်စ၊ သေလက်စသိမ်းရှင် ငြိမ်းကြီးငြိမ်းကြရ၊ အေးကြီးအေးကြရမမည် ဆိုလိုသည်။

ဤ ရုပ်,နာမ် သဘာဝကို အပိုင်သိ, အနိုင်သိ, အဟုတ်သို, တကယ်သို ဆိုအပ်သည်မှာလည်း ပရိညာ ၃-ပါးဖြင့် ခွဲစိတ်ဝေ

ဘန်၍ သိခြင်းကိုဆိုအပ်သည်။ ထိုပရိညာသည် လေးကိပရိညာ၊ လောကုတ္တရာ ပရိညာနှစ်မျိုးရှိရာတွင်၊ လောကိပရိညာမှာ ကိစ္စမပြီး၊ အသိ ဆုံးခမ်းမရောက်၊ခဲရောင်,သံရောင်,ကြေးရောင်နှင့် တူ၏။ တဖန်ဆုတ်ယုတ် ပျက်ပြယ်တတ်သည်။လောကုတ္တရာ ပရိညာမှာ ကိစ္စပြီး၍ အသိ ဆုံးခမ်းရောက်သည်။ရွှေရောင်, ငွေရောင်နှင့် တူ၏။ တဖန်ဆုတ်ယုတ်ပျက်ပြယ်ခြင်းမရှိ။

(ပရိညာ ၃-ပါးဖြင့် သိပုံကို ရှေးစာပိုဒ်မျှးဥ ဘော်ပြပါအံ့)။

လောကိပရိညာအသိဖြင့် သိလျက်ပင်၊ အယူစင်၍ စွဲငြိသော တာဟန့်ဆိုရာသဖြင့် သေသည်၏အခြားမဲ့၌ ဂတိမြဲခြင်း၊ တိဟိတ်ပဋိသန္ဓေနေရခြင်း၊ ပညာကြီးခြင်း၊ နောင်အသိအမြင်အဆုံးသို့ ရောက်လွယ်ခြင်း အကျိုးတို့ကို ရနိုင်သည်။ သုတသိလည်းရှိ၊ယောနိသော မနသိကာရလည်းရှိမှ လောကိ ပရိညာသိ လောကုတ္တရာပရိညာသိကိုရနိုင်သည်။ သုတသိ ဆိုသည်မှာ ဆရာကောင်းထံမှ အသင် အကြား အမှတ်အသား၊ အရအမိရှိ၍ သိအပ်သော အသိကို ဆိုအပ်သည်။ ထိုကဲ့သို့ အသိရှိမှလည်း နှလုံးသွင်းတတ်သည်။ မသိက နှလုံးမသွင်းတတ်။ ယောနိသော မနသိကာရ ဆိုသည်မှာ မှတ်သား ရမိသည့်အတိုင်း စိတ်ကို အာရုံတိုင်း၌ ဟုတ်မှန်သော အခြင်း အရာဖြင့် နှလုံးသွင်းမှုကို ဆိုအပ်သည်။

ယခုအခါ အရပ်ပြစ်ရှစ်ပါးမှ ကင်းလွတ်၍ ရုပ်နာမ်ကိုသိနိုင်၊ မဂ်ကိုရနိုင်သော နဝမခေတ်ဟုဆိုအပ်သော ခေတ်အတွင်း၌ စက်လေးစုံသမ္မတို့ကြုံ၍ လူ,ဘုံ၌ လူအဖြစ်ကို ရကြကုန်သော အမျိုးကောင်းသားတို့သည်၊ ဤဘဝ၌ပင် မဂ်ဖေါက်,ဖိုလ်ဖေါက်, အသိအဆုံး ရောက်ဘို့ရန်သော်လည်းကောင်း။ အနွယ်ဝုဏ္ဏ အဖြစ်မှ

လွတ်၍ ကလျာဏပုထုဇဉ်အတွင်း ဝင်နိုင်ရန်သော်လည်းကောင်း၊ ရတနာသုံးပါးကို သိနိုင်,မြင်နိုင်၍၊ ပြုသမျှ ဒါန,သီလ,ဘာဝနာတို့ ထက်မျက်သန်မြန်ပြီး၊ နောင်မဂ်အခြေ၊ ဖိုလ်အာအာခြ ဖြစ်ဘို့ရန်သော်လည်းကောင်း၊ ဝသီ,ဆန္ဒ အာသီဝညာ၊ ပါရမီမျိုးဖြစ်စေရန်သော်လည်းကောင်း၊ ယင်းကဲ့သို့သော အကျိုးတို့ကို ရည်သန်၍ အဟုတ်ရှိ၊ တကယ်ရှိ၊ ပရမတ်သဘောကို သိနိုင် မြင်နိုင်သော ပရမတ်မျက်စိအလင်းကို၊ အခွင့်သာခိုက်ရမိအောင် ဆည်းဘူး မှတ်သား သင်ကြားလေ့လာရန် ကောင်းတော့သည်။ ရှင်တော်ဘုရားဟောကြားတော်မူသော ရုပ်တရား၊ နာမ်တရား၊ နိဗ္ဗာန်တရားတော်များကို ကြားချင်၊နာချင်၊ သိချင်၊ မှတ်ချင်သော ဆန္ဒအလေ့အလာ များများကြီး ရှိကြကုန်ရာသည်။ ။

တရား-ဟူသည် သဘောကို ဆိုအပ်သည်။ သဘော-ဟူသည် အကောင်မဟုတ် သတ္တဝါမဟုတ်၊ အသက်မဟုတ်၊ အလုံးအခဲ အမှုန်အမွှားမဟုတ်သည်ကို ဆိုအပ်သည်ကို မြဲမြဲကြီး မှတ်ပါလေ။

ဓာတ်ကြီးလေးပါးဟူသည် အဘယ်သဘောကို ဆိုအပ်ပါသနည်း။

တေဇောဓာတ်။ ။မိမိခန္ဓာကိုဖြစ်ခစေ၊ သူတပါးခန္ဓာကိုဖြစ်စေ၊ လက်ဖြင့်စမ်းသပ်ကြည့်လျှင် ပူနွေးသောသဘော၊ သို့မဟုတ်-ဧသောသဘောတခုခုရှိကြောင်းကို သိသာပါလိမ့်မည်။ ထိုပူနွေးသော သဘော ဧသောသဘောကို တေဇောဓါတ်ဟု လောကသင်္ကေတအားဖြင့် ခေါ်အပ်သည်။ ၎င်းတေဇော ဓာတ်သည် သတ္တဝါတို့၏ ခန္ဓာဌ်သာရှိသည်မဟုတ်၊ သစ်ပင်,တောတောင်,ရေ,မြေ,အရာဝတ္ထုအစရှိသည့် အရာရာတိုင်းဌ် ရှိလေ၏။ ရှိကြောင်းကို အထက်ဌ် ဖေါ်ပြသည့် နည်းအတိုင်းလက်ဖြင့် စမ်းသပ်ကြည့်

ခြင်းအားဖြင့် သိနိုင်ပေ၏။ တေဇောဓာတ်သည် အမှုန်အမှား, အထည်ဒြပ်, စသော သဏ္ဌာန် ဟုတ်လေသလား၊ဟု တွေးကြည့်၊ မဟုတ်ကြောင်း မိမိဉာဏ်ဖြင့် တွေ့မြင်လိမ့်မည်၊ တေဇောဓာတ်သည်၊ ရင့်စေ ကျက်စေတတ်သော ဆွေးမြေ့ လောင်ကျွမ်းစေတတ်သော အပူ,အေ,အနွေး,အင့ေ့သဘော သတ္တိ-ဟူ၍သာ ဉာဏ်ဖြင့် သိအပ်မြင်အပ်၏။ယင်းသဘောသတ္တိမှ တပါး တေဇောဓာတ်ဟူ၍ မှုတ်စရာ တခြားမရှိ၊ တေဇောဓာတ် အထည်ဒြပ် သဏ္ဌာန်မရှိသည်ဖြစ်၍၊ သဏ္ဌာနပညတ်လည်းမဟုတ်၊ ခေါ်စရာ အမည်မရှိဘဲ အပူ အအေး သဘောမျှသာ သီမှတ်သည် ဖြစ်၍၊ နာမပညတ်လည်းမဟုတ်၊ တေဇောဓာတ် သည် မိမိခန္ဓာ သူတပါး ခန္ဓာ၌ အမှုန်ရှိကြောင်းကို ဉာဏ်ဖြင့် သိအပ်၏။ သို့ဖြစ်၍ ဘာမျှ မရှိဟူသော အဘာဝ ပညတ်လည်းမဟုတ်၊ ဤသို့သဏ္ဌာန် ပညတ်, နာမပညတ်, အဘာဝပညတ် တည်းဟူသော ပညတ်သုံးပါးမှ လွတ်နေသောကြောင့် တေဇောဓာတ်သည် ပညတ်မဟုတ်ပရမတ် အမှုန်ဖြစ်ကြောင်းကိုသိပါလေ။

ပထဝီဓာတ်။ ။မိမိခန္ဓာ၊ သူတပါးခန္ဓာကို လက်ဖြင့် စံမ်းသပ်ကြည့်၍၊ ပူ,အေးသော သဘောရှိသည်ဟု သိရလျှင်၊ ထို ပူ, အေးသော သဘော၏ တည်ရာသဘောတခုသည်လည်း မုချကောန် ရှိရာ၏ဟု ဉာဏ်ဖြင့် သိနိုင်၏။ ထိုသည်ရာသဘောသည် ခက်မာကြမ်းတမ်းသော သဘော၊ နူးညံ့သော သဘောမျှသာ ဖြစ်ကြောင်းကို ဉာဏ်ဖြင့် သိပါလိမ့်မည်။ ထိုသဘော သတ္တိသည်၊ လူခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာ၊ သစ်ပင်-တော-တောင်-ရေ-မြေ-အစရှိသည့် အရာတိုင်းတို့၌ ရှိပေမည်လားဟု တွေးကြည့်လျှင်၊ မုချရှိကြောင်းကို သိမြင်ပါလိမ့်မည်။ ထိုသဘောကို ပထဝီဓာတ်-

ဟု ခေါ်သည်။ ထိုပထဗီဓာတ်ဟု ခေါ်ဝေါ်အပ်သော ခက်မာသော နူးညံ့သောသဘောသည် အမှုန်အမှားအထည်ဒြပ်-စသော သဏ္ဌာန်ဟုတ်လေသလားဟု တွေးကြည့်လေ၊ မဟုတ်ကြောင်း ဉာဏ်ဖြင့် သိမြင်ပါလိမ့်မည်။ ခက်မာကြမ်းတမ်းသော သဘောနူးညံ့သော သဘောမျှသာဖြစ်ကြောင်း ဉာဏ်ဖြင့် သိမြင်ပါလိမ့်မည်။ ယင်းသဘောမှတပါး ပထဝီဟူ၍ မှတ်စရာ တခြားမရှိ၊ အထက်က ဘော်ပြခဲ့သည့်အတိုင်း ပထဝီဓာတ်သည်လည်း ပညတ်ဥ-ပါးမှ လွတ်မလွတ် ဉာဏ်ဖြင့်တွေးကြည့်လျှင် လွတ်နေသည်ဖြစ်သောကြောင့်၊ ပရမတ်ဖြစ်ကြောင်းသိအပ်၏။

အာပေါဓာတ်။ ။တေဇောဓာတ်၊ ပထဝီဓာတ်သာလျှင် အမှုန်အမှား,အထည်ဒြပ်သဏ္ဌာန်စသည် မရှိသည်မဟုတ်၊ လောကသင်္ကေတအားဖြင့် အာပေါဟု ခေါ်ဆိုအပ်သော သဘောတမျိုးသည်လည်း အထည်ဒြပ် သဏ္ဌာန်မရှိလေ။ ၎င်းအာပေါဓာတ်သည် အတူဖြစ်သော ဓာတ်တို့ကို တလုံးတစည်းတည်းဖြစ်အောင် ဖွဲ့ကပ်တတ်သော သဘော,ယိုစီးပြန့်နှံ့တတ်သော သဘောဟူ၍ သာလျှင် ကြည့်ရှုသောသူ၏ ဉာဏ်ဖြင့် သိအပ်စရာ သဘော်လက္ခဏာမျှသာ ဖြစ်ပေ၏။ အာပေါဓာတ်သည်လည်း အမှုန်အမှားသဏ္ဌာန်မရှိ။ အမည်မရှိသည်ဖြစ်၍၊ သဏ္ဌာန ပညတ် နာမပညတ်မှ လွတ်နေ၏။ အာပေါဓာတ်သည်တကယ်ကောန်ရှိနေသည်ကို ဉာဏ်ဖြင့် သိရသောကြောင့်၊ ဘာမျှမရှိဟူသော အဘာဝပညတ်မှလည်း လွတ်နေ၏။ ထိုကြောင့် အာပေါဓာတ်သည်လည်း ပရမတ်အမှုန်ဖြစ်၏။

ဝါယောဓာတ်။ ။ဝါယောဓာတ်ဟု ဆိုအပ်သော ဓာတ်သည်လည်း ပထဝီ,တေဇော,အာပေါဓာတ်များကဲ့သို့ပင်အထည်

ဒြပ်,သဏ္ဌာန်စသည် မုခ္ဂုစင်စစ်မရှိသည်ကို ဉာဏ်ဖြင့် တွေးကြည့်လျှင်သိနိုင်၏။ ၎င်းဝါယောဓါတ်သည် တွန်းတတ်သောသဘော၊ ကန်တတ်သောသဘော၊ လှုပ်ရှားစေတတ်သောသဘော၊ကလာပ်တပါးကို ကလာပ်တပါးသို့ ရောက်စေတတ်သော သဘောဟူ၍ သာလျှင် ဉာဏ်ဖြင့်သိမြင်နိုင်၏။ အထက်က့ဖေါ်ပြခဲ့သည့်အတိုင်း အထည်ဒြပ် သဏ္ဌာန်မရှိ၍ သဏ္ဌာနပညတ်မှ လွဲတ်၏။ အမည်မရှိ၍ နာမပညတ်မှလွဲတ်၏။ ဝါယောဓါတ်သည် တကယ်စင်စစ်ရှိသည်ကို ဉာဏ်ဖြင့်သိရ၍၊ ဘာမျှမရှိဟူသော အဘာဝပညတ်မှလည်း လွဲတ်နေသောကြောင့်၊ ဝါယောဓါတ်သည်လည်း ပညတ်မဟုတ်၊ ပရမတ်ဖြစ်ကြောင်း သိအပ်လေသည်။

ဤဓါတ်ကြီး ၄-ပါးကို ဉာဏ်ဖြင့်ထိုးထွင်း၍ ပညတ် ၃-မျိုးမှ လွဲတ်၍ သိခြင်းသည် ပညာသိမည်၏။ပညာသိဖြစ်မှ ပရမတ်အစစ် ဓါတ်အနှစ်ကိုတွေ့သည်။ ဓါတ်အနှစ်ဟူသည် သဘာဝပင်တည်း။ သဘာဝ (သ-မိမိဟူသော။ ဘာဝ-မှတ်ကြောင်း)။ မိမိဟူသော မှတ်ကြောင်း။

ဤသို့သဘာဝဆိုက်လျှင် ညာတပရိညာပိုင်တော့၏ (ညတ = သိအပ်,သိသင့်,သိထိုက်သော ပရမတ်လက္ခဏာကို + ပရိ = ပိုင်းခြားး၍+ညာ = သိမှု) သိအပ်, သိသင့်, သိထိုက်သော ပရမတ်လက္ခဏာကိုပိုင်ခြားး၍သိမှုကို ညာတပရိညာဟု ခေါ်အပ်၏။

ထိုသို့ပြဆိုအပ်ပြီးသော ပထဝီ, အာပေါ, တေဇော, ဝါယောတည်းဟူသော ဓါတ်၄-ပါးကို ဘုရားရှင်သည် သဘောလက္ခဏာကိုသာဟော၏။ ထိုသဘောလက္ခဏာမှတပါး၊ စင်စစ် အထည်ဒြပ်, အမှုန်, အမှား သဏ္ဌာန် စသည်ရှိ၏ဟူ၍ မဟော မပြော

အပ်ပေ။ ဤပြဆိုအပ်ပြီးသော ဓါတ် ၄-ပါးတို့တွင် တစုံတခုသော ဓါတ်သည်လည်း အထည်ခြုပ်, အမှုန် အမှား, ကိုယ်ထည်, ကိုယ်ကောင်စသည် မုချမရှိ။ စင်စစ် မှတ်ကြောင်းလက္ခဏာ သဘောမျှသာရှိသောကြောင့်၊ ဘုရားရှင်သည် ၎င်းဓါတ် ၄-ပါးကိုပရမတ္ထဟူ၍လည်းကောင်း၊ ဓါတု ဟူ၍လည်းကောင်း၊ ဓမ္မဟူ၍ လည်းကောင်း၊ ဝေဒါဟာရအမည်တပ်၍ ဟောတော်မူအပ်၏။ ထိုသို့အမည် ၃-မျိုး ကွဲပြား၍ ဟောတော်မူအပ်သော်လည်း အနက်အရမှာ အထည်ခြုပ် စသည်မရှိသော ထိုသို့သော မှတ်ကြောင်းလက္ခဏာသဘောသတ္တိမျှကိုသာ မုချရလေတော့၏။ ထိုသို့ရခြင်းကြောင့် အနက်အရမှာတူကြပေ၏။

ဘော်ပြသောဓါထ်ကြီး ၄-ပါးကို မဟာဘုတ်ဟူ ခေါ်အပ်သည်။အဘယ်ကြောင့်ခေါ်အပ်သနည်းဟူမူ၊ ၎င်းတို့သည် မျှားစ့ာစုပေါင်းလျက် ကြီးကျယ်စ့ာ ထင်ရှား ဖြစ်ကြ ကုန်သောကြောင့်တည်း။ ထိုသို့ထင်ရှားဖြစ်ခြင်းကြောင့်လည်း မျက်လှည့်သည်တို့သည်မဟုတ်သည်ကို အဟုတ်ထင်အောင်ပြသကဲ့သို့လည်းကောင်း၊ ဘီလူးမသည် မိမိ၏ကြောက်မက်ဖွယ်အသွင်အပြင်ကို မသိ,မမြင်စေဘဲ နတ်သမီးကဲ့သို့သော အသွင်အပြင်ကိုပြ၍၊ သတ္တဝါတို့ကို လှည့်စားကုန်သကဲ့သို့လည်းကောင်း၊ ဤမဟာဘုတ်အစုအပေါင်းသည်လည်း မိမိ၏သဘောလက္ခဏာကဲ့ မသိ,မမြင်စေဘဲ၊ စင်စစ် လူ, နတ်, ဗြဟ္မာ, သတ္တဝါဟု ထင်အောင် အနွှဲပုထုဇဉ်မိုက်တို့ကို လှည့်ပတ်ကုန်၏။ ထိုသို့ ဘီလူးမကဲ့သို့ လှည့်ပတ်တတ်ကုန်သည်၏ အဖြစ်ကြောင့် လည်းကောင်း၊ နွေတိုင်းနွေတိုင်း ၎င်းမဟာဘုတ်အစုအဝေးကို။ ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော မျှားစ့ာသော ပြုပြင်တတ်သောအကြောင်းတို့ဖြင့် ဆောင်အပ်ကုန်သည်၏

အဖြစ်ကြောင့်လည်းကောင်း၊ ၎င်းမဟာဘုတ် အစုသည် စင်စစ် ဘောက်ပြန်ခြင်း၊ ကြီးမားခြင်းသို့ ရောက် ကုန် သည်၏ အဖြစ် ကြောင့်လည်းကောင်း၊ မဟာဘုတ်မည်ကုန်၏။ ၎င်းမဟာဘုတ် ၄-ပါးဟု ခေါ်အပ်သော ဓါတ် ၄-ပါးအစုအဝေးသည် ပညတ် ၃-ပါးမှလွတ်နေ၍ ပရမတ်အစစ်ဖြစ်သောကြောင့်၊ ဒြပ်သဏ္ဌာန် မရှိ၊ အကောင်မဟုတ်၊ သတ္တဝါမဟုတ်ကြောင်းကိုလည်း ထပ်မံ၍ ပညာဖြင့်သိလေ။

ပထဝီ, အာပေါ, တေဇော, ဝါယော တည်းဟူသော မဟာ ဘုတ် ၄-ပါးနှင့် မကွေမကွာ အမြဲပေါင်းစပ်နေသော အခြားဓါတ် များး။ ၂၄-ပါးလည်း ရှိသေး၏။ ထိုဓါတ်များအနက် အရေး ကြီးသောဓါတ် ၄-ပါးတို့ကား၊ အဆင်းဓါတ်(ဝဏ္ဏ)၊အနံ့ဓါတ် (ဂန္ဓ)၊ အရသာဓါတ်(ရသ)၊ သြဇာဓါတ်(သြဇာ)တို့ ဖြစ်လေ သည်။

ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ, တည်းဟူသော ဤဓါတ်ရှစ်ပါး၏ အပေါင်းကို အဋ္ဌကလာပ်ရုပ် ဟူ၍ခေါ်ဆိုအပ်၏။ (အဋ္ဌ-ရှစ်ခု၊ ကလဲ့ပ်-အစုအပေါင်း)။ရှစ်ခု သောဓါတ်တို့၏ အစုံအပေါင်းပေတည်း။ ၎င်းဓါတ်ရှစ်ပါးသည် အချမ်း, အပူစသော ဝိရောဓိ ပစ္စည်းတို့ကြောင့် ဖေါက်ပြန်တတ် ၏။ထိုကြောင့် ရုပ်ဓါတ်ဟု ခေါ်ဆိုအပ်သည်။ ၎င်းဓါတ်ရှစ်ခု ပရမတ်အစုကို အသိုးသိုး တခုစီ, တခုစီနေအောင်ခွဲခြမ်းစိတ်ဖြာ၍ မရစကောင်းသောကြောင့် အဝိနိဗ္ဘောဂရုပ်ဟူ၍ ခေါ်အပ်၏။ ထိုရှစ်ပါးသောရုပ်တို့သည် အခါခပ်သိမ်း ဖြစ်သော်လည်း အတူ ဖြစ်၏။ခွဲ၍သော်လည်း အလားတူခွဲ၍ပ်၏။ အဘယ်အခါကာလ

မျသော်လည်း ကေ့ကွင်းခြင်းငှာ မတတ်နိုင်။ မကေ့မကွာဖြစ်ကြကုန်၏။ အဆင်းဓါတ်, အနံ့ဓါတ်, အရသာဓါတ်, သြဇာဓါတ်တို့ကို ဥပါဒါရုပ်ဟု ခေါ်အပ်သည်။ အဘယ်ကြောင့်နည်းဟူမူ၊ ၎င်းတို့သည် မဟာဘုတ်တို့ကိုမှီ၍ ဖြစ်သောကြောင့်ပင် ခေါ်အပ်သည်ဟုမှတ်ပါလေ။

အဆင်းဓါတ်သည် မျက်စိအာကြည်၌ ရှေ့ရှုထိခိုက်တတ်သော သဘောဟူ၍ မှတ်ကြောင်း။

အနံ့ဓာတ်သည် နှာခေါင်းအကြည်၌ ရှေ့ရှု ထိခိုက်တတ်သော သဘောဟူ၍ မှတ်ကြောင်း။

အရသာဓာတ်သည် လျှာအကြည်၌ ရှေ့ရှု ထိခိုက်တတ်သော သဘော ဟူ၍မှတ်ကြောင်း။

သြဇာဓာတ်သည် အာဟာရကြောင့် ဖြစ်သောရုပ်ကလာပ်တို့ကို ဖြစ်ပွားစေတတ်သော သဘောဟူ၍ မှတ်ကြောင်း။

ထိုရုပ်ဓာတ်ရှစ်ပါး ပရမတ်တရားတို့တွင် အဘယ်ရုပ်ဓာတ် သဘောမှာမှ စင်စစ်ပြစရာ, အထည်ခြုပ်သလွှာန် အမှုန်အမွှား, အလုံးအခဲဟူ၍ စိုးစဉ်း အနည်းငယ်မျှမရှိဘဲ၊ သက်သက်မိုက်တို့၏ မှတ်ကြောင်း သဘောလက္ခဏာမျှသာ အစဉ်တသန္တာန်, ဗဟိဒ္ဓသန္တာန် အားလုံးစကြာဝဠာ ခန္ဓာထဲ၌ အနှံ့အပြား ထင်ထင်ရှားရှားရှိသည်ကို ဉာဏ်ဖြင့် ထိုးထွင်း၍ သိကြ-မှတ်ကြလေ။

ထိုပြဆိုအပ်ပြီးသော အဝိနိဗ္ဘောဂရုပ်ရှစ်ခုသည် ကမ္မဇကလာပ်တိုင်း၌လည်းကောင်း။ စိတ္တဇကလာပ်တိုင်း၌လည်းကောင်း။ အာဟာရဇကလာပ်၌ လည်းကောင်။ ဥတုဇကလာပ်တိုင်း၌လည်း

ကောင်း။ ထိုသို့ပါရှိခြင်းကြောင့် ၎င်းရုပ်ရှစ်ခုတို့သည် ကံ့စိတ်, ဥတု, အာဟာရဟု ဆိုအပ် ကုန်သော ၄-ပါးသော အကြောင်း တရားတို့ကြောင့်၊ မုချ ဖြစ်ကြောင်းကို ထင်ရှားသိကြ ပါလေ။ ထို ကံ, စိတ်, ဥတု, အာ ဟာ ရ အကြောင်း တ ရား ၄ ပါးတို့ ကြောင့်ဖြစ်ကြကုန်သောရုပ် ဂ-ခုတို့သည်၊စင်စစ်ပုဂ္ဂိုလ်,သတ္တဝါ, မိန်းမ, ယောကျ်ား, နတ်, လူ, ငြဟ္မာ, ရှဲ, ငွေ့စသည်မဟုတ်၊ ပရမတ္ထသဘောဓာတ်ရှစ်ပါးဟု ခေါ်ဆို အပ်သောအဋ္ဌကလာပ် ရုပ်တို့၏ အစုံအပေါင်းမျှသာ ဖြစ်ကုန်၏။ အဘယ်ကြောင့် ဆိုသော် ကလာပ်တစည်းစီ တစည်းစီ ထုတ်နှုတ်၍ ယူလိုက်လျှင် က လာပ် စည်း တွေ့ ကုန်သည့်အခါ၊ ငါကောင်, သူကောင်, မိန်းမ, ယောကျ်ား, သား,သမီး, လင်,မယား,ရှဲ,ငွေ့,ဟူ၍ ပြုလုပ် စရာ ဘာမျှမရှိ ဘာမျှမကျန်တော့ပေ။ အဘယ်ကြောင့်မကျန် သနည်းဟူမူ၊ မူလကိုကပင် ၎င်းအဋ္ဌကလာပ်ရုပ် ရှစ်ပါးအစုံ အပေါင်းမျှသာ ဖြစ်ပါသည်။ ထိုကြောင့် ဘာမျှ မကျန်ပါ။ထိုသို့ ဘာမျှမကျန်သည်၏အဖြစ်ကို သိပါလေ။ ထိုပရမတ္ထသဘောအစု တို့၏ ဖြစ်ကြောင်းဖြစ်သော အကြောင်းတရား ၄-ပါးတို့တွင် လည်း ကံသည် စင်စစ်ပြုပြင်တတ်သော အတိတ်စေတနာ သဘော မျှသာ ဖြစ်သည်၏ အဖြစ်၊ စိတ်သည် အာရုံကို သိတတ်သော သဘောမျှသာဖြစ်သည်၏အဖြစ်၊ ဥတုသည်လည်း သီတဥတု၊ ဥဏှ ဥတုမျှသာဖြစ်သည်၏အဖြစ်၊ အာဟာရသည်လည်း အဟာရဇရုပ် ကိုဖြစ်စေတတ်သော သြဇာသဘောမျှသာ ဖြစ်သည်၏အဖြစ်ကို လည်းကောင်း စင်စစ်ပိုင်းခြား၍သိအောင်ပြုလေ။ သို့ ထိုရုပ် ဓာတ် ရှစ်ပါးတို့ကို ပိုင်းခြား၍ သိကြလျှင် **ရူပ ပရိစ္ဆေဒဉာဏ်** ဖြစ်၏။ **ဤတပရိဤဉာကိစ္စလည်း ပြီးဆုံးလေတော့၏။**

မှတ်ချက်၊

ပရမတ္ထတရားကို ရှင်နေသောအသက်ဟု စွဲဖွယ်လျှင် ဇီဝဒိဋ္ဌဖြစ်၏။ အထည်ဝတ္ထု တည်းဟူသောဒြပ်အရှည်,အတို,အမှုန် စသော သဏ္ဌာန်၊ ကိုယ်ထည်,ကိုယ်ကောင်တည်းဟူသော ဝိဂ္ဂဟ ၃-ပါးဖြစ်သော သရီရသည် စစ်စစ်မရှိသည်ကိုပင် အရှိပြု၍ စွဲယူကြလျှင် သရီရဒိဋ္ဌဖြစ်၏။

စာထဲမှာမဟုတ်၊ ခန္ဓာထဲ၌ ထင်ရှားသော ဓာတ်ရှစ်ပါး အစုအပေါင်း၏ သဘာဝဓမ္မကိုလည်းကောင်း။ အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း၊ လှည့်ကာ, လှည့်ကာ တွေးတော ဆင်ခြင်အောက်မေ့နေသည်ကို ဘာဝနာ စီးဖြန်း ပွားများနေသည်ဟူ၍လည်း ခေါ်အပ်သည်။ ကမ္မဋ္ဌာန်းရှုနေသည် ဟူ၍လည်း ခေါ်အပ်သည်။ တရား ဓမ္မ အား ထုတ် နေသည် ဟူ၍ လည်း ခေါ် အပ်သည်။ ထို ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်း ပွားများ အားထုတ်နေခိုက်၊ စိတ်ဓာတ် အစဉ်သည် ဟိုဟို, ဒီဒီ၊ တောင်မြောက် ၄-ပါးသို့ မရောက်ဘဲ ဓာတ်ရှစ်ပါးထဲသို့ရောက်၍ တည်နေ၏။ ထိုသို့တည်နေသည်ကို သမာဓိဟု ခေါ်ဆိုအပ်သည်။ ။သမာဓိဖြစ်ခိုက် ၎င်းသမာဓိသည်ကာမစ္ဆန္ဒ, ဗျာပါဒ, အစရှိသော နိဝရဏတရားတို့ကို ငြိမ်းစေ တတ်သောကြောင့်၊ ၎င်းသမာဓိကိုပင် သမထဟု ခေါ်အပ်သည်။ သမထနှင့် ဘာဝနာကိုပေါင်းသော် သမထဘာဝနာဖြစ်လေသည်။ သမာဓိနှင့် ဘာဝနာကို ပေါင်းသော်၊ သမာဓိဘာဝနာဖြစ်လေသည်။

ညာတပရိညာပြီးဆုံးပြီးနောက်၊ တီရဏပရိညာ၊ ပဟာန ပရိညာကိစ္စတို့ ပြီးဆုံးစေရန် ပြုဆိုခဲ့ပြီးသော အဂိန်ဗ္ဘောဂရုပ်တို့ကို လက္ခဏာရေးတင်၍ သုံးသပ်ရာ၏။

ဝင်္ဂဒုက္ခမီး ငြိမ်းသမျှသော သူအပေါင်းသည် လက္ခဏာရေး ကမ္မဋ္ဌာန်းကို မစီးဖြန်းခဲ့ဘဲ မဂ်လေးတန်သို့ မရောက်၊ မဂ်လေးတန်သို့မရောက်ခြင်းကြောင့်၊ ကိလေသာမသေ။ကိလေသာမသေသမျှ ဝင်္ဂဒုက္ခဘေးမလွတ်ခြင်းကြောင့် ဝင်္ဂဒုက္ခမငြိမ်းဟု မှတ်ရာသည်။ သင်္ခါရတရား တို့ကို အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး ၃-ပါးဖြင့်တင်၍, အတိတ်, ပစ္စုပ္ပါန်, အနာဂတ်, ကာလသုံးပါး အထူးရှုမှု သုံးသပ်မှုသည် ဝိပဿနာဘာဝနာပွါးသည်မည်၏။

ဝိပဿနာဉာဏ်၏အာရုံသည် သင်္ခတမြေ၊အသင်္ခတမြအား ဖြင့် နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် ရှေးဦးစွာသင်္ခတ ဓမ္မ၏အပြစ်ကို ရှုကြည့်ရမည်၊ အဘယ်ကြောင့် ရှုကြည့်ရမည်နည်း ဆိုသော်၊ သင်္ခတ၏ အပြစ်တွေ့ကို တရေးရေးမြင်ပြီးမှသာလျှင် ၎င်းသင်္ခတ ဓမ္မ၏ ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတဓမ္မသို့ ရှေ့ရှု,ညွတ်ကိုင်း ကြံဆသောအားဖြင့် အာရုံပြု၍ ရောက်နိုင်မည်။ ထိုသို့ရောက်ပြီးမှ သာလျှင် လောကုတ္တရာမဂ်သို့ ရောက်နိုင်မည်။ သင်္ခတ ဓမ္မဟူသည် စိတ်,စေတသိက်,ရုပ်ဟူ၍ ခေါ်ဆိုအပ်သော ပရမတ္ထတရား ၃-ပါးပင်တည်း။ ၎င်းတရား၀တ္ထုတို့ကို အကြောင်းတရား တို့သည် ပေါင်းဆုံပြုပြင် အပ်သောကြောင့် လည်းကောင်း၊ သတ္တဝါ, အာသက်မဟုတ်၊ မှတ်ကြောင်းလက္ခဏာသဘောမျှသာ ဖြစ်သောကြောင့် လည်းကောင်း၊ သင်္ခတဟု ဓမ္မခေါ်ဆို အပ်သည်။ ၎င်းသင်္ခတတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော မပေါ်,မပျက်ဘဲ

အမြဲတည်နေသော နိစ္စ,သုခ ဖြစ်သောတရားကို အသခ််တတရား ဟု ခေါ်ဆိုအပ်သည်။ သခ််တဖြစ်သောစိတ်စေတသိက်,ရုပ်တို့တွင် ရုပ်၏သခ််တဖြစ်ပုံတို့ကို ဤသို့ရှုရာ၏။

ဖေါ်ပြခဲ့သော ထိုရုပ်ခါတ်ရှစ်ပါးတို့တွင် အဘယ်ရုပ်သဘော သည် ငါဟု ဆိုအပ်သော သတ္တဝါ, အတ္တဖြစ်လေသနည်းဟု ဉာဏ် ဖြင့် ရှာဖွေလျှင် ဖေါ်ပြခဲ့ပြီးသည့်အတိုင်း စင်စစ် သတ္တဝါ,အတ္တ မရှိသည်ကို ထိုးထွင်းရှု သိမြင်လေ၏။ ထိုအခါ အနတ္တချက်ကို မြင်သည်မည်၏။ ထိုအနတ္တ ဖြစ်သော ရုပ်တို့ကို မသုတ် မသင့်, မဆေးမကြောဘဲ, အဝတ်တို့ဖြင့် မဝတ်မဆင်ဘဲ ပြကတေ့မူလ အတိုင်းသာထားခဲ့လျှင် အလွန်စက်ဆုပ် ရွံ ရှာဘွယ် အတိသာ ဖြစ်၏။ ထိုသို့ရွံ ရှာအပ်,စက်ဆုပ်အပ်သည်၏ အဖြစ်ကို ထိုးထွင်း၍ သိလျှင် ၎င်းတို့၌ အသုဘချက်ကို မြင်သည်မည်၏။

အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်မှု (ဇာတိ)ရှိလျှင်၊ ရင့်ယော်ခြင်း(ဇရာ)၊ ပျက်စီးကွယ်ပျောက်ခြင်း (မရဏ) တရားတို့သည် စင်စစ်ရှိမြဲဓမ္မတာဘဉာဉ်း၊ ခါတ်ရှစ်ပါးတည်းဟူသော ရုပ်ကလာပ်သည် အကြောင်းတိုက်ဆိုင်လာလျှင် အဇ္ဈတ္တခန္ဓာ,ဗဟိဒ္ဓခန္ဓာဌ် ဖြစ်ပေါ်လာရ၏။ ထိုသို့ဖြစ်ပေါ်လာလျှင် ရင့်ယော်ခြင်း, ချုပ်ပျက်ခြင်းသည်ဖြစ်ရ၏။ ဤကဲ့သို့ ဖြစ်ပေါ် ရင့်ယော် ပျက်စီးနေသည်ကို ပညာမျက်စိဖြင့်မြင်နိုင်၏။ သိနိုင်,မြင်နိုင်ပုံကို ဖေါ်ပြလတံ့သောဥပမာဖြင့် ထောက်ဆ၍ စဉ်းစားပါက ထင်ရှားပါလိမ့်မည်။

သံပုန်းကြီးအပေါက်တပေါက်မှ ကျဆင်းနေသော သဲမျှးကို ခပ်ဝေးဝေးကကြည့်လျှင် သဲကြောင်းကြီး၊ သဲတိုင်ကြီးကဲ့သို့

ထင်ရ၏။ အသစ်ဖြစ်ပေါ်ကျဆင်း၍ ပျောက်ကွယ်သွားသည်ကို မမြင်ရသကဲ့သို့လည်းကောင်း၊ ရေတံခွန်ကို ခပ်ဝေးဝေးက ကြည့်လျှင် ရေအဖြူကြောင်းကြီးကဲ့သို့ ထင်ရ၏။ အသစ်,အသစ် ဖြစ်ပေါ်,ကျဆင်းပြီး ပျောက်ကွယ်သွားနေသည်ကို မမြင်ရသကဲ့သို့လည်းကောင်း၊ ရုပ်ဓါတ်ရှစ်ပါးတည်းဟူသော ခန္ဓာသည် မျက်စိတမှိတ် လျှပ်တပြက်အတွင်း၌ ပြခဲ့သော ဥပမာမျှးကဲ့သို့၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော ၄-ပါးသော အကြောင်းတို့ကြောင့်၊ မျှားစ့ာဖြစ်ပေါ်၍ ပျက်စီးနေသည်ကိုဉာဏ်ဖြင့်သာ စဉ်းစားပါလျှင် ထိုးထွင်း၍သိနိုင်ပါသည်။

သခ်ၤတတရားမှန်သမျှ ဘဝဆက်, နှစ်ဆက်, လဆက်,ရက်ဆက် နေ့ဆက်မပျက်ဘဲ၊ တခုထဲ, တခဲထဲ, တရှိထဲရှိနိုင်, အမြဲတည်နိုင်သောတရားဟူ၍မရှိ။ သို့သော်လည်း ရှေးရုပ်တွေ့ ပျက်၍,ပျက်၍ သွားလျှင် နောက်ရုပ်တွေ့သည် အစားစိုက်၍ အဖြစ်,အဖြစ်တွေ့မြန်လှသောကြောင့်၊ မသိနိုင်သည့် အတွက် ဖြစ်ပြီးနှင့် ဖြစ်ဆဲ၊ ရှေ့နောက်တရားတွေ့ကို တသားထဲ,တခုထဲ,တရှိထဲ,ထင်ကြရ,မြင်ကြရလေသည်။

ထိုအနတ္တာ၊ အသုဘဖြစ်သော ရုပ်တို့ကိုဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း၊ ဖြစ်ပေါ်မှုဟုဆိုအပ်သော ဥပါဒ်(ဇာတိ)ကို လွန်၍ ခဏတည်မှုဟု ဆိုအပ်သောဌီသို့ ရောက်သောအခါ ရင့်ခြင်းတည်းဟူသော ဇရာနှိပ်စက်၏။ ထိုဇရာ၏ အနှိပ်အစက်ခံပြီးမှ တဘန်ဘင်တည်းဟူသောအပျက်မရဏာသို့ရောက်၏။ ၎င်းအပျက်မရဏာက ထပ်မံ၍ နှိပ်စက်ပြန်၏။ ထိုသို့ ဇရာ,မရဏာတို့ အနှိပ်အစက်ကို ခံရသော အခြင်းအရာကိုဉာဏ်ဖြင့်စဉ်းစားကြည့်ရှု၍ မြင်လျှင် စင်စစ်ဒုက္ခအချက်ကို မြင်သာည်မည်၏။ ထိုအနတ္တာ, အသုဘဖြစ်သော

ရုပ်တို့သည် ဇရာမရဏအနှိပ်အစက်ကို ခံပြီးလျှင်ကွယ်ပျောက်ခြင်း သို့သာ ရောက်ရှိလေကုန်၏။ ထိုသို့ ကွယ်ပျောက်ခြင်းသို့ ရောက်သည်တို့ကို ကြည့်ရှုရှု၍ မြင်လျှင်၊ စင်စစ် အနိစ္စချက်ကို မြင်သည်မည်၏။ ထိုသို့ မြင်ပြီးနောက် အနတ္တ၊အသုဘ၊ ဒုက္ခ၊ အနိစ္စ ဖြစ်သော ၎င်းရုပ်တို့ကို အတိုင်းထက်အလွန်မြင်အောင် အဖန်တလဲလဲ ရှုနည်းအတိုင်းသုံးသပ်ဆင်ခြင်လျှင် အတိုင်းထက်အလွန် အနတ္တအချက် အသုဘအချက်၊ ဒုက္ခအချက်၊ အနိစ္စအချက်တို့ကို ပိုင်ပိုင်ကြီးမြင်၍ ရုပ်ခေတ်တို့သည် အတ္တ၊သုဘ သုခ၊နိစ္စ မဟုတ်ကြောင်း သိသာထင်ရှားစွာမြင်လာ၏။ ရုပ်ခေတ်တို့ကို ရှုနည်းအတိုင်း အနတ္တအားဖြင့်လည်းကောင်း၊ ဒုက္ခအားဖြင့် လည်းကောင်း၊ အနိစ္စအားဖြင့် လည်းကောင်း၊ အသုဘ အားဖြင့်လည်းကောင်း အဖန်တလဲလဲရှုနေရမည်။ ထိုသို့ရှုလေလေ စင်စစ်မိမိဟု ခေါ်ဆို အပ်သော ရုပ်တရားစုဥ်၊ သတ္တဝါဟူသောအတွဲ၊ တင့်ဘယ်ခြင်း တည်းဟူသောသုဘ၊ ချမ်းသာခြင်းတည်းဟူသော သုခ၊ မြဲခြင်း တည်းဟူသော နိစ္စတို့ကို မမြင်လေသောဖြစ်၏။ ထိုသို့မမြင်လေလေ၊ သတ္တဝါမဟုတ်သော အနတ္တ။ တင့်ဘယ်ခြင်း မရှိသော အသုဘ၊ ဇရာဖြင့် နှိပ်စက်အပ်သောဒုက္ခ၊ မပြတ်မလပ် ပျက်စီးကုန်ခန်းခြင်းသို့သာ ရောက်နေသောအနိစ္စချက်တို့ကို တွေ့မြင်ရခြင်းမြင်လေလေသာဖြစ်၏။ ထိုသို့မြင်ပြီးမှ တဖန် သူတပါးဟု ဆိုအပ်သော အောက်အဝီစိက အထက်အကနိဋ္ဌတိုင် အနန္တစကြာဝဠာဥ် ရှိရှိသမျှသော သတ္တဝါဟု ဆိုအပ်သော ခန္ဓာအစဉ်၌ ဖြစ်သော ရုပ်အစုတို့ကိုလည်း၊ မိမိ၏ ရုပ်အစုကို ရှုသလို ရှုနည်းအတိုင်း ရှုနေရမည်၊ ထိုသို့ရှု၍ အနတ္တလက္ခဏာ၊ အသုဘသဘော၊ ဒုက္ခသဘော၊အနိစ္စသဘောတို့ကို တရားဉာဏ်ဖြင့်ရှုမြင်လျှင် စင်

စစ် သူတပါးတို့၏ ရုပ်အစုဥစ္ဆလည်း အနတ္တာ၊ အသုဘ၊ ဒုက္ခ၊ အနိစ္စ ချက်တို့ကို ကောင်းစွာပိုင်သည်မည်၏။ ထိုသို့ပိုင်ပြီးသောအခါ ရုံခါမိမိ၏ ရုပ်အစုတို့ကို၊ ရုံခါ သူတပါး၏ ရုပ်အစုတို့ကို လှည့်ခါ လှည့်ခါ ရှေးနည်းအတိုင်း သုံးသပ်, ဆင်ခြင်နေလျှင် စင်စစ် မိမိ၏ရုပ်အစု သူတပါးတို့၏ရုပ်အစုတို့၌ အတ္တ, သုဘ, သုခ, နိစ္စ တို့ကို မမြင်ဘဲ၊ အနတ္တာသဘော၊ အသုဘသဘော၊ ဒုက္ခသဘော၊ အနိစ္စသဘောတို့ကိုသာ တရေးရေးမြင်နေလေ၏။ ဤသို့မြင်နေလျှင် တီရဏပရိညာကို ပိုင်တော့၏။ တီရဏပရိညာဟူသည်ကား၊ နာမ် သို့မဟုတ် ရုပ်တို့၏ ဖြစ်ပျက်မစဲ အမြဲမတည်သော အနိစ္စသဘောကိုလည်းကောင်း ကြောက်စရာဒုက္ခသဘောကိုဂုင်း၊ ယူစရာရစရာ အနှစ်အသားမရှိသော အနတ္တာသဘောကိုလည်းကောင်း၊ သိမြင်ဆုံးဖြတ်နိုင်သောဉာဏ်ကိုဆိုသည်၊ ထိုသို့မြင်နေလျှင်အလုံးစုံသောရုပ်သဘောအစုတို့၌ အာဒီနဝ အပြစ်တွေ့ကို ကောင်းစွာမြင်နေသည်မံည်၏။ရုပ် သို့မဟုတ် နာမ်တို့၏ အနိစ္စမှု၊ ဒုက္ခမှု၊ ဘိပရိဏာမမှုသည် အာဒီနဝမည်၏။ ထိုအာဒီနဝအပြစ်တွေ့ကိုသာ တရေးရေးမြင်အောင် ရှုဖန်များလတ်သော်၊ ၎င်းရုပ်အစုတို့၌မပျော်ပိုက်ဘဲ၊ ငြီးငွေ့ဆန့်ကျင်ခြင်းသို့ ရောက်လေ၏။

ထိုနောက် ၎င်းဓါတ်ရှစ်ပါးရုပ်အစုတို့ကို အာရုံပြု၍ ရှုအပ်သောနာမ်တရားဟူခေါ်ဆိုအပ်သော စိတ်, စေတသိက်တို့ကိုလည်း အနတ္တာ၊ ဒုက္ခ၊ အနိစ္စထင်အောင် ရှုအပ်ကုန်၏။

ထိုသဒ်တဖြစ်သောစိတ်စေတသိက်တို့၏သဒ်တဓမ္မဖြစ်ပုံကိုဖေါ်ပြလတံ့သည့်အတိုင်းရှုရာ၏။ ရုပ်အစုတို့ဘင် တပါးပါးကို အာရုံပြုခိုက် ၎င်းရုပ်သဘောတို့ကို ရှေ့သွားပြု၍ စိတ္တ-ဟူ၍လည်းကောင်း။ မနော- ဟူ၍လည်းကောင်း။ ဝိညာဏ်-ဟူ၍ လည်း

ကောင်း။ ခေါ်ဆိုအပ်သော သိမ္မုပရမတ်တရားသည် အာရုံပြုသူတို့၏ ခန္ဓာရင်ချိုင့်ထဲ၌ ဟဒယဝတ္ထုကိုမှီ၍ ထင်ထင်ရှားရှားဖြစ်ပေါ်လာ၏။ သိမ္မုစိတ်သည် အာရုံဝတ္ထုစသော များစွာသော အကြောင်းကို စဲ့၍ဖြစ်ပေါ်၏။ အကြောင်းခံတရားမရလျှင်စင်စစ်ဖြစ်ပေါ်မှုမရှိ။ ထိုကြောင့် စိတ်ကို အကြောင်းပြုပြင်အပ်သောကြောင့် သခ်ံတဟူဆိုအပ်သည်။ ၎င်းသခ်ံတဖြစ်သော သိမ္မုစိတ်သည်ဖြစ်ပေါ်လာသောအခါ၊ အထည်ဝတ္ထုတည်းဟူသော ဒြပ်၊ အရှည်အတိုအမှုန်အမွှားစသော သဏ္ဌာန်၊ ကိုယ်ထည်ကိုယ်ကောင်ဝိဂ္ဂဟတို့မှ ကင်းလျက်၊ စင်စင်သိတတ်သော သဘောဟူသည်သာမှတ်ကြောင်း လက္ခဏာဖြင့် ထင်ရှားပေါ်ပေါက်လာ၏။ ထိုသို့ပေါက်လာသောမှတ်ကြောင်း လက္ခဏာသဘောကိုပင် အစဲ့ပြု၍ ပရမတ္ထဟူ၍လည်းကောင်း၊ ဓါတု-ဟူ၍လည်းကောင်း၊ ခမ္မ-ဟူ၍လည်းကောင်း ဟောတော်မူအပ်လေသည်။

၎င်းစိတ်ပရမတ်ဖြစ်ပေါ်ခိုက်။ (၁)၎င်းအာရုံနှင့်တွေ့တတ်သော ဖဿဟူဆိုအပ်သော ပရမတ်သဘောလည်း ၎င်းစိတ်သဘောနှင့် အတူတကွသမွယုတ်ဖြစ်လျက်ပါရှိ၏။ (၂)၎င်းအာရုံကိုခံစားတတ်သောဝေဒနာခေါ်ဆို အပ်သော ပရမတ်သဘောလည်း ၎င်းစိတ်သဘောနှင့်အတူတကွသမွယုတ်ဖြစ်လျက်ရှိပါ၏။ (၃)၎င်းအာရုံကို မှတ်တတ်သော သညာခေါ်ဆိုအပ်သော ပရမတ်သဘောလည်း ၎င်းစိတ် သဘောနှင့် အတူဘက္ခ သမွယုတ်ဖြစ်လျက် ပါရှိ၏။ (၄) သမွယုတ်ဘရားတို့ကိုဌင်း ပြုအပ်သောအာရုံ၌ ဖြစ်အောင် စေ့ဆော်တတ်တော စေတနာဟူ၍ ခေါ်ဆိုအပ်သော ပရမတ်သဘောလည်း ၎င်းစိတ်သဘောနှင့်အတူတကွ သမွယုတ်ဖြစ်လျက် ပါရှိ၏။ (၅)သမွယုတ်တရားတို့ကို ပြုအပ်သောအာရုံ၌မပျံ့မလွှင့်

တည်စေတတ်သော ကေဂ္ဂဘာဟု ခေါ်ဆိုအပ်သောပရမတ် သည်လည်းဂင်းစိတ်သဒ်ဘာနှင့်အတူတက္ခ သမ္မယုတ်ဖြစ်လျက် ပါရှိ၏။ (၆) ဂင်းသိမ္မ စသောသမ္မယုတ်တရားတို့ကို စောင့်ရှောက်တတ်အစိုးရတတ်သော ဇီဝိတိန္ဒြေဟုခေါ်ဆိုအပ်သော ပရမတ်သဘောသည်လည်း ဂင်းစိတ်သဘောနှင့်အတူတက္ခ သမ္မယုတ်ဖြစ်လျက် ပါရှိ၏။ (၇) ထိုပြုအပ်သော အာရုံသို့ သိမ္မစသော သမ္မယုတ်တရားတို့ကို ရှေ့.ရှုပြေးဝင်စေတတ်သော မနသိကာရဟု ခေါ်ဆိုအပ်သော ပရမတ်သဘောသည်လည်း ဂင်းစိတ်သဘောနှင့်အတူတက္ခ သမ္မယုတ်ဖြစ်လျက်ပါရှိ၏။

ဤပြဆိုခဲ့ပြီးသော သဘော ၇-ခု တို့သည် သိမ္မဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း၌ ဂင်းသိမ္မနှင့် အမြဲမှီတွယ်လျက် အတူဖြစ်ခြင်းအတူချုပ်ခြင်းစသော သမ္မယုတ်သက္ခဏာအားဖြင့် အမြဲယှဉ်၍ တွယ်၍ဖြစ်ကြကုန်၏။ ထိုအမြဲယှဉ်၍ တွယ်၍ ဖြင်ကြကုန်သော ၇-ခုသော ပရမတ်တရားတို့ကို စေတသိက်ဟု ခေါ်ဆိုအပ်ကုန်၏။ အခြားစေတသိက်များလည်းရှိလေသေး၏။ ဤစေတသိက် ၇-ပါးကား စိတ်နှင့် အမြဲယှဉ်တွယ်၍ ဖြစ်ပေါ်သောစေတသိက် ၇-ပါးဖြစ်သောကြောင့် အဇရေးကြီသောစေတသိက်များဖြစ်၏။

ဤသို့ခန္ဓာထဲ၌ တခုနှင့်တခု အတူတက္ခ ယှဉ်တွယ်ကပ်မြောင်ရောနှောဆက်ဆံ၍ ထင်ထင်ရှားရှားဖြစ်ပေါ် လာကြကုန်သော စိတ်ပရမတ်တခု စေတသိက်ပရမတ် ၇-ပါး၊ ပေါင်းရှစ်ခုသော ပရမတ္ထသဘောတရားတို့သည် ရူပါသဒ္ဒါ၊ ဂန္ဓာ၊ရသာ၊ဖောဋ္ဌဗ္ဗာ၊ ဓမ္မ ဟူသောအာရုံ ၆-ပါးတို့ဘင်တပါးပါးသို့ ဇရှေ့.ရှုရ၍ ညှတ်တတ်,ကိုင်းရှိုင်းတတ်သောကြောင့်နာမ်ခေါ်တွင် ရှစ်ပါးပရမတ်တရားဟုခေါ်ဆိုအပ်လေသည်။ ထိုသို့ အတူခေါ်အတူချုပ်ကိုင်တွယ်ရာ အာရုံ

တခုတည်း၊ မှီရာတခုတည်းအားဖြင့်ဖြစ်ကြကုန်သော သိမ္မ၊ တွေ့ဆုံမှု၊ ခံစားမှု၊ မှတ်မှု၊ စေ့ဆော်ပြုလုပ်မှု၊ တည်ကြည်မှု၊ စောင့်ရှောက်မှု၊ ရှေ့ရှုနှလုံးသွင်းမှုဟူသော စတပရမတ စေတသိက ပရမတ်တို့သည် မိမိအဖျတ္တ သန္တာန်၌လည်းကောင်း။ သူတပါးတည်းဟူသော ဗဟိဒ္ဓသန္တာန်၌လည်းကောင်း၊ အစဉ်မပြတ်ဖြစ်ပေါ်၍ချုပ်ကြကုန်၏။ထိုသို့ဖြစ်ပေါ်၍ ချုပ်ကြကုန်သောထိုနာမ်ခတ်ရှစ်ပါးပရမတ်တရားတခုခု၌ ပဂ္ဂိုလ်, သတ္တဝါ,ငါ,သူဘပါး, ယောကျ်ား,မိန်းမ ပါရှိလေသလော ဟု ဉာဏ်ဖြင့် မှန်နှောက်လျက် တွေးတောဆင်ခြင်အာရုံပြု၍ ကြည့်ရှုနေခဲ့ပါလျှင်၊ စင်စစ်သိတတ်၊ တွေ့ဆုံတတ်၊ ခံစားတတ်၊ မှတ်တတ်၊ စေ့ဆော်ပြုလုပ်တတ်၊တည်ကြည်တတ်၊စောင့်ရှောက်တတ်၊ ရှေ့ရှုနှလုံးသွင်းတတ်သော ပဂ္ဂိုလ်, သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမ, မပါမရှိမှန်းကိုအဟုတ်တကယ်ထင်ထင်ရှားရှားသိမြင်လေ၏။ ထိုသို့သိမြင်လျှင် အနတ္တချက်ကို ပိုင်သည်မည်၏။ ထိုသို့ သိမြင်သောဉာဏ်ကို အနတ္တကိုသိမြင်သောဝိပဿနာဉာဏ်ဟုခေါ်ဆိုအပ်သည်။(အနတ္တဝိပဿနာ)။

ထို ဝိပဿနာဉာဏ်၏ အာရုံ ဖြစ်အောင် သိမှု စသည်ကား၊ အနတ္တတရားမည်၏။ဂုဏ်းသိမှုစသည်၌ သတ္တဒါမပါ,မရှိသည်ကား၊ အနတ္တဟု မှတ်ကြောင်းလက္ခဏာမည်၏။ ထိုသိမှုစသော တရားတို့ဖြစ်ပေါ်လာတိုင်း,ဖြစ်ပေါ်လာတိုင်း ဇရာမရဏသည် နှိပ်စက်၏။ ထိုသို့ဇရာမရဏ၏ အနှိပ်စက်ကို ခံရခြင်းကြောင့်၊ ဂုဏ်းသိမှုစသော တရားတို့သည် မသက်မသာဆင်းရဲခြင်းသို့ ရောက်သည်ကို ရှုကြည့်၍မြင်လျှင်၊ စင်စစ် ဒုက္ခတရားကို မြင်သည်မည်၏။ (ဒုက္ခဝိပဿနာ)။ ဂုဏ်းသိမှုစသောတရားသည် ဒုက္ခတရားဖြစ်၏။

ဇရာမရဏ၏ အနှိပ်စက်ဒဏ်ချက်ကို ခံရသောအခြင်းအရာသည် ဒုက္ခလက္ခဏာမည်၏။ ၎င်းဒုက္ခဖြစ်သောသိမ္မစသော ပရမတ်တရား တို့သည် ဇရာမရဏ၏ အနှိပ်စက်ကိုခံပြီးလျှင်၊ စင်စစ် ဖေါက်ပြန် ကွယ်ပျောက် မရှိခြင်းသို့ ရောက်လေ၏။ ထိုသို့ ရောက် သည် ကို ကြည့်ရှု၍မြင်လျှင် အနိစ္စချက်မြင်သည်မည်၏။ (အနိစ္စဝိပဿနာ) ၎င်းသိမ္မစသော ပရမတ်တရားသည် အနိစ္စတရားမည်၏။ ဖေါက် ပြန် ကွယ်ပျောက်မရှိခြင်းသို့ ရောက်ခြင်းသည် အနိစ္စ ဟူ၍ မှတ် ကြောင်းလက္ခဏာမည်၏။ ဤသို့လျှင် အနိစ္စ,ဒုက္ခ,အနတ္တ တရား ဖြစ်သော အရမ္မဏိကဖြစ်သော သိမ္မစသော နာမ်ဓါတ်ရှစ်ပါး ပရမတ်တရားတို့ကို ပြဆိုအပ်ပြီးသောနည်းအတိုင်း အနတ္တ,ဒုက္ခ, အနိစ္စထင်အောင် အဖန်တလဲလဲ ရှုကြည့်နေရမည်။ ထိုသို့ရှုကြည့် နေဖန်များလျှင် ပုဂ္ဂိုလ်သတ္တဝါကို မမြင်ဘဲ၊ ပေါ်လာတိုင်း, ပေါ်လာတိုင်း သိမ္မစသော ပရမတ်တရားတို့ကိုသာလျှင် ဆက်ခါ ဆက်ခါ ပေါ်လာပြီး၍၊ ဇရာမရဏ၏ အနှိပ်စက်ကို ခံပြီးလျှင် ဒုက္ခအဖြစ်သို့ ရောက်လျက် ကွယ်ပျောက်သည်တို့ကိုသာ တရေး ရေးမြင်နေ၍ နောင်တဖန် ဖြစ်ပေါ်မှုကိုအလိုမရှိဘဲ စင်စစ် စက် ဆုပ်ငြီးငွေ့ ဆန့်ကျင်ခြင်းသို့ ရောက်လေ၏။ ထိုသို့ရောက်ပြီးမှ တဖန် ရုပ်ဓါတ်ရှစ်ပါးတို့ကို ရုံခါ၊ နာမ်ဓါတ်ရှစ်ပါးတို့ကို ရုံခါ။ လှည့်ကာ,လှည့်ကာ ပြဆိုအပ်ပြီးသောနည်းအတိုင်း အနတ္တ,ဒုက္ခ, အနိစ္စထင်အောင် အဖန်တလဲလဲရှုနေရမည်။ ဤသို့ ရှုတိုင်း,ရှုတိုင်း သမ္မာဒိဋ္ဌိဝိပဿနာ ဝိဇ္ဇာဉာဏ်သည် ကျယ်ဝန်းကျယ်ဝန်း၍ ဖြစ် လာ၏။ သမ္မာဒိဋ္ဌိဝိပဿနာဝိဇ္ဇာဉာဏ် ကျယ်ဝန်းလာတိုင်း,ကျယ် ဝန်းလာတိုင်း၊ ၎င်းနှင့်ပဋိပက္ခဖြစ်သော အဝိဇ္ဇာ နုသယတို့လည်း ပျက်စီး,ပျက်စီးပြီး ခေါင်းပါး,ခေါင်းပါး၍လာ၏။ ဤသို့အဝိဇ္ဇာ

ကင်းတိုင်း, ကင်းတိုင်း ထိုအဝိဇ္ဇာကို အကြောင်းခံ၍ ဖြစ်သော တဏှာဥပါဒါန် ကံသင်္ခါရတို့လည်း ကင်းလေကုန်၏။

ထို့သို့ရှဖန်များ၍ ဖြစ်ပေါ်လာသော ရုပ်တရား, နာမ်တရား၌ နိစ္စ, သုခကိုမမြင်ဘဲ အတိုင်းထက်အလွန် ငြီးငွေ့, စက်ဆုပ်တတ်သော သင်္ခတတရားဖြစ်သော စိတ်, စေတသိက်, ရုပ်, တရားတို့၊ နောက်တဖန်ဆက်သွယ်ဖြစ်မှုကို အလိုမရှိဘဲ၊ ၎င်းသင်္ခတတရားနှင့် ဆန့်ကျင်ဘက်ဖြစ်၍ ၎င်းတရားတို့မှ လွတ်မြောက်နေသော, မပေါ်မပျက်ဘဲ အမြဲတည်နေသော နိစ္စ, သုခဖြစ်သော အသင်္ခတဓါတ်သဘောကိုသာလျှင် အလိုရှိလေတော့၏။ ထို ရုပ် နာမ် နှစ်ပါး သင်္ခါရုပရမတ်တရား၌ စင်စစ် ကောင်းတာကိုမမြင်ဘဲ၊ ဘယ်ဘုံဘယ်ဘဝမှာမှ မဖြစ်ချင်ဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေတော့၏။

ထိုသို့ ဆိုအပ်ခဲ့ပြီးသော ရုပ်, နာမ်နှစ်ပါး သင်္ခါရ ပရမတ်တရားကို လက္ခဏာရေးတင်၍ သုံးသပ်တိုင်း, သုံးသပ်တိုင်း သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာသုံးပါးနှင့် ပြည့်စုံ၍ နေ၏။

သီလသိက္ခာဟူသည်ကား၊ ကာယကံမှ, ဝစီကံမှ, စင်ကြယ်အောင် စောင့်ရှောက်, ထိန်းသိမ်းသော အကျင့်တမျိုး။ သမာဓိသိက္ခာဟူသည်ကား တည်ကြည်အောင်ကျင့်သောအကျင့်တမျိုး။ ပညာသိက္ခာဟူသည်ကား အပြားအားဖြင့် ဟုတ်တိုင်းမှန်စ္စာသော အကျင့်တမျိုး။ ဤအကျင့် ၃-မျိုးတည်းဟူသော သိက္ခာ ၃-မျိုးနှင့်ပြည့်စုံ၍နေခဲ့ပါလျှင် အပါယ်သို့ လားရောက်ကြောင်း ဖြစ်သော အလုံးစုံသော အကုသိုလ်ကာယကံမှု၊ အလုံးစုံသော အကုသိုလ် ဝစီကံမှုကိုလည်း မပြုကျင့်တော့ပြီ။ စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို ဖျက်ဆီးတတ်သောသီလကုသိုလ်၊ သမာဓိ

ကုသိုလ်၊ ပညာကုသိုလ်နှင့်လည်း ပြည့်စုံ၍နေတော့၏။ ဤသီကွာ ၃-ပါးနှင့် ပြည့်စုံနေလျှင် မိမိ,မိမိတို့၏ စိတ်အစဉ်၌ လိုချင်နှစ်သက် ခင်မင်တွယ်တာ တပ်မက်မောမှု (လောဘ)။ ဆဲချင်မှု, ဆိုချင်မှု,စိတ်မသက်သာမှု (ဒေါသ)။ မိုက်မဲတွေဝေမှု, ဖုံးလွှမ်းမှု (မောဟ)။ ထိုလောဘ,ဒေါသ,မောဟ အစရှိသော အကုသိုလ် အညစ်အကြေးတွေ့ မလိမ်းမကျံ, မကပ်မငြိသောကြောင့် သန့်ရှင်း,စင်ကြယ်,ဖြူစင်၍လည်း နေတော့၏။

ထိုနောက်တဖန် ရုပ်,နာမ်, ဓမ္မ, သစ္စာရတရား၌ အကောင်သတ္တဝါ၊ အသက်လိပ်ပြာဆိုတဲ့ အတ္တဟူသောအနှစ်သာရ။ လှုပ်တင့်တယ်နှစ်သက်ဖွယ်ဆိုတဲ့ သုဘဟူသော အနှစ်သာရ။ ချမ်းသာခြင်းဆိုတဲ့ သုခဟူသောအနှစ်သာရ။ မြဲတည်မှုဆိုတဲ့ နိစ္စဟူသော အနှစ်သာရမရှိ။ စင်စစ် စကဆုပ်အပ်သော အချည်းနှီး တရားအမှန်ကိုမြင်လျှင် ဒုက္ခသစ္စာကိုမြင်သည်မည်၏။ ဒုက္ခသစ္စာဟူသည်ကား၊ (ဒု-စက်ဆုပ်အပ်သော။ ခံ = အချည်းနှီး။ သစ္စာ = အမှန်) စက်ဆုပ်အပ်သော အချည်းနှီးတရားအမှန်ပေတည်း။

ထိုဒုက္ခသစ္စာဖြစ်သော စက်ဆုပ်အပ်သော အချည်းနှီးတရားအမှန်ဖြစ်သော ရုပ်,နာမ်,ဓမ္မ, သစ္စာရ ပရမတ်အစုတို့သည် ထိုထိုဘုံဘဝ၌ အဘယ်ကြောင့် ဆက်ခါ, ဆက်ခါ ဖြစ်ပေါ် လာရလေသနည်းဟု အကြောင်းခံတရားကိုရှာသော် အနုတ္တာသဘော၊ အသုဘသဘော၊ ဒုက္ခသဘော၊ အနိစ္စသဘော အပြစ်ကြီး ၄-ချက်ကို ဟုတ်တိုင်းမှန်စွာ မသိမမြင်တတ်သော အဝိဇ္ဇာ၊ နှစ်သက်,ခင်မင်တွယ်တာ တပ်မက်မောတတ်သော တဏှာ၊ ဤအဝိဇ္ဇာ တဏှာရှိသရွေ့ ထိုထိုဘုံ,ထိုထိုဘဝ၌ အစဉ်မပြတ်ဆက်ခါ ကောန်အမှန် ဖြစ်နေသည်ကိုမြင်လေ၏။ ရှေးရှေးဘဝ, ထိုထိုတို့က ရုပ်,နာမ်,

ဓမ္မ, သခ်ၤါရ, ဒုကၡ, ပရမတ်တရား၌၊ ငါ, သူ, ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ စသည်ဖြင့် ထင်မြင်ခဲ့သော အဝိဇ္ဇာ၊ နှစ်သက် ခင်မင်, တွယ်တာခဲ့သော တဏှာလောဘမရှိခဲ့ပါမူ။ ၎င်းရွပ်, နာမ်, သခ်ၤါရဒုက္ခအစုတို့သည် အဘယ်မှာလျှင် ဆက်သွယ်၍ ဖြစ်ပေါ်မှုရှိပါအံ့နည်း။ ဆက်သွယ်၍ ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ချုပ်ပျက်စီးကုန်လတံ့သတည်း။ စင်စစ်မှာကား၊ ရှေးရှေးသော ဘဝထိုထို ကိုက မဟုတ်တာကိုအဟုတ်၊ မှန်တာကိုမမှန်။ မမှန်တာကိုအမှန်။ မဟုတ်မဟတ် ထင်မြင်ခဲ့သော အဝိဇ္ဇာ။ နှစ်သက်, ခင်မင်, တွယ်တာခဲ့သော အကြောင်းတဏှာလောဘကြောင့်သာလျှင် အကျိုးဒုက္ခသစ္စာဖြစ်ပေါ်ရလေ၏။

ထိုဒုက္ခသစ္စာကိုဖြစ်စေတတ်သော ရှေးရှေးသော ဘဝထိုထိုက နှစ်သက်ခင်မင်တွယ်တာတတ်သော တဏှာလောဘသည် သမုဒယသစ္စာရှိမည်။

သမုဒယသစ္စာ (သံ-ယှဉ်ခြင်း။ ဥ = ဖြစ်ခြင်း။ အယ = အကြောင်း။ သစ္စာ-မှန်တာ) တပါးသော အကြောင်းပစ္စည်းနှင့် ယှဉ်သည်ရှိသော်၊ ဒုက္ခသစ္စာဖြစ်ခြင်း၏ အကြောင်းတရား အမှန်ပေတည်း။ ။ထိုအကြောင်းသမုဒယ၊ အကျိုးဒုက္ခနှစ်ပါးတို့၏ နောက်ဘဖန်ဆက်သွယ်ဖြစ်ပေါ်မှုမရှိကြောင်းဖြစ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့၏ ကိုင်တွယ်ရာအာရုံဖြစ်သော့ ဖြစ်ပေါ်မှု သဘောဇာတိနှင့် စင်စစ် ဆန့်ကျင်ဘက် ဖြစ်သော, မဖြစ်ပေါ်သော လက္ခဏာရှိသော အဇာတိသဘောဟု ဆိုအပ်သော အသင်္ခတဓါတ် နိဗ္ဗာန် ပရမတ်သည် နိရောဓသစ္စာ မည်၏။ နိရောဓသစ္စာဟူသည်ကား။ အကြောင်း သမုဒယ၊ အကျိုး ဒုက္ခနှစ်ပါးတို့၏ နောင်တဖန် ဆက်သွယ်၍ ဖြစ်ပေါ်မှု မရှိကြောင်းတရား အမှန်

ပေတည်း။ အကြောင်းခံဖြစ်သော နိရောဓသစ္စာ၊ အသခ််တဓါတ်ကို နိဗ္ဗာန်ဟုခေါ်ဆိုအပ်၏။ အဘယ်ကြောင့်နည်းဟူမူ။ ရာဂ, ဒေါသ, မောဟ အစရှိသော ၁၁-ပါးသောမီးတို့၏ အကြွင်းမရှိဘဲ ငြိမ်းအေးကွယ်ပျောက်ကြောင်းဖြစ်သောကြောင့် နိဗ္ဗာန်ဟုခေါ်ဆိုအပ်လေသည်။

ထိုအသခ််တ ဓါတ်သဘော နိရောဓသစ္စာ၊ နိဗ္ဗာန် ပရမတ်သဘောကို မတွေ့မဝေဟုတ်တိုင်းမှန်စွာသိတတ်သော ကောင်းစွာမြင်မှ သမ္မာဒိဋ္ဌိ။ ကောင်းစွာကြံမှ သမ္မသင်္ကပ္ပ။ကောင်းစွာ နှုတ်ကို သိမ်းဆည်းမှ သမ္မာဝါစာ။ ကောင်းစွာကာယကံကိုတားမှ သမ္မာကမ္မန္တ။ ကောင်းစွာ ကိုယ်နှုတ်ကို ဖြူစင်စေ၍ အသက်မွေးခြင်း သမ္မာအာဇီဝ။ ကောင်းစွာအားထုတ်မှ သမ္မာဝါယာမ။ ကောင်းစွာ တွေးတောအောက်မေ့မှ သမ္မာသတိ။ ကောင်းစွာ တည်ကြည်မှ သမ္မာသမာဓိ။ တည်းဟူသော မဂ္ဂင်ရှစ်ပါးတရားသည် မဂ္ဂသစ္စာမည်၏။ မဂ္ဂသစ္စာဟူသည် (မ = ကိလေသာကို သတ်ဖြတ်တာ။ ဂ = အသာခ််တနိဗ္ဗာန်ကိုအာရုံပြုသောအားဖြင့်ရောက်တာ။ သစ္စာ-မှန်တာ)ကိလေသာတို့ကိုသတ်ဖြတ်လျက် နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့်ရောက်တာ အမှန်ပေတည်း။

ခန္ဓာတရားဟုဆိုအပ်သော တကယ်ရှိ, အမှန်ရှိ, ထင်ထင်ရှားရှားရှိနေသော ပျက်စီးတတ်သော ရုပ်တရား နာမ်တရား ဖြစ်သောစိတ်ပရမတ်, စေတသိက်ပရမတ်, ရုပ်ပရမတ်တည်းဟူသော ပရမတ်၃-ပါး။ သခ််တ,သခ််ါရ,သပ္ပစ္စယတရားတို့မှ လွတ်မြောက်၍ အစုဟူသော ခန္ဓာမှလွတ်နေသော လောဘ, ဒေါသ, မောဟ အစရှိသော ၁၁ - ပါးသောမီးတို့၏ ငြိမ်းအေးကွယ်ပျောက်ကြောင်းဖြစ်သော ဖြစ်ပေါ်မှု, ပျက်စီးမှုမရှိဘဲ၊ ဓမ္မသဘာဝအနေ

အားဖြင့် ကမ္ဘာအဆက်ဆက် အမြဲထာဝရထင်ရှားတည်နေသော ဝိသခ်ါရ၊ အပ္ပစ္စယ၊ အသခ်ံတဓါတ်၊ နိဗ္ဗာန်ပရမတ် သဘောကို ဟုတ်တိုင်းမှန်စွာသိဘို့ရန် အောက်ပါ ဥပမာအတိုင်း ဉာဏ်ဖြင့် အာရုံပြု၍ ကြည့်ရှုသိကြပါလေ။

လောကဓမ္မ သဘာဝထုံးစံအတိုင်း၊ အပူရှိလျှင် အပူနှင့် ဆန့်ကျင်ဘက်ဖြစ်သော အအေးသည် မုချကောန်အမှန်ရှိသကဲ့သို့လည်းကောင်း။ အမှောင်ရှိလျှင် အမှောင်နှင့် ဆန့်ကျင်ဘက်ဖြစ်သော အလင်းသည် မုချကေန် အမှန်ရှိသကဲ့သို့လည်းကောင်း။ အဆိုးရှိလျှင် အဆိုးနှင့်ဆန့်ကျင်ဘက်ဖြစ်သော အကောင်းသည် မုချကေန်အမှန်ရှိသကဲ့သို့လည်းကောင်း။ မနှစ်သက်တာရှိလျှင် မနှစ်သက်တာနှင့် ဆန့်ကျင်ဘက်ဖြစ်သော နှစ်သက်ဘာသည် မုချကေန်အမှန် ရှိသကဲ့သို့ လည်းကောင်း။ ဤမှာဘက်ကမ်းရှိလျှင် ဤမှာဘက်ကမ်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော ထိုမှာဘက်ကမ်းသည် မုချကေန် အမှန်ရှိသကဲ့သို့လည်းကောင်း။ ထိုအတူ ဤမှာဘက်ကမ်းနှင့်တူသော အကြောင်းတိုက်ဆိုင်လာ၍ ဖြစ်ပေါ်လာမှုသာထင်ရှားရှိသော စိတ်,စေတသိက်, ရုပ်တည်းဟူသော ဇာတိပရမတ်တရားရှိလျှင်၊ ၎င်းဇာတိပရမတ်တရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော ထိုမှာဘက်ကမ်းနှင့်တူသော အကြောင်း ကင်းလျက် ခန္ဓာဟူသောအရေအတွက်မှလွတ်၍ ဖြစ်ပေါ်မှုမှကင်းသော မဖြစ်ပေါ်မှု လက္ခဏာ၊ အဇာတိ နိဗ္ဗာန် ပရမတ် တရားသည် ဓမ္မတာအားဖြင့် မုချကေန်အမှန်ရှိသည်ဟု ဉာဏ်ဖြင့် အာရုံပြုစရာရှိ၏။

ဤမှာဘက်ကမ်းနှင့်တူသော စိတ်ပရမတ်၊ စေတသိုက်ပရမတ်၊ ရုပ်ပရမတ်တည်းဟူသော ဇရာမရဏတို့၏ အနှိပ်အစက်ဒဏ်ချက်ကိုခံနေရသော ဒုက္ခပရမတ်တရားရှိလျှင်၊ ၎င်းဒုက္ခပရမတ် တရား

နှင့်ဆန့်ကျင်ဘက်ဖြစ်သော ထိုမှာဘက်ကမ်းနှင့်တူသောအနိပ်စက်မခံရသောနိဗ္ဗာန်တည်းဟူသော သုခပရမတ်တရားသည် ဓမ္မတာအားဖြင့် မုချကောန်အမှန်ရှိသည်ဟု ဉာဏ်ဖြင့် အာရုံပြုစရာရှိ၏။

ဤမှာဘက်ကမ်းနှင့်တူသော စိတ်ပရမတ်၊စေတသိက်ပရမတ်၊ ရုပ်ပရမတ် တည်းဟူသော ဖြစ်ပေါ်လာပြီးလျှင် အခိုက်အတန့်ခဏတည်၍ ကွယ်ပျောက်, ပျက်စီးသော အနိစ္စပရမတ်တရားရှိလျှင်၊ ထိုမှာဘက်ကမ်းနှင့်တူသော ၎င်းအနိစ္စတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော ကွယ်ပျောက်ပျက်စီးမှုမရှိဘဲ၊ ကမ္ဘာအဆက်ဆက် အမြဲထာဝရ ထင်ရှား, တည်ရှိနေသော အသင်္ခတဓာတ် နိဗ္ဗာန်တည်းဟူသော နိစ္စပရမတ်တရားသည် ဓမ္မတာအားဖြင့် မုချကောန်အမှန်ရှိသည်ဟု ဉာဏ်ဖြင့်အာရုံပြုစရာရှိ၏။

ဤမှာဘက်ကမ်းနှင့်တူသော ဒုက္ခနယ်ဘက်၌ စိတ်ပရမတ်၊ စေတသိက်ပရမတ်, ရုပ်ပရမတ်တရား ၃-ပါးသည် အကောင်သတ္တဝါ၊ အသက်လိပ်ပြာမဟုတ်သောကြောင့်၊ အနတ္တပရမတ်ဖြစ်လျှင်၊ ၎င်းစိတ်ပရမတ် စေတသိက်ပရမတ်၊ ရုပ်ပရမတ်တရား ၃-ပါးနှင့် ဆန့်ကျင်ဘက်ဖြစ်သော ထိုသင်္ခတ ပရမတ်တရားတို့၏ ငြိမ်းအေး, ကွယ်ပျောက်ကြောင်း ဖြစ်သော သုခ နယ်ဘက်က အသင်္ခတမာတ် နိဗ္ဗာန်ပရမတ် တရားသည်လည်း အကောင်, သတ္တဝါ, အသက်လိပ်ပြာမဟုတ်သောကြောင့်၊ အနတ္တတရားပင် ဖြစ်သည်ဟု မုချကောန် အမှန်ဉာဏ်ဖြင့် အာရုံပြုစရာရှိ၏။ ဤသို့ထောက်ဆ, ထောက်ဆ၍ သိသောဉာဏ်ကို သန္ဋိပဒဉာဏ်ဟုခေါ်ဆိုအပ်သည်။

အဘယ်ကြောင့် ဤကဲ့သို့ အာရုံပြုစရာရှိသနည်းဟူမူ၊ စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရ, သင်္ခတပရမတ် တရားကို

သာလျှင် ကိုင်တွယ်ရာ အာရုံရှိသော လောကီဉာဏ်သည် လည်းကောင်း၊ ပညတ်ကိုသာလျှင် ကိုင်တွယ်ရာအာရုံရှိသော လောကီဉာဏ်သည်လည်းကောင်း။ စင်စစ်ကိလေသာတို့ကိုအကြွင်းအကျန်မရှိ ပယ်ဖြတ်ခြင်း, ကွယ်ပျောက်စေခြင်းကိစ္စ၌ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်၊ စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရ, သင်္ခတ, သပစ္စယတရား၊ ဘာမျှမရှိတဲ့ ပညတ်တရား၊ ၎င်းတရားတို့မှ တဘက်ဖြစ်သော ကိလေသာတို့ကို အကြွင်းအကျန်မရှိ ပယ်ဖြတ်ခြင်း၊ ကွယ်လွန် ပျောက်စေခြင်းကိစ္စ၌ စွမ်းနိုင်သော ဝိသင်္ခါရ, အသင်္ခတ, အပစ္စယဓမ္မဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ ကိုင်တွယ်ရာ အာရုံဖြစ်၍ဖြစ်သော နိဗ္ဗာန်မည်သော တခုသောပရမတ်တရားသည် ဓမ္မတာအားဖြင့်မုချကောန်အမှန်ရှိရာ၏။ ထိုသို့ ရှိမှသာလျှင် ကိလေသာဒုက္ခ, ခန္ဓာဒုက္ခတို့သည် အကြွင်းအကျန်မရှိဘဲ၊ ကွယ်ပျောက်, ကုန်ခန်းခြင်းသို့ ရောက်လေကုန်၏။ ထို့ကြောင့် မိမိတည်းဟူသော အစ္ဆတ္တခန္ဓာ၊ သူတပါးတည်းဟူသော အားလုံးသော ဗဟိဒ္ဓခန္ဓာဟုဆိုအပ်သော ထင်ရှားရှိသော စိတ်ပရမတ်, စေတသိက်ပရမတ်၊ ရုပ်ပရမတ်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်သော ခန္ဓာဟူသော အရေအတွက်မှ လွန်မြောက်နေသော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့၏ ကိုင်တွယ်စရာ၊ အာရုံပြုစရာ၊ နိဗ္ဗာန်ပရမတ်တည်းဟူသော တခုသောတရားသည်ရှိ၏။ ထိုတရားကို မုချကောန်အာရုံပြုရ၏။ မျက်မှောက်ပြုရာ၏။ သို့မှသာ ကိလေသာကို အကြွင်းအကျန်မရှိဘဲ၊ ပယ်ဖြတ်နိုင်မည်ဟူ၍ ပညာရှင်အပေါင်းတို့သည် သတိပြုမှတ်ယူကြပါလေကုန်။

တို့သို့ပြဆိုအပ်ပြီးသောနည်းအတိုင်း၊ လောကီဉာဏ်ဖြင့် ထောက်ဆ, ထောက်ဆ၍ ကြံစည်တွေးတော ဆင်ခြင်အာရုံပြုဖန်

များလျှင် ၎င်းသင်္ဘတမှလွတ်နေသော အသင်္ဘတသဘောတခုသာ စင်စင်ဖြစ်ပျက်ခြင်းမရှိပဲ၊ မြဲနေသောသဘော၊ ချမ်းသာနေသော သဘောဖြစ်သည်၏အဖြစ်ကို အကြင်အခါ ပိုင်ပိုင်နိုင်နိုင် ထိုးထွင်း၍ သိမြင်တတ်သော သောတာပတ္တိ မဂ်ဉာဏ် သည်ဖြစ်၏။ ထိုမဂ်ဉာဏ်ဖြစ်ခိုက်၊ သစ္စာလေးပါးတရားတော်ကို တပြိုင်နက်တချက်တည်း ထိုးထွင်း သိမြင်လေတော့၏။

သောတာပတ္တိမဂ်ဉာဏ်ဟူသည်ကား၊ ရေအယဉ်နှင့်တူသော မဂ္ဂင်ရှစ်ပါးသည် ရှေးဦးစွာ ရောက်ဆဲ ဖြစ်၍၊ ကိလေသာတို့ကို သတ်ဖြတ်လျက် အသင်္ဘတနိဗ္ဗာန်ကို အာရုံပြုခြင်းအားဖြင့် ရောက်ခြင်းကိုခေါ်သည်။ အသင်္ဘတဓာတ်နိဗ္ဗာန်သဘောကို ထိုးထွင်း၍ သိတာ အမှန်ပေတည်း။

သောတာပတ္တိ မဂ်အခိုက် သစ္စာလေးပါးကိုသာ မြင်သည် မဟုတ်သေး၊ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ ပရာမာသ သံယောဇဉ်၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာ နုသယ တရား တို့သည်လည်း အကြွင်းမရှိ၊ ပြတ်တောက်ကြလေကုန်၏။ အပါယ်သို့ ကျရောက်စေတတ်သော ကိလေသာ, ကံသင်္ခါရတို့သည်လည်း ကုန်ခန်းလေတော့၏။ သုဂတိဘုံမှာ ခုနစ်ဘဝအထက်၌ ဖြစ်လတံ့ကုန်သော ခန္ဓာတို့သည်လည်း ကုန်ခန်းလေကုန်၏။ သုဂတိဘုံ၌ဖြစ်ရန် အလွန်အားဖြင့် ခုနစ်ကြိမ်မျှသာ ကျန်တော့၏။ ၎င်းသောတာပတ္တိမဂ်ဉာဏ်ကိုပင်လျှင် ဒိဋ္ဌိ,ဖသော ဆိုင်ရာကိလေသာတို့ကို အကြွင်းမရှိ ပယ်တတ်သောကြောင့် ပဟာန ပရိညာ ဟု ဆိုအပ်သည်။ (ပဟာန - ကိလေသာတို့ကို အကြွင်းမရှိပယ်တတ်သော။ ပရိညာ-ပယ်ပြီးလို့ပိုင်းခြား၍သိတတ်သောဉာဏ်)။၎င်းမဂ်ချုပ်ပြီးနောက် သောတာပတ္တိဖိုလ်သို့သာ ရောက်လေ၏။ ထိုဖိုလ်အခိုက်၌မူကား၊

မင်္ဂလာပြီးသော ကိလေသာတို့မှလွတ်ပြီး၊ အပယ်သုံးသွားမှ လွတ်ပြီး၊ ခုနစ်ဘဝအထက်၌ ဖြစ်လတံ့သော ဝဋ်ဒုက္ခဟူသမျှမှ ကင်းလွတ်ပြီးသာဖြစ်တော့၏။ ထိုသောတရားပုဂ္ဂိုလ်သည် ၎င်းသခ်ာတရားတို့ကို ရှေးဦးပြုဆိုသောနည်းဖြင့် ဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲရှု၍ ငြိုးငွေ့စက်ဆုပ်ပြီးလျှင် ရှေးက မြင်သည်ထက်မက သန့်ရှင်းစွာ ထိုးထွင်း၍ သိမြင်ခဲ့အံ့။ ထိုအခါ သကဒါဂါမိ မဂ်ဖိုလ်သို့ရောက်၍ ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂါနုသယ၊ ပဋိဃာနုသယ တို့မှ လည်းကောင်း၊ နှစ်ဘဝမှ အထက်၌ ဖြစ်လတံ့သော သုဂတိဘဝခန္ဓာမှလည်းကောင်း၊ လွတ်ပြီးဖြစ်လေတော့၏။ နောက်တဖန် သုံးသပ်၍ သုံးကြိမ်မြောက်ဖြစ်၍၊ အာနာဂါမိ မဂ်ဖိုလ်သို့ ရောက်လျှင် နုနယ်သိမ်မွေ့သော ကာမရာဂ ပဋိဃာသံယောဇဉ်၊ နုနယ်သိမ်မွေ့သော ကာမရာဂါနုသယ၊ ပဋိဃာနုသယ တို့မှလည်းကောင်း၊ တဘဝအထက်၌ ဖြစ်လတံ့သော ခန္ဓာမှ လည်းကောင်း၊ လွတ်ပြီးသာလျှင် ဖြစ်လေတော့၏။ နောက်တဖန်သုံးသပ်၍ လေးကြိမ်မြောက် မြင်၍ အရဟာတ္တဖိုလ်သို့ ရောက်လျှင် ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ သံယောဇဉ်။ မာနနုယ၊ ဘဝရာဂနုသယ၊ အဝိဇ္ဇာနုသယတို့သည်၊ အကြွင်းအကျန်မရှိကုန်လေပြီးလျှင် စုတေ အဆုံး၌ ခန္ဓာတဖန်ဖြစ်ရန်မရှိဘဲ ကိလေသာဒုက္ခ နောင်ဖြစ်ရန် ခန္ဓာဒုက္ခတို့မှ လွတ်ပြီးသာလျှင်လေတော့၏။ ရုပ်နာမ်ခမူအဆက်ဆက်တို့ ဖြစ်မှုမရှိတော့ပြီဟူလိုသည်။ သကဒါဂါမိမဂ်၊ အရဟာတ္တ မဂ်တို့သည် စင်စစ်ပဟာနပရိညာတို့သာလျှင်တည်းဟုမှတ်ကြလေ။ ထိုရုပ်နာမ်ခမူအဆက်ဆက်တို့၏ ဖြစ်မှုမရှိခြင်းသည်သာလျှင် စင်စစ်ချမ်းသာခြင်းဖြစ်၏ဟု သတိပြုမှတ်ယူကြပါလေကုန်။

အောက်၌ ဖေါ်ပြထားအပ်သော ပဋိသမ္ဓိဒါမက် ပါဠိတော်ကိုထောက်သဖြင့်၊ နိဗ္ဗာန်၏သဘောကို ကွက်ကွက်ကွင်းကွင်းသိမြင်ထင်ရှားခြင်းသို့ ရောက်ကြကုန်လတံ့တည်း။

၁။ ဥပါဒေါ,သင်္ခါရာ အနုပါဒေါ, နိဗ္ဗာနန္တိအာဘိညေယျံ။
၂။ ပဝတ္တံ,သင်္ခါရာ အပဝတ္တံ,နိဗ္ဗာနန္တိအာဘိညေယျံ။
၃။ ဇာတိသင်္ခါရာ အဇာတိ, နိဗ္ဗာနန္တိအာဘိညေယျံ။
၄။ ဇရာသင်္ခါရာ အဇရာ, နိဗ္ဗာနန္တိအာဘိညေယျံ။
၅။ မရဏံ,သင်္ခါရာ အမတံ,နိဗ္ဗာနန္တိအာဘိညေယျံ။

၁။ ။ဥပါဒါ၊ ဖြစ်ပေါ်မှု လက္ခဏာရှိသော စိတ်ပရမတ် စေတသိက်ပရမတ်, ရုပ်ပရမတ်တရားသည်။ သင်္ခါရာ၊ သင်္ခါရ တရား တို့မည်၏။ အနုပါဒေါ၊ ဖြစ်ပေါ်မှု လက္ခဏာ မရှိသော အသင်္ခတ ပရမတ် တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဝါ၊ မီး ၁၁ ပါးတို့၏ ငြိမ်းအေးကွယ်ပျောက်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ ကိုင်တွယ်ရာ, အာရုံဖြစ်၍ ဖြစ်သော တခုသော နိဗ္ဗာန်ပရမတ် တရားမည်၏။ ဣတိ၊ ဤသို့။ အာဘိ၊ ထူးသော ဝိပဿနာဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာ ဉာဏ်တို့ဖြင့်။ ညေယျံ၊ သိအပ်, သိသင့်,သိထိုက်လှပေ၏။

၂။ ။ပဝတ္တံ၊ ဘုံသုံးပါးတို့၌ ဖြစ်ပေါ်မှုလက္ခဏာရှိသော ပရမတ္ထတရားသည်။ သင်္ခါရာ၊သင်္ခါရတရားတို့ မည်၏။ အပဝတ္တံ၊ ဖြစ်ပေါ်မှု လက္ခဏာမရှိသော ပရမတ္ထ

တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဣတိ၊ ဤသို့။ အာဘိ၊ ထူးသောဝိပဿနာဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာ ဉာဏ်တို့ဖြင့်။ ညေယျံ၊ သိအပ်, သိသင့်, သိထိုက်လှပေ၏။

၃။ ။ဇာတိ၊ ဖြစ်ပေါ်မှုတရားသည်။ သင်္ခါရာ၊ သင်္ခါရပရမတ်မည်၏။ အဇာတိ၊မဖြစ်ပေါ်သော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပရမတ် ထရားမည်၏။

၄။ ။ဇရာ၊ သင်္ခတပရမတ်တရားတို့ကို ဆွေးမြေ့ရင့်ရော်စေတတ်သောသဘောသည်။ သင်္ခါရာ၊ သင်္ခါရပရမတ်တရားတို့မည်၏။ အဇရာ၊ ဆွေးမြေ့ ရင့်ရော်မှုမရှိသော သဘောသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပရမတ်တရားမည်၏။

၅။ ။မရဏံ၊ သင်္ခါရတရားတို့၏ ပျက်စီးမှုသဘောသည်။ သင်္ခါရာ၊ သင်္ခါရ ပရမတ် တရား မည်၏။ အမတံ၊ မပျက်စီးသော သဘောတရားသည်။ နိဗ္ဗာနံ၊ မီး(၁၁) ပါးတို့၏ ငြိမ်းအေး ကုယ်ပျောက်ကြောင်းဖြစ်သော နိဗ္ဗာန်မည်၏။ ဣတိ၊ ဤသို့။ အာဘိ၊ ထူးသော ဝိပဿနာဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာ ဉာဏ်တို့ဖြင့်။ ညေယျံ၊ သိအပ်,သိသင့် သိထိုက် လှပေ၏။

အသင်္ခတမမ္မ၊ အပ္ပစ္စယမမ္မ၊ အဇာတိမမ္မ၊ အနုပ္ပါဒမမ္မ၊ အပဝတ္တမမ္မ၊ အဇရာမမ္မ၊ သုခမမ္မ၊ အမတမမ္မ၊ နိစ္စမမ္မ တည်းဟူသော

နိဗ္ဗာန်သဘောကို လက်ဆုပ် လက်ကိုင်၊ ပိုင်ပိုင်နိုင်နိုင်၊ အဟုတ်တကယ်၊ ဒိဋ္ဌမျက်မှောက် ထင်ထင်လင်းလင်း ထိုးထွင်းချ ဉာဏ်ဖြင့် သိဘို့ရန် ကလျာဏမိတ္တ ဥပနိဿ ပညာရှိ ဆရာကောင်းကို အမှီပြုရာ၏ ဟူ၍ မြဲမြဲကြီး နှလုံးသွင်း လေရာ၏။

ပဋ္ဌာန်းပါဠိတော် ပညာဝါရ၌။

နိဗ္ဗာနံ မဂ္ဂဿစ ဖလဿစ၊

အာရမ္မဏ ပစ္စယေန ပစ္စယော။

နိဗ္ဗာနံ၊ မီး (၁၁) ပါးတို့၏ ငြိမ်းအေး ကွယ်ပျောက်ကြောင်း ဖြစ်သော အသင်္ခတဓာတ်သဘော နိဗ္ဗာန်သည်။ မဂ္ဂဿစ၊ မဂ်ဉာဏ် အား လည်းကောင်း၊ ဖလဿစ၊ ဖိုလ်ဉာဏ်အား လည်းကောင်း၊ အာရမ္မဏ၊ ကိုင်တွယ်ရာ အာရုံဖြစ်၍။ ပစ္စယေန၊ အကြောင်းခံသဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဟောတော်မူသည်ကိုထောက်၍၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ ကိုင်တွယ်ရန် အာရုံအကြောင်းခံဖြစ်သော အသင်္ခတဓာတ် သဘောသည်သာလျှင် နိဗ္ဗာန်မည်၏ ဟူ၍ သတိပြု မှတ်ယူကြပါလေကုန်။

နိဗ္ဗာန်သို့ ရောက်သည်ဟု ပြောဆိုကြသော်ဝါဟာရ၌ မည်သို့မည်ပုံ ရောက်သည်ကို အောက်ပါ ပဏ္ဏိဒီပဋီကာကို ထောက်၍ သိကြပါလေ။

နိဗ္ဗာနံ အာရမ္မဏံကတ္ဝာ ပဝတ္တာန ဘာဝေါယေဝ နိဗ္ဗာနဂမနံ နာမ၊ နစ တတော အညံ ကိဉ္စိ နိဗ္ဗာန ဂမနံနာမအတ္ထိ။

နိဗ္ဗာနံ၊ မီး(၁၁)ပါးတို့၏ ငြိမ်းအေး ကုယ်ပျောက်ကြောင်း ဖြစ်သော အသခ်ၤတဓာတ်၊ နိဗ္ဗာန်ပရမတ်ကို။ အာရမ္မဏံ၊ ကိုင်တွယ်ရာအာရုံကို။ ကတ္တာ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် အာရုံပြု၍။ ပဝတ္တနဘာဝေါယေဝ၊ ဖြစ်သောအဖြစ်သည်ပင်လျှင်။ နိဗ္ဗာနကမနံနာမ၊ အသခ်ၤတနိဗ္ဗာန်သို့ရောက်သည်ရသည်မည်သည်။ဟောတိ၊ ဖြစ်၏။ တတော၊ ထိုအသခ်ၤတဓာတ် နိဗ္ဗာန်ကို အာရုံပြု၍ ရောက်သည်ရသည်မှ။ အာမံ၊ တပါးသော။ ကိဉ္စိ၊ တစုံဘခုသော။ နိဗ္ဗာနကမနံနာမ၊ နိဗ္ဗာန်သို့ရောက်သည်ရသည်မည်သည်။ နစနဝေ အတ္ထိ၊ မရှိသည်သာလျှင်တည်း။

ဓာတ်ရှစ်ပါးကိုဖြစ်စေ၊ တပါးပါးကိုဖြစ်စေ၊ သဉ်းရင်း၊ ရပ်ရင်း၊ ထိုင်ရင်း၊ လျောင်းရင်း၊ ဣရိယာပုတ် ၄-ပါးစလုံး၌ မည်သည့်အခါန်၌၊မည်သည့်နေရာမဆို အားထုတ်နှလုံးသွင်းနိုင်သည်။ ဆိတ်ငြိမ်သောနေရာသို့ ချဉ်းကပ်၍ ရှုလုံးသွင်း အားထုတ်နိုင်ပါက သာ၍ပင် ကောင်း၏။မိမိခန္ဓာသွူတပါး၏ ခန္ဓာသည်အကောင်သတ္တဝါ,အသက်မဟုတ်၊ စိတ်,စေတသိက်,ရုပ်တည်းဟူသောဓာတ်တို့၏ အစုအပေါင်းစုသာဖြစ်သည်။ ၎င်းတို့သည်၊ ကံ-စိတ်-ဥတု-အာဟာရ တည်းဟူသော အခြေကြောင်းတရား ၄-ပါး တို့ကြောင့် မျက်စိတမှိတ် လျှပ်တပြက်အတွင်း၌ များစွာဖြစ်ပေါ်ပျက်စီးချုပ်ပျောက်နေသည်ကို ဖေါ်ပြခဲ့သည့်နည်းအတိုင်း၊ အမြဲတွေးနေသိနေရာ၏။ ထိုသို့ မရပ်မစဲ၊ တသဲသဲဖြစ်ပျက်နေသော ခန္ဓာကြီးကို တရှဲရှဲတောက်လောင်နေသော မီးပုံကြီးကို ကြောက်ထိတ်လန့်သကဲ့သို့ နှစ်သက်ခင်မင် တပ်မက်စဲ့လန်းခြင်းမဖြစ်ဘဲ၊ ရှဲရှာစက်ဆုပ်ငြီးငွေ့သော စိတ်အစဉ်ကို အမြဲရှိစေရာသည်။

ဓာတ်ရှစ်ပါးရှုဘွယ်ကို လည်လည်ပတ်ပတ် စဉ်းစားဘတ်ရှုရှု သဘောပေါက်သည့်အခါ နှလုံးသွင်းရန်။

နှလုံးသွင်းပုံသဲလွန်စ။

၁။ သြော်-သည်ခန္ဓာကြီးကို ဘယ်နေရာမှာဖြစ်ဖြစ် စမ်းသပ်ကြည့်လိုက်တော့၊ ခက်မာတဲ့သဘော၊ ပူနွေးတဲ့သဘော၊တွန်းကန်လှုပ်ရှားတဲ့ သဘောတွေရှိတာကိုတွေ့ရပါကလား။ သည်သဘောတွေကို တပေါင်းတစုတည်းဖြစ်အောင်ဖွဲ့စည်းထားတဲ့သဘောပါဆိုလျှင်၊ သဘောကြီး ၄ မျိုး ပေါင်းစုနေတာ ပါဘဲကလား။ သည်သဘောကြီးလေးမျိုးကိုမှီ၍ အဆင်းသဘော၊အနံ့သဘော၊ အရသာသဘော၊ရုပ်ကိုတိုးစေတဲ့သြဇာသဘော ၄ မျိုးလဲထင်ရှားရှိပါကလား၊ သည်သဘောတွေကို မြတ်စွာဘုရားက ပထဝီ၊ တေဇော၊ဝါယော၊ အာပေါ၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာဓာတ်တွေလို့ ဟောပါကလား။

၂။ ပထဝီ-ဆိုတာခက်မာတဲ့သဘောဘဲ၊ ခက်မာတဲ့သဘောမို့လဲ အတူဖြစ်တဲ့ရုပ်ဓာတ်တွေရဲ့ မှီရာတည်ရာဖြစ်တာဘဲ၊ပုံသဏ္ဌာန်လဲမရှိ၊ မျက်စိနှင့်လည်း မမြင်ရ၊ အကောင် သတ္တဝါလဲ မဟုတ်၊ အသက်လိပ်ပြာလဲမဟုတ်။ အကောင်သတ္တဝါ,အသက်လိပ်ပြာလဲမဟုတ်လို့ ဓမ္မခေါ်ပါကလား၊သူ့သဘောသူဆောင်နေလို့ ဓာတ်လို့လဲခေါ်ပါကလား။ ပညတ် ၃-ပါးမှလွတ်နေပြီးထင်ရှားရှိနေတဲ့သဘောမို့ ပရမတ်ပါကလား။ ကံ-စိတ်-ဥတု-အာဟာရ အကြောင်းတရား ၄ ပါးကြောင့် ပေါ်ပေါက်လာတာဘဲ။ ပေါ်ပြီးပျက်တာဘဲ။ ခဏလိုတဖျပ်ဖျပ်ပေါ်လိုက်၊ ပျက်လိုက်နှင့် ဖေါက်ပြန်ပျက်စီးနေလို့ ရုပ်ဓာတ်လို့ ခေါ်တာဘဲပါကလား။

တေဇော-ဆိုတာ အတူဖြစ်တဲ့ ရုပ်တွေကို ရင့်ကျက်စေတဲ့ ဟူန္ဒေးတဲ့သဘောဘဲ။ အမှုန်အမွှားမဟုတ်၊ အထည်ခြုပ်သဏ္ဌာန်လဲ မရှိ၊ မျက်စိနှင့်လည်း မြင်နိုင်သည်မဟုတ်၊ အကောင် သတ္တဝါ အသက်လိပ်ပြာလဲမဟုတ်လို့ ဓမ္မ ခေါ်ပါကလား။ သူ့သဘော သူဆောင်နေလို့ ဓာတ်လို့လဲခေါ်ပါကလား။ ပညတ် ၃-ပါးမှ မလွတ်နေပြီး ထင်ရှားရှိနေလို့ ပရမတ်လို့လဲ ခေါ်ပါကလား၊ ပေါ်လိုက် ပျက်လိုက်နှင့် ဖောက်ပြန်ပျက်စီးနေလို့ ရုပ်ခေါ်ပါကလား။

ဝါယော - ဆိုတာ အတူဖြစ်တဲ့ရုပ်တွေကို တောင့်တင်းအောင် တွန်းကန် လှုပ်ရှားတဲ့ သဘောဘဲ။ ။ (တေဇော ကဲ့သို့ ဆက်၍ နှလုံးသွင်းလေ)။

အာပေါ - ဆိုတာ အတူပေါ်နေတဲ့ ရုပ်တွေကို ဖွဲ့စည်းထားတဲ့ သဘောဘဲ။ ။ (တေဇော ကဲ့သို့ ဆက်၍ နှလုံးသွင်းလေ)။

သည်ဓာတ်ကြီး ၄-ပါး ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ ကို မဟာဘုတ်လို့ ခေါ်ပါကလား။

ဝဏ္ဏ - ဆိုတာ အဆင်းသဘောဘဲ၊ ပထဝီ၊တေဇော၊အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ကြီး ၄-ပါးကို မှီနေတဲ့ သဘောဘဲ၊ မျက်စိအာကြည်၌ရှေ့ရှုထိခိုက်တတ်တဲ့သဘောဘဲ။ မျက်စိနှင့်မြင်မြင်သမျှတွေဟာ သည်အဆင်းဓာတ်ဘဲ ပါကလား။ အမှုံအမွှားမဟုတ်၊ သဏ္ဌာန်ခြုပ်မဟုတ်၊ အကောင်, သတ္တဝါ, အသက်လိပ်ပြာ မဟုတ်လို့ ဓမ္မဘဲ၊ ဓာတ်ဘဲ၊ ထင်ရှားရှိနေလို့ ပရမတ်ဘဲ၊ ပေါ်လိုက်ပျက်လိုက်နှင့် ဖေါက်ပြန်ပျက်စီးနေလို့ ရုပ်ဓာတ်ဘဲပါကလား။ ဓာတ်ကြီး ၄-ပါးပေါ်လျှင် သူလဲအတူတကွပေါ်တာဘဲ၊ ပျက်လျှင်လဲ

သူပျက်တာဘဲ၊ ဓာတ်ကြီး ၄-ပါးနှင့် အတူတတ္တ တဖြစ်ထဲဖြစ် တပျက်ထဲ ပျက်နေတဲ့ သဘောဘဲပါကလား။

ဂန္ဓဓာတ် - ဆိုတာ အနံ့သဘောဘဲ၊ နှာခေါင်း အကြည်ဥ်ရှေ့ရှုထိခိုက်တတ်တဲ့ သဘောဘဲ။

ရသဓာတ် – ဆိုတာ အရသာ သဘောဘဲ၊ လျှာ အကြည်ဥ်ရှေ့ရှုထိခိုက်ဘာတ်တဲ့ သဘောဘဲ။

ဩဇာဓာတ် - ဆိုတာ ရုပ်တို့ကို တိုးပွားစေတတ်တဲ့ သဘောဘဲ။

သည် ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဆိုတဲ့ ဓာတ်တွေဟာလဲဘဲ၊ အကောင်, သတ္တဝါမဟုတ်၊ အသက်လိပ်ပြာမဟုတ်လို့ ဓမ္မတွေဘဲ၊ သူတို့သဘော သူတို့ဆောင်နေလို့ ဓာတ်တွေဘဲ၊ ပရမတ်တွေဘဲ ပါကလား။ မဟာဘုတ်ခေါ်တဲ့ ဓာတ်ကြီး ၄-ပါးကိုမှီနေလို့ ဥပါဒါရုပ် ခေါ်ပါကလား။ ဓာတ်ကြီး ၄-ပါးနှင့် အတူပေါ်အတူပျက်နေလို့ ရုပ်ဓာတ်တွေဘဲ ပါကလား။

၃။ ပထဝီ, တေဇော, ဝါယော, အာပေါ, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ရုပ်ဓာတ်ရှစ်ပါးဟာ မကွေမကွာ တပေါင်းတစည်းတည်း နေပါကလား၊ တခုစီခွဲထုတ်ယူလို့ မရပါကလား။ ဟင်းထဲက, ဆီတခြား၊ ဆားတခြား၊ ငြုပ်သီးတခြား၊ ငါးပိတခြား ခွဲထုတ်ယူလို့ မရသလိုဘဲ ပါကလား။ သည်လို ခွဲထုတ်ယူလို့ မရလို့ဘဲ သူတို့အပေါင်းကို အဝိနိဗ္ဘောဂရုပ်ခေါ်တာဘဲ။ ဓာတ်ရှစ်ပါး ပေါင်းစုနေလို့ အဌကလာပ်လို့လဲ ခေါ်ပါကလား၊ သည်ဓာတ်ရှစ်ပါးဟာ အတူပေါ်, အတူပျက်ပါကလား၊ သည်ခန္ဓာကြီးဟာ အဌက

လာပ်ရုပ်တွေ၏ အစုအပေါင်းတွေဘဲ ပါကလား၊ သူများခန္ဓာလဲ သည်လိုဘဲ၊ တော တောင် ရေမြေ အရာဝတ္ထု ဟူသမျှ အားလုံးမှာလဲ သည်လိုဘဲပါကလား၊ အကောင်,သတ္တဝါ,အသက်လိပ်ပြာမဟုတ်၊ အကြောင်းတရား ၄-ပါး ကြောင့် တဖွဲဖွဲ ဖြစ်,ပျက်,ချုပ်ပျောက်နေတဲ့ သဘောတရားစုကြီးပါဘဲကလား။ သြော်–သည်ရုပ်ပရမတ်တွေဟာ မျက်စိတမှိတ် လျှပ်တပျက်အတွင်းမှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဖြစ်ပျက်နေပါကလား၊ မီးတောက်မီးလျှံကြီး တဟုန်းဟုန်း ထနေသလို ဖြစ်, ပျက် နေပါကလား။ မြစ်ရေအယဉ် တသွင်သွင်, တသွက်သွက်၊ တဟုန်တည်းစီးနေသလို အဟောင်းပျက်၊ အသစ်ဖြစ်နှင့် တလျှပ်လျှပ် တဖွဲဖွဲ ချုပ်ပျောက်ပျက်စီးနေပါကလား၊ အလွန် ပြင်းထန်သော မီးရှိန်ကြောင့် ရေနွေးအိုးကြီးအတွင်းရှိ ရေနွေးပူတွေ တပွက်ပွက် ဆူပွက်နေသလို၊ သည်ရုပ်ခန္ဓာကြီးဟာလဲ အစဉ်မပြတ် ဖြစ်ပျက်,ဖြစ်ပျက်နှင့် ချုပ်ပျောက်နေပါကလား၊ သြော်-သည်အဖြစ်အပျက်တွေ ဒလစပ် ဖြစ်ပျက်နေတာ အလွန်လျင်မြန်ပါကလား၊ ခုလိုလျင်မြန်လွန်းလို့ ရှေးရုပ်,နောက်ရုပ်တွေကို တခုထဲလို၊ တသားထဲလို၊ တရှိထဲလို၊ ထင်နေကြရပါကလား။ကိုယ်ဆိုတာအမှန်ရှိစေသာမဟုတ်ပါတကား။ လက်ဆိုတာ, ခြေဆိုတာ, ခေါင်းဆိုတာ အမှန်ရှိတာ မဟုတ်ပါတကား။ ရုပ်ပရမတ် အစုအပေါင်းသာ အမှန် ရှိပါကလား။ သြော် - သည် ဓာတ်အစုတွေ၊ ဓမ္မ အစုတွေဟာ အဟုတ်တကယ် ရှိတာကို မသိဘဲ, မမြင်ဘဲ, ကိုယ်ဘဲ, လက်ဘဲ, ခြေဘဲ, ခေါင်းဘဲ ဆိုတဲ့ အမည်ပညတ်တွေကို အဟုတ်ရှိ, တကယ်ရှိ, ထင်နေသမျှ သက္ကာယဒိဋ္ဌိ တန်းလန်းကြီးရှိနေပါကလား။ အပါယ်ဘေး,သံသရာဘေးက လွတ်တော့မယ်မဟုတ်ပါတကား။ စင်စစ် ပရမတ်တွေ

သာ ထင်ရှားရှိပါတကား။ သည် အဌကလာပ် ရုပ် တရားစုကြီး ဟာ ဖြစ်ပေါ်ပြီး၊ ရင့်ရော်ပျက်စီးတာ မမြဲတဲ့ သဘော အနိစ္စဘဲ၊ အနိစ္စ, အနိစ္စ, အနိစ္စ။

ရင့်ရော်, ပျက်စီးတဲ့ ဒဏ်ချက်ကလဲ မသက် သာပါ တကား၊ ဒုက္ခဘဲ၊ ဒုက္ခ, ဒုက္ခ, ဒုက္ခ။

မပျက်အောင်တားဆီးလို့ မရပါကလား။ အနတ္တာဘဲ၊ အနတ္တ, အနတ္တ, အနတ္တံ။

သည် ဓာတ်ရှစ်ပါးဟာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတွေဘဲ ပါကလား။ နှစ်သက်စရာ မဟုတ်ပါတကား။

၄။ ချေ- သည် ဓာတ်ရှစ်ပါးကို နှလုံးသွင်းနေတဲ့ အခိုက် အတန့်မှာဘဲ ဓာတ်တွေ၏ သဘာဝဓမ္မတွေကို သိနေတဲ့ အသိစိတ် ဟာလဲ သည်ခန္ဓာကြီးထဲကဘဲ ဖြစ်ပေါ်လာပါကလား။ သည်အသိစိတ်ဟာ အမှန်အမှားလဲမဟုတ် အထည်ဒြပ်သဏ္ဌာန်လဲမရှိ၊ မျက်စိနှင့်လည်းမမြင်ရ၊ ပုဂ္ဂိုလ်သတ္တဝါ, အသက်လိပ်ပြာ မဟုတ်လို့၊ သည်သိမှုဟာလဲ ဓာတ်ဘဲပါကလား။ ရုပ်ဓာတ်ရှစ်ပါးက အာရုံအဖြစ်, အကြောင်းခံလို့ သိမှုဟာ ဟဒယဝတ္ထုကို မှီပြီး ရင်ချိုင့်ထဲက ထင်ထင်ရှားရှား ဖြစ်ပေါ်လာပါကလား၊ ထင်ရှားရှိနေလို့ သည် သိမှုဟာလဲ ပရမတ်ဘဲ၊ သူ့ သဘော သူ့ဆောင် နေလို့ဓါတ်ဘဲ၊ အကြောင်းအမျိုးပေါင်းဆုံလို့ တဖွဲဖွဲ, တဖွဲဖွဲနှင့် ပေါ်ချည်, ပျက်ချည် နေပါကလား၊ အာရုံနှင့် တွေ့ဆုံတဲ့အခါ ပေါ်တာဘဲ။ အာရုံနှင့်တွေ့ဆုံတဲ့သဘောဖဿ။ အာရုံကို ခံစားတဲ့သဘောဝေဒနာ။ အာရုံမှာမှတ်တဲ့သဘော သညာ။ ထိုတရားတွေကိုအာရုံမှာဖြစ်စေအောင်စေ့ဆော်ပေးတဲ့သဘောစေတနာ။

အာရုံမှာတည်အောင် ပြုပေးတဲ့သဘော ကေဂ္ဂတာ။ ထိုသဘော တို့ကို စောင့်ရှောက်တဲ့သဘော ဇီဝိတိန္ဒြေ။ ယှဉ်ဘော်,ယှဉ်ဘက် တရားတို့ကို အာရုံသို့ ရှေ့ရှုပြေးဝင်စေတဲ့သဘော မနသိကာရ။ အစရှိသောသဘောတွေလဲ သိမှုနှင့်ပေါ်အတူ,ပျက်အတူ တည်ရာ တခုတည်း, မှီရာတခုတည်းဘဲ။ ဒါကြောင့် သည်တရားတွေကို စေတသိက်တွေလို့ ခေါ်တာဘဲ။ အာရုံသို့ ညွတ်တတ်, ကိုင်းတတ် တဲ့သဘောမို့ နာမ်တရားတွေလို့လဲ ခေါ်ပါကလား။ သည်နာမ် တရားတွေဖြစ်တဲ့စေတသိက်တွေလဲ အမှုန်အမှဲးမဟုတ်၊အကောင် သတ္တဝါ, အသက်လိပ်ပြာ မဟုတ်ပါကလား။ မိမိ, မိမိ၏မှတ် ကြောင်းဘဲ၊ ဓါတ်တွေ,ဓမ္မတွေဘဲ၊ ထင်ရှားရှိနေလို့ ပရမတ်တွေ ဘဲ၊ အကြောင်းအမျှားပေါင်းဆုံလို့ တဖွဲဖွဲ ဖြစ်ပျက်, ချုပ်ပျက် နေတဲ့ သန်တရားတွေပါကလား။ သူသိတယ်,ငါသိတယ်,သူခံစား တယ်, ငါခံစားတယ်, သူမှတ်တယ်, ငါမှတ်တယ်ဆိုတာတွေမှာ သိတဲ့သူ, သိတဲ့ငါဆိုတဲ့ အကောင်သတ္တဝါ ခန္ဓာထဲမှာ တခြား မရှိပါဘဲကလား။အကြောင်းပေါင်းဆုံလို့ဖြစ်ပေါ်လာတဲ့ သန်တ တရားတွေသာ ဟုတ်ပါကလား။ သိတယ်, ခံစားတယ်,မှတ်တယ် ဆိုတဲ့ နာမ်တရားတွေဟာ မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာ အကြိမ်ပေါင်း သိန်းသန်းမက မရေမတွက်နိုင်ခအောင် ပေါ်ပျက် နေကြပါတကား။ ဖြစ်ပေါ်မှု, ဇာတိအကြောင်းရှိလို့ ရင့်ယော် ပျက်စီးမှု၊ ဇရာ, မရဏ အကျိုးရှိနေတာဘဲ။ ဖြစ်ပြီးပျက်, ဖြစ်ပြီး ပျက်တာမမြဲတဲ့ အနိစ္စတရားဘဲ။ ဖြစ်ပျက်,နှိပ်စက်နေတာ မသက် သာပါကလား၊ ဒုက္ခဘဲ။ မပျက်ပါနှင့်လို့ တားဆီးလို့မရပါသော ကြောင့် အနတ္တာဘဲပါကလား။ အနိစ္စ, ဒုက္ခ, အနတ္တ တရားတွေ သဘ ဟုတ်ပါတကား။

၅။ ဩဝါဒ - သည်ခန္ဓာကြီးဟာ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်တဲ့ ရုပ်တရားအစု၊ နာမ်တရားအစုတွေဘဲ။ ရုပ်အစု ရူပက္ခန္ဓာ။ နာမ်တရားတွေဖြစ်တဲ့ ခံစားမှု ဝေဒနာအစု ဝေဒနက္ခန္ဓာ။ မှတ်မှု, သညာအစု-သညက္ခန္ဓာ။ဝေဒနာ သညာမှတပါးကျန်စေတသိက်စု, ဖဿ, စေတနာ, ကေဂ္ဂတာအစရှိသည်ကား၊ သင်္ခါရက္ခန္ဓာ။ သိမှု ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာ ၅ - ပါးဘဲ ပါကလား။ ။ဩဝါဒ - သည်ရုပ်အစု ရူပက္ခန္ဓာဟာ အဖြစ်မြန်, အပျက်မြန် အနှစ်သာရ ဘာတခုမျှမရှိသောကြောင့်။ ရေမြုပ်နှင့်တူတယ်လို့ ဘုရားဟော ပါကလား။ ဝေဒနက္ခန္ဓာဟာလဲ တဖွဲဖွဲ ဖြစ်ပျက်, ချုပ်ပျောက် အနှစ်သာရဘာမျှမရှိသောကြောင့်၊ ရေပွက်နှင့်တူတယ် ဟောပါကလား။ တံလျှပ်ကိုရေထင်သကဲ့သို့ ရုပ်ဓါတ်, နာမ်မါတ်တွေကို လူ,နတ်စသည်ဖြင့် အထင်မှား, အမြင်မှားပြီး တဖွဲဖွဲဖြစ်ပျက်,ချုပ်ပျောက်၍ အနှစ်သာရ ဘာမျှမရှိတဲ့ သညက္ခန္ဓာဟာ တံလျှပ်နှင့်တူတယ်လို့ ဟောပါကလား။ အနှစ်အလျှင်းမရှိ၊ အကာမျှသာဖြစ်တဲ့ ငှက်ပျောတုံးလို့၊ သင်္ခါရက္ခန္ဓာဟာ တခုသောနှင့်တခုသဘောမတူကြဘဲ၊ တဖွဲဖွဲ ဖြစ်ပျက်, ချုပ်ပျောက်၍ အနှစ်သာရ ဘာတခုမျှမရှိလို့ ဟောပါကလား။ မဟုတ်တာကို အဟုတ်ထင်အောင် လှည့်ကာပြသနေတဲ့ မျက်လှည့်လို့၊ ဝိညာဏက္ခန္ဓာဟာလဲ ဟုတ်တာကိုမဟုတ်၊ မဟုတ်တာကို အဟုတ်၊ အလဲလဲ အမှားမှား ထင်ယောင်ထင်မှား သိနေတဲ့ အနှစ်သာရမရှိတဲ့ ဖြစ်ပျက်တရားဘဲလို့ ရှင်တော်ဘုရား ဟောကြားတော်မူပါကလား။ သည်ခန္ဓာ ၅-ပါး အစုအပေါင်းဟာ အနှစ်သာရဘာတခုမျှ မရှိပါတကား။ ကံ့စိတ်,ဥတု,အာဟာရ, အကြောင်းတရား ၄-ပါးကြောင့် မပြတ်ဖြစ်ပျက်နေတဲ့ သင်္ခတတရားတွေဘဲပါတကား။ ဖြစ်ပေါ်မှု ဇာတိ

အကြောင်းရှိလို့ ရင့်ယောဂ်,ပျက်စီးမှု, ဇရာမရဏ အကျိုးရှိတာဘဲ။ အကြောင်း,အကျိုးဆက်ကာ,ဆက်ကာဖြစ်ပျက်နေတဲ့ဖြစ်ပျက်အစဉ်တွေပါတကား။ အကောင်သတ္တဝါ,အသက်လိပ်ပြာမဟုတ်ပါတကား။ လူမဟုတ်, နတ်မဟုတ်, ယောကျ်ား, မိန်းမ မဟုတ်ပါတကား။ ဒါကြောင့်၊ နိဿတ္တ, နိဇ္ဇီဝ, သဘာဝါ, သတ္တဝံါ မဟုတ်၊ အာသက်မဟုတ်၊ သဘာဝဓမ္မတွေသာ ဟုတ်တယ်လို့ ဟောတာဘဲ။

၆။ သြော်-သည်ခန္ဓာ ၅-ပါး ရုပ်,နာမ်တရား အစုံအပေါင်းဟာ ပေါ်ရင်ပျက်တာဘဲ၊ မမြဲပါတကား။ အနိစ္စ,အနိစ္စ,အနိစ္စ။

သြော် - ခုလိုပေါ်ချည်, ပျက်ချည်ဟာ မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာ အကြိမ်ပေါင်း မရေမတွက်နိုင်ပါကလား။ ဖြစ်ပျက် နှိပ်စက်နေတာမသက်သာ၊ ဆင်းရဲပါတကား။ ဒုက္ခ, ဒုက္ခ။

မပျက်အောင် တားဆီးလို့မရ၊ အစိုးမရပါတကား။ အနတ္တ, အနတ္တ, အနတ္တ။

၃၁-ဘုံမှာ ဖြစ်လေသမျှ ရုပ်ဓါတ်,နာမ်ဓါတ်အပေါင်းဖြစ်တဲ့ ပုပ္ပဏ္ဏမြင်သမျှတွေဟာ မရေမတည် မပြတ်ခေါင်းကျမ်း ပျက်စီးနေရပါကလား။ ပန်းဘဲဖိုတွင် မီးပြင်းဟိုက်ထိုး၍ မီးပန်း,မီးပွင့် တဖွဲဖွဲ,တရှဲရှဲနှင့် တရှိန်ရှိန်,တပြောင်ပြောင် တောက်လောင်နေတဲ့ သံခဲကြီးတွေလို၊ သည်ခန္ဓာကြီးဟာ မရေမစဲ, တဟဲဟဲ, တရှဲရှဲ လောင်ကျမ်း ချုပ်ပျောက်နေတဲ့ ထိတ်စရာ လန့်စရာ ဒုက္ခမီးကြီးဘဲပါတကား။ ။သြော် ၃၁-ဘုံ၌ ဖြစ်လေသမျှဟာ လူ,နတ်,ဗြဟ္မာစင်စစ်မဟုတ်ပါတကား။ မရေမစဲတသဲသဲ ဖြစ်ပျက်လောင်ကျမ်းနေတဲ့ ဒုက္ခမီးခဲကြီးသာ ဧကန်စင်စစ်ဟုတ်ပါတကား။ မြင့်မိုရ်

တောင်ကြီးမက လေးလံလှ၍ ဘေးအပေါင်းတို့နှင့် ဆက်ဆံရာ ဖြစ်သော ခန္ဓာဝန်ထုပ်ကြီးကို ပင်ပင်ပမ်းပမ်း ထမ်းဆောင်နေသမျှ သံသရာဝန်ထမ်းသမားအဖြစ်က မကျွတ်လွတ်နိုင်ဘဲ ဘယ်ဘုံဘယ်ဘဝမှာမှ ချမ်းသာမယ် မဟုတ်ပါတကား။ ဒုက္ခမီးက ဘယ်တော့မှ လွတ်ရတော့မယ် မဟုတ်ပါတကား။ လူဘဲ၊ နတ်ဘဲ၊ သတ္တဝါဘဲ၊ အသက်လိပ်ပြာဘဲ ဆိုတဲ့အတွက် အနှစ်သာရ ဘာမျှ မရှိပါကလား။ လှုပတင့်တယ်၊ နှစ်သက်ဖွယ်ဆိုတဲ့ သုဘအနှစ် သာရလဲ ဘာမျှမရှိပါကလား။ စက်ဆုပ် ရွံ ရှာဖွယ်အပုပ်ကောင်ကြီးဘဲပါကလား၊ တဖြင်ထဲဖြစ်၊ တပျက်ထဲ ပျက်နေတဲ့တရားဟာ ဘယ်မှာချမ်းသာ သုခအနှစ်သာရရှိပါ့မလဲ၊ စင်စစ်မရှိပါဘကား။ ဖြစ်ပျက် ချုပ်ပျောက်နေတဲ့တရားဟာ မြဲတယ်ဆိုတဲ့ နိစ္စ၊ အနှစ်သာရလဲ ဘာမျှမရှိပါတကား။ သည်အနှစ်သာရ ဘာတခုမျှမရှိတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘဖြစ်တဲ့ ခန္ဓာ ၅ ပါး ရုပ်နာမ်တရားတွေဟာ စက်ဆုပ်အပ်တဲ့အချည်းနှီး တရားတွေ အမှန်ဘဲပါတကား။ချမ်းသာမရှိ၊ ဆင်းရဲအတိသာဖြစ်၍၊ စွန့်ပစ်စရာပါတကား။ ရောဂါအပေါင်း ဘေးအပေါင်းတို့ဖြင့် မပြတ်မလပ် နှိပ်စက်အပ်သော သဘောပါတကား။ နာခြင်း၊ သေခြင်း စသည်ဖြင့် ဖရိုဖရဲ ကဲ့ပျက်ခြင်း၊ သဘောပါတကား။ မင်းခိုးသူစသော သူတို့၏ ဘေးရန်အပေါင်း မပြတ်စုဝေး နှိပ်စက်ခံနေရာဖြစ်ပါတကား။ ဖျားနာခြင်းစသော ရောဂါအန္တရာယ်အမျိုးမျိုး နှိပ်စက်ခံနေရသော သဘောဖြစ်၍၊မိုခိုရာ၊ကိုးကွယ်ရာ အလျင်းမရှိသော သဘောပါတကား။ ငါသူ စသဖြင့် စွဲလန်းရန် အတွက်မှ ကင်းဆိတ်ခြင်း သဘောပါတကား။ စိုးရိမ်ကြောင့်ကြရခြင်း၊ ငိုကြွေးရခြင်း။ သက်ကြီးရွယ်တင် ပင်ပမ်းရခြင်း၊ သဘောအစု

ပါတကား။ တဏှာ, ဒိဋ္ဌိစသောအညစ်အကြေး အပေါင်းတို့ဖြင့် လိမ်းကပ်, ညစ်ညူးနေသောသဘောဧတ္ထပါတကား။ နှစ်သက်စရာ၊ ခင်မင်တွယ်တာစရာ ဘာမျှမရှိပါဘဲတကား။

၇။ ဩဇာ-လူး-နတ်-သတ္တဝါ၊ အာသက်လိပ်ပြာမဟုတ် အနှစ်သာရ ဘာတခုမျှမရှိတဲ့အနတ္တကို လူဘဲ, နတ်ဘဲ၊ အကောင်သတ္တဝါ။ အသက်လိပ်ပြာဘဲလို့ အထင်မှားပါတကား။ အမြင်မှားပါတကား။ "ဒုက္ခကိုသုခ" "အနိစ္စကိုနိစ္စ" "အသုဘကို သုဘ"ဘဲရယ်လို့ အထင်မှား အမြင်မှား ပါတကား။ ဩဇာ-သည်အထင်မှား၊ အမြင်မှားတာတွေကို မသိမမြင်တဲ့ အဝိဇ္ဇာကြောင့်၊ ခင်မင်တွယ်တာတဲ့တဏှာ လောဘဖြစ်ပါတကား။ ထို့လောဘကြောင့်၊ခန္ဓာ၅ပါးဆိုတဲ့ သည်ရုပ်တွေ၊သည်နာမ်တွေဖြစ်ပေါ်လာပါကလား။ မခင်မင်၊မတွယ်တာလျှင်၊ သည်ရုပ်သည်နာမ်တွေဖြစ်ပေါ်မှု ရှိမှာမဟုတ်ပါတကား။ ရှေးဘဝက ခင်မင်တွယ်တာခဲ့တဲ့သမုဒယကြောင့်၊ယခုဘဝ သည်ရုပ်,နာမ်ဒုက္ခမီးတွေ တဖွားဖွား လောင်နေရတာ အမှန်ဖြစ်ရတာဘဲပါတကား။ အစမထင်သံသရာက ဖြစ်ခဲ့ဘူးသမျှ အကြောင်းသမုဒယ အကျိုးဒုက္ခတွေဟာတခုဘဝတိုင်အောင် ထပ်ကာထပ်ကာဖြစ်နေပါတကား။ လူ,နတ်,မ ဟုတ် အကောင်,သတ္တဝါ, အ သက် လိပ် ပြာ မ ဟုတ်၊ အကြောင်းအကျိုးဆက်သွယ်ပြီး၊ မပြတ်ဖြစ်ပျက်နေတဲ့ ဖြစ်ပျက်အစဉ်၊ ဒုက္ခမီးကြီးသာဟုတ်ပါတကား။

၈။ ယခုဘဝ သည်ခန္ဓာကို တွယ်တာလျှင်၊ နောင်ဒုက္ခမီးဖြစ်ရအုံး၊ လောင်ရအုံးမှာပါကလား။ နောင်ဖြစ်မဲ့ခန္ဓာကိုတွယ်တာပြန်လျှင်လဲ နောက်နောင်ဖြစ်မဲ့ ခန္ဓာဒုက္ခမီး၊ အမှန်လောင်

ရအုံးမှာဘဲပါကလား။တဉ်တာမှုရှိနေသမျှ အကြောင်းသမုဒယ အကျိုးဒုက္ခ အဆက်ဆက်ဖြစ်နေတာ ဆုံးနိုင်တော့မယ် မဟုတ်ပါတကား။ ငါခန္ဓာလဲ သည်လို၊ သူများခန္ဓာလဲ သည်လို၊ အကြောင်းအကျိုး ဆက်ကာ,ဆက်ကာဖြစ်နေတာဘဲပါကလား။ သြော်-သည်လို ဆက်ဆက်ဖြစ်နေတာ ဖြစ်ပေါ်မှု ဇာတိရှိလို့ဘဲ၊ ဖြစ်ပေါ်မှု ဇာတိရှိနေသမျှ အကြောင်းသမုဒယနှင့် အကျိုးဒုက္ခတရားက ဘယ်တော့မှ လွတ်တော့မယ်မဟုတ်ပါတကား။ ဇာတိနှင့် ဆန့်ကျင်ဘက်ဖြစ်တဲ့ မဖြစ်ပေါ်တဲ့ သဘော အဇာတိဟာ အကြောင်း သမုဒယ၊ အကျိုးဒုက္ခတရားက လွတ်တဲ့ တရားဘဲ။ သည်လွတ်တဲ့တရားသာ ဓေျမ်းတဲ့တရားပေဘဲ၊ အပူရှိလျှင် ဆန့်ကျင်ဘက်အအေးဟာ အမှန်ရှိစမြဲပေဘဲ။ အမိုက်ရှိလျှင် အလင်းရှိရတာဘဲ။ သည်ဘက်ကမ်းရှိလျှင် ဟိုဘက်ကမ်းရှိတာဘဲ။ ဇာတိနှင့်အဇာတိဟာ ဆန့်ကျင်ဘက်ဘရားမို့ တဖက်စီဘဲ။ ဇာတိက သင်္ခံတနယ်၊ သည်ဘက်ကဘဲ။ အဇာတိက အသင်္ခံတနယ်၊ ဟိုဘက်ကဘဲ။ သည်ဘက်ကဇာတိဟာဖြစ်ပေါ်တဲ့တရား။ ဖြစ်ပေါ်မှုရှိလို့ မမြဲတဲ့အနိစ္စတရား၊ ဆင်းရဲတဲ့ ဒုက္ခတရား၊ မတင့်တယ်တဲ့ အသုဘတရားဘဲ။ အနှစ်သာရမရှိတဲ့ အနတ္တဘရား။ စက်ဆုပ်အပ်, စွန့်ပစ်အပ်တဲ့ အချည်းနှီး တရားတွေဘဲပါတကား။ ဟိုဘက်က အဇာတိဟာမဖြစ်တရားဘဲ၊မဖြစ်တရားမို့မြဲနေတဲ့ နိစ္စတရားဘဲ။ ချမ်းသာအေးချမ်းနေတဲ့ သုခဘရားဘဲ။ တင့်တယ်တဲ့သုဘတရားဘဲ။အနှစ်သာရနှင့် ပြည့်စုံနေတဲ့ခိုင်မာတဲ့ တရားထူးတရားမြတ်ဘဲပါတကား။ သည်ဘက်က 'ဖြစ်တရား'ဇာတိဟာ ပြုပြင်ခြင်း၊ ဖြစ်ပျက်ခြင်းရှိနေတဲ့ သင်္ခံတတရား။ဟိုဘက်က 'မဖြစ်တရား'အဇာတိဟာ ပြုပြင်ခြင်း၊ ဖြစ်ပျက်ခြင်းကင်းနေတဲ့ အသင်္ခံတ တရားပါ

တကား။ သည်ဘဲက်က ဖြစ်ပေါ်ပျက်နေတဲ့ ဒုက္ခမီးတွေတရှိန်ရှို့ လောင်နေပါတကား။ ဟိုဘက်က အို,နာ,သေဘေးမရှိဘဲ အခါခပ်သိမ်း အေးငြိမ်းချမ်းသာပြီး ထင်ရှားတည်မြဲနေတဲ့ တရားပါတကား။ မည်သူကမှ ဘယ်အကြောင်းကမှ ပြုပြင်တာ မဟုတ်ပါတကား။အေးမြသော သန္တိသုခ သဘောအားဖြင့် ကမ္ဘာအဆက်ဆက်က မြဲတည်နေတဲ့ တရားပါဘဲတကား။ သည်အဇာတိဖြစ်တဲ့ အသခ်ၤတတရားတပါးသာ တထောင့်ငါးရာ ကိလေသာအပေါင်း တည်းဟူသော မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်း သံသရာဝဋ်ဒုက္ခမှ, ထွက်မြောက်ကြောင်း နိဗ္ဗာန်ဖြစ်၍ ကေန်စင်စစ် ချမ်းသာအေးချမ်းသော သဘောပါတကား။ အားထားရာ, မှီခိုရာ, ပုန်းအောင်းရာ အစစ်ကြီးဖြစ်ပါတကား။ သည်အဇာတိ,သဘောတရားတပါးသာ အေးချမ်းရာဟူသမျှတို့၏ အထွတ်ဆုံး အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်တရားတော်မြတ် ကေန်ပင်ဖြစ်ပါတကား။ ။

ဤစာတမ်းရှစ်ပါးရှုဘွယ်တွင် ဖော်ပြသည့်နည်းအတိုင်း နှလုံးသွင်းသူ, ယောဂီ၏ သန္တာန်၌ ဉာဏ်အမျိုးမျိုး ဖြစ်ပုံ၊ ဒိဋ္ဌိအမျိုးမျိုးစပ်ပုံ။

နှလုံးသွင်းစာတမ်းတွင် ရေးသားဖော်ပြထားသည့် အချက်များကို ထပ်ခါထပ်ခါ နှလုံးသွင်းလိုက်၍ အဟုတ်တကယ် သဘောပေါက်ပြီး။ မိမိကိုယ်ပိုင်ဉာဏ်နှင့် ဓာတ်တွေ့၏သဘော

လက္ခဏာကို ပိုင်ပိုင်-နိုင်နိုင် မြင်လျှင်ဉာဏ်အမျိုးမျိုးဖြစ်၏။ ဒိဋ္ဌိ အာမျိုမျိုးစင်၏။

၁။ အပိုဒ်(၁)ကို နှလုံးသွင်းလိုက်သည့်အခါ ဥပနိသျဆရာထံမှ သင်ကြားနာခံမှတ်သားခြင်း အရအမိ ရှိသည် ဖြစ်သောကြောင့်၊ သုတမယဉာဏ်ဖြစ်၏။

၂။ အပိုဒ်(၂)ကို နှလုံးသွင်းလိုက်သည့်အခါ၊ ဥပနိသျဆရာထံမှသင်ကြားနာခံမှတ်သားခြင်းများကိုအနက်သဘောပေါက်အောင် စဉ်းစားခြင်း ဖြင့် သိနိုင်သောကြောင့် စိန္တာမယဉာဏ်ဖြစ်၏။

၃။ ရုပ်ခေတ်ရှစ်ပါးကို မနေမနားကြံစည်, အားထုတ်နှလုံးသွင်းမှုကြောင့် ထိုခေတ်များသည် အကောင်သတ္တဝါ၊ အသက်လိပ်ပြာမဟုတ်၊ သူ့သဘောသူဆောင်ပြီး၊ ဖြစ်ပျက်တရားသာဟုတ်တယ်လို့၊ ယထာဘူတ ဟုတ်တိုင်းမှန်စွာပရမတ်တွေကို ထိုးထွင်းသိသောကြောင့်၊ ဘာဝနာမယဉာဏ် ဖြစ်၏။

ယထာဘူတဉာဏ် ဟူ၍ လည်းဆို၏။ ပညာသိလည်းမည်၏။

၄။ ရုပ်ခေတ်တွေ၏ သဘာဝ လက္ခဏာတွေကို သိသောကြောင့်ရင်း၊ ရုပ်ခေတ်ရှစ်ပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ, အကြောင်း လေးပါးကြောင့် မပြတ်ဖြစ်ပျက်နေကြရ၍ ဝိပရိဏာမ, ဖေါက်ပြန်တတ်သော သဘောတရားတွေကို သိသောကြောင့်ရင်း၊ ရူပပရိစ္ဆေဒဉာဏ်ဖြစ်၏။

၅။ သိသင့်သိထိုက်သော ပရမတ် လက္ခဏာတွေကို ပိုင်းခြားသိခြင်းကြောင့် ဉာတပရိညာဖြစ်၏။

၆။ ရုပ်ခေတ် ရှစ်ပါးသည် သဘောတရားသက်သက် ဖြစ်သော ပရမတ်တွေသာ ဟုတ်သည်။ အသက်လိပ်ပြာ မဟုတ်ဟု ဟုတ်တိုင်းမှန်စွာ သိသောကြောင့် ဇီဝဒိဋ္ဌိမှလွတ်၏။

၇။ ရုပ်ခေတ် ရှစ်ပါးသည် အမှုန်အမှားဘဲ၊ အထည်ခြုပ် သဏ္ဌာန်ဘဲ။ ကိုယ်ကောင်ဘဲ ဖြစ်သည်ဟု မယူသောကြောင့် သရီရဒိဋ္ဌိမှ လွတ်၏။

၈။ ပဋ္ဌာန်းဥာဏ်ဖြစ်ပုံ၊ မဟာဘုတ် ၄-ပါးဟု ခေါ်သော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ခေတ်ကြီး ၄-ပါးသည်-

(က) အချင်းချင်းထောက်ပံ့သည်ကို သိရသောကြောင့် အညမညပစ္စည်းကို သိသော ပဋ္ဌာန်း ဉာဏ်ဖြစ်သည်။

(ခ) အတူဖြစ်သည်ကို .... သဟဇာတ....။

(ဂ) တပါးကိုတပါးမှီရသည်ကို .... နိဿယ....။

(ဃ) ရှိခိုက် ကျေးဇူးပြုသည်ကို .... အတ္ထိ....။

(င) မကင်းခိုက်ကျေးဇူးပြုသည်ကို .... အဝိဂတ....။

၉။ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဥပါဒါ ရုပ် ၄-ပါးနှင့် မဟာဘုတ် ၄-ပါး ကျေးဇူးပြုပုံ။

(က) ဥပါဒါရုပ်ကို မဟာဘုတ်သည် အတူဖြစ်၍၊ ကျေးဇူးပြုသည်ကိုသိသောကြောင့် သဟဇာတပစ္စည်းကို သိသော ဉာဏ်ဖြစ်၏။

(ခ) မဟာဘုတ်က မှီရာအဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် နိဿယ။

(ဂ) ရှိခိုက် ကျေးဇူးပြုခြင်းကြောင့် အတ္ထိ။
(ဃ) မကင်းခိုက် ကျေးဇူးပြုခြင်းကြောင့် အဝိဂတ။

၁၀။ အပိုဒ် (၃) ကို နှလုံးသွင်းလိုက်သည့် အခါ။

မိမိ သူတပါး၏ ရုပ်အစု, နာမ်အစု, ခန္ဓာ ၅-ပါး၊ သစ်ဝါရ တရားတို့၌ အတ္တ, သုဘ, သုခ, နိစ္စ, တို့ကိုမမြင်ဘဲ၊ အနတ္တသဘော, အသုဘသဘော, ဒုက္ခသဘော, အနိစ္စ သဘောတို့ကိုသာ တရေးရေးမြင်လျှင် တိဏ်ရဏပရိညာကို ပိုင်၏။

၁၁။ ရုပ်ခေတ်၌ဖြစ်စေ၊ နာမ်ခေတ်၌ဖြစ်စေ၊ စိတ်ရောက်၍ တည်နေသည်ကို သမာဓိဟု ခေါ်သည်။ သမာဓိ ဖြစ်သည့်အခါ ကာယကံမှု, ဝစီကံမှု, စင်ကြယ်နေသည်ကို သီလဟု ခေါ်သည်။ အကောင်, သတ္တဝါ, အသက် မဟုတ်မှန်း အနိုပ်စက်ဒဏ်ချက်ကို ခံရ၍မသက်သာမှန်း၊ ကွယ်ပျောက် ပျက်စီးမှန်းကို အပြားအား ဖြင့် သိမှုကို ပညာဟုခေါ်သည်။ ဤသို့ ဝိပဿနာကမ္မဋ္ဌာန်းစီး ဖြန်း ပွားများ အားထုတ်တိုင်း, အားထုတ်တိုင်း၊ သီလ သိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာ၊ ဤသိက္ခာ ၃-ပါးနှင့်ပြည့်စုံ၍နေ၏။

၁၂။ မိမိ၌ သီလ, သမာဓိ, ပညာ, သိက္ခာ ၃-ပါး ဖြစ်နေတာ အကျိုးရှိနေပါကလားလို့ သိတာ သတ္ထုကသမ္မဇ္ဇည ခေါ်သည်။ သိက္ခာ ၃-ပါးနှင့် ပြည့်စုံနေအောင် နှလုံးသွင်းနေတာ အလွန်တရာ လျော်ကန်ပတ် ပါကလားလို့ သိတာ သပ္ပါယသမ္မဇ္ဇည ခေါ်သည်။ သိက္ခာ ၃-ပါးဖြစ်အောင် နှလုံးသွင်းနေတာ ကျက်စားရာ အာရုံလို့ သိနေတာ ဂေါစရသမ္မဇ္ဇည ခေါ်သည်။ သိက္ခာသုံးပါးဖြစ်နေအောင် နှလုံးသွင်းနေလို့ သမ္မာဒိဋ္ဌိ ဝိပဿနာညာဏ်စတွဖြစ်နေတဲ့

အခါ တွေ့ဝေခြင်း ကင်းနေတယ်လို့ သိတာ အသမွေ့ဟာ သမ္ပဇဉ်ခေါ်သည်။

၁၃။ အပိုဒ် (၄,၅,၆,၇,၈)ကို နှလုံးသွင်းသည့်အခါ။

နာမ်တရားများကို နှလုံးသွင်းလိုက်သည့်အခါ ရုပ်တရားတွင် ပြထားခဲ့သော သုတမယဉာဏ်, စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ်, ညာတပရိဉာဏ်တို့ ထပ်မံဖြစ်၏။ ဇီဝဒိဋ္ဌိ, သရီရဒိဋ္ဌိတို့မှ လည်းလွတ်၏။

၁၄။ သိမ္မုစိတ်နှင့်စေတသိက်နာမ်တရားတို့သည် အကြောင်းအမျှားပေါင်းဆုံလို့ ဖြစ်ပေါ်, ပျက်ချုပ်တဲ့ သဘော, အာရုံသို့ညွတ်တတ်တဲ့သဘောသာ ဟုတ်မှန်ကြောင်းကို ပိုင်းခြား၍သိခြင်းကြောင့် နာမပရိစ္ဆေဒဉာဏ် ဖြစ်သည်။

၁၅။ ရုပ်တရားတို့နှင့် နာမ်တရားတို့၏ သဘော လက္ခဏာမျှားကို ပိုင်းခြား သိခြင်းကို နာမရူပ-ပရိစ္ဆေဒဉာဏ်ဟု ခေါ်ဆိုအပ်သည်။

၁၆။ ပဋ္ဌာန်းဥာဏ် ဖြစ်ပုံ။

ဟဒယဝတ္ထုနှင့် ပဋိသန္ဓေ နာမ်တရား ကျေးဇူးပြုပုံ။

၁။ အာတူဖြစ်လို့ = သဟဇာတပစ္စည်း။
၂။ အချင်းချင်းထောက်ပံ့လို့ = အညမညပစ္စည်း။
၃။ တပါးကိုတပါးမှီလို့ = နိဿယပစ္စည်း။
၄။ ရှိခိုက်ကျေးဇူးပြုလို့ = အတ္ထိပစ္စည်း။
၅။ မကင်းခိုက်မကျေးဇူးပြုလို့ = အဝိဂတပစ္စည်း။
၆။ အညီအညွတ်မယှဉ်လို့ = ဝိပ္ပယုတ္တပစ္စည်း။

၁၇။ သိမ္မန္ဒင့် စေတသိက် ကျေးဇူးပြုပုံ။

၁။ အတူဖြစ်လို့ = သဟဇာတပစ္စည်း။
၂။ အချင်းချင်းထောက်မံ့လို့ = အညမညပစ္စည်း။
၃။ တပါးကိုတပါးမှီလို့ = နိဿယပစ္စည်း။
၄။ ရှိခိုက်ကျေးဇူးပြုလို့ = အတ္ထိပစ္စည်း။
၅။ မကင်းခိုက်ကျေးဇူးပြုလို့ = အဝိဂတပစ္စည်း။
၆။ အညီအညွတ်ယှဉ်လို့ = သမ္ပယုတ္တပစ္စည်း။

၁၈။ ရုပ်တရား, နာမ်တရားတို့သည် ကံ, စိတ်, ဥတု, အာဟာရတို့ကြောင့် ဖြစ်, ပေါ်, ချုပ်ပျောက်ရသည်ဟု အကြောင်းအကျိုးကိုသိခြင်း။ ဇာတိကြောင့် ဇရာ, မရဏ ဖြစ်ရသည်ဟု အကြောင်းအကျိုးကိုသိခြင်း။ မဟာဘုတ် ၄-ပါးသည် တပါးကိုတပါး အကြောင်းအကျိုးအားဖြင့် ကျေးဇူးပြုသည်ဟုသိခြင်း အစရှိသည်တို့ကိုသိခြင်းသည် အကြောင်းကိုသိသောဉာဏ် ဖြစ်သောကြောင့် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်သည်။

၁၉။ ရုပ်, နာမ်တို့ ဖြစ်ပေါ်ခြင်းသည် အကြောင်းမရှိ၊ သူတို့ဘာသာသူတို့ ဖြစ်သည်ဟုယူလျှင် အဟေတုကဒိဋ္ဌိ ဖြစ်သည်။

၂၀။ အကြောင်းအကျိုးမရှိ၊ ဘုရားဖန်ဆင်းသည်။ ဗြဟ္မာကြီးဖန်ဆင်းသည်ဟု ယူလျှင်၊ ဣဿရနိမ္မာနဒိဋ္ဌိဖြစ်သည်။

၂၁။ အကျိုးတရားမရှိဟုယူလျှင်၊ နတ္ထိကဒိဋ္ဌိဖြစ်သည်။

၂၂။ ကုသိုလ်ကံ, အကုသိုလ်ဟူ၍ မရှိဟုယူလျှင်၊ အကိရိယဒိဋ္ဌိ ဖြစ်သည်။

၂၃။ အကောင်သတ္တဝါ အသက်လိပ်ပြာမဟုတ်၊ ဓါတ်ပရမတ်တို့၏ အစုအပေါင်းသာ ဟုတ်သည်ဟုသိလျှင် ဥဿာဏ်ဖြင့်မြင်လျှင်၊ သက္ကာယဒိဋ္ဌကင်းစင်၏။ သက္ကာယဒိဋ္ဌကင်းစင်လျှင် အားလုံးသော ၆၂-ပါးသော ဒိဋ္ဌိတို့လည်းကင်းစင်၏။

၂၄။ ဓါတ်ရှစ်ပါးကို နှလုံးသွင်းရာ၌ ဝိပဿနာ ဥဿာဏ် ၁၀-ပါးဖြစ်ပုံ။

၁။ ရုပ်ဓါတ်,နာမ်ဓါတ်တို့ကို အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာရေး ၃-ပါးဖြင့် ပိုင်းခြားချိရှုနေခြင်း၊ နှလုံးသွင်းခြင်းကို သမ္မသနဉာဏ်ခေါ်သည်။

၂။ ရုပ်ဓါတ်, နာမ်ဓါတ်တို့ကို သမ္မသနဉာဏ်ဖြင့် အဖန်ဖန်သုံးသပ်လတ်သော်။ ၎င်းရုပ်ဓါတ်, နာမ်ဓာတ် သဘောတို့သည် မရပ်မစဲ တသဲသဲဖြစ်ပျက် ကြကုန်သည်ကိုသာ တရေးရေးမြင်လေ၏။ ထိုသို့မြင်သောဉာဏ်ကို ဥဒယဗ္ဗယဉာဏ်ဟုခေါ်သည်။

၃။ ဥဒယဗ္ဗယ ဉာဏ်ဖြင့် အဖန်ဖန်အားထုတ်လေသော်။ ဖြစ်ဘည်ခြင်းကို မမြင်နိုင်ဘဲ။ ပျက်ခြင်းကိုသာ တရေးရေးထင်မြင်လေတော့သည်။ထိုသို့မြင်သောဉာဏ်ကိုဘင်္ဂဉာဏ်ဟုခေါ်သည်။

၄။ ထိုသို့ အပျက်တွေ့ကိုမြင်သော ဘင်္ဂဉာဏ်ဖြင့် ရုပ်ဓာတ် နာမ်ဓာတ်တို့ မရပ်မစဲ တသဲသဲပျက်စီးကုန်သည်ကို တရေးရေးထင်မြင်လတ်သော်၊အလွန် ကြောက်မက်ဖွယ်ကောင်းသော၊ အပူဘေးကြီးဟူ၍သာထင်မြင်လျက်၊ ထိတ်လန့်၊ တုန်လှုပ်၊ ကြောက်ရွံ့၍ အနုမြူမျှ သက်သာခွင့်ကို မတွေ့မမြင်လေ။ ထိုကဲ့သို့

ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပေါ်သောအခါ ဘယညာဏ်ဖြစ်သည်။

၅။ ဓာတ်ရှစ်ပါးကို အဖန်ဖန်သုံးသပ်သော်၊ မမြဲတတ်သော အနိစ္စအပြစ်၊ အဖန်တလဲလဲ နှိပ်စက်ခံရခြင်း ဒုက္ခအပြစ်၊ ငါဟူ၍ ပြစရာအနှစ်မရှိခြင်း အနတ္တအပြစ်တို့ကို တရေးရေးမြင်နေသည်ကို အာဒီနဝဉာဏ်ဟု ခေါ်သည်။

၆။ အာဒီနဝ ဉာဏ်ဖြင့် အပြစ်တွေ့ကိုသာ တရေးရေးမြင်နေသောအခါ ဘုံသုံးပါး၌ ဖြစ်သမျှသော ရုပ်ဓာတ်နာမ်ဓာတ်တစုအဝေးတို့ကို မလိုချင်ဘဲငြီးငွေ့စက်ဆုပ် ရှုံ့ရှာခြင်းသို့ရောက်လေ၏။ ထိုအခါ နိဗ္ဗိန္ဒဉာဏ်ဖြစ်၏။

၇။ ထိုသို့ ငြီးငွေ့စက်ဆုပ်သောအခါ ထိုဓာတ်ရှစ်ပါးတို့မှ လွတ်လိုး၏။ ထိုသို့ လွတ်လိုခြင်းကို အလိုရှိသော အဖြစ်ကို မုဉ္စိတုကမျတာဉာဏ်ဟု ခေါ်သည်။

၈။ လွတ် ထွက် လိုသည့် အ တိုင်း ရုပ် ဓာတ်၊ နာမ် ဓာတ်တို့ကို လက္ခဏာရေး ၃-ပါး ဖြင့် ထပ် တ လဲ လဲ သုံးသပ် နှလုံးသွင်း၍ အလွန် ထင်မြင်အောင်ပြုလုပ်ခြင်းကို ပဋိသင်္ခါဉာဏ်ဟု ခေါ်သည်။

၉။ ရုပ်ဓာတ်၊ နာမ်ဓာတ်တို့၌ လက္ခဏာရေး ၃-ပါး အစွမ်းကုန်ထင်မြင်သည့်အတွက်၊ ချစ်ခြင်း၊ မုန်းခြင်းမရှိ၊ လျစ်လျူရှုနေကာ တည်နေသောဉာဏ်ကို သင်္ခါရုပက္ခာဉာဏ်ဟုခေါ်သည်။

၁၀။ ရုပ်ဓာတ် နာမ်ဓာတ်ကို အဖန်ဖန်သုံးသပ်၍၊ သင်္ခါရုပက္ခာဉာဏ်ကို ရပြီးနောက် လောကုတ္တရာမဂ်သို့ရောက်ခါနီးဖြစ်သော ဉာဏ်ကို အနုလောမဉာဏ်ဟု ခေါ်သည်။

ဒုစရိုက် ၁၀ ပါးငြိမ်းပုံ၊ ကိလေသာ ၃-ပါးငြိမ်းပုံ။
မဂ္ဂင်ရှစ်ပါးဖြစ်ပုံ၊ ဝိသုဒ္ဓိ ၆-ပါးဖြစ်ပုံ။

၂၅။ ရုပ်ခေတ်၊ နာမ်ခေတ်တို့ကိုဖေါ်ပြခဲ့သည့် နည်းအတိုင်း တွေ့ရှိသုံးသပ်နေလျှင် ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာတည်းဟူသောကာယဒုစရိုက် ၃ ပါး။ မုသာဝါဒါ၊ ပိသုဏာစာ၊ ဖရုသာစာ၊ သမ္ဖပ္ပလာပဘည်းဟူသော ဝစီဒုစရိုက် ၄-ပါး၊ ဣဒုစရိုက် ၃-ပါးတို့ကိုမလွန်ကျူးခြင်းသည် သီလ၏ စင်ကြယ်ခြင်း၊ သီသဝိသုဒ္ဓိ ဖြစ်၏။ ဣဒုစရိုက် ၃-ပါးတို့ကို မလွန်ကျူးခြင်းကြောင့် ဝိတိက္ကမကိလေသာငြိမ်း၏။ ဝိတိက္ကမကိလေသာ ငြိမ်းခြင်းကြောင့် သမ္မာဝါစာမဂ္ဂင်, သမ္မာကမ္မန္တမဂ္ဂင်, သမ္မာအာဇီဝမဂ္ဂင်, ဣသီလမဂ္ဂင် ၃-ပါးဖြစ်၏။

မှတ်ချက်။ ။ဝိပဿနာဘရားတို့ကို အားထုတ်ဆဲအခါသီလမဂ္ဂင် ၃-ပါးဖြစ်ကြောင်း မဂ်၏ရှေ့အဖို့ ပုဗ္ဗဘာဂပဋိပဒါဥ္စ မဂ္ဂင် ၈-ပါးလုံးရကြောင်းမျှားကို အထောက်သာဓက အစုံအလင်ဖြင့် ဆရာတော် ဦးတိက္ခိန္ဒြိယအရှင်မြတ် နောက်ဆုံးရေးသားတော်မူသော (ဓမ္မစကြာအမေးအဖြေကျမ်းကြီး)၌ အကျယ်တဝင့်ပါရှိလေပြီ၊ ဖတ်ရှုကြပါးကုန်။

၂၆။ ရုပ်ခေတ်၊ နာမ်ခေတ်တို့ကို နှလုံးသွင်းနေသည့်အခါ၊ ထိုခေတ်တို့ကို နှလုံးသွင်းနေသည့်အခါ၊ ထိုခေတ်မျှား၌သာ စိတ်သည်စူးစိုက်၍ တည်လေသည်ဖြစ်၍ ကာမစ္ဆန္ဒ ဗျာပါဒ စသော နိဝရဏ တရားတို့ကို ငြိမ်းစေတတ်သော သမာဓိသည် စိတ်၏ စင်ကြယ်ခြင်းကို ပြုတတ်သောကြောင့် စိတ္တဝိသုဒ္ဓိမည်၏။ ဤသို့

နိဝရဏတရားတို့ ငြိမ်းလျှင်၊ ပရိယုဋ္ဌာနကိလေသာငြိမ်း၏။ ထိုကိလေသာတို့ကို ငြိမ်းစေတတ်သော သမ္မာသတိ မဂ္ဂင်, သမ္မာဝါယမမဂ္ဂင်, သဓာဓိမဂ္ဂင်, ဤသမာဓိမဂ္ဂင် ၃-ပါးသည်လည်းဖြစ်၏။

၂၇။ ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့ကို နှလုံးသွင်းနေသည့်အခါ၊ အကောင်သတ္တဝါ အသက်လိပ်ပြာမဟုတ် စသည်ကို သိခြင်း၊ ပညတ် ၃ ပါးမှ ခွါ၍ သိခြင်းစသည်ဖြင့် ဖြစ်ပျက်, ချုပ်ပျောက်နေတဲ့ ရုပ်ဘဲ,နာမ်ဘဲဟု ဟုတ်တိုင်းမှန်စွာ သိခြင်းသည် နှလုံးသွင်း သုံးသပ်သူ၏ မှားသော အယူကို စင်ကြယ်စေသောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်၏။

၂၈။ ထိုရုပ်ခေတ်,နာမ်ခေတ်တို့၏ သဘာဝဓမ္မတွေကို ဖေါ်ပြသည့်အတိုင်း ဟုတ်တိုင်းမှန်စွာ သိခြင်းကို ဝိဇ္ဇာဟုခေါ်အပ်သည်။ထိုကဲ့သို့ ဟုတ်တိုင်းမှန်စွာ သိတတ်သော ဝိဇ္ဇာဉာဏ်ဖြစ်လျှင်၊ မဟုတ်မမှန်တာကို သိတတ်သော အဝိဇ္ဇာငြိမ်းနေ၏။ ရုပ်နာမ်တို့၏ အနိစ္စဒဏ်ချက်,ဒုက္ခဒဏ်ချက်,အနတ္တဒဏ်ချက်, အသုဘဒဏ်ချက်,တို့ကို မြင်လျှင်၊ တပ်မက်,တွယ်တာသော တဏှာသည်လည်းငြိမ်းနေ၏။ ထိုအခါ သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် သမ္မာသင်္ကပ္ပမဂ္ဂင် ဤပညာမဂ္ဂင်နှစ်ပါး ဖြစ်၏။ ထိုအခါ ရုပ်နာမ်တို့သည် ပဋိလ်သတ္တဝါ, အသက်လိပ်ပြာ ဟုတ်လေသလော၊ မဟုတ်လေသလော ဟူ ယုံမှားခြင်းကို လွန်မြောက်၍ တည်သော ဉာဏ်၏ စင်ကြယ်ခြင်းသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်၏။

၂၉။ ဖေါ်ပြခဲ့သည့်အတိုင်း အစဉ်မပြတ် ဆင်ခြင်,ပွါးများ, အားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်အား သြဘာသ,ပီတိ,ပဿဒ္ဓိ အစရှိသော ဝိပဿနာ၏ညစ်ညူးကြောင်း တရားတို့တွင် တပါး

ပါး ဖြစ်ပေါ်လာ၏။ ထိုဝိပဿနာ၏ ညစ်ညူးကြောင်း တရား တို့သည် မဂ်တရားမဟုတ်ကုန်ဟူ၍ငင်း။ ဝိပဿနာ၏ ညစ်ညူး ကြောင်းတရားမှ လွတ်သော ဝိပဿနာဉာဏ်သာလျှင် မဂ်,ဖိုလ် ရကြောင်းတရား မည်၏ဟူ၍ငင်း။ ဤသို့မဂ်ဟုတ်သည်၊ မဟုတ် သည်ကိုသိသော ဉာဏ်အမြင်၏စင်ကြယ်ခြင်းသည် မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိဖြစ်၏။

၃၀။ ဤကဲ့သို့နှလုံးသွင်းနေသည်ကို အကျင့်ဟု ခေါ်သည်။ ထိုအကျင့်ကိုသိတတ်သောဉာဏ်အမြင်၏စင်ကြယ်ခြင်းကို ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိဟု ဆိုအပ်၏။

၃၁။ ဖေါ်ပြခဲ့သောဝိသုဒ္ဓိ ၆-ပါးကို လောကီဝိသုဒ္ဓိ ၆-ပါး ဟု ခေါ်အပ်သည်။ ထိုမှတပါး၊ နောက်ဆုံး ဉာဏ်တပါးသည် ဉာဏဒဿနဝိသုဒ္ဓိဖြစ်သည်။ ၎င်းဉာဏဒဿနဝိသုဒ္ဓိသည် သော တာပတ္တိမဂ်ဉာဏ်ကိုရသောအခါမှသာလျှင် ဖြစ်ပေါ်သည်။နိဗ္ဗာန် ကို ကောန်အမှန်သိသော မဂ်ဉာဏ်အမြင်၏ စင်ကြယ်ခြင်းကို ဆို အပ်သည်။

၃၂။ ဗောဓိပက္ခိယ ၃၇-ပါးဖြစ်ပုံ။

နိဗ္ဗာန်ကိုအာရုံပြု၍ လောကုတ္တရာမဂ်ဉာဏ်ဖြစ်ခိုက်။

(၁) သစ္စာလေးပါးကိုတပြိုင်နက်၊ တချက်တည်း ထိုးထွင်း၍ သိ၏။

(၂) လောကုတ္တရာ မဂ်ဉာဏ်သည် မိမိချည်းသာဖြစ်သည် မဟုတ်၊ ယှဉ်ဘော်,ယှဉ်ဘက်ဖြစ်သော သမ္ပယုတ်တရားနှင့်လည်း တတူတကွ ဖြစ်သည်သာတည်း။

(၃) သတိပဋ္ဌာန် ၄-ပါး၊သမ္မပ္ပဓါန် ၄-ပါး၊ ဣဒ္ဓိပါဒ်၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါးတည်း ဟူသော ၃၇-ပါးကုန်သော ဗောဓိပက္ခိယတရား ရတနာတို့ဖြင့် ဆန်းကြယ်စွာ တပြိုင်နက်, တချက်တည်းလည်းဖြစ်စေ၏။

ဆန်းကြယ်စွာဖြစ်ပုံကိုကောင်းစွာ သိရှိ,နားလည်ရန် ကျေးဇူးရှင် ဆရာတော် ဦးတိက္ခိန္ဒြိယ ရေးသားသော သမ္မပ္ပဓါဒနိရောဓက ကျမ်းကို ဖတ်ရှုတော်မူကြရန် တိုက်တွန်းနှိုးဆော်ပါသည်။

သတိပြုတော်မူကြပါရန်။ ။ ဤ "ဓါတ်ရှစ်ပါးရှုဘွယ်" ဝိပဿနာပွားများစဉ်ကို ကျေးဇူးရှင် ဆရာတော် ဦးတိက္ခိန္ဒြိယ ဟောပြောခဲ့ကျက်မှတ်ကို အကျဉ်းချုံး၍ စီစဉ်ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ စီစဉ်ရေးသားရသော ကုသိုလ်ကံ စေတနာ အဟုန်ကြောင့် နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ရလိုပါ၏။

ဦးဘိုးစိုး

အငြိမ်းစား-ပညာဝန်ထောက်။

မြတ်စွာဘုရား၏ တပည့်သားစစ်ဖြစ်တော်မူသော

ရွှေတောင်မြို့၊ အမဟာရာမတိုက်၌

သီတင်းသုံးတော် မူသည့် ဆရာတော်

ဦးတိက္ခိဉာဏ

အရှင်သူမြတ် စီရင်ရေးသားတော်မူခဲ့သော

စာတတ်ကြွမ ဒီပသီနာရှိဘွယ်ကျမ်း

နှင့်

ဝိညာဏာနုပသီနိကျမ်းများ

ဓာတုဋ္ဌမ ဒိပသနာရုဘဉ်ယ်ကျမ်း။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁) အတုလံ သောဘဏ်ံ မေမံ၊ နတ္ထာသန္တနိသေဝိတံ။
ဓါတုပ္ပကာသကံ နာထံ၊ ဓမ္မံ ဝိသုဒ္ဓဒါယကံ။

(၂) ဓါတုဿမ္ပဟပဿန္တံ၊ သံဃဉ္စ သုဒ္ဓမာသံ။
ဥပဇ္ဈာယေစ ဒ္ဝေထေရေ၊ ပုဗ္ဗာစေရ ပရံပရေ။

(၃) ဟသ်ာတားတိ ပသိဒ္ဓသ်ိံ၊ နဂရေ နိစ္စဝါသိနာ။
ဥိးဘိုးလ္ဂကတိ နာမေန၊ ပါကာဋ္ဌန သုသိလိနာ။

(၄) ယာစိတော ဟံကရိဿာမိ၊ ဓါတုက္ကမဝိပဿနံ။
မောက္ခကာနာန မတ္ထာယ။ေတံ ပဿန္တု သာဓဝေါ။

(၁) အဟံ၊ငါမရှိဘဲငါဟူသမှုတ်,နာမ်ရုပ်အစုသည်။ အတုလံ၊ သိလအစရှိသော ဂုဏ်တို့ကြောင့်၊ တစုံ တယောက်သော သူနှင့် တူတော်မမူထသော။ သောဘဏ်၊ တင့်တယ် ကောင်းမွန်သော။ မေဓံ၊ အကြွင်းမရှိ၊ ထိုးထွင်း၍ သိမြင်တော်မူထသော ဉာဏ်တော်လည်းရှိတော်မူထသော။ သန္တနိသေဝိတံ၊ သူတော်ကောင်း အပေါင်းတို့သည် အမြဲမှီဝဲ အပ်တော် မူထသော။ ဓါတုပ္ပကာသကံ၊ဓါတ်အပေါင်းကို ခွဲခြမ်းစိတ်ဖြာ၍ပြတော်မူတတ်ထသော။ နာထံ၊ ကိုးကွယ်ရာအစစ် ဘုရားရှင်ကို။ နတ္ထာနမာမိ၊ ကာယဝစီမနောခြို၍ သုံးလီစေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ရှိသေမြတ်နိုး ရှိခိုးပါး၏။ နတ္ထာ၊ ရှိခိုးပြီး၍။ ဝိသုဒ္ဓဒါယကံ၊ အနုမတဂ္ဂ၊ သံသရာကပင်၊ အကြောင်းဆက်လျက်၊ ကျရောက်နေသော တဏှာဒိဋ္ဌိစသော အညစ်အကြေးအပေါင်းမှ အထူးသဖြင့် စင်

ကြွယ်ခြင်းကို ပေးတော်မူတတ်ထသော။ ဓမ္မဥ္ဇ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ပရိယတ္တိ တည်းဟူသော ဆယ်ပါးသော တရားတော်မြတ်ကိုလည်း။ နတ္ထဝနမာမိ၊ ကာယဝစီ မနောခြိုး သုံးလီစေတနာသုံးဖြာဒ္ဒါရ ပဏာမဖြင့် ရိုသေမြတ်နိုး ရှိခိုးပါ၏။ နတ္ထဝ၊ ရိုသေမြတ်နိုး ရှိခိုးပြီး၍....။

(၂) ဓါတုသမူဟပဿနာ၌၊ ဓါတ်အပေါင်းကို ခွဲခြမ်းစိတ် ဖြာရှုမြင်တော်မူတတ်သော။ သုဒ္ဓမာနသံ၊ စင်ကြယ်သော စိတ်တော်လည်း ရှိတော်မူထသော။ သံဃဥ္ဇ၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက် ရှစ်ယောက်သော အရိယာသံဃာတော် အပေါင်းကိုလည်း။ နတ္ထဝနမာမိ၊ကာယဝစီ မနောခြိုး သုံးလီစေတနာ သုံးဖြာဒ္ဒါရ ပဏာမဖြင့် ရိုသေမြတ်နိုးရှိခိုးပါ၏။ နတ္ထဝ၊ ရှိခိုးပြီး၍။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဖြစ်ကုန်ဘုန်းသော။ ဒဋ္ဌဝေရေစ၊ စစ်တွေ့မြို့အနောက်၊ ပေါက်တော ချောင်တောရ နာစီဘုန်းတော်ကြီး၊ ရန်ကုန်မြို့ကျောင်းတော်ရာ ဆရာတော်ဘုရား တည်းဟူသော မဟာထေရ်မြတ် နှစ်ပါးတို့ကိုလည်း။ နတ္ထဝနမာမိ၊ ကာယဝစီ မနောခြိုး သုံးလီစေတနာ သုံးဖြာဒ္ဒါရ ပဏာမဖြင့် ရိုသေမြတ်နိုးရှိခိုးပါ၏။ နတ္ထဝ၊ ရှိခိုးပြီး၍။ ပဗ္ဗာစေရ ပရုံပရော၊ အရှင်မဟာကဿပကစ၍ ဆင်းသက်နွယ်လာကုန်သော ရှေးဆရာမြတ်အဆက်ဆက်ကိုလည်း။ နတ္ထဝနမာမိ၊ ကာယဝစီ မနောခြိုး သုံးလီစေတနာ သုံးဖြာဒ္ဒါရ ပဏာမဖြင့် ရိုသေမြတ်နိုး ရှိခိုးပါ၏။ နတ္ထဝ၊ ရိုသေမြတ်နိုးရှိခိုးပြီး၍....။

(၃) ဟသ်ဝတာဝတိ၊ ဟသ်ဝတဟူ၍။ ပသိဒ္ဓသ္မိံ၊ ထင်ပေါ်ကျော်စောသော။ နဂရေ၊ အရေးပိုင်မင်းချုပ်သောမြို့၌။ နိစ္စဝါ

သိနာ၊ အမြဲနေလေ့ရှိထသော။ ဦးဘိုးလှကတိ၊ ဦးဘိုးလှဟူ၍။ နာမေန၊အမည်အားဖြင့်။ ပါကဋ္ဌေန၊ ထင်ပေါ်ကျော်စောသော။ သုသီလိနာ၊ ကောင်းသော, အလေ့အကျင့်လည်း ရှိထသော ပဲ့စားကြီးသည်....။

(၄) ယာစိဘော၊ ရိုသေမြတ်နိုးရှိခိုးလျက် တောင်းပန်းအပ်သည်ဖြစ်၍။ မောက္ခကာမနံ၊ ဝဋ်ဆင်းရဲအပေါင်းမှ လွတ်ကင်းရာသဘော နိဗ္ဗာန်ကို အလိုရှိကုန်သော သူတော်ကောင်း အပေါင်းတို့၏။ အတ္တံဝယ၊ အကျိုးငှါ။ ဓါတုကွာမဝိပဿနံ၊ဓာတ် ၁၈-ပါးအစဉ်ဖြင့်ရှုရာရှုကြောင်းဖြစ်သော ဓါတုကွာမရှုဘွယ်ကျမ်းကို။ ကရိဿာမိ၊ အကျဉ်းရုံး၍ပြုလုပ်ရေးသားပေအံ့။ ဇေတံ၊ ထိုရေးသားသော ကျမ်းကို။ သာဓဝေါ၊ နိဗ္ဗာနံထောက်လိုကုန်သော သူတော်ကောင်းတို့သည်။ ပဿန္တု၊ မပြတ်ဖတ်မြောက်ဝမ်းသာရွှင်ကြပါစေကုန်သတည်း။

ဓါတ် ၁၈-ပါးကို ဝိဘင်းပါဠိတော်အတိုင်း ဖေါ်ပြခြင်းအကြောင်း။

ကျွန်ုပ် ဝံန်ခံအပ်သည်နှင့်အညီ၊ ဓာတ်သည် ၁၈-ပါးရှိ၏။ ၁၈-ပါးဟူသည်ကား။ စက္ခုဓာတ်၊ ရူပဓာတ်၊စက္ခုဝိညာဏဓာတ်။ သောတဓာတ်၊ သဒ္ဒဓာတ်၊ သောတဝိညာဏဓာတ်။ ဃာနဓာတ်၊ ဂန္ဓဓာတ်၊ ဃာနဝိညာဏဓာတ်။ ဇိဝှါဓာတ်၊ ရသဓာတ်၊ ဇိဝှါဝိညာဏဓာတ်။ ကာယဓာတ်၊ ဖေါဋ္ဌဗ္ဗဓာတ်၊ ကာယဝိညာဏဓာတ်။ မနောဓာတ်၊ ဓမ္မဓာတ်၊ မနောဝိညာဏဓာတ် ဟူသည်တည်း။ ထိုကြောင့် ဝိဘင်းပါဠိတော်၌။ အဋ္ဌာရသ ဓာတုယော၊ စက္ခုဓာတု၊ ရူပဓာတု၊ စက္ခုဝိညာဏဓာတု။ သောတဓာတု၊

သဒ္ဒခေါတု၊ သောတဝိညာဏခေါတု။ ဃာနခေါတု၊ဂန္ဓခေါတု၊ ဃာန ဝိညာဏခေါတု။ ဇိဝှါခေါတု၊ ရသခေါတု၊ ဇိဝှါဝိညာဏ စေါတု။ ကာယခေါတု၊ ဖောဋ္ဌဗ္ဗခေါတု၊ ကာယဝိညာဏခေါတု။ မနောခေါတု၊ ဓမ္မခေါတု၊ မနောဝိညာဏခေါတု ဟူ၍ဟောတော်မူလေသည်။

စာတုယော၊ စာတ်တိုသည်။ စက္ခုခေါတု၊ စက္ခုခေါတ်လည်းကောင်း။ ရူပခေါတု၊ရူပခေါတ်လည်းကောင်း။ စက္ခုဝိညာဏခေါတု၊ စက္ခုဝိညာဏခေါတ်လည်းကောင်း၊ သောတခေါတု၊ သောတခေါတ်လည်းကောင်း။ သဒ္ဒခေါတု၊သဒ္ဒခေါတ်လည်းကောင်း။သောတဝိညာဏခေါတု၊ သောတဝိညာဏခေါတ်လည်းကောင်း။ ဃာနခေါတု၊ ဃာနခေါလည်းကောင်း။ ဂန္ဓခေါတု၊ ဂန္ဓခေါတ်လည်းကောင်း။ ဃာနဝိဝိညာဏခေါတု၊ ဃာနဝိညာဏ ခေါတ်လည်းကောင်း။ဇိဝှါခေါတု၊ ဇိဝှာခေါတ်လည်းကောင်း။ ရသခေါတု၊ ရသခေါတ်လည်းကောင်း။ ဇိဝှါဝိညာဏခေါတု၊ ဇိဝှါဝိညာဏခေါတ်လည်းကောင်း။ ကာယခေါတု၊ ကာယခေါတ် လည်းကောင်း။ ဖေါဋ္ဌဗ္ဗခေါတု၊ ဖေါဋ္ဌဗ္ဗခေါတ်လည်းကောင်း။ ကာယဝိညာဏခေါတု၊ ကာယဝိညာဏခေါတ်လည်းကောင်း။ မနောခေါတု၊မနောခေါတ်လည်းကောင်း။ ဓမ္မခေါတု၊ ဓမ္မခေါတ်လည်းကောင်း။မနောဝိညာဏခေါတု၊ မနောဝိညာဏခေါတ်လည်းကောင်း။ ဤတိ၊ဤသို့။ အဋ္ဌာရသ၊တဆယ့်ရှစ်ပါးတို့သည်။ ဟောတိ၊ဖြစ်ကုန်၏။ ဤကား အနက်။

စာတ် ၁၈-ပါး၏သဘောပေါ်အောင် ဖေါ်ပြခြင်းအကြောင်း။

ထိုတဆယ့်ရှစ်ပါးကုန်သော စာတ်တို့တွင် စက္ခုခေါတ်ဆို ဆိုသည်မှာ မျက်စိ၌ အကြည်သဘောကိုဆိုသည်။ ရူပခေါတ်ဆို

သည်မှာ မဟာဘုတ်တို့ကိုစွဲ၍ ဖြစ်ခဲသော အရောင်အဆင်းသဘော ကိုဆိုသည်၊ စက္ခုဝိညာဏဓာတ်ဆိုသည်မှာ။ စက္ခုအကြည်ကိုမှီ၍ အဆင်းကို သိတတ်သောသဘောကို ဆိုသည်။ သောတဓာတ်ဆိုသည်မှာ။ နားဝဲ့အကြည်သဘောကိုဆိုသည်။ သဒ္ဒါဓာတ်ဆိုသည်မှာ ကြားခြင်းသို့ ရောက်စေတတ်သောအသံသဘောကို ဆိုသည်။ သောတဝိညာဏဓာတ်ဆိုသည်မှာ၊သောတအကြည်ကိုမှီ၍အသံကို သိတတ်သော စိတ်သဘောကိုဆိုသည်။ ဃာနဓာတ်ဆိုသည်မှာ၊ နှာခေါင်းဝဲ့ အကြည်သဘောကိုဆိုသည်။ ဂန္ဓဓာတ်ဆိုသည်မှာ ဃာနအကြည်နှင့် ထိခိုက်ခြင်းသို့ ရောက်သော အနံ့သဘောကို ဆိုသည်။ ဃာနဝိညာဏဓာတ်ဆိုသည်မှာ။ ဃာနအကြည်ကိုမှီ၍ အနံ့ကို သိတတ်သော စိတ်သဘောကိုဆိုသည်။ ဇိဝှါဓာတ်ဆိုသည်မှာ လျှာအကြည်သဘောကိုဆိုသည်။ ရသဓာတ်ဆိုသည်မှာ၊ လျှာအကြည်နှင့် ထိခိုက်တတ်သော အချိုအချဉ်စသော အရသာသဘောကိုဆိုသည်။ ဇိဝှါဝိညာဏဓာတ် ဆိုသည်မှာ၊ ဇိဝှါအကြည်ကိုမှီ၍ အရသာကို သိတတ်သော စိတ်သဘောကိုဆိုသည်။ ကာယဓာတ်ဆိုသည်မှာတကိုယ်လုံး၌ တည်သော အကြည်သဘောကိုဆိုသည်။ဖောဋ္ဌဗ္ဗဓာတ်ဆိုသည်မှာ၊ဌင်းကာယအကြည်နှင့် ထိခိုက်တတ်သောအတွေ့သဘောကိုဆိုသည်။ ကာယဝိညာဏဓာတ် ဆိုသည်မှာ၊ ကာယအကြည်ကိုမှီ၍ ဗောဋ္ဌဗ္ဗအတွေ့ကို သိတတ်သော စိတ်သဘောကို ဆိုသည်။ မနောဓာတ် ဆိုသည်မှာ၊ ပဋ္ဌဝိညာဏ်တို့၏ ရှေ့အဘို့နောက်အဘို့၌ ငါးပါးသောအာရုံတို့ကို ဆင်ခြင်တတ်ခံယူတတ်သော မနောဓာတ် ၃-ခု အသိသဘောကိုဆိုသည်။ ဓမ္မဓာတ် ဆိုသည်မှာ ကျန်သောရုပ် ၁၆-ခုနှင့် ဝေဒနက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ နိဗ္ဗာန်စသော သဘောတရားအပေါင်းကို

ဆိုသည်။ မနောဝိညာဏဓာတ်ဆိုသည်မှာ၊ ထိုအာရုံခြောက်ပါး တို့ကိုအာရုံပြု၍ သိတတ်သောကုသိုလ် အကုသိုလ် အဗျာကတစိတ် ၇၆-ပါးသော သဘောအပေါင်းကိုဆိုသည်။

ဓာတ် ၁၈-ပါးကို ဆင်ခြင်စဉ်းစား၍ ဟုတ်မှန်သည့်အတိုင်း သဘောကို ပိုင်နိုင်အောင်ရှုပုံနည်း။

အဘယ်ကြောင့် ၎င်းစက္ခု စသော ဓာတ် ၁၈ - ပါးတို့ကို သဘောဟု ခေါ်ဆိုပါသနည်းဟုမေးငြားအံ့။ ၎င်းဓာတ် ၁၈-ပါး သောအပေါင်းအစုတို့၌ မိန်းမ၊ ယောကျ်ား၊ရသေ့ ပရဖိုဇ်၊နတ်၊ ဗြဟ္မာ၊ ပုဂ္ဂိုလ်၊သတ္တဝါ၊ ငါ သူတပါး မရှအပ်၊ စင်စစ်အထည်ဒြပ် သဏ္ဌာန်အားဖြင့် ရှာကြည့်ဖွေသော်။ အနုမြူမျှမရှိ၊ ကြည်လင်ခြင်း၊ ပြခြင်းစသော အစုတို့သာ ကောန်ဖြစ်ကြပါပေ၏။ ထိုကြောင့် သဘောဟုခေါ်ဆိုရလေသည်။

၎င်းသဘောတို့သည် ကောန် ငါ,သူ,မဟုတ်၊ သဘောမျှ ဖြစ်ကြောင်းကို ထင်ရှားသိနိုင်ရန်မှာ စက္ခုအကြည်ကို ပုပုဝိုင်းဝိုင်း တိုတိုရှည်ရှည်လောဟု ဉာဏ်ဖြင့် စုံစမ်း၍၊ မျက်စိကိုမှိတ်ပြီးလျှင် ရှာကြည့်ကြ။ ထိုကဲ့သို့ ရှာ၍ကြည့်လျှင်၊ သဲမှုန့်မြူမှုန့်ငယ်တခုခန့်မရှိ, အယုတ်ဆုံး မြူမှုန့်ငယ်တခုကို၊ ကုဋေအသန်းမကစိပ်၍ တစိပ်မျှမရှိ စင်စစ်သဘောမျှသာဖြစ်ပေသည်။

ထိုနည်းအတူ အဆင်းနှင့် အဆင်းကို သိမြင်တတ်သော စက္ခုပသာဒဉာဏ်သဘောကိုလည်း တိုတိုရှည်ရှည်လောဟု ရှာ၍ကြည့်၊ အနုမြူမျှပြစရာမတွေ့မမြင်ရလေပြီ။ ထိုအခါအဆင်းနှင့် အဆင်းကိုသိမြင်ခြင်း သဘောမျှသာရှိသည်ဟု ဉာဏ်မျက်စိဖြင့် ထိုးထွင်း

သိမြင်လေ၏။ ထိုနည်းအတူ သောတအကြည်၊ သဒ္ဒါရုံအသံ ၎င်းအသံကို ကြားသိတတ်သော သောတ ဝိညာဏဓာတ်တို့ကို လည်း အနုမြူမျှရှိပါ၏ လောဟုရှာ၍ကြည့်လေ။ထိုကဲ့သို့ကြည့် ကြလျှင်၊ ရှေ့နည်းအတိုင်း အနုမြူမျှမရှိကြောင်း၊ သဘောမျှ သာဖြစ်ကြောင်းကို ဇကန်ထင်ရှားသိကြရလေ၏။

ဤနည်းအတိုင်း၊ဃာနအကြည်၊ ဂန္ဓာရုံဖန်.၊ ၎င်းအနံကို သိ တတ်သော ဃာနဝိညာဏဓာတ်။

ဇိဝှါအကြည်၊ ရသာရုံဘည်းဟူသော ရသ။ ၎င်းရသကို သိ တတ်သော ဇိဝှါဝိညာဏ်။

ကာယအကြည်၊ ဖေါဋ္ဌဗ္ဗာရုံအတွေ့၊ ၎င်းအတွေ့ကို သိတတ် သော ကာယဝိညာဏ်။

ယိုစီးခြင်း ဖွဲ့စေးခြင်းသဘောအာပေါ၊ မိန်းမာဘဲဟု သိနိုင်ရန် အကြီးအကဲသဘော ဣတ္ထိန္ဒြေ။ ယောကျ်ားဘဲဟု သိနိုင်ရန် အကြီး အကဲသဘော ပုရိသိန္ဒြေ။မနောဓာတ် မနောဝိညာဏ ဓာတ်တို့၏ တည် ရာ သဘော ဟဒယဝတ္ထု။ စောင့်ရှောက်ခြင်း သဘော ဇီဝိတိန္ဒြေ၊ အဆီအစေးသဘော သဒ္ဓာ၊ ရုပ်ကလာပ်တို့ကို ပိုင်း ခြားခြင်းသဘောအာကာသ၊ ကိုယ်လှုပ်ခြင်းဖြင့်သိစေတတ်သော သဘောကာယဝိညတ်၊နှုတ်မြွက်ခြင်းဖြင့် သိစေတတ်သောသဘော ဝစီဝိညတ်။ ရုပ်တို့၏ပေါ့ပါးခြင်းသဘော လဟုတာ။ ရုပ်တို့၏ နူးညံ့ခြင်းသဘော မုဒုတာ။ ရုပ်တို့၏အမှုဋ္ဌ ခန့်ခြင်းသဘော ကမ္မညတာ။ ရုပ်တို့၏ ရှေးဦးစွာ ပေါ်ပေါက်လာခြင်း သဘော ဇာတိ။ ဆက်လက်၍အစဉ်မပြတ်ဖြစ်ခြင်းသဘော သန္တတိ။ ရုပ်

တို့၏ဆွေးမြေ့ရင့်ရော်ခြင်းသဘော ဇရတာ။ ရုပ်တို့၏ ပျက်စီးခြင်းသဘော အနိစ္စတာ။ ဤ ၁၆ ပါးသော ရုပ်တည်းဟူသောခမ္မဓာတ်ကိုလည်း။ အသီးသီးတခုစီတခုစီပြု၍။ ရှည်ရှည်တိုတိုစသဖြင့်ရှာဒလေ။ ထိုအာအာခါအနုမြူမျှမတွေ့ရဘဲ သဘောမျှသာ ဖြစ်ကြောင်းကို စင်စစ်သိကြရလေ၏ဟူမှတ်။

ထိုနည်းအတူခံစားခြင်းသဘော ဝေဒနာ။ မှတ်ခြင်းသဘော သညာ။ အာရုံ၌တွေ့ခြင်းသဘောဖဿ။ စေ့ဆော်ပြုလုပ်ခြင်း သဘောစေတနာ။ အာရုံ၌တည်ခြင်းသဘော ဧကဂ္ဂတာ။ စောင့်ရှောက်ခြင်းသဘော ဇီဝိတိန္ဒြေ။ နှလုံးသွင်းခြင်းသဘော မနသိကာရ။အာရုံသို့တင်ခြင်းသဘောဝိတက်။ အာရုံ၌ ထပ်ခါထပ်ခါပြုလုပ်သုံးသပ်ခြင်း သဘောဝိစာရ။ ဆုံးဖြတ်ခြင်းသဘော အဓိမောက္ခ၊ အားထုတ်ခြင်းသဘောရိုဝိယ။ နှစ်သက်ခြင်းသဘော ပီတိ။ ပြုလုပ်လိုခြင်းသဘော ဆန္ဒ။ တွေ့ဝေခြင်းသဘော မောဟ။ မရှက်ခြင်းသဘော အဟိရိက။မလန့်ခြင်း သဘောအနောတပ္ပ။ပုံ့လှုံ့ခြင်းသဘော ဥဒ္ဓစ္စ။ လိုချင်ခြင်းသဘော လောဘ။အမြင်မှားခြင်းသဘော ဒိဋ္ဌိ။ ထောင်လွှားခြင်းသဘော မာန။ ပြစ်မှားခြင်းသဘောဒေါသ။ငြူစူခြင်းသဘော ဣဿာ။ဝန်တို လျှို့ဝှက်ခြင်းသဘော မစ္ဆရိယ။ တစိုးရိမ်ရိမ်ပူပန်ခြင်းသဘော ကုက္ကုစ္စ။ စိတ်၏မခန့်ခြင်း၊ ပျင်းရိခြင်းသဘော ထိန။ စဘသိက်၏ မခန့်ခြင်း ထိုင်းမှိုင်း ငိုက်မြည်းခြင်းသဘော မိဒ္ဓ။ ယုံမှားခြင်း သဘော ဝိစိကိစ္ဆာ။ သက်ဝင်ကြည်ညိုခြင်းသဘော သဒ္ဓါ။ အောက်မေ့ခြင်းသဘော သတိ။ ရှက်ခြင်းသဘော ဟိရိ။ ထိတ်လန့်ခြင်း သဘော ဩတပ္ပ။ မလိုချင်ခြင်းသဘော အလောဘ။ မပြစ်မှားခြင်း

သဘော အဒေါသ။ ထိုသို့အာရုံ၌ လျစ်လျူရှုခြင်း သဘော တတြမဇ္ဈတ္တတာ။ စေတသိက်တို့၏ ငြိမ်းခြင်းသဘော ကာယ ပဿဒ္ဓိ။ စိတ်တို့၏ ငြိမ်းခြင်းသဘော စိတ္တပဿဒ္ဓိ။ စေတသိက်တို့ ၏ပေါ့ခြင်းသဘော ကာယလဟုဘာ။စိတ်တို့၏ ပေါ့ခြင်းသဘော စိတ္တလဟုတာ။ စေတသိက်တို့၏ နူးညံ့ခြင်းသဘော ကာယမုဒုတာ။ စိတ်တို့၏ နူးညံ့ခြင်းသဘော စိတ္တမုဒုတာ။ စေတသိက် တို့၏ခန့်ခြင်း ကောင်းခြင်းသဘော ကာယကမ္မညတာ။ စိတ်တို့၏ ခန့်ခြင်း ကောင်းခြင်းသဘော စိတ္တကမ္မညတာ။ စေတသိက် ဘို့၏ လေ့လာခြင်းသဘော ကာယပါဂုညတာ။ စိတ်တို့၏ လေ့လာခြင်းသဘော စိတ္တပါဂုညတာ။ စေတသိက်တို့၏ ဖြောင့် မတ်ခြင်းသဘော ကာယုဇုကတာ။ စိတ်တို့၏ ဖြောင့်မတ်ခြင်း သဘော စိတ္တုဇုကတာ။ ဝစီဒုစရိုက်တို့မှ ကြဉ်ရှောင်ခြင်းသဘော သမ္မာဝါစာ။ ကာယ ဒုစရိုက်တို့မှ ကြဉ်ရှောင်ခြင်းသဘော သမ္မာ ကမ္မန္တ။ မှားသောအသက်မွေးခြင်းမှ ကြဉ်ရှောင်ခြင်းသဘော သမ္မာအာဇီဝ။ သနားခြင်းသဘော ကရုဏာ။ ဝမ်းမြောက်ခြင်း သဘော မုဒိတာ။ သဘောတရားတို့ကိုဟုတ်တိုင်းမှန်စွာ အပြား အားဖြင့် သိခြင်းသဘော ပညာ။ စိတ်, စေတသိက်, ရုပ်တို့၏ အကြွင်းမရှိ ကင်းဆာသဘော နိဗ္ဗာန်။ ဤသို့ဆိုအပ်ခဲ့ပြီးသော နာမ်တရားဖြစ်သော ဓမ္မဓာတ်တို့ကိုလည်း။ အသီးသီးတခုစီတခုစီ ပြုလုပ်၍၊ တိုတိုရှည်ရှည်လောဟု ရှာကြည့်လျှင်၊ အနုမြူမျှမတွေ့ မရှိဘဲ။ စင်စစ်သဘောမျှသာရှိကြောင်းကို ထင်ရှားစွာဉာဏ်ဖြင့် ထိုးထွင်း၍ သိကြရလေ၏။

ထိုနောက် ကျန်သော မနောဓာတ်၊ မနောဝိညာဏဓာတ် တည်းဟူသော အသိဝိညာဏ်သဘောတို့ကိုလည်း။ တခုစီ တခုစီ

သဘောပေါ်အောင် ရှာလေ။ ထိုကဲ့သို့ ရှာလျှင်တကောင်လုံး၌ အထည်ဒြပ်မရှိ။ သဘောအစုမျှသာ ရှိကြောင်းကို ထင်လင်းမှုချ ထိုထွင်းသိမြင်ကြပြီးလျှင်၊ ဓာတ်သဘောတို့ကို ပိုင်ကြလေကုန်၏။

ဓာတ် ၁၈-ပါးကို မိမိခန္ဓာကိုယ်နှင့်ကပ်၍ ရှုခြင်းကြောင့် မဂ္ဂင်ရှစ်ပါး။ သမ္မာဒိဋ္ဌိဉာဏ်ဖြစ်ပေါ်ပုံအကြောင်း။

တိုကဲ့သို့ သဘောတွေကို ပိုင်ကြပြီးနောက်။ တဘန်ဆင်ခြင်စဉ်းစားကြရန်မှာ မိမိခန္ဓာကိုယ်၊ သူတပါး၏ ခန္ဓာကိုယ်တို့၌ တည်ရှိသော အဆင်းဓာတ်သဘောနှင့် အသံဓာတ် သဘောသည် တို့၏လောဟု စဉ်းစားကြည့်လေ။ တိုသို့ ကြည့်လျှင် ကောန်မတို့ကြောင်းကို သိကြလေ။ ထိုကဲ့သို့ သိကြသော မတို့ကြသော သဘောတို့ကုင်၊ ဘယ်သဘောကို ငါ,သူ,ရသေ,, ပရိဗိုဇ်,ပဂ္ဂိုလ်, သတ္တဝါဟူ၍၊ တကယ် အဟုတ်ထင်မှတ်စွဲလန်းရန် ရှိမည်နည်းဟု စဉ်းစား၍ကြည့်လေ။ ထိုကဲ့သို့ ကြည့်လျှင် ၎င်းသဘောတို့တွင်၊ ဘယ်သဘောကိုမျှလည်း၊ ငါ,သူ,ရသေ,, ပရိဗိုဇ်,ပဂ္ဂိုလ်, သတ္တဝါဟူ၍ တကယ်အဟုတ် ထင်မှတ်စွဲလန်းရန်မရှိ။ သဘောတခြားစီဖြစ်ကြောင်းကို သိမြင်ပြီးလျှင်၊ ငါ,သူ,ရသေ,, ပရိဗိုဇ်,ပဂ္ဂိုလ်, သတ္တဝါ။ အတွေအစွဲမိစ္ဆာပျောက်၍ သဘောအစုသာဖြစ်ကြောင်းကို သိမြင်သော ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်သာဖြစ်၍ တည်လေ၏။

ငါသူအစွဲအတွေဒိဋ္ဌိပျောက်၍၊ အနတ္တသဘောကို ပိုင်းခြားသိသော သမ္မာဒိဋ္ဌိမဂ္ဂင်၌ တည်လာပုံအကြောင်း။

ထိုနည်းအတူ အသံနှင့်အနံ့သဘောမတူ။ အနံ့နှင့် အရသာမတူ။ အရသာနှင့် အတွေ့သဘောမတူ။ အတွေ့သဘောနှင့် ဓမ္မာ ရုံ

သဘောတို့မတူ။ ၎င်းဓမ္မာရုံသဘောတို့တွင်လည်း၊ ယို့စီးခြင်းဖွဲ့စီးခြင်းသဘော့နှင့် မိန်းမအဖြစ် ယောကျ်ားအဖြစ်ကို ပြတတ်သောဘာဝရုပ်မတူ။ ထို့ရုပ်တို့နှင့်လည်း ဟဒယဝတ္ထု့, ဇီဝိတ, သြဇာရုပ်မတူ။ ၎င်းရုပ်တို့၌လည်း အာကာသစသော ရုပ်တို့မတူစသဖြင့်၊ အနိစ္စတာတိုင်အောင် တခုနှင့်တခု မတူကြောင်း ထင်ရှားသိကြအောင် နှိုင်းယှဉ်၍ကြည့်လေ။ ထို့ကဲ့သို့ကြည့်ကြလျှင် စင်စစ် တခုနှင့်တခု မတူကြောင်းကို မုချသိကြရလေ၏။ ထို့ကဲ့သို့ မတူကြကဲ့လဲ့နေကြသော သဘောအစုတို့တွင် အဘယ်သဘော့ကို တကယ်အဟုတ်။ ငါ, သူ, ရသေ့, ပရဗို့ဇ်စသည်ဖြင့် စဲ့လန်းရမည်နည်းဟု စဉ်းစားကြည့်လေ။ ထို့သို့စဉ်းစား၍ ကြည့်ကြလျှင်။ စင်စစ် စဲ့လန်းရန်မရှိ၊ သဘောအစုတွေသာဖြစ်ကြောင်းကို ထင်လင်းမုချသိရလေ၏။ ထို့နည်းတူခံစားခြင်းသဘော့နှင့် မှတ်ခြင်းသဘောသည် ၎င်းမှတ်ခြင်းသဘော့နှင့်တွေ့ထိခြင်းသဘောသည်၎င်း တူ၏လော ဟုကြည့်။ မတူ၏လောဟုကြည့်၊ မတူ စသည်ဖြင့်ပညာစေတသိက်တို့င်အောင် ခဲ့ခြမ်းစိပ်ဖြာနှိုင်းယှဉ်၍ကြည့်လေ။ ထို့ကဲ့သို့ကြည့်ကြလျှင် သဘောဘခုနှင့်ဘခု မတူ။ သဘောတခြားစီသာ ဖြစ်ကြောင်းကို တွေ့မြင်ရလေ၏။ ထို့ကဲ့သို့ တခြားစီ ဖြစ်ကြသောသဘော့တို့တွင် အဘယ်သဘောကို ငါ, သူ, ရသေ့, ပရဗို့ဇ်ဟုတကယ်အဟုတ် ထင်မှတ်စဲ့လန်းရန်ရှိ၏လော့မည်နည်းဟု စဉ်းစား၍ရှာပြန်ဦး။ ထို့အခါ ငါသူပျောက်၍ သဘောတွေကိုသာ စုပေါင်း ဖြစ်နေသည်ကိုမြင်လေ၏။

ထို့သို့မြင်လျှင် စင်စစ်ငါသူခံစားသည်မဟုတ်၊ ဝေဒနာသဘောသာခံစားသည်။ ငါသူ မှတ်သည်မဟုတ်၊ သညာသဘောကသာ

မှတ်သည်။ငါသူခတ္တသည်မဟုတ် ၊ဖဿသဘောကသာတ္တသည်။ ငါ့သူ ပြုလုပ်သည်မဟုတ်၊ ဖစတနာသဘောကသာ စေ့ဆော်ပြုလုပ်သည် ။ငါ့သူ တည်သည်မဟုတ်၊အာရုံဌိကေဂုတာ သဘောကသာတည်စေသည်။ ငါ့သူစောင့်ရှောက်သည်မဟုတ်၊ဇီဝိတိန္ဒြေသဘောကသာစောင့်ရှောံသည်။ ငါ့သူနှလုံးသွင်းသည်မဟုတ်၊မနသိကာရသဘောကသာ နှလုံးသွင်းသည်။ ငါသူကြံစည်တင်ဆောင်သည်မဟုတ်၊ ဝိတက်သဘောကသာကြံစည် တင်ဆောင်သည်။ငါ့သူ သုံးသပ်သည်မဟုတ်၊ ဝိစာရသဘောကသာ သုံးသပ်သည်။ငါ့သူဆုံးဖြတ်သည်မဟုတ်၊အဓိမောက္ခသဘောကသာဆုံးဖြတ်သည်။ ငါသူအားထုတ်သည် မဟုတ်၊ ဝီရိယသဘောကသာ အားထုတ်သည်။ငါသူနှစ်သက်သည်မဟုတ်၊ပီတိကသာနှစ်သက်သည်။ ငါသူပြုလုပ်လိုသည်မဟုတ်၊ ဆန္ဒကသာပြုလုပ်လိုသည်။ ငါ့သူတွေဝေသည်မဟုတ်၊ မောဟသဘောကသာတွေဝေသည်။ ငါ့သူမရှက်သည်မဟုတ်၊ အဟိရိက သဘောကသာမရှက်သည်။ ငါသူမထိတ်လန့်သည်မဟုတ်၊ အနောတပ္ပသဘောကသာ မထိတ်လန့်သည်။ ငါသူပို့လွှင့်သည်မဟုတ်၊ ဥဒ္ဓစ္စသဘောကသာပို့လွှင့်သည်။ ငါသူလိုချင်သည်မဟုတ်၊ လောဘသဘောကသာလိုချင်သည်။ ငါသူအမြင်မှားသည်မဟုတ်၊ ဒိဋ္ဌိသဘောကသာအမြင်မှားသည်။ ငါသူထောင်လွှားသည်မဟုတ်၊ မာနသဘောကသာထောင်လွှားသည်။ ငါသူပြစ်မှားသည်မဟုတ်၊ ဒေါသသဘောကသာပြစ်မှားသည်။ ငါသူငြူစူသည်မဟုတ်၊ ဣဿာသဘောကသာငြူစူသည်။ ငါသူဝန်တိုလျှိုဝှက်သည်မဟုတ်၊မစ္ဆရိယသဘောကသာဝန်တိုလျှိုဝှက်သည်။ ငါသူတစိုးရိမ်ရိမ်ပူပန်သည်မဟုတ်၊ကုက္ကုစ္စသဘောကသာတစိုးရိမ်ရိမ်ပူပန်သည်။ ငါ့သူပျင်းရိသည်မဟုတ်၊ ထိနသဘော

ကသာ ပျင်းရိသည်။ ငါသူငိုက်မြည်းသည်မဟုတ်၊ မိဒ္ဓသဘောက သာငိုက်မြည်းသည်။ ငါသူ,ယုံမှားသည်မဟုတ်၊ဝိစိကိစ္ဆာသဘော ကသာ ယုံမှားသည်။ ငါသူကြည်ညိုသည်မဟုတ်၊ သဒ္ဓါသဘော ကသာ ကြည်ညိုသည်။ ငါ,သူအောက်မေ့သည်မဟုတ်၊ သတိ သဘောကသာ အောက်မေ့သည်။ ငါသူရှက်သည်မဟုတ်၊ ဟိရိ သဘောကသာရှက်သည်။ ငါသူထိတ်လန့်သည်မဟုတ်၊ ဩတ္တပ္ပ သဘောကသာ ထိတ်လန့်သည်။ ငါသူမလိုချင်သည်မဟုတ်၊ အလောဘ သဘောကသာမလိုချင်သည်။ ငါသူမပြစ်မှားသည် မဟုတ်၊ အဒေါသ သဘောကသာ မပြစ်မှားသည်။ ငါသူထိုထို အာရုံ၌ လျစ်လျူ။ရှုသည်မဟုတ်၊ တတြမဇ္ဈတ္တတာသဘောကသာ လျစ်လျူ။ရှုသည်။ ငါသူငြိမ်းသည်မဟုတ်၊ ကာယပဿဒ္ဓိ, စိတ္တ ပဿဒ္ဓိ သဘောနှစ်ခုကသာငြိမ်းသည်။ ငါသူ ပေါ့ပါးသည်မဟုတ်၊ ကာယလဟုတာ, စိတ္တလဟုတာ သဘောနှစ်ခုကသာ ပေါ့ပါး သည်။ ငါသူ နူးညံ့သည်မဟုတ်၊ ကာယမုဒုတာ, စိတ္တမုဒုတာ သဘောနှစ်ခုကသာ နူးညံ့သည်။ ငါသူ ခန့်သည် ကောင်းသည် မဟုတ်၊ ကာယကမ္မညတာ, စိတ္တကမ္မညတာ သဘောနှစ်ခုကသာ ခန့်သည်ကောင်းသည်။ ငါသူလေ့လာသည်မဟုတ်၊ ကာယပါဂု ညတာ, စိတ္တပါဂုညတာသဘောနှစ်ခုကသာလေ့လာသည်။ ငါသူ ဖြောင့်မတ်သည်မဟုတ်၊ ကာယုဇုကတာ, စိတ္တုဇုကတာ သဘော နှစ်ခုကသာ ဖြောင့်မတ်သည်။ ဝစီဒုစရိုက်တို့မှ ငါသူကြဉ်ရှောင် သည်မဟုတ်၊ သမ္မာဝါစာသဘောကသာကြဉ်ရှောင်သည်။ကာယ ဒုစရိုက်တို့မှ ငါသူကြဉ်ရှောင်သည်မဟုတ်၊ သမ္မာကမ္မန္တ သဘော ကသာ ကြဉ်ရှောင်သည်။ မှားသောအသက်မွေးခြင်းမှငါသူကြဉ် ရှောင်သည်မဟုတ်၊ သမ္မာအာဇီဝကသာကြဉ်ရှောင်သည်။ ငါသူ

သနားသည်မဟုတ်၊ ကရုဏာသဘောကသာ သနားသည်။ ငါသူ့ဝမ်းမြောက်သည်မဟုတ်၊ မုဒိတာ သဘောကသာ ဝမ်းမြောက်သည်။ ဟုတ်တိုင်းမှန်စွာ သဘောတို့ကို ငါသူ့ပိုင်းခြားသိသည်မဟုတ်၊ ပညာသဘောကသာ ပိုင်းခြားသိသည်ဟု အဟုတ်အဟတ် ထင်မြင်ပြီးလျှင် ငါသူ့အစဲ့အတွေဒိဋ္ဌိဟူသမျှ ပျောက်လွှင့်၍၊ အနတ္တသဘောကို ပိုင်းခြားသိသော သမ္မာဒိဋ္ဌိဉာဏ် တည်းဟူသော မဂ္ဂင်ဌသာ တည်လေ၏ဟု မှတ်လေ။

ထိုနည်းအတူ၊ ရူပါရုံစသောခေတ်တို့ကိုလည်း၊ ငါသူပျောက်၍ အနတ္တသဘောပေါ်အောင်၊ အတန်တန် ဝေခဲ့ စိပ်ဖြာ ဝေဘန်၍ ကြည့်ကြလေ။ ထိုသို့ကြည့်ကြလျှင် သဘောတွေ့ကို့မုချပိုင်းခြားသိကြ၍၊ မုချအနတ္တသဘောကို ပိုင်းခြားသိသော သမ္မာဒိဋ္ဌိမဂ္ဂင်ဌသာ ကောန် တည်ကြလေ၏။

ထိုသို့ တည်ပြီးမှ တဖန်၊ စက္ခုစသည်တို့ကိုလည်း စက္ခုအကြည်နှင့် သောတအကြည် တူ၏လော။ သောတအကြည်နှင့် ဃာနအကြည် တူ၏လော။ ဃာနအကြည်နှင့် ဇိဝှါအကြည် တူ၏လော။ ဇိဝှါအကြည်နှင့် ကာယအကြည် တူ၏လောဟု၊ အသီးအသီး စိပ်ဖြာ၍ နှိုင်းယှဉ်၍ ကြည့်ကြလေ။ ထိုကဲ့သို့ကြည့်လျှင် တခုနှင့် တခုမတူ၊ တခြားတပါးစီသာ ထင်မြင်ရလေ၏။ ထိုကဲ့သို့ ထင်မြင်ခဲ့သော်၊ ၎င်းသဘောအကြည် ငါးခုတို့တွင် အဘယ်သဘောကို ငါသူခေါ်ရမည်နည်းဟု စဉ်းစား ကြည့်ရှု ကြလေ။ ထိုကဲ့သို့ ကြည့်ရှုကြလျှင် စင်စစ် ငါသူခေါ်စရာမရှိဘဲ၊ ၎င်းခေတ်သဘော အစဲ့တို့သာ တည်ရှိကြောင်းကို တရေးရေးမြင်နေလေ၏။ ရသေ့ပရဗိုဇ်, ငါသူစသော အတွေအစဲ့ကင်းပျောက်လေ၏။ ထိုသို့ ကင်း

ပျောက်လျှင် စင်စစ် ဓာတ်သဘောတွေကိုသာ ပိုင်းခြားသိမြင်သော ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ္ဂင်၌သာ တည်လေ၏ဟုမှတ်။

ထိုနောက် ဝိညာဏ ဓာတ်တို့ကိုလည်း ရှေးနည်းအတူ နှိုင်းယှဉ်၍ ကြည့်ကြလေ၊ ကြည့်ပုံမှာ မြင်သိနှင့်ကြားသိ တူ၏လော၊ ကြားသိနှင့် နံသိတူ၏လော။ နံသိနှင့်လျက်သိတူ၏လော။ လျက်သိနှင့် တွေ့သိတူ၏လော။ တွေ့သိစသည်တို့နှင့် ခံယူဆင်ခြင် စိတ်ကူးကြံစည်၍ သိကြကုန်သော မနောဓာတ်, မနောဝိညာဏဓာတ်သဘောတို့ တူကြ၏လောဟု မပြတ်မပြတ် နှိုင်းယှဉ်၍ ကြည့်ကြလေ။ ထိုကဲ့သို့ ကြည့်ကြလျှင် ၎င်းအသိဝိညာဏ်ဓာတ်တို့သည်လည်း၊ တခုနှင့်တခုမတူ ကဲ့လဲ့ထူးခြား တမျိုးစီဖြစ်နေကြသည်ကိုသာ တရေးရေး မြင်ကြလေ၏။ ရသေ., ပရဗိုဇ်, ငါသူစသော အတ္တအစဲ့ ဒိဋ္ဌိဟူသမျှ ပျောက်လွင့်ကြေပြီးလျှင် စင်စစ်သဘောမျှသာ တည်ရှိကြောင်းကို ပိုင်းခြားသိမြင်သော ဝိပဿနာသမ္မာဒိဋ္ဌိမဂ္ဂင်၌သာ တည်လေတော့သည်။ ထိုကဲ့သို့တည်လျှင်ပင်၊ စင်စစ်ငါသူမရှိ၊ သဘောမျှသာရှိသည်ဟု ဉာဏ်ဖြင့် မုချဆုံးဖြတ်ယူလေ၏။ ထိုသို့ယူသောအခါမှစ၍ ငါသူ အတ္တအစဲ့လည်း ပျောက်လေ၏။ ဓာတ်သဘောတည်းဟူသော နာမ်ရုပ်ကိုလည်း ပိုင်လေ၏ဟုမှတ်။

ထိုသို့ ငါ,သူ မရှိ၊ နာမ်ရုပ် ဓာတ် သဘောသာ ရှိကြောင်းကိုလည်း၊ ပရမတ္ထတော ဧကောကသ္မိံ ဓမ္မေ ဥပပရိက္ခိယမာနေ အသ္မိံ တိဝါ၊ အဟန္တိဝါတိဂါဟသ၊ ဝတ္ထုဘူတော သတ္တောနာမနတ္ထိ၊ ပရမတ္ထတောပန နာမရူပမတ္တမေဝအတ္ထိ။ ။ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒိဋ္ဌဝိသုဒ္ဓိအခန်း၌ မိန့်ဆိုသည်ကိုထောက်လေ။ ။ကော

ကသို့ံ၊ တခုတခုသော။ ဓမ္မေ၊ သဘော့တရားတို့ကို။ ဥပပရိက္ခိယ
မာနေ၊ စူးစမ်းဆင်ခြင်ကြည့်ရှုလတ်သော်။ အသို့ံ၊ငါဖြစ်ပေ၏။
ဣတိဝါ၊ ဤသို့လည်းကောင်း။ အဟံ၊ ငါပင်တည်း။ ဣတိဝါ၊
ဤသို့လည်းကောင်း။ ပရမတ္ထတော၊ ပရမတ္ထသဘောအားဖြင့်။
ဝါ၊ မဖေါက်မပြုန် မှုန်သောသဘောအားဖြင့်။ အတိဂါဟာသ၊
သက်ဝင်စွဲလန်း ယူငင်စရာဖြစ်သော။ ဝတ္ထုဘူတော၊ ဝတ္ထုဖြစ်
သော။ သတ္တောနာမ၊ သတ္တဝါမည်သည်။ နတ္ထိ၊ မရှိ။ ဤသို့
လာသည်ကိုထောက်၍၊ ငါ,သူ,မိန်းမ,ယောကျ်ား,ရသေ့ ပရဗိုဇ်
မုချမရှိသည်ကိုသိကြလေ။ ပန၊ မရှိသည်မှတပါး ရှိသည်ကိုဆိုဦး
အံ့။ ပရမတ္ထတော၊ မဖေါက်မပြုန်ထင်ရှားရှိသော သဘောအား
ဖြင့်။ နာမရူပ မတ္တမေဝ၊ နာမ်ဓာတ်ရုပ်ဓာတ် မျှသည်သာလျှင်။
အတ္တိ၊ ထင်ရှား ကောန် ရှိပေ၏။

ဉာတပရိညာဏ် ဖြစ်ပေါ်လာပုံ အကြောင်း။

ဤသို့ လာသည်ကိုထောက်၍ ငါသူမရှိ၊ နာမ်ဓာတ် ရုပ်ဓာတ်
တည်းဟူသောဓာတ်စုမျှသာ ကောန်တည်ရှိကြောင်းကိုမုချသိလေ။
ထိုသို့ဓာတ်တို့ကို ခွဲစိပ်ဝေဖန်လျက် ကြည့်ရှုကြလျှင်၊ စင်စစ်ငါသူ
ပျောက်၍၊ သဘောဓာတ်စုမျှသာ တည်ရှိကြောင်းကို အထက်က
ပြဆိုခဲ့သည့်အတိုင်း၊ မုချ ထိုးထွင်း သိမြင်ကြလေ၏။ ထိုသို့ ထိုး
ထွင်း သိမြင်သော ဉာဏ်ကိုပင် ဉာတပရိညာဏ်ဟုခေါ်ဆိုသည်။

ထိုကြောင့်။ရုပ်ပွနလက္ခဏံရုပံ၊ ဝေဒယိတ လက္ခဏာဝေဒနာတိ
ဝေံ တေသံ တေသံဓမ္မာနံ၊ ပစ္စတ္တလက္ခဏာ သလ္လက္ခဏာ ဝသေန
ပဝတ္တာပညာ၊ ဥပတရိညာနာမ-ဟု။ (မဂ္ဂေမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ
အာဘွင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ မိန့်ဆိုလေသည်။)ရှုပံ၊ ရုပ်သည်။

ရုပ်ပွနေလတ္ခဏာ၊ ဘောက်ပြန်ပျက်စီးခြင်း သဘောလက္ခဏာရှိ၏။ ဝေဒနာ၊ ဝေဒနာသည်။ ဝေဒယိတလက္ခဏာ၊ ခံစားခြင်းသဘောလက္ခဏာရှိ၏။ ကွတိဝေံ၊ ကျိသို့။ တေသံတေသံဓမ္မာနံ၊ တိုထိုကုန်သောသဘောတရားတို့၏။ ပစ္စတ္တလက္ခဏာ၊ အသီးသီးသောလက္ခဏာတို့ကို။ သလ္လက္ခဏဝသေန၊ ကောင်းစွာမှတ်သားကုန်သည်၏ အဖြစ်ဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ ပညာ၊ ပညာသည်။ ဉာတပရိညာနာမ၊ ဉာတပရိညာဏ်မည်၏။ ။ကျိသို့လာသည်ကိုထောက်၍၊ ဉာတပရိညာဏ်ကိုသိလေ။

တိရဏ ပရိညာဏ်ရောက်အောင် ဓာတ် ၁၈-ပါးကို
လက္ခဏာရေးသုံးပါးတင်လျက်ရှုပုံ။

ထိုကဲ့သို့သဘောရှိသော ဉာတပရိညာဏ်ဖြင့် သဘောတွေကို ပိုင်းခြားလျက်။ တိုးထွင်းသိမြင်သော ဃောဂီပုဂ္ဂိုလ်တို့သည် တိရဏပရိညာဏ်သို့ ရောက်အောင်။ ၎င်းဓာတ် ၁၈-ပါး တို့ကို အာရုံအာရမ္မဏိက ဝတ္တုတို့ကိုမှတ်၍ မပြတ်လက္ခဏာရေး သုံးပါးကို တင်လျက် ရှုရာ၏။ (ရှုပုံမှာ) ရှုပါရုံတည်းဟူသော အဆင်းဓာတ်သည်၊ စက္ခုဝိညာဏ်တည်းဟူသော မြင်သိသဘော၏ ကျက်စားရာ အာရုံပင်တည်း။ မျက်စိအကြည်သဘောတည်းဟူသော စက္ခုဓာတ်သည်၊ စက္ခုဝိညာဏ်ဓာတ်၏ တည်ရာဝတ္ထုပင်တည်း။ ထိုနည်းအတူ၊ အာသံတည်းဟူသော သဒ္ဒဓာတ်သည်၊ ကြားသိသောတဝိညာဏ်၏ ကျက်စားရာ အာရုံပင်တည်း။ သောဓာတ်အကြည်သည်၊ သောတဝိညာဏ်၏ တည်ရာဝတ္ထုပင်တည်း။ အနံ့သဘောတည်းဟူသော ဂန္ဓဓာတ်သည်၊ အနံ့ကိုသိတတ်သော ဃာနဝိညာဏ်ဓာတ်၏ ကျက်စားရာ အာရုံပင်တည်း။ ဃာနဓာတ်

အကြည်သည်၊ ဃာနဝိညာဏ်ဓာတ်၏ တည်ရာဝတ္ထု ပင်တည်း။ အရသာဘည်းဟူသော ရသဓာတ်သည်၊ ရသာရုံကိုသိတတ်သော ဇိဝှါဝိညာဏ်ဓာတ်၏ကျက်စားရာ အာရုံပင်တည်း။ ဇိဝှါအကြည် ဓာတ်သည်၊ ၎င်းဇိဝှါဝိညာဏ်ဓာတ်၏ တည်ရာ ဝတ္ထုပင်တည်း။ တွေ့အပ်သော သဘော ဖေါ်ဆောင်ဓာတ်သည်၊ ၎င်းအတွေ့ကိုသိတတ်သော ကာယဝိညာဏ်ဓာတ်၏ ကျက်စားရာ အာရုံပင်တည်း။ ကာယအကြည်ဓာတ်သည်၊ ၎င်းကာယ ဝိညာဏ်ဓာတ်၏ တည်ရာ ဝတ္ထုပင်တည်း။ ၎င်းအာရုံငါးပါးမှ ကြွင်းကျန်သော သဘောအစု ဓမ္မာရုံသည်၊ မနောဝိညာဏဓာတ်တို့၏ ကျက်စားရာပင်တည်း။ မနောဓာတ်သည်၊ စက္ခုဝိညာဏ စသော၊ ပဉ္စဝိညာဏ်တို့၏ ရှေ့အဘို့ နောက်အဘို့ ဖြစ်လျက်၊ အာရုံကိုသိခြင်းသဘောမျှသာတည်း။ ၎င်းမနောဓာတ်၊ မနောဝိညာဏ် ဓာတ်တို့သည်၊ ဟဒယဝတ္ထုနှလုံးသွေးကြိုခြင် တည်ကုန်၏။ ဤသို့လျှင် တည်ရာဝတ္ထုအာရုံကိုမှတ်သားပြီးလျှင်၊ သိုလှောင်သော နည်းဖြင့် လက္ခဏာရေးဟူးပါး ကို တင်၍ ဒုက္ခသမ်ဗြိုးလျှင်၊ သမ္မသနဉာဏ်စသည်တို့ကို အစဉ်အတိုင်းပြီးစေရာ၏။

သုံးသပ်ပုံမှာ၊ ရှုပါ၊ အဆင်းဓာတ်နှင့် စက္ခု အကြည်ဓာတ်တို့ လိုက်တိုင်း၊ လိုခိုက်တိုင်း၊ မြင်၍သိတင်းသော စက္ခုဝိညာဏ်ဓာတ်တို့သည်၊ တဖွဲးဖွဲးဖြစ်ခပါ လျက် ပျက်စီးကွယ်ချုပ် ကြလေကုန်၏။ (ဥပမာ) မီးခတ်တာနှင့်မီးခတ်ခံကျောက်ကို ထိခိုက်လိုက်လျှင်၊ ဓိုးဖွဲးကလေးတွေ ပေါ်လာပြီးလျှင်၊ ကွယ်ချုပ်ကြလေသကဲ့သို့။ ထိုနည်းအတူ၊ ရှုပါရုံအဆင်းနှင့် စက္ခုအကြည်ဓာတ်တို့ ထိခိုက်တိုင်း ထိခိုက်တိုင်း၊ စက္ခုဝိညာဏ်တည်းဟူသော အသိသဘောတို့ တဖွဲဖွဲးပေါ်လာကုန်ပြီးလျှင် ကွယ်ချုပ်ကွယ်ချုပ်ကြသည်ကို

ထင်ရှားသိကြလေ။ တဒင်္ဂ, တခဏဘင်္ဂပင် မဒရမတွက် ဖြစ်ချုပ်ကြလေကုန်၏လို့မှတ်။ ထို့နည်းအတူ၊ အသံတည်းဟူသော သဒ္ဒဓာတ်နှင့် သောတအကြည်ဓာတ်တို့ ထိခိုက်တိုင်းထိခိုက်တိုင်း သောတဝိညာဏ်အသိသဘောတို့သည်၊ မဒရမတွက်နိုင်အောင်ပင် ခဏ, ခဏ, ဖြစ်ချုပ်ကြကြောင်း။ဂန္ဓာရုံအနံ့သဘောနှင့် ဃာနအကြည်ဓာတ်တို့ ထိခိုက်တိုင်း ထိခိုက်တိုင်း၊ ဃာနဝိညာဏ် အသိသဘောတို့သည် တဖွဲးဖွဲးမရေမတွက်နိုင်အောင်ပင် ခဏခဏဖြစ်ချုပ်ကြကြောင်း။ရသတည်းဟူသော အရသာဓာတ်နှင့် ဇီဝှါအကြည်တို့ ထိခိုက်တိုင်း ထိခိုက်တိုင်း၊ ဇီဝှါဝိညာဏ် အသိသဘောတို့သည်၊ တဖွဲးဖွဲးမရေမတွက်နိုင်အောင်ပင် ခဏ, ခဏ, မရပ်မစဲ၊ တသဲသဲ ဖြစ်ကြကြောင်း။ တွေ့သိအပ်သော သဘောဓာတ် တည်းဟူသော ဖေါဋ္ဌဗ္ဗာရုံနှင့် ကာယအကြည်ဓာတ်တို့ ထိခိုက်တိုင်း ထိခိုက်တိုင်း ကာယဝိညာဏ်အသိသဘောတို့သည် တဖွဲးဖွဲးမရေမတွက်နိုင်အောင်ပင် ခဏ, ခဏ, မရပ်မစဲ တသဲသဲဖြစ်ချုပ်ကြကြောင်း။ ဓမ္မာရုံသဘောတို့နှင့် ဘဝင်စိတ်မနောအကြည်ဓာတ်တို့ထိခိုက်တိုင်းထိခိုက်တိုင်း။ဂင်းဓမ္မာရုံကိုသိတတ်သောမနောဝိညာဏဓာတ်တို့သည်လည်း၊ တဖွဲးဖွဲးမရေမတွက်နိုင်အောင်ပင် ခဏ, ခဏ, မရပ်မစဲ တသဲသဲဖြစ်ချုပ်ကြကြောင်း။ မပြတ်မပြတ်စဉ်းစား၍ ကြည့်လေ။ ထိုကဲ့သို့ စဉ်းစား၍ကြည့်လျှင်၊ မရပ်မစဲတသဲသဲဒုဂရဆြောက်ပါးဌာ လှည့်ခါ လှည့်ခါ ပေါ်လာပြီးလျှင်၊ ကုယ် ချုပ် ပျောက် ကုယ် ကြသည်တို့ကိုသာ တရေးရေးမြင်ကြလတံ့။ ထိုကဲ့သို့အပျက်တွေ့ကို တရေးရေးမြင်လျှင်ပင် အနိစ္စကိုထင်မြင်သည်မည်၏။

ထိုနောက်တဘန်၊ စဉ်းစားရန်မှာ ထိုကဲ့သို့မရပ်မစဲ တသဲသဲ ပျက်စီးဆုဠ် သက်သာခွင့်ကို ရနိုင်မည်လောဟု စဉ်းစားကြည့်ရှု

လေ။ ထိုသို့ကြည့်ရှုလျှင် စင်စစ် သက်သာခွင့် မရှိကြောင်းကိုသာ တွေ့မြင်ရလေ၏။ တွေ့မြင်ပုံမှာ အကြင်သူတယောက်ကို ရန်သူတယောက်က ထားလက်နက်ဖြင့် စောင့်ဆိုင်းလျက်၊ ပေါ်လာတိုင်း ပေါ်လာတိုင်း ထားဖြင့် ခုတ်လေအံ့။ ထိုသူသည် ထိုနေရာ၌ ပေါ်လာဝံ့စရာ ကောန်မရှိလေပြီ။ ထိုနည်း အတူ ငါ့သူ့ မိန်းမ, ရသေ့, ပရိုဇ်, ထင်မှတ်လျက်၊ များစွာဆည်းပူးခဲ့ခြင်း ကြောင့်သာ ၎င်းဓာတ်သဘောတို့သည် ကောန်ဖြစ်ပေါ်လာကြပေကုန်၏။ ထိုပေါ်လာကုန်သော အသင်္ခါရဓာတ်စသော ဓာတ်အစုတို့သည်လည်း ၊ထားလက်နက်ဖြင့်ခုတ်ဖြတ်သည်ထက်မက ပျက်စီးပျက်စီး၍သာ သွားကြ လေကုန်သည်တို့ကို တကယ် အဟုတ်ကြည့်ရှု၍ မြင်လျှင်၊ အဘယ်မှာသက်သာခွင့်ရနိုင်အံ့နည်း။ စင်စစ်သက်သာခွင့်ကိုမရဘဲ၊ ကောန်အပူတုံး အပူခဲဖြစ်ကြောင်းကိုသာ တရေးရေး ထင်မြင်လေတော့သည်ဟုမှတ်။ ထိုကဲ့သို့ အပူဘေးကို ထင်မြင်သောအခါ၊ ဒုက္ခအပူကို ထင်မြင်သည်မည်၏။

ထိုကဲ့သို့ ပျက်စီးပူလောင်သော သဘောတို့ကို စင်စစ် ငါ့သူ့ မိန်းမ,ပုဂ္ဂိုလ်,သတ္တဝါဟု စွဲလန်းယူငင်ရန် ကောန်ရှိမည်လောဟု တဘန်တွေးတောဆင်ခြင်ကြည့်ရှုကြလေ၊ ထိုကဲ့သို့ ကြည့်လျှင်၊ စင်စစ် ငါ့သူ့မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါမရှိကြောင်းကို မုချသိကြလေ၏။ ကဲ့သို့ သိတိုင်းသိတိုင်း ငါသူမဟုတ်ပါကလား။ ငါ့သူ့မဟုတ်ပါကလားဟု အဘုန်ဘန် ကြည့်ရှုလျှင်၊စင်စစ် ငါ့သူ့ မိန်းမ, ယောကျား, သတ္တဝါအစု အတွဲ ဒိဋ္ဌပျောက်၍၊ အနတ္တသဘောကိုသာ ထင်မြင်လေတော့သည်။ ထိုအခါ အနတ္တကို ထင်မြင်သည်မည်၏။

ထိုကဲ့သို့ ထင်မြင်၍ ငါ့သူ့မဟုတ်၊ ပျက်စီးပူလောင်သော တရားတွေ့ပါကလားဟု ရှုလေလေ။ ငါ့သူ့မိန်းမ, ယောကျ်ားပျောက်လေလေသာဖြစ်၏။ ထိုသို့ပျောက်လေလေ၊ အတ္တဒိဋ္ဌိကင်းပျောက်လေလေသာဖြစ်၏။ ထိုသို့ ကင်းပျောက်လေလေ။ ဟုတ်တိုင်းမှန်စွာအနတ္တသဘောကိုမြင်တတ်သော သမ္မာဒိဋ္ဌိဉာဏ်ဖြစ်လေလေသာဖြစ်၏။

ထိုကဲ့သမ္မာဒိဋ္ဌိဉာဉ်ဏ် ဖြစ်လေလေ။ အဝိဇ္ဇာတဏှာတို့ ကင်းပျောက်လေလေသာဖြစ်၏။ ထိုအဝိဇ္ဇာတဏှာတို့ ကင်းပျောက်တိုင်း-ကင်းပျောက်ဟိုင်း၊ မိစ္ဆာသင်္ကပ္ပမှုတို့လည်းမရှိ ကင်းလေရကား၊ ၎င်းမိစ္ဆာသင်္ကပ္ပမှု စသည်တို့ကို ကင်းစေတတ်သော သမ္မာသင်္ကပ္ပ စသော ကျန်မဂ္ဂင်တရားတို့လည်း တပြိုင်နက် တချက်တည်း ၎င်းသမ္မာဒိဋ္ဌိဉာဏ်နောက်လိုက်၍ တလုံးတစည်းတည်း အတူင်းဝင် ပါလေတော့သည်ဟုမှတ်။

ဝိပဿနာအစဉ် ရှုသဖြင့် သမ္မသနဉာဏ်ဖြစ်ပေါ်လာပုံအကြောင်း။

ထိုကဲ့သို့ တလုံးတစည်းတည်း ဖွဲ့စည်းတည်၍ ဖြစ်ပေါ်ကြသောမဂ္ဂင်္ဂါးပါးကို လောကီမဂ္ဂင်ဟု ခေါ်သည်။ ထိုကဲ့သို့သမ္မာဒိဋ္ဌိစသော လောကီမဂ္ဂင်ငါးပါးဖြင့် မပြတ်မလပ် နေ့ရောညပါအားထုတ်၍ ဆိုခဲ့ပြီးသောနည်းအတိုင်း သုံးသပ်လေလေ။ ငါသူအတ္တအစဲ့ပျောက်ကင်းလျက်၊ မရပ်မစဲတသဲ့သဲ့ ပူလောင်ရသည်တို့ကိုသာ တရေးရေးတွေ့မြင်လေ့လသာဖြစ်၏။ ထိုကဲ့သို့ တွေ့မြင်လေလေ၊ အဘန်ဘန်သုံးသပ်ခြင်း အားရှိလေလေသာဖြစ်၏။

ထိုကဲ့သို့ အားရှိလေလေ၊ အာဘုန်ဘန်သုံးသပ်လေလေသာ ဖြစ်၏။ ထိုကဲ့သို့အဘန်ဘန်သုံးသပ်၍ သုံးဆယ့်တဘုံတွင်း၌ ဖြစ်ပြီး ဖြစ်ဆဲဖြစ်လတံ့သော ၎င်းဓာတ်အစုတို့ကို စင်စစ် ငါသူ မဟုတ်၊ မရုပ်မစဲပျက်စီးပူလောင်နေသော ဓာတ်သဘောစုသာ ကောန်ဖြစ်ပေ၏ဟု ပိုင်းခြားမှတ်သားခြင်းသို့ ရောက်လေ၏။ ထိုကဲ့သို့ အနိစ္စစသည်ဖြင့် ပိုင်းခြားမှတ်သားတတ်သော ဉာဏ်ကို သမ္မသနဉာဏ်ဟုခေါ်သည်။ ထိုကြောင့် ပဋိသန္ဓေမှစ၍ ပါဠိတော်၌ (အတီတာနာဂတ ပစ္စုပ္ပန္နာနံ၊ ဓမ္မာနံ သံခိပိတ္ဝာ၊ ဝဝတ္ထာနေပညာ၊ သမ္မသနေ ဉာဏံ။ ပေ၊ သဗ္ဗံ ရူပံ အနိစ္စတော ဝဝတ္ထေတိ။ ဧကံသမ္မသနံ ဒုက္ခတော၊ ဝဝတ္ထေတိ၊ ကေသမ္မသနံ၊ အနတ္တတော ဝဝတ္ထေတိ၊ ကေသမ္မသနံ။ ။စသည်ဖြင့် များစွာအကျယ်ပြဆိုပေသည်။အလို ရှိကြလျှင်၊ ပဋိသန္ဓေမှစ၍ ပါဠိတော်၌ ယူလေ။ ထိုပြင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ သမ္မသနဉာဏ်အခန်းဌာလည်း ကြည့်ယူကြလေ။ ။ ဤကျမ်းဌကား၊ သိသာရုံအကျဉ်းမျှသာ ရေးသားလိုက်သည်။ သမ္မသနဉာဏ်ပြီး၏။

ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်လာပုံ။

ထိုကဲ့သို့ အဘန်ဘန်သုံးသပ် လတ်သော်။ ၎င်းအသိဝိညာဏ်စသော ဓာတ်သဘောတို့သည်၊ မရုပ်မစဲတသဲသဲဖြစ်ပျက် ကြကုန်သည်ကိုသာ တရေးရေးမြင်ရလေ၏။ (ဥပမာ) ဖြစ်ပေါ်လာသမျှသော ဆီးနှင်းတို့သည် နေထွက်ပေါ်လာသောအခါ၊ အလွန်လျင်မြန်စွာ ကွယ်ကြလေကုန်သကဲ့သို့လည်းကောင်း။ မိုးဦးရွာသောအခါ ချောင်းမြောင်း မြစ် သမုဒ္ဒရာအပြင်၌ ကျရောက်သောရေပေါက် ရေပွက်တို့သည်၊ မရုပ်မစဲ ဖြစ်ချုပ် ကြလေကုန်သကဲ့သို့

လည်းကောင်း။ ထိုအတူ ဖြစ်ပေါ်လာသမျှ ဝိညာဏ်စသော အာသီသဘော ဓာတ်စုဓာတ်ပေါင်းတို့သည် မရပ်မစဲ တသဲသဲဖြစ် ပျက်ကြသည်ကိုသာတရေးရေးတွေ့မြင်လေ၏။ထိုအခါ ဥဒယဗ္ဗယ ဉာဏ်ဖြစ်ကြလေပြီဟုမှတ်။ ဥဒယဗ္ဗယဆိုသည်မှာ ဖြစ်ပျက်ခြင်းကို ဆိုသည်ဟုမှတ်လေ။ ထိုကဲ့သို့ ဥဒယဗ္ဗယဉာဏ်ဖြစ်ပြီးသော ယောဂါဝစရပုဂ္ဂိုလ်တို့သည် ၎င်းဥဒယဗ္ဗယဉာဏ်ကိုပင် အဖန်ဖန် လေ့ လာပွားများအပ်၏။ ထိုကဲ့သို့ပွားများလေလေ။ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို များစွာထင်မြင်လေလေသာ ဖြစ်လေ၏။ ထိုကဲ့သို့ ထင်မြင်သောဉာဏ်ကို တိရဏ ပရိညာဏ်ဟုခေါ်သည်။

ထိုကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌။ ရူပံ အနိစ္စံ၊ ဝေဒနာ အနိစ္စာတိ အာဒိနာနယေန ဧတသ္မိံ ဓမ္မာဒ္ဒိ၊ သာမညလက္ခဏာ အာရောပေတွာ ပဝတ္တာလက္ခဏာ ရမ္မဏိက ဝိပဿနာပညာတိ ရဏ ပရိညာနာမ၊ ဟု မိန့်ဆိုလေပြီ။ ။အနက်ကား။ ရူပံ၊ ဖောက် ဖြန်ပျက်စီးတတ်သော သဘောသည်။ အနိစ္စံ၊ မရပ်မစဲသဲသဲ ပျက်စီးနေ၏။ ဝေဒနာ၊ ခံစားတတ်သော ဝေဒနာသဘောသည်။ အနိစ္စာ၊ အမြဲမရှိ၊ တသဲသဲပျက်စီးနေ၏။ ဤတိ အာဒိနာနယေန၊ ဤသို့ အစရှိသောနည်းဖြင့်။ တေသံ ယေဝ ဓမ္မာနံ ထိုခေတ် သဘောတို့ အားသာလျှင်။ သာမညလက္ခဏံ၊ အနိစ္စသဘော သာမည လက္ခဏာကို။ အာရောပေတွာ၊ တင်၍။ ပဝတ္တာ၊ ဖြစ် သော။ လက္ခဏာရမ္မဏိကံ ဝိပဿနာပညာ၊ လက္ခဏာရမ္မဏိက ဝိပဿနာပညာသည်။ တိရဏပရိညာနာမ၊ တိရဏပရိညာဏ်မည် ၏။ ထိုတိရဏပရိညာဏ်သည် သစ္စာနုလောမဉာဏ် တိုင်အောင်

ဖြစ်လေ၏။ ဖြစ်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ပရိညာဏ်ခဏ်းတွင်ရှိလေ၏။ ။ကျိတ္ထင်ဥဒယဗ္ဗယညာဏ်ပြီး၏။

ဘင်္ဂဉာဏ်ဖြစ်ပေါ်လာပုံ။

ထိုဥဒယဗ္ဗယညာဏ်ကို ရပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည်၊ အဘန့်ဘန် ၎င်းဥဒယဗ္ဗယညာဏ်ကိုပင် လေ့လာပွားများ အားထုတ်ကြရမည်။ ထိုကဲ့သို့ အားထုတ်ဘန်များလျှင်၊ ဖြစ်တည်ခြင်းကိုမထင်နိုင်ဘဲ။ ပျက်စီးခြင်းကိုသာ တရေးရေး မြင်လေတော့သည်။ (ဥပမာ)၊ တဖြောင်းဖြောင်း အလွန်တောက်လောင်သော မီးပုံကြီးထဲ၌ ကျရောက်သမျှ လောင်စရာ ဝတ္ထု အပေါင်းသည်၊ မရပ်မတည် ပျက်စီးရသကဲ့သို့။ ထိုအတူ သုံးဆယ့်တဘုံ၌ဖြစ်လေသမျှ ဓာတ်အပေါင်းသည်လည်း မရပ်မဘဲ ပျက်စီးနေကြောင်းကိုသာ တရေးရေးထင်မြင်လေ၏။ ဤကဲ့သို့ ထင်မြင်သောအခါ စင်စစ် ဘင်္ဂဉာဏ်ဖြစ်ပြီဟုမှတ်။ ဘင်္ဂဉာဏ်ဆိုသည်မှာ။ အပျက်ဓာတ်ကိုသာ တရေးရေးမြင်နေသော ဉာဏ်ကို ဆိုသည်ဟုမှတ်။ ဘင်္ဂဉာဏ်အကျဉ်းပြပြီး၏။

ဘယဉာဏ်ဖြစ်ပေါ်လာပုံ။

ထိုကဲ့သို့ အပျက်တွေ့ကိုမြင်သော ဘင်္ဂဉာဏ်ဖြင့်ပင်။ စက္ခု စသော ဓာတ်တို့မရပ်မစဲတသဲသဲပျက်စီးနေသည်ကိုသာ တရေးရေးထင်မြင်လတ်သော်။ အလုံးစုံဖြစ်ပေါ်ရသမျှ ရူပါရုံအဆင်းဓာတ်၊ စက္ခုအကြည်တည်းဟူသော စက္ခုဓာတ်။ ၎င်းရူပါရုံကို မြင်သိတတ်သော စက္ခုဝိညာဏဓာတ်စသော အထက်က ညွှန်ပြခဲ့သော

၁၀-ပါးသော ဓာတ်အစုအဝေးအားလုံးတို့ကိုပင်၊ အတွင်မလပ် ပျက်စီးခြင်း မရဏ, တရားသည် စင်စစ် မရပ်မစဲ နှိပ်စက်နေခြင်း ကြောင့်၊ တပြောင်ပြောင်တထိန်ထိန် ဘေဘက်လောင်နေသော မီးပုံကြီးကဲ့သို့သာ ဆင်မှတ်လေ၏။ ဘယ်လိုထင်မှတ်လေသနည်း ဟူမူ။ မြို့တံခါးဝ၌ မီးပုံကြီး ၃-ပုံရှိ၏။ ထိုမီးပုံကြီးတို့ကို မျက်စိ အမြင်ရှိသော ယောကျ်ား တယောက်ယောက်သည် ရှုကြည့်၍ မြင်လတ်သော်၊ ၎င်းယောကျ်ားသည် သြော်-အကြင်သူတို့သည် ဤမီးပုံတို့၌ ကျရောက်ခဲ့အံ့။ထိုသူသည် ဧကန်မုချပျက်စီးပုဒ်လောင် လေရာ၏ဟုအကြံဖြစ်လေရာ၏။ထိုနည်းအတူ ယောဂါဝစရပုဂ္ဂိုလ် သည်လည်း၊ သုံးဆယ် တဘုံအဘွင်း၌ ၎င်းဓာတ်တို့ ပေါင်းစုဖြစ် ပျက်လေသမျှ။ စင်စစ် အပူတုံးအပူခဲ ဒုက္ခဘုံကြီးသာ ဖြစ်ရလေ ဝတော့သည်တကား ဟု တင်မြင်လျက်။ ထိတ်လန့် ကြောက်ရွံ့ ခြင်းသာ ဧကန်ဖြစ်ရလေ၏။ (ဥပမာ) ချမ်းသာစွာ နေထိုင်လို သောယောကျ်ားသည် ဘီလူးသားရဲရှိသောအရပ်သို့ သွားရောက် လျက် ထိတ်လန့်ရသကဲ့သို့၊ ထိုအတူ နောက်နောက်က ဖြစ်ခဲ့သော ဓာတ်တို့သည်လည်း၊ ချုပ်၍ ကွယ်ပျောက်ကြလေကုန်၏။ ဖြစ် ပေါ်လတံ့သော ဓာတ်တို့သည်လည်း၊ထိုနည်းအတူ ချုပ်ပျောက် ၍သာ သွားကြလေကုန်လတံ့သတည်းဟု တရေးရေးတွေးမြင်ပြီး လျှင်၊ အလွန်ကြောက်မက်ဘွယ်ကောင်းသော အပူဒေးကြီးဟူ၍ သာ ထင်မြင်သေလျက်၊ ထိတ်လန့် တုန်လှုပ်ကြောက်ရွံ့လေပြီး လျှင်၊ အနုမြူမျှသက်သာခွင့်ကို မတွေ့မမြင်လေပြီ။ ထိုကဲ့သို့ မိမိသဏ္ဌာန်၌ ဖြစ်ပေါ်တွေ့ကြုံလာသောအခါ၊ ဘယဉာဏ်ဖြစ်ပြီ ဟုမှတ်။ ဘယဉာဏ်ဆိုသည်မှာ စူးစမ်းဆင်ခြင်လျက် ကြောက် မက်ဘွယ် မဟာဒေးကြီးဟု ထင်မြင်သော ဉာဏ်ကိုဆိုသည်။

အမယ်လေး-အာဘလေးဟု ကြောက်သော ဒေါသကြောက်ကိုမဆို ဟုမ့်တတ်။ ။ကျွတ်ဝင် ဘယဉာဏ် အကျဉ်းပြီး၏။

အာဒီနဝဉာဏ်ဖြစ်ပေါ်လာခြင်းအကြောင်း။

ထိုကဲ့သို့ သဘောရှိသော ဘယဉာဏ်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည်၊ တဘန် ၎င်းဘယဉာဏ်ဖြင့်ပင်။ အဘန်တလဲလဲဆိုခဲ့ပြီးသော ဓာတ်အပေါင်းတို့ကို ငါ့သူမဟုတ်။ စင်စစ် မဟာဘေးကြီးသာ ဖြစ်ပါတကားဟု ထင်မြင်သည်ထက် ထင်မြင်အောင် အဘန်တဲလဲ အားထုတ်ကြည့်ရှုနေရမည်။ ထိုကဲ့သို့ အားထုတ်ကြည့်ရှုလတ်သော် ဘုံသုံးပါးတို့၌ ဖြစ်နေကြသော ဓာတ်စုတို့တွင်၊ တခုသောဓာတ်ကိုမျှလည်း ငါ့သူဟု၍ ပြစရာ တစုံတရာ မရှိသည်၏ အဖြစ်ကိုလည်း၊ ၎င်းဓာတ်စုနှင့်တကွ၊ ၎င်းဓာတ်တို့၏ ဖြစ်ရာ ဘုံတို့ကိုလည်း၊ ရှုနိုသုအပေါင်းတို့ တညီတညွတ်တည်း ဝန်းဝိုင်းလျက်၊ ထားလက်နက်တို့ဖြင့် အတွင်မလပ် ခုတ်စင်းနေလာဘိသကဲ့သို့လည်းကောင်း။ တရေးရေးထင်မြင်လေဘော့သည်။ ထိုကဲ့သို့ ထင်မြင်လတ်သော်။ ၎င်းယောဂါဝစရပုဂ္ဂိုလ်သည်၊ စင်စစ်ဘုံသုံးပါးဌ ဖြစ်သမျှကာလပတ်လုံးမရပ်မစဲဖြစ်ပျက်ပူလောင်ရသောအဖြစ်ဘေးတို့မှ ကင်းလွတ်ခြင်းကို အနုမြူမှု မမြင်ဘဲ၊ စင်စစ်ပျက်စီးပူလောင်ရသော ပြစ်ချက်တွေ့နှင့်သာ တွေ့ကြုံရပေသည်ဟု အဖြစ်တွေ့ကိုသာတရေးရေးတွေ့မြင်လေ၍။ စင်စစ်သက်သာခွင့်ကိုမရလေပြီ။ ထိုကဲ့သို့ အဖြစ်တွေ့ကိုသာ တရေးရေးတွေ့မြင်သောဉာဏ်ကိုရသောအခါ၊ အာဒီနဝဉာဏ်ကို ရပြီဟုမ့်တတ်လေ။ အာဒီနဝဉာဏ်ဆိုသည်မှာ၊ မမြဲတတ်သောအနိစ္စအဖြစ်၊ အဘန်တလဲလဲနိုပဲ့စက်ခံရခြင်း၊ ဒုက္ခအဖြစ်။ ငါ့သူဟု၍ ပြစရာမရှိခြင်း၊

အနတ္တအပြစ်တို့ကို တရေးရေးထင်မြင်နေသော ဉာဏ်ကိုဆိုသည်။ အာဒီနဝဉာဏ်အကျဉ်းပြပြီး၏။

နိဗ္ဗိန္ဒဉာဏ်ဖြစ်ပေါ်လာပုံ။

ထိုအာဒီနဝဉာဏ်ကို ရပြီးရောက်ပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် ငြီးငွေ့စက်ဆုပ်ရွံရှာလေ၏။ ထိုကဲ့သို့ ဘုံသုံးပါးဌိဖြစ်သမျှ ဓာတ်စုတို့ကို ငါသူမဟုတ်၊ မရုပ်မစဲဘဲ တသဲသဲပျက်စီးပွဲလောင်ခြင်းတို့ဖြင့်သာ နှိပ်စက်ခံနေရသော အပြစ်တွေ့ကို တရေးရေးတွေ့မြင်လေလျှင်၊ ဘုံသုံးပါးဌိ ဖြစ်သမျှ ၎င်းဓာတ်စုတို့ကိုပင် လိုချင်ခြင်းမရှိဘဲ။ အလွန်ငြီးငွေ့စက်ဆုပ်ရွံရှာလျှင်၊ ထပ်တလဲလဲရွံရှာအောင် အားထုတ်ရှုနေအပ်၏။ ထိုကဲ့သို့ရှုဘွန်းများ၍ ပြင်းစွာ ငြီးငွေ့ဖွယ်ရွံရှာလျှင်။ ၎င်းဓာတ်စုသင်္ခါရတရားစဉ် မပျောက်ပိုက်။ အလွန် ဆန့်ကျင်ခြင်းသာ ဖြစ်လေ၏။ (ဥပမာ)စိတ္တကုဋ္ဌတောင်ခြေဌိ ကျက်စားသော ရှေဟသ်းမင်းသည်၊ ဒွန်းစက္ကားရွာဟံခါးဝဌိရှိသော တံစိုးတွင်းရအိုင်ဌိ မပျော်ပိုက်ဘဲ၊ ဟိမဝန္တာတောင်ဌိရှိသော မဟာအိုင်ကြီးတို့ဌိသာ ပျော်ပိုက်လေသကဲ့သို့၊ အလုံးစုံသော သင်္ခါရ ဓာတ်အစုဌိ မပျော်ပိုက်ဘဲ။ ငြီးငွေ့စက်ဆုပ်ပြီးလျှင်။ အနိစ္စစသည်ဖြင့်ရှုသောဝိပဿနာတရားအဘိဌိသာ ပျော်ပိုက်လေ၏၊ ထိုကဲ့သို့သင်္ခါရစသော ဓာတ်စုဌိမပျော်ပိုက်ဘဲ။အလွန်ငြီးငွေ့စက်ဆုပ်ခြင်းဖြစ်သော ဝိပဿနာဉာဏ်ကိုပင် နိဗ္ဗိန္ဒဉာဏ်ဟု ခေါ်သည်။ နိဗ္ဗိန္ဒဉာဏ် ဆိုသည်မှာ ငြီးငွေ့စက်ဆုပ်လျက်ဖြစ်နေသော ဉာဏ်ကိုပင်ဆိုသည်။ ဤတွင် နိဗ္ဗိန္ဒဉာဏ်အကျဉ်းပြပြီး၏။

မုဠိတုကမျတာဉာဏ် ဖြစ်ပေါ်လာပုံအကြောင်း။

ငင်းနိုဗ္ဗိန္ဒဉာဏ်ကိုရပြီး၍၊ ငြိုးငွေ့ခြင်းရှိလျှင်ပင်။ ငင်းယောဂီ ပုဂ္ဂိုလ်သည်။ အလုံးစုံကုန်သော သင်္ခါရ သင်္ခတ မဘတ်အစုတို့၌ တွယ်တာ ခင်မင်ခြင်းမဖြစ်ဘဲ။ မြန်စွာ လွှတ်မြောက်လိုသော စိတ္တာပ္ပါဒ် အစဉ်သာကောနှင်ဖြစ်လေ၏။ (ဥပမာ)ကြောင်လက်တွင်း သို့ ရောက်သောကြွက်သည်၊မြန်စွာလွှတ်လိုသကဲ့သို့လည်းကောင်း၊ မြေခဲတွင်းသို့ရောက်သော ဘားသည်မြန်စွာလွှတ်လိုသကဲ့သို့လည်း ကောင်း။ ထိုအတူ အလုံးစုံသော သင်္ခတဓာတ်အပေါင်းတို့မှ မြန်စွာ လွှတ်မြောက် လိုသည်သာဖြစ်လေ၏။ စိုးစဉ်းမျှ တပ်မက်တွယ် တာခြင်း အာသာမရှိလေပြီ။ထိုကဲ့သို့ ဖြစ်သောအခါ၊ မုဠိတုကမျ တာဉာဏ်ဖြစ်ပြီဟုမှတ်။ မုဠိတုကမျတာဆိုသည်မှာ၊ လွှတ်လိုခြင်း ကို အလိုရှိသော အဖြစ်ကိုဆိုလိုသည်။ ဤတွင် မုဠိတုကမျတာ ဉာဏ်ပြီး၏။

ပဋိသင်္ခါဉာဏ်ဖြစ်ပေါ်လာပုံအကြောင်း။

ထိုကဲ့သို့လွှတ်မြောက်လိုသော စိတ္တာပ္ပါဒ်အားကြီးလတ်သော်။ ငှင်းသင်္ခတ ဓာတ်တို့ကို အမြဲမဟာည်၊ မရပ်မစဲ ကသဲသဲဖေါက်ပြန် ပျက်စီးနေသော သဘောအစုဟူ၍ လည်းကောင်း။ တပြောင် ပြောင်တောက်လောင်နေသော ဒုက္ခအပူကြီးဟူ၍လည်းကောင်း၊ ရောဂစသောငြောင့်တံသင်းဖြင့်ဆိုးကျင်ကိုက်ခဲနေသော ရောဂါအိုး ကြီးဟူ၍လည်းကောင်း။ ကိလေသာတည်းဟူသော အပုပ်ရေတို့ ဖြင့်မပြတ်ယိုစိမ်းကျနေသောအိုင်းအနာဒဏ်ကြီးဟူ၍လည်းကောင်း။ ရောဂ,ဒေါသ, မောဟစသော ငြောင့်တံသင်းကြီးတို့ ထိုးယှဉ်းဝင် နေသကဲ့သို့လည်းကောင်း။ ကဲ့ရဲ့ရွဲတ်ချ စွန့်ပစ်စရာ ချမ်းသာမရှိ

ဆင်းရဲ အတိ ဖြစ် သော သ ဘော ဟူ၍ လည်း ကောင်း။ ရောဂါ အပေါင်း ဘေးအပေါင်း တို့ဖြင့် မပြတ်မလပ် နှိပ်စက်တတ် ဓသာ သဘောဟူ၍လည်းကောင်း။ မိမိအလိုရှိရာ စီမံတိုင်းမဖြစ်၊ ပြင်ပသူစိမ်းကဲ့သို့သာဖြစ်တတ်သောသဘောဟူ၍လည်းကောင်း။ နာခြင်း၊ သေခြင်း စသည်တို့ဖြင့်။ ဖရိုဖရဲ ကဲ့ပျက်ခြင်းသဘော ဟူ၍လည်းကောင်း။ တပါးမကသောဘေးအပေါင်းကို ဆောင်တတ်သောသဘောဟူ၍လည်းကောင်း။ မင်းဒဏ်စသော ဘေးဥပါဒ်တို့၏ စုဝေးတည်နေရာ ဟူ၍လည်းကောင်း။ မင်း, ခိုးသူ စသောသူတို့၏ ဘေးအပေါင်းသည်၊ မပြတ်စုဝေး နှိပ်စက်ခံနေရာ ဟူ၍လည်းကောင်း။ မပြတ်နှိပ်စက်ပူလောင်နေသော ဒုက္ခမီးတို့၏ ကပ်ငြိ တွယ်ရာသဘော ဟူ၍လည်းကောင်း။ ဇာတိ ဇရာ မရဏ စသောတရားအပေါင်းတို့နှင့် တွေ့ကြုံတုံလှုပ်နေသော သဘော အစုဟူ၍လည်းကောင်း။ သူတပါးလုံလ မိမိလုံလတို့ကြောင့်၊ ဖရိုဖရဲကဲ့ပျက်နေသောသဘောအစု ဟူ၍လည်းကောင်း။ အလုံးစုံ သောဝဋ်ဆင်းရဲ၌ တပြောင်းပြန်ပြန် ကျရောက် တတ်သော ကြောင့်၊ မမြဲတတ်သော သဘောရှိ၏ဟူ၍လည်းကောင်း။ ရောဂါအန္တရာယ်စသည်တို့ နှိပ်စက်ခံနေရာသဘောဖြစ်၍၊ မှီခိုရာ ကိုးကွယ်ရာမရှိသောသဘောဟူ၍လည်းကောင်း။ ဘေးတကာဘေး၊ ရန်တကာရန်တို့ နှိပ်စက်ခံရာ ဖြစ်သောကြောင့်၊ ပုန်းဓောင်းရန် ကောန်မရှိသော သဘောဟူ၍လည်းကောင်း။ မိမိကိုမှီဝဲဆည်းကပ် သောသူတို့၏ ဘေးအပေါင်းကို ပျောက်စေခြင်းငှါ မစွမ်းနိုင် သော ဘဘောဟူ၍လည်းကောင်း။ မပြတ်မပြတ် တရေးရေးထင် မြင်အောင် အားထုတ်၍ ရှုရာ၏။ ထိုမှတပါး၊ ၎င်းဓာတ်စုတို့ကို စင်စစ် မြဲ၏ဟူ၍လည်းကောင်း။ တင့်တယ် ခိုင်မာချမ်းသာ၏

ဟူ၍လည်းကောင်း။ တကယ်အဟုတ် ကြုံဆစရာ အချက်တို့မှ ကင်းဆိတ်ခြင်းဟူ၍လည်းကောင်း။ ထိုကဲ့သို့ နိစ္စ စသည်မရှိခြင်းကြောင့် အချည်းနှီးသဘောသာ ဖြစ်သည်ဟူ၍လည်းကောင်း။ အစိုးတရ ပြုလုပ်စံစားခြင်းမှ ကင်းလွတ်ခြင်းသဘော ဟူ၍လည်းကောင်း။ ငါ့သူစသဖြင့်စွဲလန်းရန်အတွက်မှကင်းဆိတ်ခြင်းသဘော ဟူ၍လည်းကောင်း။ များစွာသော ဒေါသအပြစ်တို့ဖြင့် ပြည့်မှိုလျက်တည်သောသဘော်အစု ဟူ၍လည်းကောင်း။ မပြတ်မလပ် တဖြုန်းဖြုန်း ဘေဘက်ပြန် ပျက်စီးနေသော သဘောအစုဟူ၍လည်းကောင်း။ မြဲခြင်းနိစ္စ၊ချမ်းသာခြင်းသုခစသော အနှစ်သာရမရှိ၊ အကာသဘောကဲ့သို့ဖြစ်ခြင်းရှိသော သဘောအစုဟူ၍လည်းကောင်း။ ဆင်းရဲအဒုက္ခပါင်းတို့၏စုဝေးရာ အရင်းမူလသဘောအစု ဟူ၍လည်းကောင်း။ ချစ်ကျွမ်းဝင်သော မိတ်ကလျာဏကဲ့သို့ ပြုလုပ်ပြီးလျှင်၊ မပြတ်မလပ် အတွင်သတ်နေသော သဘောအစု ဟူ၍လည်းကောင်း။ နှစ်သက်စုံမက်မြတ်နိုးစရာ ချမ်းသာစီးပွါးမှ ကင်းလွတ်သော သဘောအစုဟူ၍လည်းကောင်း။ အာသဝေါတရားလေးပါးတို့၏ မပြတ်ယိုစီးရာ အကြောင်းသဘောအစုဟူ၍လည်းကောင်း။ကံ့စိတ်ဥတု,အာဟာရစသောအကြောင်းပစ္စည်းတို့သည်၊ မပြတ်မလပ်ပြုပြင်နေသော သဘောအစုသာ ကောန်ဖြစ်သည်ဟူ၍လည်းကောင်း။ ကိလေသာစသောမာရ်တို့သည်၊ တိုက်ဖျက်နှယ်အပ်သောသဘောအစုဟူ၍လည်းကောင်း။ ထပ်တလဲလဲဖြစ်ပေါ်နေရသောသဘောအစုဟူ၍လည်းကောင်း။မရပ်မစဲဆွေးမြေ့နေသော သဘောအစုဟူ၍ လည်းကောင်း။ ဖျားနာခြင်းစသည်တို့နှင့်နှိပ်စက်ခံနေရသောသဘောအစုဟူ၍လည်းကောင်း။ သေကြေပျက်စီးတတ်သော သဘောအစု ဟူ၍ လည်းကောင်း။

စိုးရိမ်ကြောင့်ကြတတ်သော သဘောအစု ဟူ၍လည်း ကောင်း။ ငိုကြွေးရသော အစုဟူ၍လည်းကောင်း။ သက်ကြီး ရွိက်တင်၊ ပင်ပမ်းရခြင်းသဘော ဟူ၍လည်းကောင်း။ တဏှာဒိဋ္ဌိ စသော အညစ်အကြေး အပေါင်းတို့ဖြင့် လိမ်းကပ်ညစ်ညူးစရာ အစု တွေ့ဟူ၍ လည်းကောင်း။ ဤပြဆိုခဲ့ပြီးသော လေးဆယ်ကုန် သောအချင်းအရာတို့ဖြင့်၊ မပြတ်မလပ်ထင်မြင်အောင် လှည့်ကာ လှည့်ကာ အဘန်ဘန်ရှုနေရမည်။ ထိုကဲ့သို့ ရှုဘန်များလတ်၍၊ အလွန်ထင်မြင်ခြင်းသို့ ရောက်လျှင်ပင်။ ပြင်းစွဲလွတ်သိုသော ဇောစိတ္တုပ္ပါဒ်အစဉ်သည် အားကြီးစွာ ဖြစ်ပေါ်လေ၏။ ထိုသို့ ဖြစ်ပေါ်၍၊ သုံးသပ်ဘန်များလျှင်၊ နောက်တဖန်အတွေ့, ဇီဝ, ပဂ္ဂလ ဟု အစဲအလန်းမရှိလေပြီ။ စင်စစ်ကင်းလွတ်၍တည်လေ၏။ ထိုကဲ့ သို့ဘည်သောအခါ ပဋိသန္ဓေဉာဏ်ဖြစ်ပြီဟုမှတ်လေ။ ပဋိသန္ဓေ ဆိုသည်မှာ။ ထပ်ဘလဲလဲ အနိစ္စစသည်ဖြင့် သုံးသပ်၍ အလွန်ထင် မြင်အောင် ပြုလုပ်ခြင်းကို ဆိုလိုသည်။ ဤတွင် ပဋိသန္ဓေဉာဏ် အကျဉ်းပြပြီး၏။

သန္ဓေရုပကွာဉာဏ်ဖြစ်ပေါ်ပုံအကြောင်း။

ထင်း ပဋိသန္ဓေဉာဏ်ကို ရပြီးသော ယောဂါဝစရ ပုဂ္ဂိုလ်သည်၊ တဘန်၊ ထင်းဓာတ်စုတို့ကိုမရပ်မနား ဘောက်ပြန်ပျက်စီးပုံလောင် ရခြင်းကြောင့်၊ စင်စစ် ငါ, သူ, မိန်းမ, ယောကျ်ား, နတ်, ဗြဟ္မာ ဟူ၍လည်း စဲလန်းရန် မရှိကြောင်းကိုလည်းကောင်း။ ငါ့စွာ သူ့စွာဟူ၍လည်း စဲလန်းရန် မရှိကြောင်းကို လည်းကောင်း။ အဘန်တလဲလဲ ရှုရမည်။ ထိုသို့ ရှုဘန်များလတ်ခဲသော်။ စင်စစ် ထင်းဓာတ်စုတို့ကို ငါ, သူ, မိန်းမ, ယောကျ်ား, နတ်, ဗြဟ္မာဟူ၍

လည်းစံ့လန်းစရာမမြင်။ ငါဟာငါဥစ္စာ၊ သူဟာ သူဥစ္စာဟူ၍ လည်းစံ့လန်းစရာမမြင်ဘဲ။ စင်စစ်အဘန်တလဲလဲပျက်စီး ပူလောင် ရသည်တို့ကိုသာ တရေးရေးတွေ့မြင်ပြီးလျှင်။ ၎င်းဓာတ်စုသန်ဒါရုအာပေါဓာတ်၊ ချစ်ခြင်း၊ မုန်းခြင်း၊ ကင်းပျောက်လျက်။ လျစ်လျူရှုကာသာဖြစ်တည်လေ၏။ ထိုအခါသန်ဒါရုပေကွာဉာဏ် ဖြစ်ပြီဟုမှတ်လေ။သန်ဒါရုပေကွာဉာဏ်ဆိုသည်မှာ၊ သန်ဒါရဓာတ်အစုတို့၌ ချစ်ခြင်း၊ မုန်းခြင်းမရှိ။ လျစ်လျူရှုနေသည်ကို ဆိုလိုသည်။ သန်ဒါရုပေကွာဉာဏ်ပြီး၏။

ဝိပဿနာရှုသော ယောဂီတို့သဘောနှင့် သစ္စာလေးပါး ထင်မြင်လာပုံအကြောင်း။

ဆိုအပ်ပြီးသော သန်ဒါရုပေကွာ ဉာဏ် သို့ရောက် ပြီး သော ယောဂါဝစရပုဂ္ဂိုလ်သည်။ ၎င်းသန်ဒါရတရားတို့ကို လျစ်လျူရှုပြီးလျှင် လွန်စွာ လွတ်လိုသောဆန္ဒဖြင့်၊ အဘန်တလဲလဲ ငါသူမဟုတ်၊ ပျက်စီးပူလောင်သော အပူဒုက္ခမီးပါတကားဟု၊ တရေးရေးထင်မြင်စေရန် အထက်ကပြဆိုခဲ့သောနည်းအတိုင်း၊ သုံးသပ်အားထုတ်ရမည်။ ထိုကဲ့သို့အားထုတ်လတ်သော်၊ ဘုံသုံးပါး၌ဖြစ်ပေါ်သမျှ သန်ဒါရ ခန္ဓာငါးပါး ဓာတ်အစုအပေါင်းကို၊ ငါ,သူ သတ္တဝါ,အတ္တမဟုတ်၊ စင်စစ် မရုပ်မစဲ တသဲသဲ ဖြစ်ပျက်လျက် တပြောင်ပြောင် ဖောက်လောင်နေသော အပူဒုက္ခမီး ဟူ၍သာလျှင် ဉာဏ်မျက်စိဖြင့် တရေးရေး မြင်နေလေတော့၏။ ထိုအပူဒုက္ခမီးမှတပါး၊ သုခဟူ၍ စိုးစိမ့်မမြင်လေတော့ပြီ။ ထိုအခါဒုက္ခသစ္စာကို ပိုင်းခြားသိသော လောကီမဂ်ဉာဏ်သည် ကောန်ဖြင့်ပေ၏။

ထိုလေးကို မဂ်ဉာဏ်ဖြစ်ခိုက်၊ ထိုအပူ ဒုက္ခမီးကို ကြံစည်တင်ဆောင်ပေးတတ်သော ဝိတက်စေတသိက်သည်။ သမ္မာသင်္ကပ္ပမဂ္ဂင်ဖြစ်၏။ ထိုအခိုက် အားထုတ်တတ်သောဗီရိယသည် သမ္မာဝါယာမမဂ္ဂင်ဖြစ်၏။ ထိုဉာဏ်အခိုက် ၎င်းဒုက္ခမီးတို့ကို တွေးတောအောက်မေ့နေသော သတိသည်၊ သမ္မာသတိမဂ္ဂင်ဖြစ်၏။ ထိုသို့ တွေးတောနေခိုက်၊ ၎င်းဒုက္ခအပူမီး တည်းဟူသော အာရုံ၌ စိတ်တည်နေမှုသည် သမ္မာသမာဓိမဂ္ဂင်ဖြစ်၏။ ဤသို့လျှင် လောကီမဂ်ဉာဏ်ဖြစ်ခိုက်၊ မဂ္ဂင်တရားကိုယ်ငါးပါးသည် တပေါင်းတည်း အတူတကွ ဖြစ်ကြပေ၏။

တိုသို့ ဝိပဿနာရှုခိုက်၊ ကာယကံ, ဝစီကံ, စင်ကြယ်မှု တည်းဟူသော သုသီလ စေတနာသည်၊ သီလမဂ္ဂင် ဖြစ်၏။ ဤသို့လျှင် လောကီမဂ္ဂင်ငါးပါး တပေါင်းတည်း ဖြစ်ခိုက်၊ သီလ, သမာဓိ, ပညာဟူသော သိက္ခာသုံးပါးသည်၊ စင်စစ်ပြည့်စုံ၍ ပါသည်သာတည်း။ ထိုသို့ပင်ပါသော်လည်း၊ ပညာကိုသာပဓာနပြု၍ ရေးသားပေအံ့။

ထိုဒုက္ခသစ္စာကို ပိုင်းခြား၍သိသော လောကီ မဂ်ဉာဏ်သည်လည်း စင်စစ် ဒုက္ခသစ္စာ တရားသာဖြစ်ပေ၏။ ထိုဆိုအပ်ပြီးသော ဘုံသုံးပါး၌ ဖြစ်ပျက်နေသော ဒုက္ခမီးဖြစ်ဓာတ ခန္ဓာငါးပါး ရုပ်နာမ်တရား ဓာတ်အစုံအပေါင်းသည်၊ အဘယ်ကြောင့် ယခုမျက်မှောက်ဘဝ၌ ဖြစ်ပေါ်လာသနည်းဟု စူးစမ်းဆင်ခြင် ရှုကြည့်လတ်သော်၊ ရှေးဘဝ၌ တွယ်တာခဲ့သော တဏှာကြောင့်သာ ကောန်ဖြစ်ပေါ်၏ဟု သိရလေ၏။ အဘယ်ကြောင့် သိရလေသနည်းဟူမူ၊ အကယ်၍ရှေးဘဝ၌ တွယ်တာခင်မင်မှု တဏှာမရှိခဲ့မူ၊ ၎င်း

ဒုက္ခမီးဖြစ်သောခန္ဓာရုပ်နာမ် ဓာတ်အစုတို့သည်၊ ကောန်ဘုံဘဝ၌ ပေါ်လာမှု မရှိပြီ။ (ဥပမာ) အမြစ်ပြတ်ပြီးသော သစ်ပင်သည်၊ တဘန် အသီးအဆက်ဆက်ကိုဖြစ်စေမှု မရှိသကဲ့သို့၊ ထိုနည်းအတူ ရှေးဘဝ၌ဖြစ်ခဲ့သောခန္ဓာအစဉ်၌ တွယ်တာမှုတဏှာသည်၊အကယ်၍ ပြတ်တောက်၍မရှိခဲ့သည်ဖြစ်အံ့။ ယခုဘဝ၌ ဖြစ်ပျက်နေသော ခန္ဓာဒုက္ခမီးဟုဆိုအပ်သော ဓာတ်အစုအပေါင်းသည်၊ စင်စစ်ပေါ်မှုမရှိဘဲ ကွယ်လေရာ၏။ ထိုသို့ကွယ်မှုမရှိဘဲ ပေါ်လာမှုသည်၊ စင်စစ် ရှေးဘဝ၌ တွယ်တာခင်မင်သောတဏှာကြောင့်သာ ကောန်ဖြစ်ပေ၏ဟု အကြောင်းခံတရားအမှန်ကို ထိုးထွင်း၍ သိမြင်လေတော့၏။ ထိုအခါ သမုဒယ သစ္စာကို ထိုးထွင်း၍သိသော လောကီဉာဏ်သည်ဖြင့်၏။ ထိုဉာဏ်သည်သည်း ဒုက္ခ သစ္စာ တရားသာ အမှန်ဖြစ်ပေ၏။

ဤသို့လျှင် ရှေးဘဝ၌ဖြစ်သောတဏှာသည်၊ အကြောင်းသမုဒယ သစ္စာ၊ ယခုဘဝ၌ဖြစ်သော စကျွတ်သော ဓာတ်အစုအပေါင်းသည်၊ အကျိုးဒုက္ခသစ္စာအမှန်ဖြစ်ပေ၏ဟု ထိုးထွင်းသိမြင်လေ၏။ ထိုသို့ ထိုးထွင်းသိမြင်ပြီးလျှင် တဘန် ရှေးဘဝ၌ဖြစ်ခဲ့ဘူးသော စကျွတ်သော ဓာတ်အစုအပေါင်းသည်လည်း၊ ယခုဘဝ၌ကဲ့သို့ပင် ဆပ်တူ ထပ်မျှ ဒုက္ခ မီးသော အမှန် ဖြစ်ပေ၏။ ၎င်းဒုက္ခမီးကို အကြောင်းခံသော ဟိုရှေးဘဝ၌ဖြစ်သော တဏှာသည် အကြောင်းသမုဒယအမှန်ဖြစ်ပေ၏ဟု ဉာဏ်စဉ်လျောက်ပြီးလျှင်၊ အစမထင် သံသရာ၌ ဖြစ်ခဲ့ဘူးသမျှ၊ အကြောင်း သမုဒယ။ အကျိုးဒုက္ခတို့ကို အစဉ်အတိုင်း ဆက်စပ်လျက်၊ ယခုဘဝ တိုင်အောင် အပြန်အလှန်ကြည့်ရှုလိုက်သော် စင်စစ် လူ,နတ်,ဗြဟ္မာ,သတ္တဝါစသည် တို့ကိုမမြင်ဘဲ၊ တပြောင်ပြောင် တောက်လောင်နေသော အဓုန်

ရှည်လျှစ်ဘာသော မီးပုံကြီးကဲ့သို့ အင်ကြောင်း အကျိုး ဆက်သွယ်လျက်၊ မပြတ်သောဒုက္ခမီးကိုသာ တရေးရေးမြင်နေလေတော့၏။ ထိုအခါ အစမထင် သံသရာကစ၍၊ ယခုဘဝတိုင် အင်ကြောင်း အကျိုး အဆက်ဆက်ကို မြင်သော လောကီ မဂ်ဉာဏ် အစဉ်သည် ကောန်ဖြစ်ပေ၏။ ထိုဉာဏ်စဉ်သည်လည်း၊ စင်စစ် ဒုက္ခသစ္စာတရားသာဖြစ်၏။ ထိုသို့ အစမထင် သံသရာကစ၍၊ ယခုပစ္စက္ခဘဝတိုင် အင်ကြောင်းအကျိုး တရားအဆက်ဆက်ကို မြင်ပြီးနောက်၊ တဘန့် ယခုပစ္စက္ခဘဝ၌ လောကီ ခန္ဓာဖြစ်သော ဓာတ်အစုအပေါင်းကို တွယ်တာခဲ့လျှင် ယခုဘဝ၌ဘွယ်တာဒသော တဏှာကြောင့်၊ နောင်ကို ဆက်သွယ်၍ ဒုက္ခမီးဖြစ်သော ဓာတ် အစုအဝေးသာလျှင် ထပ်မံ၍ ဖြစ်ပေါ်လတံ့ဟု ပစ္စုပ္ပန် အင်ကြောင်းနှင့် အနာဂါတ် အကျိုး ဒုက္ခ တို့ကိုမြင်သော လောကီ မဂ်ဉာဏ်သည် ဖြစ်၏။ ထိုဉာဏ်သည်လည်း စင်စစ် ဒုက္ခသစ္စာတရား ဖြစ်ပေ၏။ နောင် အနာဂါတ်ဘဝ၌ ဖြစ်ပေါ်လတံ့သော စက္ခုစသော လောကီခန္ဓာ ဓာတ် အစုအပေါင်းကို ၎င်းဘဝ၌ နှစ်သက် တွယ်ဘာ ပြန်သော်၊ နောက်နောင်ကိုလည်း ၎င်း ဒုက္ခမီးဖြစ်သော ဓာတ်အစုအဝေးသာ ဖြစ်ပေါ်လတံ့ဟု အနာဂါတ်၌ဖြစ်လတံ့သော အင်ကြောင်း အကျိုးအဆက်ဆက်ကို ဉာဏ်ဖြင့်လျှောက်၍ သိမြင်လေတော့၏။ ထိုသို့သိမြင်သော ဉာဏ်စဉ်အဆက်ဆက်သည်လည်း၊ စင်စစ် လောကီ ဉာဏ်သာဖြစ်၏။ ထိုလောကီဉာဏ် အဆက်ဆက်သည်လည်း၊ စင်စစ် ဒုက္ခသစ္စာတရားဖြစ်ပေ၏။ ဤသို့လျှင် ဖြစ်ပြီး,ဖြစ်ဆဲ,ဖြစ်လတံ့သော အင်ကြောင်းအကျိုး အဆက်ဆက်မှ လွတ်ရာ ထွက်ရာသဘောကို စူးစမ်းရှာဖွေလတ်သော်၊ ဖြစ်ပေါ်ခြင်းတည်းဟူသော ဇာတိသဘောရှိသမျှ၊ ၎င်းအင်ကြောင်းအကျိုး အဆက်ဆက်တို့မှ

မလွတ်ပေရာ။ အဘယ်ကြောင့်ဆိုသော်၊ ၎င်းအကြောင်းအကျိုး တရားနှစ်ပါးသည် စင်စစ်ဖြစ်ပေါ်မှု တည်းဟူသော ဇာတိတရား နှင့် မကင်းသည်၏အဖြစ်ကြောင့်တည်း။ ထို့ကြောင့် ဖြစ်ပေါ်မှု ရှိသမျှကာလပတ်လုံး၊ အကြောင်းသမုဒယနှင့် အကျိုးဒုက္ခတရားမှ စင်စစ်မလွတ်ပေဟု ဟုတ်တိုင်းမှန်စွာ သိမြင်လေတော့၏။ ထို့သို့ သိမြင်ပြီးမှ လွတ်ရာကိုရှာသော်၊ စင်စစ် ဖြစ်ပေါ်သော သဘော လက္ခဏာရှိသော၊ ဇာတိတရားနှင့် ဆန့်ကျင်ဘက်ဖြစ်လျက်၊ ထင်ရှားရှိနေသော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အဇာတိ တရားတပါးသာလျှင်၊ ၎င်းအကြောင်း အကျိုး တရားနှစ်ပါး တို့မှ လွတ်နေသော သဘောဖြစ်ကြောင်းကို ဉာဏ်ဖြင့်ထောက်ဆမိလေ၏။

ထောက်ဆပုံမှာ၊ အပူရှိလျှင် အပူ၏ဆန့်ကျင်ဘက် အအေး သဘောသည် မုချ ရှိသကဲ့သို့လည်းကောင်း၊ အမိုက်ရှိလျှင် အမိုက်၏ ဆန့်ကျင်ဘက် အလင်းသည် ကောန် ရှိသကဲ့သို့ လည်းကောင်း။ ထိုနည်းအတူ ဖြစ်ပေါ်မှု သဘောရှိလျှင် ဖြစ်ပေါ်မှုနှင့် ဆန့်ကျင်ဘက်ဖြစ်သော၊ မဖြစ်ပေါ်မှု သဘောသည်လည်း ကောန်ရှိသည်သာ တည်းဟု ထောက်ဆ၍၊ အဇာတိ သဘောကို သိလေ၏။ ထို့သို့ ထောက်ဆ၍သိအပ်သော မဖြစ်ပေါ်သော သဘောသည် နိရောဓ သစ္စာ နိဗ္ဗာန် ဖြစ်၏။

ထိုနိရောဓ သစ္စာနိဗ္ဗာန်ကို ထောက်ဆ၍ သိမြင်သော ဉာဏ် သည်လည်း၊ လောကီဉာဏ်ဖြစ်၏။ ထိုလောကီဉာဏ်သည်လည်း ဒုက္ခ သစ္စာ တရား ဖြစ်၏။ ထို့သို့ ထောက်ဆ မိပြီးလျှင်၊ အာဘန် တလဲလဲ အကြောင်း အကျိုး အဆက်ဆက် ဖြစ်ပျက်နေသည်ကို

များစွာရှု၍ ငြီးငွေ့လတ်ဘန်များသော်၊ ၎င်းတို့မှ လွတ်လိုသော ဆန္ဒသည် ပြင်းစွာဖြစ်လတ်၍၊ ၎င်းတို့မှလွတ်နေသော မဖြစ်မပေါ်သော သဘောလက္ခဏာရှိသော အဇာတိသဘော၊ နိဗ္ဗာန်သစ္စာကို၊ တရေးရေး တကယ်မှီခိုရာ ပုန်းအောင်းရာ အဖြစ်ဖြင့်ထင်လျက်ဉာဏ်ဖြင့် မကြာအာရုံပြု၍ရောက်လေတော့၏။ ထိုသို့ဉာဏ်ဖြင့်ရောက်၍ စေလွှတ်ဘန်များလတ်သော်၊ အကြင်အခါ ၎င်းမဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အဇာတိသဘောကို ထင်ရှားစွာ ထိုးယွင်းမျှသိမြင်လေတော့၏။

လောကုတ္တရာပဂ္ဂင်ရောက်ပြီး၊ သောတာပန်ဖြစ်လာပုံ။

ထိုအခါ ၎င်းသို့ဘင်းမျှ သိမြင်သောဉာဏ်သည်၊ စင်စစ်လောကုတ္တရာဖြစ်သော သောတာပတ္တိမဂ်ဉာဏ်ဖြစ်၏။ ထိုဉာဏ်သည် တကြိမ်တည်းဖြစ်၏။ ထိုသို့တကြိမ်တည်းဖြစ်သော်လည်း သစ္စာလေးပါးကို တပြိုင်နက်ထိုးထွင်းမျှ သိလေ၏။ သိပုံကို ထင်စွာပြဦးအံ့။ နိဗ္ဗာန်သစ္စာတည်းဟူသော မဖြစ်ပေါ်မှု လက္ခဏာရှိသောသဘောတရားသည်၊ စင်စစ်ဖြစ်ပေါ်မှုမှ ကင်းလွတ်သောကြောင့် ပျက်စီးခြင်းလည်းမရှိ၊ ဇရာနှိပ်စက်ခြင်းကိုလည်း မခံရသောကြောင့်၊ စင်စစ်ချမ်းသာခြင်းလည်း အမြဲရှိ၏။ ထိုကြောင့် ၎င်းသဘောသည် နိစ္စသုခလည်း ဖြစ်ပေ၏။ ၎င်းသဘောသည် သတ္တဝါအသက်လည်းမဟုတ်၊ ဓမ္မသဘောသက်သက်သာ ကောန်ဖြစ်သောကြောင့်၊ စင်စစ်အနတ္တတရားလည်းဖြစ်၏။ ၎င်းတရားသဘောတပါးသာလျှင်၊ စင်စစ် အမြဲဘေး ကင်း ခြင်း ကြောင့်၊ ဉာဏ်မျက်စိဖြင့်ကြည့်သော်၊ အမြဲဘင့်တယ်သောသဘောရှိပေ၏။

ထိုကြောင့် ၎င်းနိစ္စ, သုခ, ဖြစ်သော နိရောဓသစ္စာကိုထိုးထွင်းရှိသိမြင်သည်နှင့် တပြိုင်နက် ဖြစ်ပေါ်မှုနှင့် ဆက်စပ်သော ရုပ်နာမ်ဓမ္မဓါတ် အစုအဝေးကိုလည်း အာရုံမပြုဘဲလျက်၊ နိစ္စ, သုခ မရှိသည်၏အဖြစ်ကို မတွေ့မဝေသော အသမ္မောဟ ကိစ္စအားဖြင့်၊ ထိုးထွင်းသိမြင်ခြင်းကိစ္စကိုလည်း တပြိုင်နက်တချက်တည်းပြီးစေ၏။ ၎င်းလောကုတ္တရာမဂ်ဉာဏ်သည်၊ နိရောဓသစ္စာကိုထိုးထွင်းရှိသိခိုက်၊ နိစ္စ, သုခ, သုဘမဟုတ်သော ဓါတ်အစုအပေါင်းကို၊ နိစ္စ, သုခစသည်ဖြင့် ဘောက်လှဲဘောက်ပြန်စွဲလန်းယူတတ်သော မိစ္ဆာဒိဋ္ဌိဟူသမျှကိုလည်းကောင်း၊ ရှစ်ပါးသောယုံမှားခြင်း၊ တဆယ့်ခြောက်ပါးသော ယုံမှားခြင်း တရားတို့ကိုလည်းကောင်း၊ ၎င်းတရားတို့နှင့် အတူတကွ ဖြစ်ဘော် ဖြစ်ဘက်ဖြစ်သော။ မောဟစသော တဒေကဋ္ဌ ကိလေသာတို့ကိုလည်းကောင်း၊ အကြွင်းမဲ့ပြတ်စေသောအားဖြင့် ပါယ်လည်းပါယ်၏။ မိမိပါယ်သောဉာဏ်းသမုဒယကိလေသာတို့ကိုလည်း အာရုံမပြုဘဲ၊မတွေ့မဝေခြင်းကိစ္စကို ပြီးစေလျက်၊ တပြိုင်နက်တချက်တည်း ထိုးထွင်းသိမြင်ခြင်းကိုလည်းပြီးစေ၏။၎င်းလောကုတ္တရာမဂ်ဉာဏ်သည် နိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြုလျက်၊ ဘာဝနာကိစ္စကိုလည်း ပြီးစေ၏။ ထို ဘာဝနာကိစ္စဖြင့် ဖြစ်ပေါ်သော မိမိတည်းဟူသော မဂ်ကိုလည်း အာရုံမပြုဘဲ၊ မတွေ့မဝေခြင်းကိစ္စကို ပြီးစေလျက်၊ တပြိုင်နက် ထိုးထွင်း၍ သိမြင်ခြင်းသို့ရောက်၏။ ဤသို့လျှင် နိရောဓသစ္စာဖြစ်သော အသင်္ခတဓါတ်နိဗ္ဗာန်ဟူ ဆိုအပ်သော, မဖြစ်ပေါ်သော သဘောလက္ခဏာကို အာရုံပြုသောအားဖြင့် ထိုးထွင်းသိမြင်ခိုက် သစ္စာလေးပါးလုံးကို တပြိုင်နက် သိမြင်ပုံကို ပြဆိုသော နည်းအတိုင်းထင်ရှားသိကြလေ။

ထိုသို့တပြိုင်နက် သစ္စာလေးပါးတရားကို ၎င်းမဂ်ဉာဏ်တပါး တည်း သိမြင်ပုံကိုလည်း သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ သစ္စာ ဝိဘင်းအဘွင့်။ ကျမ်းနံပါတ်-၁၀၀ ၌·သောဧဝံကမ္မံကရောန္တော၊ စတ္တာရိသစ္စာနိ၊ ဧကေနပဋိဝေဓေန၊ ပဋိဝိဇ္ဈတိဟူ၍ မိန့်ပြီ။ ။

မြန်မာပြန်အာနက် သိကြောင်းကား၊ သောပုဂ္ဂလော၊ထိုယော ဂါဝစရပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤသို့။ ကမ္မံ၊ ဝိပဿနာစီးဖြန်းခြင်းအမှု ကို။ ကရောန္တော၊ ပြုသည်ရှိသော်။စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊အမှန်တရားတို့ကို။ ဧကေန၊ဘပါးတည်းသော။ ပဋိဝေ ဓေန၊ ထိုးထွင်း၍သိတတ်သော လောကုတ္တရာမဂ်ဉာဏ်ဖြင့်။ ပဋိ ဝိဇ္ဈတိ၊ တပြိုင်နက် ထိုးထွင်း၍သိ၏။

လောကုတ္တရာမဂ်ဖြင့် သစ္စာလေးပါး ထိုးထွင်းသိမြင်ပုံ။

ဤသို့ပြဆိုသည်ကိုထောက်၍၊ တပါးတည်းသာလျှင်ဖြစ်သော လောကုတ္တရာ မဂ်ဉာဏ်သည်၊ သစ္စာလေးပါးကို တပြိုင်နက် တချက်တည်း ထိုးထွင်း၍သိပုံကို ထင်ရှားသိကြလေ။

ထိုလောကုတ္တရာမဂ်ဉာဏ်သည်၊ သစ္စာ၄လေးပါးလုံးကို တပြိုင် နက်သိရာ၌ နိရောဓသစ္စာတပါးကိုမူကား အာရုံပြုရာ၏။ ကျန် သော ဒုက္ခ, သမုဒယ, မဂ္ဂတို့ကိုမူကား အာရုံမပြုဘဲလျက်၊ ၎င်း တရားတို့ကို ဖုံးလွှမ်းတတ်သော, တွေဝေတတ်သော သဘော ရှိသော မောဟတရားကို ဖျက်ဆီးလျက်၊မတွေဝေသောကစ္စအား ဖြင့် သိခြင်းကိုပြီး၏။ ထိုအကြောင်းကို သိစေလိုသော ၎င်း အဋ္ဌကထာရှင်သည်၊ ၎င်းစာမျက်နှာ၌ပင်။ တိသုကိစ္စတောပဋိဝေ ဓောဟောတိ နိရောဓေ အာရမ္မဏာ ပဋိဝေဓော ဟူ၍ မိန့်ပြီ။ ။

အနက်သိကြောင်း မြန်မာပြန်ကား။ တီသု၊ သုံးပါး ကုန်သော။ သစ္စေသု၊ ဒုက္ခ,သမုဒယ,မဂ္ဂဟုဆိုအပ်သော အမှန်တရားတို့၌။ ကိစ္စတော၊ ပရိညာ,ပဟာန,ဘာဝနာကိစ္စကို ပြီးစေသောအားဖြင့်။ ပဋိဝေဓေ၊ ထိုးထွင်း၍သိသည်။ ဟေတော်၊ ဖြစ်၏။ နိရောဓေ၊ နိဗ္ဗာန်သစ္စာ၌။ အာရမ္မဏပဋိဝေဓေ၊ အာရုံပြုသောအားဖြင့် ထိုးထွင်း၍သိသည်။ဟေတော်၊ဖြစ်၏။ ဤသို့ပြဆိုသည်ကို ထောက်၍၊ သစ္စာသုံးပါးကို မတွေ့မဝေသောကိစ္စကို ပြီးစေသောအားဖြင့်၊ နိဗ္ဗာန်သစ္စာကို အာရုံပြုသောအားဖြင့်၊ တမြိုင်နက် ထိုးထွင်း၍ သိမြင်ပုံကို ထင်ရှားသိကြလေ။ ။ ထိုဆိုအပ်ခဲ့ပြီးသောသစ္စာလေးပါးတရားကို ထိုးထွင်း၍သိမြင်တတ်သော လောကုတ္တရာမဂ်ဖြစ်ခိုက်၌၊ ၎င်းမဂ်ဉာဏ် တပါးတည်းသာ ဖြစ်သည်မဟုတ်သေး။ ၎င်းမဂ်ဉာဏ်နှင့်အတူတကွ ဖြစ်ဘော်ဖြစ်ဘက် ဖြစ်သော သမ္မာသင်္ကပ္ပစသော ကျန်သော မဂ္ဂင် ခုနစ်ပါးတို့လည်း အတူတကွတပြိုင်နက်၊ ၎င်းနိရောဓသစ္စာကို အာရုံပြုလျက် ဖြစ်ကုန်ကြသည်သာလျှင်ကတည်း။

ထိုဆိုအပ်ပြီးသော မဂ္ဂင်ခုနစ်ပါးသာလျှင် ထိုမဂ်ဉာဏ်နှင့် အတူတကွဖြစ်ကြသည် မဟုတ်သေး၊ ၎င်းမဂ်တို့နှင့် သမ္ပယုတ်ဖြစ်သော ဖဿ,ဝေဒနာစသောကျန်စေတသိက် ၂၀-ပါးနှင့် မဂ်ယှဉ်သောစိတ်တပါး၊ပေါင်း ၂၉ပါးသောမဂ္ဂသမ္ပယုတ်တရားတို့လည်း အတူတကွတပြိုင်နက်တချက်ထည်းနိရောဓသစ္စာကိုအာရုံပြုလျက် ဆိုင်ရာဆိုင်ရာ မိမိ,မိမိတို့၏ ကိစ္စကို ပြုလျက်ပါသည်သာတည်း။ ထိုသို့ပင်ပါသော်လည်း ပညာကို ပဓာနပြု၍၊ သိလွယ်ရန် ရေးသားသော်လည်း ကျန်သောမဂ္ဂင်တို့လည်း အတွင်းဝင်ပါ၍ကြောင်းကိုထင်ရှားသိကြလေ။ ၎င်းမဂ္ဂင်တို့ပါပုံကို အကျယ်သိလိုမူ။ ၎ါ

ဟုသမုတ် နာမ်ရုပ်အစု ရေးသားသော ဘာဝနာကွာမဒီပနီကျမ်း။ စတုသစ္စာ နုပဿနီကျမ်းတို့၌ ကြည့်ရှုချယူကြလေ။ ။ထိုဆို အပ်ပြီးသော လောကုတ္တရာမဂ်ဉာဏ်သည် တကြိမ်ဘည်းပင်ဖြစ်သော်လည်း မိမိသိမြင်အပ်သော နိဗ္ဗာန်ကို ထပ်မံ၍ သိရှိလိုက်ရန် ဖိုလ်တည်းဟူသော အကျိုးတရားကို ပေးချသောလျှင် ချုပ်ကွယ်လေ၏။ ဒုင်းမဂ်ချုပ်ပြီးနောက် ဒုင်းမဂ်၏အကျိုးဖြစ်သော ဖိုလ်သည်၊ဒုင်းမဂ်,မြင်အပ်သောနိဗ္ဗာန်ရောဓသစ္စာနိဗ္ဗာန်ကိုပင်ဆက်ခံလျက် အာရုံပြုပြီးလျှင်၊ နှစ်ကြိမ်သော်လည်းကောင်း၊ သုံးကြိမ် သော်လည်းကောင်းဖြစ်၍ ချုပ်ကွယ်လေ၏။ အဘယ်ကြောင့်နှစ်ကြိမ်ဆသော်လည်းဆကောင်း၊ သုံးကြိမ်ဆသော် လည်းကောင်း၊ ဖြစ်ရလေသနည်းဟူမူ၊ အကယ်၍မနုပဂ္ဂိုလ်ဖြစ်အံ့၊မဂ္ဂဒီထိုဉ်နိဗ္ဗာန်ကိုအာရုံမမှီ၊ သခ်ါရဓာတ်အစုပေါင်းကို အာရုံပြု၍၊ ပရိကံ,ဥပစာ,အနုလုံဟူ၍ကာမဇောသုံးကြိမ်ဖြစ်၍ချုပ်ခဲ့၏။ ထိုနောက်မှနိဗ္ဗာန်ကို ရှေ့ရှုအာရုံပြု၍ သိတတ်သော ဂေါတြဘူစိတ် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုဂေါတြဘူနောက်မှ မဂ်စိတ်သည် ဖြစ်ရကား၊ ကာမဇောလေးကြိမ်၊ လောကုတ္တရာမဂ်ဇောတကြိမ်၊ ဤသို့လျှင် ဇောငါးကြိမ်ဖြစ်၏။ ထိုကြောင့် ဇောခုနစ်ကြိမ်ပြည့်ရန်၊ ဖိုလ်ဇောနှစ်ကြိမ်သာဖြစ်လေတော့သည်ဟု မှတ်ကြလေ။ အကယ်၍ တိက္ခပဂ္ဂိုလ်ဖြစ်အံ့။ သခ်ါရအာရုံဖြင်သော အနုလုံဇောတို့တွင် ပရိကံမဖြစ်ဘဲ ဥပစာ အနုလုံဟူ၍နှစ်ကြိမ်သာဖြစ်၏။ထိုနောက် ဂေါတြဘူဇော တကြိမ်။ထိုနောက် မဂ်ဇောတတြိမ်၊ဤသို့လျှင်ဇောလေးကြိမ်ဖြစ်ရကား၊ ဇောခုနစ်ကြိမ်ပြည့်ရန် ဖိုလ်ဇောသုံးကြိမ်ဖြစ်ရလေသည်။ ဒုင်းဇောတို့ဘွင် သခ်ါရအာရုံရှိသော ပရိကံ,ဥပစာ,အနုလုံခေါ်

သော စိတ္တုပ္ပါဒ်၌ရှိသောဥာဏ်ကိုအနုလောမဥာဏ်ဟုခေါ်သည်။ မဂ်ဇော,ဖိုလ်ဇောတို့ကို လောကုတ္တရာဇောခေါ်သည်။ ကျန်သော ဇောတို့သည် လောကီဇောသာဖြစ်သည်။ ၎င်းလောကီဇောဟူသမျှသည်၊ လောကီမဂ္ဂင်တို့သာတည်း။ ၎င်းလောကီမဂ္ဂင်တို့သည် ဒုက္ခသစ္စာ တရားတို့သာလျှင်တည်း။ လောကုတ္တရာမဂ်သည်လျှင် အရိယာတို့သိအပ်သော မဂ္ဂသစ္စာဖြစ်ပေ၏ဟုမှတ်ကြလေ။

မဂ်တရား ဖိုလ်တရား ဖြစ်ပေါ်လာပြီးလျှင် သောတာပန်သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ပုံအကြောင်း။

၎င်းမဂ်နောက်၌ဖြစ်သော ဖိုလ်ဇောသည်၊ နှစ်ကြိမ် သုံးကြိမ်ဖြစ်ပြီးလျှင် ချုပ်ကွယ်လေ၏။ ထိုနောက်ဘဝင်ကျလေတော့၏။ ထိုဘဝင်ကျပြီးနောက်၊ ပစ္စဝေက္ခဏာ ဝိထိတို့သည် ကျလေ၏။ ကျပုံနည်းမှာ အာရုံပြုခြင်အပ်သော မဖြစ်ပေါ်သော သင်္ခါသည်၊ စစ်စစ် မပျက်မစီး။ အမြဲတည်သော သင်္ခါပေတည်းဟု အောက်မေ့တွေးတော ဆင်ခြင်လိုက်၏။ ထိုအခိုက်ဖြစ်သောစိတ်အစဉ်အတိုင်းဟူသော ဝိထိသည် နိဗ္ဗာန်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိမည်၏။ သြော်-ရှေးရှေးက တခါဘူးမျှ ဖြစ်ပေါ်ခြင်းမရှိသေးသော ဥာဏ်အမြင်သည်၊ယခုဖြစ်ပေပြီဟု တွေးတောဆင်ခြင်အောက်မေ့လိုက်၏။ ထိုအခိုက် မဂ်ကို ဆင်ခြင်သော စိတ်အစဉ်တည်းဟူသော ပစ္စဝေက္ခဏာဝီထိဖြစ်၏။ ယခုအခါမပျက်မစီးတည်သော နိဗ္ဗာန်တရားကိုမြင်ပြီးသောအကျိုးတရားသည် ကောန်ရှိပေပြီဟု အောက်မေ့တွေးတောလိုက်၏။ ထိုအခိုက် ဖိုလ်ကို ဆင်ခြင်သောစိတ်အစဉ် တည်းဟူသော ပစ္စဝေက္ခဏာဝီထိဖြစ်၏။ ယခုအခါအယူမှားခြင်း ယုံမှားခြင်းစသောတရားတို့သည် ကောန်

မရှိပြီဟုတွေးတောဆင်ခြင်လိုက်၏။ထိုအခိုက် ပါယ်အပ်သော ကိလေသာကိုဆင်ခြင်သောစိတ်အစဉ်အတိုင်းဟူသော ပစ္စဝေက္ခဏာဝီထိဖြစ်၏။ ထိုမှတပါး ကိလေသာတို့သည် ကျန်သေး၏ဟု တွေးတောဆင်ခြင်ခြင်းအာက်မေ့လိုက်၏။ ထိုအခိုက် ကျန်သောကိလေသာတို့ကို ဆင်ခြင်သော စိတ်အစဉ်တည်းဟူသော ပစ္စဝေက္ခဏာဝီထိဖြစ်၏။

ထိုကဲ့သို့ ပစ္စဝေက္ခဏာဇောတို့ပါ ကျရောက်လျက်၊ နိဗ္ဗာန်သစ္စာကို ဒိဋ္ဌတွေ့မြင်ပြီးသော ပုဂ္ဂိုလ်ကို သောတာပန် ပုဂ္ဂိုလ်ဟူခေါ်သည်။ သောဘာပန်အဖြစ်သို့ရောက်ပြီးသော ပုဂ္ဂိုလ်သည် အထက်က နည်းအတိုင်းသုံးသပ်ပြန်၍ သောတာပတ္တိမဂ်နည်းတူ နိဗ္ဗာန်သစ္စာကို ဒိဋ္ဌမျက်မှောက်ပြု၍ သစ္စာလေးပါးလုံးကိုတပြိုင်နက် တချက်ထည်းသိမြင်လျှင်၊ ဖိုလ်ဇော ပစ္စဝေက္ခဏာဇောတို့သည်လည်းဖြစ်ခဲ့ကုန်အံ့။ထိုပုဂ္ဂိုလ်ကို သကဒါဂါမိပုဂ္ဂိုလ်ဟုခေါ်သည်။ ထိုပုဂ္ဂိုလ်မူကား၊ ရုန်ရင်းသော ကာမရာဂဗျာပါဒ တရားတို့ကုန်ခမ်းလေ၏။ သိမ်မွေ့သော ကာမရာဂ ဗျာပါဒ စသော တရားတို့သည် ကျန်သေး၏။သကဒါဂါမ်ဖြစ်ပြီးသောပုဂ္ဂိုလ်သည် အထက်နည်းအတိုင်း သုံး သပ်ပြန် ၍၊ သောတာပတ္တိမဂ် နည်းတူ၊ နိဗ္ဗာန်သစ္စာကို ဒိဋ္ဌမျက်မှောက်ပြု၍၊ သစ္စာလေးပါးလုံးကိုတပြိုင်နက်တချက်တည်း ထိုးထွင်း၍ သိမြင်ပြီးလျှင်၊ ဖိုလ်ဇော,ပစ္စဝေက္ခဏာဇောတို့သည်လည်း ဖြစ်ခဲ့ကုန်အံ့။ ထိုပုဂ္ဂိုလ်ကို အနာဂါမ်ပုဂ္ဂိုလ်ဟု ခေါ်သည်။ ထိုပုဂ္ဂိုလ်မူကား၊ သိမ်မွေ့သောကာမရာဂဗျာပါဒတရားတို့သည် မရှိလေပြီ။ ကုန်ခမ်းလေတော့၏။ရူပရာဂ, အရူပရာဂ,မာန,ဥဒ္ဓ,အဝိဇ္ဇာတရားတို့သည် ကျန်သေး၏။ ဤပြဆို အပ်ပြီးသော ပုဂ္ဂိုလ်သုံးယောက်တို့တွင်၊ သောတာပန် ပုဂ္ဂိုလ်

ထက် သကဒါဂါမ် ပုဂ္ဂိုလ်သည် လွန်ကဲစွာသစ္စာလေးပါးတရားတို့ကိုဝေဘန်နိုင်၏။ သကဒါဂါမ် ပုဂ္ဂိုလ်ထက် အနာဂါမ် ပုဂ္ဂိုလ်သည် သာ၍ဝေဘန်နိုင်၏ဟုမှတ်လေ။ ။ထိုမှတပါး ပါဃ်အပ်သော ကိလေသာစသည်တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝိထိချင်းလည်းမတူကြဟုမှတ်လေ။ နိဗ္ဗာနသစ္စာကို အာရုံပြုပုံမူကားမထူးပြီ၊ အတူတူပင်တည်း။ ဤကား အထူး မှတ်ရန် အချက်ပေတည်း။

ဂုဏ်းအနာဂါမ်ပုဂ္ဂိုလ်သည်ရှေးနည်းအတိုင်း သုံးသပ်၍ ဆိုအပ်ပြီးသောနည်းတိုင်း၊ အထူးဝိသေသ တွေ့ကြုံဆိုက်ရောက်ပြန်လျှင် ရဟန္တာဖြစ်လေ၏။ ဂုဏ်းပုဂ္ဂိုလ်၌မူကား၊ အလုံးစုံသောကိလေသာတို့သည် ကုန်ခမ်းလေ၏ဟုမှတ်၊ အားထုတ်ကြလေ၊အားထုတ်တိုင်းလည်း ဆိုက်ရောက်ကြစေသတည်း။

ဓာတုကွမ ဝိပဿနာရူဘွယ်ကျမ်းပြီး၏။

ဝိညာဏာ နုပဿနိကျမ်း။

စိတ္တပ္ပဘေဒ ဘာသန္တံ၊ ဗုဒ္ဓဿ ဓမ္မ သုဒ္ဓိတံ။
ဝန္ဒိတ္ဝာ သံဃနာဂဉ္စ၊ ကဿံ စိတ္တာနုပဿနိံ ။။

အဟံ၊ ငါမရှိဘဲ ငါဟုသမုတ် နာမ်ရုပ်အစုသည်။ စိတ္တပ္ပဘေဒ ဘာသန္တံ၊ စိတ်အပြားကို ဝေဘန်ခဲ့ခြင်း ဟောပြောတော်မူထသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားကိုလည်းကောင်း၊ သုဒ္ဓိတံ၊ စင်ကြယ်ခြင်းနှင့် ယှဉ်ထသော။ ဓမ္မဿ၊ မဂ်လေးတန်, ဖိုလ်လေးတန်,နိဗ္ဗာန် ပရိယတ္တိ တည်း ဟူသော ဆယ် ပါး သော တရားမြတ် ကို လည်း ကောင်း။ သံဃနာဂဉ္စ၊ ရှစ်ယောက်သော အရိယာ သံဃာတော် မြတ်ကိုလည်းကောင်း။ ဝန္ဒိတ္ဝာ၊ရှိခိုးပြီး၍၊ စိတ္တာနုပဿနိံ၊ စိတ် တို့ကို ဝိပဿနာဉာဏ်စဉ်ဖြင့် အစဉ် ရှုရာ ရှုကြောင်း ရှိသော စိတ္တာနုပဿနိကျမ်းကို။ကဿံကရိဿာမိ၊ အကျဉ်းအားဖြင့် ပြုလုပ်ရေးသားပေအံ့။

ဤသို့ဝန်ခံအပ်သည်နှင့်အညီ၊စိတ်သည်အကျဉ်းအားဖြင့်စက္ခု ဝိညာဏ်စိတ်၊ သောတဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ်၊ ဇိဝှါ ဝိညာဏ်စိတ်၊ကာယဝိညာဏ်စိတ်၊မနောဝိညာဏ်စိတ်ဟူ၍ခြောက် ပါးရှိ၏။ထိုခြောက်ပါးတို့တွင်၊စက္ခုဝိညာဏ်စိတ်ဆိုသည်မှာစက္ခု အကြည်ပသာဒကိုမှီ၍၊ ရူပါရုံအဆင်းကို သိသောသဘောကိုဆိုသည်။ သောတဝိညာဏ်ဆိုသည်မှာ သောတအကြည် ပသာဒကို မှီ၍၊ သဒ္ဒါရုံအသံကို သိသောသဘောကိုဆိုသည်။ ဃာနဝိညာဏ် စိတ်ဆိုသည်မှာ ဇိဝှါအကြည်ပသာဒကို မှီ၍၊ ရသာရုံ တည်းဟူသော အရသာကို သိသောသဘောကို ဆိုသည်။ကာယဝိညာဏ်

ဆိုသည်မှာ ကာယဒုက္ခဉာဏ်ကိုမှီ၍၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့ကို သိသောသဘောကို ဆိုသည်။ မနောဝိညာဏ်စိတ် ဆိုသည်မှာ၊ ဟဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်စေ၊မမှီ၍ဖြစ်စေ၊ ရှုပါရုံအဆင်း၊သဒ္ဒါရုံ အသံ၊ဂန္ဓာရုံအနံ့၊ ရသာရုံအရသာ၊ဖောဋ္ဌဗ္ဗာရုံအတွေ့၊ ၎င်းအာရုံငါးပါးမှ ကြွင်းလေသမျှသော အာရုံတည်းဟူသောဓမ္မာရုံ။ ဤသို့ဆိုအပ်ပြီးသော အာရုံခြောက်ပါးကိုအာရုံပြု၍ သိတတ်သော ဒွေးပဉ္စဝိညာဏ်မှ ကျန်သော ၇၉-ပါးသောစိတ်သဘောကို ဆိုလိုသည်။ အဘယ်ကြောင့် ၎င်းဝိညာဏ်စိတ်တို့ကို သဘောဟု ဆိုသနည်းဟူမူ၊ အထည်ခြုပ် သဏ္ဌာန် နိမိတ်မရကောင်း။ ပရမတ္ထသဘာဝမျှသာ ဖြစ်သောကြောင့်တည်း။

ဝိညာဏ်စိတ်တို့ကိုသဘောပေါ်အောင်ရှာနည်း။

ထင်စွာပြဦးဒုံ။ ၎င်းဝိညာဏ်စိတ်တို့တွင်၊ မြင်သိဝိညာဏ်စိတ်ကို မဲမဲလော၊ ဖြူဖြူလော၊တိုတိုလော၊ ရှည်ရှည်လောဟူ၍ကြည့်လျှင်၊ တိုတိုရှည်ရှည်စသဖြင့် ပြစရာမတွေ့မမြင်လေပြီ။ ထိုနောက် သဲမှုန့်ငယ်-မြူမှုန့်ငယ်မျှပင် ရှိပါ၏လောဟု ရှာပြန်သော်လည်း မြူမှုန့်ငယ်-သဲမှုန့်ငယ်ခန့်မျှ ရှိသည်ဟုမပြနိုင်။ ထို့ကဲ့သို့မပြနိုင်လျှင် မြင်သိဝိညာဏ်သည် မရှိဘူးလော၊ စင်စစ်ရှိ၏။ ထို့ကဲ့သို့ပင်ရှိသော်လည်း၊ စင်စစ် အထည်ခြုပ်သဏ္ဌာန် မရှိသောကြောင့်၊ ၎င်းစိတ်ကို သဘောဟုခေါ်သည်။ ထိုနည်းအတူ၊ ကြားသိဝိညာဏ်၊ နံ့သိဝိညာဏ်စသည် တို့ကိုလည်း သဘော ပေါ် အောင် မဲမဲ ဖြူဖြူစသည်ဖြင့်ရှာကြည့်လေ။ စင်စစ်မတွေ့ဘဲ သဘောဖြစ်ကြောင်းကို မုချထိုးထွင်းသိမြင်လေ၏။ ။ကျိုက်ဘား သဘော ပေါ်အောင် ရှာနည်းတည်း။

တိရဏ ပရိညာဏ်သို့ ရောက်အောင် အနတ္တပေါ်ရန်ရှုနည်း။

ထိုကဲ့သို့ရှု၍ သဘောကိုမုချစင်စစ်ထိုးထွင်းသိမြင်လျှင်၊ ၎င်း ဉာဏ်ကိုညာတပရိညာဏ်ဟုခေါ်သည်၊ထိုကဲ့သို့ညာတပရိညာဏ်သို့ ရောက်ပြီး၍ သဘောကိုပိုင်ပိုင်နိုင်နိုင်သိလျှင်၊ တိရဏပရိညာဏ်သို့ ရောက်ရန်၊ ၎င်းသဘောတို့ကို ဤသို့ရှုရာ၏။ ရှုပုံမှာ၊မြင်သိစက္ခု ဝိညာဏ်နှင့် ကြားသိဝိညာဏ်စိတ်သည် တူ၏လော်ဟု ဉာဏ်ဖြင့် စဉ်းစား၍ကြည့်၊ မတူကြောင်းကိုသိရလေ၏။ အဘယ်ကြောင့် မတူကြောင်းကိုသိရသနည်းဟူမူ၊ စက္ခုဝိညာဏ်စိတ်ကား၊အဆင်း ကိုသိသည်။ သောတဝိညာဏ်စိတ်ကား၊ အသံ ကိုသာ သိသည်၊ ထို့သို့သိအပ်သော အာရုံချင်းမတူ၍ သိတတ်သော ဝိညာဏ်စိတ်တို့ လည်း မတူကြဟူမှတ်။ထိုနည်းတူ၊ ကြားသိနှင့် နံ့သိမတူ။ နံ့သိ နှင့်လျက်သိမတူ။လျက်သိနှင့် ထိသိမဘူကြ။ ထိသိကာယဝိညာဏ် နှင့်ကျန်သော မနောဝိညာဏ်စိတ် တည်းဟူသော အသိသဘောတို့ မတူကြကြောင်းကိုနှိုင်းယှဉ်၍ကြံကြည့်လေ။ထိုမနောဝိညာဏ်စိတ် တို့တွင်လည်းအာရုံကိုခံယူတတ်သောသမ္ဗဉ္ဇိဆုံးနှင့်အာရုံကို စုံစမ်း၍ သိတတ်သော သန္ဋိရဏစိတ်နှင့် အာရုံကိုမှတ်တတ်သော ဝုဋ္ဌေစိတ် သဘောမတူ။ ၎င်းအာရုံကိုမှတ်တတ်သော ဝုဋ္ဌေစိတ်သဘော နှင့် အာရုံကို လျင်စွာသိတတ်သော ဇောစိတ်သဘောတို့မတူ။ ၎င်းဇောစိတ်သဘောတို့တွင်လည်း အကုသိုလ်ဇောစိတ်သဘော နှင့် ကုသိုလ်ဇောစိတ်သဘောမတူ။ အကုသိုလ်ဇောစိတ် သဘော တို့တွင်လည်း လိုချင်မက်မောသောလောဘစိတ်နှင့် ပြစ်မှားတတ်

သော ဒေါသစိတ်သဘောမတူ။ ၎င်းဒေါသဇောစိတ်သဘောနှင့် မောဟဇောစိတ်သဘောမတူစသည်ဖြင့် စိတ်အကုန်ကို အသီးသီး တခုနှင့်တခုမတူကြောင်းကိုညာဏ်ဖြင့်နှိုင်းယှဉ်၍ကြည့်ကြလေလျှင် အားလုံးစိတ်တို့သည် တခြားတပါးစီသာဖြစ်၍ တခုသဘောနှင့် တခုသဘော မတူကြောင်းကို မုချသိကြလေ။ ထိုသို့သိကြလျှင်၊ အဘယ်စိတ်သဘောကို ငါဟူ၍၎င်း၊ သူဟူ၍၎င်း၊ ကောန်စင်စစ် ညွှန်ပြစရာရှိပါအံ့နည်းဟု ညာဏ်ဖြင့် ဆင်ခြင်လေ။ထိုအခါ ၎င်းစိတ်တည်းဟူသော အသိသဘောတို့တွင် တခုသော သဘောကို မျှလည်း ငါသူ, မိန်းမ, ယောကျ်ား, ဖြဟ္မာဟူ၍ ညွှန်ပြစရာမရှိကြောင်းကို စင်စစ်တွေ့မြင်လေ၍ ငါ,သူ,မိန်းမ,ယောကျ်ား,နတ်, ဖြဟ္မာဟူ၍ စင်စစ်မရှိ။ ၎င်းစိတ်တည်းဟူသော အသိသဘော အစုမျှသာမုချရှိသည်။ ၎င်းသဘောတို့သော ကောန်ဖြစ်သည်။ စင်စစ် ငါသူမရှိ၊ ငါသူမဖြစ်ကြောင်းကို မုချထင်ရှား သိလေ၏။ ထိုသို့ ထိုးထွင်းသိမြင်လျှင်၊စင်စစ်ငါသူ အစဲအတွေပျောက်၍၊ ငါ, သူမဟုတ်သောအနတ္တသဘော ထင်မြင်လေ၏။ ဤကား အနတ္တပေါ်အောင်ရှာနည်း။

အနိစ္စပေါ်အောင်ရှာနည်း။

၎င်းအသိဝိညာဏ်တို့ကိုဒုဂ္ဂါရခြောက်ပါးခွဲလှည့်၍ကြည့်ရမည်။ ကြည့်ပုံမှာ ရှုပါရုံအဆင်းကို သိကြသော စက္ခုဒွါရ ဝိညာဏ်စိတ်တို့သည် အသံကိုကြားခိုက်၊သောတဒွါရဋ္ဌဖြစ်သော အသိဝိညာဏ်စိတ်တို့သို မရောက်ဘဲ ကွယ်ချုပ်ကြလေ၏။ ထိုအသံကိုအာရုံပြု၍ သိကြဖြစ်ကြသောသောတဒွါရဋ္ဌဖြစ်သော အသိသဘောဝိညာဏ်တို့သည် အနံ့ကို အာရုံပြု၍ သိကြသော ဃာနဒွါရဋ္ဌ ဖြစ်သော

အသိဝိညာဏ်တို့သို့ မရောက်ဘဲ ချုပ်လေ၏။ ဤသို့လျှင် ဒုဒ္ခရ ခြောက်ပါး၌ လှည့်၍ကြည့်လေ။ ထိုမှတပါးလည်းရှင်းစကျွန်ဒုဒ္ခရ၌ ဖြစ်သော စိတ်တို့တွင်လည်း၊ အတိတဘဝင်စိတ်သည် ဘဝင်္ဂလန စိတ်သို့မရောက်ဘဲချုပ်လေ၏၊ ဘဝင်္ဂစလနအသိဝိညာဏ်စိတ်သည် ဘဝင်္ဂုပစ္ဆေဒ တည်းဟူသော အသိဝိညာဏ်သို့မရောက်ဘဲ ချုပ်ပျောက်လေ၏။ ဘဝင်္ဂုပစ္ဆေဒအသိဝိညာဏ်စိတ်သည် ၎င်းအာရုံကို ဆင် ခြင် တတ် သော ပဉ္စဒ္ဒါရာဝဇ္ဇနန်းစိတ်သို့ မရောက်ဘဲ ချုပ်ပျောက်လေ၏။ ပဉ္စဒ္ဒါရာဝဇ္ဇနန်းစိတ်သည် မြင်တတ်သော စက္ခု ဝိညာဏ်အသိသဘောသို့မရောက်ဘဲ ချုပ်ပျောက်လေ၏။ မြင်သိ ဝိညာဏ်သည် ခဏုတတ်သောသမ္ပဋိစ္ဆိုင်းအသိဝိညာဏ်သို့မရောက် ဘဲချုပ်ပျောက်လေ၏။ ၎င်းခဏုသိတတ်သော ဝိညာဏ်သည်လည်း စုံစမ်းတတ်သော သန္ဋီရဏဝိညာဏ်သို့ မရောက်ဘဲ ချုပ်ပျောက်လေ၏။ ၎င်းဝိညာဏ်စိတ်သည် မှတ်တတ်သော ဝုဋ္ဌောဝိညာဏ်သို့မရောက်ဘဲချုပ်သွားလေ၏။ ၎င်းဝိညာဏ်သည်လည်း ပဌမဇော ဝိညာဏ်သို့ မရောက်ဘဲ ချုပ်ပျောက်လေ၏။

ပဌမဇောသည် ဒုတိယဇောသို့။ ဒုတိယဇောသည် တတိယဇောသို့။ တတိယဇောသည် စတုတ္ထဇောသို့။ စတုတ္ထဇောသည်၊ ပဉ္စမဇောသို့။ ပဉ္စမဇောသည်၊ ဆဋ္ဌမဇောသို့။ ဆဋ္ဌမဇောသည်၊ သတ္တမဇောသို့ မရောက်ဘဲ ချုပ်ငြိမ်းလေ၏။ ၎င်းဇောဝိညာဏ်သည် ပဌမတဒါရုံဝိညာဏ်သို့၊ ပဌမတဒါရုံဝိညာဏ်သည်၊ ဒုတိယတဒါရုံဝိညာဏ်စိတ်သို့မရောက်ဘဲ ပျောက်ချုပ်ငြိမ်းလေ၏။ ဤနည်းအတူ ကျန်သောဒွါရတို့၌လည်း ရှုကြလေ။ ထိုသို့ရှုကြလျှင် ဒွါရခြောက်ပါး၌ လှည့်ကာလှည့်ကာ၊ တဖြုန်းဖြုန်း မရပ်မစဲ၊ တသဲသဲဖြစ်သမျှ စိတ်တို့ပျက်စီးသည်ကိုသာ တရေးရေးမြင်

ရလေ၏။ ထိုအခါ အနိစ္စကို ထင်သည်မည်၏။ ဤကားအနိစ္စ မြင်အောင်ရှုနည်း။

ဒုက္ခထင်မြင်အောင်ရှုနည်း။

ထိုကဲ့သို့ ပေါ်လာသမျှသော အသိဝိညာဏ်စိတ်တို့ကို အတွင်မလတ် သတ်ဖြတ်ခုတ်ပိုင်းသကဲ့သို့ မရပ်မစဲ ပျက်စီးခြင်းဖြင့် နှိပ်စက်နေရာ၌ ဘယ်မှာ ဖြစ်ချင်စရာ ရချင်စရာ ရှိပါအံ့နည်း။ စင်စစ် ပျက်စီးခြင်းဖြင့်နှိပ်စက်သော မဟာဘေးကြီးသာ ဖြစ်ပါစ့တကား။ စင်စစ်ဖြစ်သမျှ နှိပ်စက်ခြင်းဘေးသာ တွေ့ရပါစ့တကားဟု မဟာဒုက္ခကို တွေ့မြင်ထင်ခဲလေ၏။ ထိုအခါ ပိဋ္ဌနတ္ထသဘောတည်းဟူသော ဒုက္ခကို ထင်မြင်သည်မည်၏။ ။ဤကား ဒုက္ခထင်မြင်အောင်ရှုနည်း။

လက္ခဏာရေး သုံးပါး တင်၍ ဥာဏ် ၁၀-ပါး ဖြစ်ပေါ်လာပုံအကြောင်း။

တနည်း၊ အနတ္တထင်အောင်ရှုနည်းမှာ။ ။ထိုကဲ့သို့ ပေါ်လာသမျှသော အသိဝိညာဏ်စိတ်တို့ကို အတွင်မလတ် ပေါ်တိုင်း ပေါ်တိုင်း ပျက်ခြင်းဖြင့် နှိပ်စက်ရာ၌၊ အဘယ်ဝိညာဏ်စိတ်ကို ငါ့သူငါ့အပိုင်၊ ငါ့ဥစ္စာဖြစ်၏ဟူ၍ဋ္ဌိုင်း၊ သူဖြစ်သည်၊ သူ့ဥစ္စာဖြစ်သည်ဟူ၍ဋ္ဌိုင်း။ ငါပင်အစိုးရသည်၊ သူပင်အစိုးရသည် ဟူ၍ဋ္ဌိုင်း၊ သွန်ပြပြောဆိုစရာ ရှိပါမည်လောဟု ဆင်ခြင်စုံစမ်းရှာဖွေကြည့်ရှုလျှင် မရပ်မစဲ ပေါ်လာသမျှ ဝိညာဏ်အသိတို့သည်၊ တဖြုန်းဖြုန်း တခုပြီးတခု ပေါ်ပျောက်ဖြစ်နေရာ၌ ဘယ်စိတ်ကိုမျှလည်း၊ ငါဘဲ, ငါ၏ဥစ္စာဘဲ ဟူ၍ဋ္ဌိုင်း၊ သူဘဲ, သူ၏ဥစ္စာဘဲ ဟူ၍

၎င်း၊ ညွှန်ပြစရာ မရှိကြောင်းကို တွေ့မြင်လေ၏။ အနတ္တ ထင်လေ၏။ ဤသို့လက္ခဏာရေးသုံးပါး ထင်သောဉာဏ်သည် သမ္မသနဉာဏ် မည်၏။

ဤသို့လျှင် ငါမဟုတ်၊ အနတ္တ အတ္တင်မလပ်၊ ပျက်စီးခြင်း အနိစ္စ၊ နှိပ်စက်နေသော ဒုက္ခသဘောတရားစုတို့ကို မုချထိုးထွင်းသိမြင်လျှင် တိရဏ ပရိညာဏ်သို့ ရောက်လေ၏။ ၎င်း တိရဏ ပရိညာဏ်ကား၊ သစ္စာနုလောမဉာဏ်တိုင်အောင်ဖြစ်၏။ ထိုကဲ့သို့ ရူဘန်မျှားလျှင် အချင်းခပ်သိမ်း ဖြစ်ပျက်ခြင်းကိုသာ မြင်နေလေ၏။ ထိုအခါ ဥဒယဗ္ဗယဉာဏ် ဖြစ်၏။

ထိုကဲ့သို့ရှု၍၊ အချင်းခပ်သိမ်း အဖြစ်ကို မမြင်ဘဲ၊ လျှင်စဉ်လျှင်စဉ အတ္တင်မလပ် ပျက်စီးရခြင်းကိုသာ ထင်မြင်လျှင်၊ ဘင်္ဂဉာဏ်ဖြစ်၏။

ထိုကဲ့သို့ အပျက်တွေ့ကိုသာလျှင်ဖြစ်သမျှ ၎င်းအသိဝိညာဏ်စုသည်၊ စင်စစ် ပျက်စီးခြင်းဖြင့်သာ နှိပ်စက်ရကား၊ ဘယ်မှာသက်သာခွင့်ရပါအံ့နည်းဟု သက်သာခွင့်ကိုမမြင်ဘဲ၊ ကြောက်မက်ဘွယ်၊ ထိတ်လန့်ဘွယ်အတိသာ ထင်မြင်လေ၏။ ထိုအခါ ဘယဉာဏ်ဖြစ်၏။

ထိုကဲ့သို့ အသိဝိညာဏ် ဖြစ်လေသမျှ၊ ပျက်စီးခြင်းဘေး၊ ပူလောင် နှိပ်စက် ခံရသောဘေး၊ ကြောက်မက်ဘွယ် ထိတ်လန့်ဘွယ်ကောင်းသော ဘေးတို့ဖြင့်သာ တွေ့ကြုံရမြဲ တည်းဟူသော အပြစ်တွေ့နှင့်သာ ရောပြွမ်းရသည်တကားဟု အပြစ်ကိုမြင်လျှင် ၎င်းဉာဏ်ကို အာဒီနဝဉာဏ်ဟု ခေါ်သည်။

ထိုကဲ့သို့ အပြစ်တွေ့ကိုမြင်လျှင်၊ ငြီးငွေ့ စက်ဆုပ်လေ၏။ ထိုအခါ နိဗ္ဗိန္ဒဉာဏ်ဖြစ်၏။

ထိုကဲ့သို့ ငြိုးငွေ့ စက်ဆုပ်ဘန်များလျှင် ၎င်းဝိညာဏ်စိတ်တို့မှ အဆောတလျင် လွှတ်လို ကျွတ်လိုသော စိတ်အစဉ်သာ ဖြစ်လေ၏။ ၎င်းခန္ဓာအစုတို့၌ မပျော်ပိုက်လေပြီ။ ဥပမာ၊ မြွေသမား လက်တွင်းသို့ ရောက်သောမြွေသည်၊ လွှတ်လို သကဲ့သို့လည်း ကောင်း၊ ပိုက်ကွန်တွင်းသို့ ရောက်သောငါးသည် လွှတ်လို သကဲ့သို့ လည်းကောင်း။ ဂဠုန်ခံတွင်းသို့ရောက်သောနဂါးသည် လွှတ်လို သကဲ့သို့လည်းကောင်း။ ကြောင်လက်တွင်းသို့ ရောက်သော ကြွက်သည်၊ လွှတ်လိုသကဲ့သို့ လည်းကောင်း။ အဘန်တလဲလဲ မပျော်ပိုက်ဘဲ၊ လွှတ်လို ကျွတ်လိုသည်သာဖြစ်လေ၏။ ထိုအခါ မုဉ္ဇတုကမျှဘာဉာဏ်ဖြစ်၏။

ထိုကဲ့သို့ လွှတ်လို၍ အဘန်တလဲလဲအချည်းနှီး ငါ့သူမဟုတ်၊ ပျက်စီး၍ ပူလောင်ဘေးကြီးတို့ဖြင့် မပြတ်မလပ် နှိပ်စက်ခံနေရသည်ကိုသာ တရေးရေးရှုမြင်လေလေ၊ ပူမှန်းကိုသိမြင်လေလေသာဖြစ်၏။ ထိုကဲ့သို့သိမြင်လေလေ၊ ထပ်တလဲလဲရှုမြင်လေလေသာဖြစ်၏။ ထိုသို့အဘန်တလဲလဲရှု၍ ကြက်တောင်များကို မီးထဲ၌ ထည့်သောအခါ တွန့်လိတ်သကဲ့သို့၊ ထို့အတူ ဘုံသုံးပါး၌ဖြစ်သော အသိဝိညာဏ်ခန္ဓာတို့၌ တပ်နှစ်သက်ခြင်းကို မဖြစ်စေဘဲ၊ အချင်းခပ်သိမ်းလွှတ်လိုခြင်းသာဖြစ်လျက်၊ ဖြစ်လိုခြင်းသို့မညွတ်ကိုင်းဘဲ တွန့်လိတ်အောင်သာ အဘန်ဘန်ရှု၏။ ထိုသို့ တွန့်လိတ်အောင် အဘန်ဘန်ရှုလေသမျှဉာဏ်ဆို ပဋိသန္ဓေါနုပဿနာဉာဏ်ဟု ခေါ်သည်။ ပဋိသန္ဓေါ နုပဿနာဆိုသည်မှာ ထပ်တလဲလဲ တွန့်လိတ် ဆုတ်နစ်အောင် ရှုနေသော ဉာဏ်ကိုဆိုသည်။

ထိုကဲ့သို့ ရှု၍ တရေးရေး ငါ့သူမဟုတ်၊ အပူဆိုင် အပူတုံး ဒုက္ခလုံးကြီးကိုသာ တရေးရေး မြင်လေ၏။ ချစ်ခြင်း၊ မုန်းခြင်း

မရှိဘဲ၊ လျစ်လျူရှုကာသာနေလေ၏။ ထိုအခါသန်ါရုပေက္ခာ ဉာဏ် ဖြစ်လေ၏။

သန်ါရုပေက္ခာဉာဏ်သို့ ရောက်ပြီးသောပုဂ္ဂိုလ်သည်၊ ၎င်း ဝိညာဏ်တို့ကို အဘန်ဘန် ငါ့သူမဟုတ်၊ အချည်းနှီး နှိပ်စက်ပူ လောင်သော အပူတုံးကိုသာ အဘန်တလဲလဲ မြင်အောင်ရှု၍၊ တခဏမျှသက်သာခွင့်ကို မရမူ၍၊ ခြမ်းရာကိုသာ ရှာလေတော့ သည်။ ထိုကဲ့သို့ရှာ၍အကြင်မျှလောက် ခန္ဓာငါးပါးတို့၏ မဖြစ်ရာ မဖြစ်ကြောင်းဖြစ်သော ဇာတိနှင့် ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ခြင်း သဘောလက္ခဏာဖြင့် ထင်ရှားသော ခြမ်းသာအတိုဖြစ်သော နိဗ္ဗာန်.ကိုဉာဏ်ဖြင့်မကြည့်တတ်သေး။ ထို့ရှေ့လောက် သန်ါရုပေက္ခာဉာဏ်၌သာတည်လေ၍၊သန်ါရအာရုံသာရှိလေ၏။

နိဗ္ဗာန်ကိုဉာဏ်မျက်စိဖြင့် ထိုးထွင်းသိမြင်ပုံ။

ထိုနိဗ္ဗာန်ကို အဘန်တလဲလဲရှာ၍ကြည့်လေလျှင်၊ ၎င်းသန်ါရ တရား အသိဝိညာဏ်စသော ခန္ဓာတို့ဖြစ်လေသမျှ ကာလပတ်လုံး ခြမ်းသာခွင့် မရှိကြောင်းကို တရေးရေး တွေ့မြင်ဘန် များလတ်သဖြင့် ၎င်းခန္ဓာတို့၏ ဖြစ်ခြင်းသဘောနှင့် ပဋိပက္ခဖြစ်သော မဖြစ်ခြင်းသဘော လက္ခဏာရှိသော အေးခြမ်းရာသဘော်နိဗ္ဗာန်ကို အကြင်အခါဉာဏ်ဖြင့် ဒိဋ္ဌမျက်မှောက်အဟုတ်အဟတ်မျက်စိဖြင့် မြင်ရဘိသကဲ့သို့ တွေ့မြင်ရလေ၏။ ထိုသို့တွေ့မြင်သော အခိုက်၌ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြစ်ကြလေပြီးလျှင် ချုပ်ကွယ်ကြလေ၏။ ၎င်းနောက် ပစ္စဝေက္ခဏာဓိထိ ကျလေ၏။

ကျပုံမှာ။ ။ယခုမြင်သောသဘောကား၊ စင်စစ် မပျက်မစီး အပူမရော၊ အေးချမ်းရာ သဘောပေတည်းဟု အောက်မေ့၏။ ထိုအခိုက်၊ နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ကျလေ၏။ ။ထိုကဲ့သို့ အေးချမ်းရာသဘောနိဗ္ဗာန်ကို စင်စစ် တွေ့မြင်ခြင်းသို့ ရောက်ပေပြီဟု အောက်မေ့၏။ ထိုအခိုက် မဂ်ကို ဆင်ခြင်သောပစ္စဝေက္ခဏာဝီထိကျလေ၏။ ။ထိုကဲ့သို့ တရားထူး တရားမြတ်ကိုမြင်းရခြင်းအကျိုး၊ တွေ့ကြုံရခြင်း အကျိုးထူးကို ဒီဋ္ဌမျက်မှောက် ပြုရပေပြီဟုအောက်မေ့၏။ ။ထိုအခိုက် ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ကျလေ၏။ ။ယခုအခါ အနုမတ္တဂ္ဂ သံသရာကပင် မသိမမြင်ဘူးသော နိဗ္ဗာန်ကို တွေ့မြင်ရ၍၊ ယုံမှားသံသယအမှားဒိဋ္ဌိစသော ဘရားစုတို့သည် ပျောက်ပေပြီ၊ လွတ်ပေပြီ၊ ကျတ်ပေပြီဟု ဆင်ခြင်၏။ ထိုအခိုက် ပါယ်သော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ကျလေ၏။ ။ထိုမှတပါး၊ ကိလေသာတို့သည် ကျန်သေး၏ဟု အောက်မေ့ဆင်ခြင်၏၊ ထိုအခိုက် ကျန်သောကိလေသာကို ဆင်ခြင်သည်မည်၏။ ဤသို့ မဂ်ဖြစ်ခိုက်၌ သစ္စာအနက် ၁၆-ချက်တို့သည် ပြည့်စုံစွာ ဖြစ်ပေါ်လေ၏။

သစ္စာအနက် ၁၆-ချက် ဖြစ်ပေါ်လာပုံအကြောင်း။

ဒုက္ခသစ္စာအနက်လေးပါး။

၁။ နှိပ်စက်၊ ပြုပြင်၊ ပူပင်၊ဘောက်ပြန်၊ ဤလေးဘန်းအမှန်မလွဲဒုက္ခဘဲ။ (၁) နှိပ်စက်ကား၊ ပိဋ္ဌနတ္ထ။ (၂) ပြုပြင်ကား၊ သခံတတ္ထ။ (၃) ပူပင်ကား၊ သန္တာပတ္ထ။ (၄) ဘောက်ပြန်ကား၊ ဝိပရိဏာမတ္ထ။

သမုဒယသစ္စာ အနက်လေးပါး။

၂။ အားထုတ်၊ ကြောင်းခံ၊ ယှဉ်ပြန်မလတ်၊ ပိတ်ပင်တတ်၊ မှတ်အပ်သမုဒယ။ (၁) အားထုတ်ကား၊ အာယူဟနတ္ထ။ (၂) ကြောင်းခံကား၊ နိဒါနတ္ထ။ (၃) ယှဉ်ပြန်ကား၊ သံယောဂတ္ထ။ (၄) ပိတ်ပင်ကား၊ ပလိဗောဓတ္ထ။

နိရောဓသစ္စာအနက်လေးပါး။

၃။ ထွက်မြောက်၊ ဆိပ်ပေ၊ မသေ၊ မပြု၊ ဤလေးခု၊ မှတ်မူ နိရောဓ။ (၁) ထွက်မြောက်ကား၊ နိဿရဏတ္ထ။ (၂) ဆိပ်ပေကား၊ ဝိဝေကတ္ထ။ (၃) မသေကား၊ အမတတ္ထ။ (၄) မပြုကား၊ အသင်္ခတတ္တာ။

မဂ္ဂသစ္စာအနက်လေးပါး။

၄။ ဆောင်ပေ၊ကြောင်းခံ၊ မြင်ပြန်စိုး၊ ဤလေးဝ၊ မှတ်ကြအမြဲ မဂ္ဂဘဲ။ (၁) ဆောင်ပေကား၊ နိယျာနတ္ထ။ (၂) ကြောင်းခံကား၊ ဟေတုတ္ထ။ (၃) မြင်ပြန်ကား၊ ဒဿနတ္ထ။ စိုးရကား၊ အဓိပတေယျတ္ထ။

၎င်း ၁၆-ချက်သည် နိရောဓသစ္စာ နိဗ္ဗာန် တည်းဟူသော ချမ်းသာရာသဘောကိုမြင်သောမဂ်အခိုက်၊ တချက်တည်းအပြည့်အစုံပါလေ၏။ ပါကြောင်းကို သိအောင် ကြည့်ကြလော့။ ဤတွင် စိတ်ကို လက္ခဏာရေးသုံးပါးတင်၍ ရှုနည်းအကျဉ်းပြီး၏။

ဝေဒနာကိုလည်း စိတ်ကဲ့သို့ရှုနည်း။

ထိုမှတပါး၊ ဝေဒနာတို့ကိုလည်း ၎င်းစိတ်ကို ရှုသကဲ့သို့ပင် ရှုလော့။ ။အဘယ်ကြောင့်ဆိုသော်၊ စိတ်တခုဘခု၌ပင် ခံစား

တတ်သောဝေဒနာ၊ မှတ်တတ်သောသညာ၊ တွေ့ထိတတ်သောဖဿ၊ ပြုပြင်တတ်သောစေတနာစသည်ဖြင့်။ စေတသိက် ၅၂-ပါးတို့သည် ယထာရဟာ ထိုက်သည်အားလျော်စွာ ယှဉ်ကြကုန်၏။ ထိုယှဉ်၍ဖြစ်သော ဝေဒနာသညာစသောစေတသိက်အပေါင်းတို့သည်လည်း ထိုထိုစိတ်တို့နှင့်ပင်အတူတက္ခ မရွေးမနှောင်း တပြိုင်နက်ဖြစ်ကြ၍ပြိုကြရကား၊ စင်စစ်စိတ်တို့၏ပျက်စီးခြင်းကိုသိမြင်လျှင်၊ ၎င်းနှင့်တကွပါသော စေတသိက်တို့၏ပျက်ခြင်းကိုလည်း ထင်ရှားသိလေတော့သည်။ ။ဥပမာမီးဖြစ်လျှင်အလင်းလည်း တကွဖြစ်၏။ မီးငြိမ်းလျှင် အလင်းလည်း ကွယ်လေ၏။ ထိုကဲ့သို့ မီးနှင့်အလင်းကို တချက်ဘည်း ဖြစ်မှုနှုန်း, ကွယ်မှုနှုန်းကို ထင်ရှားစွာလောကဥ မျက်မှောက်တွေ့မြင်သိကြသော သူတို့သည် မီးငြိမ်းခြင်းကိုကြားလျှင်ပင် အလင်းလည်း ကွယ်ပျောက်လေပြီဟု ထင်ရှားသိကြသကဲ့သို့။ ထိုအတူ မီးနှင့်တူသောစိတ်ကို ပဓါနပြု၍ ပြဆိုလျှင်၊အလင်းနှင့်တူသော တကွဖြစ်မှု ခံစားတတ်သော ဝေဒနာ၊ မှတ်တတ်သောသညာ၊ တွေ့ထိခြင်းသဘောဖဿ၊ ပြုလုပ်စေ့ဆော်ခြင်းသဘောစေတနာစသောစေတသိက် ၅၂-ပါးသောသဘောတို့ကိုလည်း၊ ထိုစိတ်နှင့်အတူတက္ခ၊ စင်စစ် ပျက်စီးခြင်းအနိစ္စ၊ ထိုကဲ့သို့ပျက်စီးခြင်းဖြင့် နှိပ်စက်ခြင်းဒုက္ခ၊ ထိုသို့ပျက်စီးနှိပ်စက်ရာ၌ အစိုးမရ၊အလိုမရ၊အနတ္တသဘော စသည်တို့ကိုလည်း စိတ်၌ကဲ့သို့ ထင်ရှား သိကြပြီးလျှင်၊ မဂ်ဖြစ်သည် တိုင်အောင် ရှုကြလေ။

ဂုဏ်စိတ်တို့၏နေရာ၌ ခံစားခြင်းဝေဒနာ၊ မှတ်ခြင်းသဘောသညာစသည် ပြောင်းလဲထည့်ရုံမျှသာ ထူးတော့သည်။ ဥာဏ်

သက်သမျှ သွားနိုင်ကြ လောက်ပြီ။ ထိုကြောင့် ၎င်းတရားတို့ကို ဘော်ချမရေးပြီ။

ခန္ဓာငါးပါးတို့ကို အကျဉ်းသစ္စာလေးပါးဖြစ်ပုံ ပိုင်းခြားပုံအကြောင်း။

ယခုအခါ ခန္ဓာငါးပါးတို့ကို အကျဉ်းသစ္စာလေးပါး ဖြစ်ပုံကို လက်ံာဖြင့် ပြဆိုပေအံ့။ (၁) ငါးဖြစ်ပုံပင်၊ လိုချင်မသိ၊ သိလျှင် မလို၊နိဗ္ဗာန်ထိုရှိ။ (၁)ငါးဖြစ်ကား၊ ခန္ဓာငါးပါး ရုပ်နာမ်တရား စုဖြစ်ခြင်းကို ဆိုသည်။ (၂) ပုပင်ကား၊ ထိုခန္ဓာငါးပါးသည် ပေါ်လာသမျှ ကာလပတ်လုံး ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီးတည်းဟူသော တဆဲ့တပါးသောမီးတို့သည် တစပြောင်ပြောင် တောက်လောင်လျက်၊ စင်စစ် ဒုက္ခအပူမီးသာ ဧကန်ဖြစ်ကြရသည်ဟူလို။ ။ကျိကား၊ ဒုက္ခာသစ္စာကိုပြချက်။ (၃) လိုချင် မသိကား၊ လို ချင် သော သဘောကား၊ တဏှာ။မသိခြင်းကား၊ အဝိဇ္ဇာသဘောတည်း။ ။ထင်စ္စာပြဦးအံ့၊ ။ထိုကဲ့သို့ ခန္ဓာငါးပါး ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း၊ အချင်းခပ်သိမ်း ပျက်စီးနှိပ်စက်ခြင်း ဘေးတို့ဖြင့် တွေ့ကြုံခိုက်၊ အပူမီးတို့သောင်သည်ကို စင်စစ်မသိ၍သာသုံးဆဲ့တဘုံဥဋ္ဌင်းခန္ဓာတို့ဖြစ်ခြင်းကိုအလိုရှိကြသည်။ ထိုသို့အလိုရှိကြ၍သာ အဘန်ဘန် အားထုတ်ကြ၍ ထပ်တလဲလဲ ဖြစ်ကြပေသည်။ ထိုသို့ဖြစ်တိုင်း အပူမီး တောက်လောင်ရသည်။ ထိုကဲ့သို့ဖြစ်ရန် အားထုတ်တတ်သော မသိခြင်းအဝိဇ္ဇာကို အမှီသဟဲရသော လိုချင်ခြင်းသဘော တဏှာသည်ပင်၊ စင်စစ် ပူကြောင်းသမုဒယသစ္စာဟူလို။ ။ကျိကား၊ သမုဒယသစ္စာကိုပြချက်။

(၄) သိလျှင်မလိုကား။ မုချခန္ဓာငါးပါးကို အပူအမှန်ဖြစ်ကြောင်းကိုသိလျှင်၊ စင်စစ် ခန္ဓာငါးပါးကို ငြီးငွေ့စက်ဆုပ်လေ၏။ ထိုသို့ ငြီးငွေ့စက်ဆုပ်ဘန်မျှားသော်၊ ၎င်းခန္ဓာငါးပါး အပူဒုက္ခတို့ကို စင်စစ်အလိုမရှိပြီဟူလို။

(၅) နိဗ္ဗာန်ထိုရ်ကား။ ထိုအပူဒုက္ခတို့ကို သိမြင်၍၊ အလိုမရှိလျှင်၊ ၎င်းတို့မှ လွတ်ကင်းချင်နေသော သဘောကိုသာစုံစမ်းရှာဖွေလေတော့၏။ ထိုသို့စုံစမ်းရှာဖွေလတ်သော်၊ မဖြစ်ပေါ်မှုသဘောတရားတပါးကိုသာ တွေ့မြင်လေတော့၏။ အဘယ်သို့မဖြစ်ပေါ်မှု သဘောတရားတပါးကိုသာ တွေ့မြင်ရလေသနည်းဟူမူ။ ၎င်းခန္ဓာငါးပါးဒုက္ခတရားတို့သည်၊ စင်စစ်ဖြစ်ပေါ်မှုလက္ခဏာရှိသောဇာတိတရားနှင့်သာ ဆက်ဆံကြရကုန်၏။ အကယ်၍ ဖြစ်ပေါ်မှု ဇာတိသဘောမရှိလျှင်၊ ၎င်းခန္ဓာဒုက္ခတို့လည်းမရှိလေပြီ၊ ဖြစ်ပေါ်သော သဘောဇာတိတရားရှိလျှင်၊ ၎င်းခန္ဓာငါးပါးတရားတို့လည်း ကောန်ရှိကြလေသည်သာတည်း။ ထိုကြောင့် ဖြစ်ပေါ်မှုသဘောဇာတိမှ လွတ်လျှင် မဖြစ်ပေါ်သော သဘောအဇာတိတရားတပါးသာကောန်ရှိလေသည်ဟု ဉာဏ်ဖြင့် ထောက်ဆသောအားဖြင့်တွေ့ထိုလေ၏။ ထိုမဖြစ်ပေါ်သော သဘောတရားတပါးတည်းသာလျှင် ဖြစ်ပေါ်ခြင်း ဇာတိမီး၊ ရင့်ရော်ခြင်း ဇရာမီး၊ ပျက်စီးရခြင်း မရဏမီး အစရှိကုန်သော တဆဲ့တပါးကုန်သောမီးဟူသမျှတို့မှ လွတ်နေသော အေးချမ်းရာ သဘောကောန်ဖြစ်ပေ၏ဟု အဖန်ဖန်အာရုံပြု၍ရှုလေတော့၏။ ထိုသို့ရှုဖန်များလတ်သော်၊ အကြင်အခါပါရမီဓာတ်ခံရင့်၍ မဂ်ဖြစ်လိုလတ်သော်၊ ၎င်းမဖြစ်ပေါ်သော သဘောတရားကို ပင်၊ တကယ်အဟုတ်ထင်လင်းစွာ ဒိဋ္ဌမျက်မှောက် အံ့သြလောက်အောင်တွေ့မြင်လေတော့၏။ ထိုသို့ဒိဋ္ဌမျက်မှောက်အံ့သြလောက်

အောင်တွေ့မြင်သောဉာဏ်သည် စင်စစ်သောတာပတ္တိမဂ်ဉာဏ်ဖြစ်၏။ ၎င်း၏ အာရုံဖြစ်သော မဖြစ်ပေါ်သော သဘောဟု ဆိုအပ်သောအေးချမ်းရာသဘောသည် စင်စစ်နိဗ္ဗာနသစ္စာနိဗ္ဗာန်ဖြစ်၏။ ထိုနိရောဓသစ္စာကို ဒိဋ္ဌမျက်မှောက်အံ့သြလောက်အောင် တွေ့မြင်သော မဂ်ကြောင့်၊ ဒိဋ္ဌိဝိစိကိစ္ဆာစသော တရားဟူသမျှသည်၊ အကြွင်းမရှိပြတ်တောက်၍ ကွယ်ကြလေ၏။ ထိုပြတ်တောက်ကွယ်လေသော ဒိဋ္ဌိစသော ကိလေသာတရားဟူသမျှသည် စင်စစ်ဘဝတပါးဋ္ဌ ခန္ဓာကို ဖြစ်စေတတ်သော သမုဒယသစ္စာ အကြောင်းတရားတို့ပေတည်း။ ထိုအကြောင်းတရား သမုဒယ ကိလေသာတို့ ပြတ်တောက်ကွယ်လေခြင်းမရှိသေး။ ၎င်းတို့ကြောင့် ဖြစ်ပေါ်လတံ့သော ကာမသုဂတိဋ္ဌဖြစ်လတံ့။ ခုနစ်ဘဝမှ အထက်ဋ္ဌဖြစ်ပေါ်လတံ့သော ခန္ဓာဒုက္ခဟူသမျှတို့သည် အကြွင်းအကျန်မရှိဘဲ တကုန်လုံး ကွယ်ကြလေကုန်၏။ ထိုအကြောင်း အကျိုး ဒုက္ခဟူသမျှတို့ ကွယ်လေလျှင်၊ စင်စစ် ၎င်းတရားတို့၏ မရှိခြင်းတည်းဟူသော အဘာဝပညတ်သာ ရှိလေတော့၏။ ဤတွင်ပဌမတကြိမ်နိရောဓသစ္စာကို သိမြင်ခြင်းကြောင့် ဒုက္ခကွယ်ပုံကိုပြချက်တည်း။

ထိုနည်းအတူသုံးသပ်၍နိရောဓသစ္စာနိဗ္ဗာန်အအေးသဘောကို ဒုတိယတကြိမ်ဒိဋ္ဌမျက်မှောက် အံ့သြလောက်အောင်တွေ့မြင်လျှင်၊ သကဒါဂါမိမဂ်သို့ရောက်၏။ ထိုမဂ်ကြောင့် ရုန့်ရင်းသော ကာမရာဂ ဗျာပါဒစသောတရားတို့သည် အကြွင်းမရှိကွယ်လေကုန်၏။ ထိုအကြောင်း သမုဒယ ကိလေသာတို့ ကွယ်လေ ခြင်းကြောင့် ကာမသုဂတိနှစ်ဘဝမှ အထက်ဋ္ဌ ဖြစ်လတံ့သော ဒုက္ခဟူသမျှတို့သည် အကြွင်းအကျန်မရှိဘဲ ကွယ်လေကုန်၏။ ထိုနည်းအတူ သုံးသပ်၍ သုံးကြိမ်မြောက်နိရောဓသစ္စာ အအေးသဘောကို ဒိဋ္ဌမျက်

မှောက်အံ့သြလောက်အောင်တွေ့မြင်လျှင် အနာဂါမ်သို့ရောက်၏။ ထိုမင်းကြောင့် သိမ်မွေ့သော ကာမရာဂ ဗျာပါဒ စသော ကိလေသာ တရားတို့သည် အကြွင်းမရှိ ကွယ်လေကုန်၏။ ထိုအကြောင်း သမုဒယ ကိလေသာတို့ကွယ်လေခြင်းကြောင့်၊ တဘဝမှုအထက်၌ ဖြစ်လတံ့သော ခန္ဓာဒုက္ခဟူသမျှတို့သည် အကြွင်းမရှိ ကွယ်လေကုန်၏။ ထိုနည်းအတူသုံးသပ်၍ လေးကြိမ်မြောက် နိဗ္ဗာန်အာရုံသော ဝိဇ္ဇာနဉ်အားဖြင့် မျက်မှောက် အံ့သြလောက်အောင် တွေ့မြင်လျှင်၊ အရဟာတ္တမင်္ကသို့ရောက်၏။ ထိုမင်းကြောင့် ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာစသော ကိလေသာဟူသမျှတို့သည်၊ အကြွင်းအကျန်မရှိ၊ အကုန်လုံးကွယ်လေကုန်၏။ ထိုအကြောင်းသမုဒယ ကိလေသာတို့ကွယ်လေခြင်းကြောင့်၊ အလုံးစုံသော နောင်ဖြစ်ပေါ်လတံ့သော ခန္ဓာဒုက္ခဟူသမျှတို့သည်၊ ဖြစ်ပေါ်ခြင်းမရှိဘဲ ကွယ်လေကုန်၏။ မျက်မှောက်၌ ဖြစ်နေသော ရဟန္တာဟု သမုတ်အပ်သော ကိလေသာမရှိသော ခန္ဓာဒုက္ခသည်ဖြစ်နေပြီး၍၊ ကံကုန်သောအခါ ချုပ်ကွယ်လေ၏။ ထိုအခါဖြစ်ပြီး,ဖြစ်ဆဲ, ဖြစ်လတံ့သော ဒုက္ခဟူသမျှတို့သည် မရှိခြင်းသို့ ရောက်လေပြီး၍၊ ၎င်းတို့၏ အဆုံး၌ အာရုံပြုရင်းဖြစ်သော မဖြစ်မပေါ်သော သဘောလက္ခဏာရှိသော အအေးသဘောသာ ပဋိပက္ခအားဖြင့်တည်ရှိလေတော့သည်။ ထိုကြောင့် နိဗ္ဗာန်ထိုရဟု ဆိုရလေသည်။ ။ဤတွင် ငါးဖြစ်ပုံပင်၊ လိုချင်မသိ၊ သိလျှင်မလို၊ နိဗ္ဗာန်ထိုရဟူသော သံပေါက်၏ အရအမြှောက်စကားကိုဘော်ပြချက်ပြီး၏။

ထိုလက်ဝဲပုဒ်အရ၊သုံးသပ်ပုံအမြှောက်ကိုပြဆိုဦးအံ့။ ။ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ကာမ-ရူပ-အရူပဟု ဆိုအပ်သော ဘုံသုံးပါးတို့၌ တစဲလည်လည် စက်ရဟတ်ပမာ၊ အောက်ရောက်တုံး

အထက်ရောက်တုံ၊ မပြတ်မလပ် ဖြစ်ပေါ်နေသမျှ ကာလပတ်လုံး၊ စင်စစ်ဆွေးမြေ့ပျက်စီးပူလောင်ရသော တရားစုသာ ကောန်ဖြစ်ပေသည်။ ထိုသို့ ဆွေးမြေ့ ပျက်စီးပူလောင်ရသော တရားအစုအဝေးမျှသာဖြစ်ကြောင်းကို ဉာဏ်ဖြင့်မြင်အောင် ကြည့်ရှုကြရမည်။ ထိုသို့ကြည့်ရှုရှုမြင်ကြလျှင်၊ သြော်-ခန္ဓာငါးပါးရှိသမျှဖြစ်ပေါ်သမျှကာလပတ်လုံး၊ ဇာတိစသော တဆဲ့တပါးသော မီးတို့သည်၊ တထိန်ထိန်တောက်လောင်လျက်၊ တကယ်အဟုတ် ပူလောင်သော သဘောတို့သာလျှင်၊ ကောန်အမှန်ဖြစ်ပေ၏ဟု ဉာဏ်ဖြင့်ပိုင်းဖြတ်လေတော့၏။ ထိုသို့ဉာဏ်ဖြင့် ပိုင်းဖြတ်ပြီးလျှင်၊ အဘန်တလဲလဲ ခန္ဓာငါးပါးဖြစ်ပေါ်၍ ရှိသမျှကာလပတ်လုံး၊ ပူလောင်ရသော တရားအစုသာကောန်ဖြစ်ပေစွတကားဟူ၍ ဉာဏ်ဖြင့် သုံးသပ်ကြည့်ရှုနေကြရမည်။ ထိုသို့သုံးသပ်၍ ကြည့်ရှုနေဘန်မျှားလတ်သော်။ မရပ်မစဲ တထိန်ထိန်တပြောင်ပြောင် တောက်လောင်နေသောမီးပုံကြီးကဲ့သို့ထင်လေ၏။

အပူဒုက္ခမီးမှတပါး၊ လူနတ်ဗြဟ္မာသတ္တဝါဟူ၍လည်းကောင်း၊ ချမ်းသာသုခဟူ၍လည်းကောင်း၊ တစုံတရာထင်မြင်မှုမရှိပေပြီ၊ စင်စစ်ဒုက္ခမီးသာထင်မြင်၍နေလေတော့၏။ ထိုအခါဒုက္ခသစ္စာကိုပိုင်းခြား၍သိသော လောကီမဂ်ဉာဏ်သည် ကောန်ဖြစ်လေ၏။ ထိုလောကီမဂ်ဉာဏ်သည်လည်း စင်စစ်ဒုက္ခသစ္စာတရားသာလျှင် ဖြစ်ပေ၏။ ထိုဆိုအပ်ပြီးသောဘုံသုံးပါး၌ ဖြစ်ပျက်နေသော ဒုက္ခမီးဖြစ်သောခန္ဓာငါးပါးတို့သည် အဘယ်ကြောင့် ယခုမျက်မှောက်ဘဝ၌ ဖြစ်ပေါ်လာသနည်းဟုစုံစမ်းဆင်ခြင်ရှုကြည့်လတ်သော်၊ ရှေးဘဝ၌ ထိုကဲ့သို့သော ဒုက္ခမီးကိုမသိခဲ့၍တွယ်တာခဲ့၏။ ထိုတွယ်တာခဲ့သောတဏှာကြောင့်သာ ကောန်ဖြစ်ပေါ်၏ဟုသိရလေ၏။ အဘယ်

ကြောင့် သိရလေသနည်းဟူမူ၊ အကယ်၍ ရှေးဘဝ၌ တွယ်တာတာခင်မင်မှုတဏှာသည် မရှိခဲ့မူ၊ ၎င်းဒုက္ခမီးဖြစ်သောခန္ဓာငါးပါးအစုအပေါင်းတရားတို့သည်၊ ကောန်ဉာဘဝ၌ ပေါ်လာမှုမရှိပြီ၊ (ဥပမာ) အမြစ်ပြတ်ပြီးသောသစ်ပင်သည်၊ တဘန်အသီးအဆက်ဆက်ကို ဖြစ်စေမှုမရှိသကဲ့သို့၊ ထိုနည်းအတူ ရှေးဘဝ၌ ဖြစ်ခဲ့သောခန္ဓာအစဉ်၌တွယ်တာမှုတဏှာသည် အကယ်၍ ပြတ်တောက်လျက် မရှိခဲ့သည်ဖြစ်ဘုံ။ယခုဘဝ၌ ဖြစ်ပျက်နေသောခန္ဓာဒုက္ခမီးဟူသမျှသည် စင်စစ်ပေါ်မှုမရှိဘဲ ကွယ်လေရာ၏။

ထိုသို့ကွယ်မှုမရှိဘဲ၊ ယခုဘဝ၌ ထင်ရှားစွာ ပေါ်လာမှုသည် စင်စစ် ရှေးဘဝ၌ တွယ်တာခင်မင်သောတဏှာကြောင့်သာ ကောန် ဖြစ်ပေ၏ဟု အခကြောင်းခံတရားအမှန်ကို ထိုးထွင်း၍ သိမြင်လေ တော့၏။ ထိုအခါ သမုဒယသစ္စာကို ထိုးထွင်း၍သိသော လောကိ မဂ်ဉာဏ်သည်ဖြစ်၏။ ထိုဉာဏ်သည်လည်း ဒုက္ခသစ္စာ တရားသာလျှင် အမှန်ဖြစ်၏။ ဤသို့လျှင် ရှေးဘဝ၌ဖြစ်သော လိုချင်တပ်မက်သောကဏှာသည်၊ အကြောင်းသမုဒယသစ္စာ။ယခုဘဝ၌ ဖြစ်ပေါ်သော ခန္ဓာငါးပါး ဒုက္ခမီးသည်၊ ဒုက္ခသစ္စာတရားအမှန် ဖြစ်ပေ၏ဟု ထိုးထွင်းသိမြင်လေ၏။ ထိုသို့ထိုးယွင်းသိမြင်ပြီးလျှင် တဘန် ရှေးဘဝ၌ ဖြစ်ခဲ့ဘူးသော ခန္ဓာငါးပါးသည်လည်း၊ ယခုဘဝ၌ဖြစ်သော ဒုက္ခမီးနှင့် မခြားမနား ထပ်တူထပ်မျှ အတူတူပင် အမှန် ဖြစ်ပေ၏ဟု၊ ရှေးဘဝ၌ ဖြစ်ခဲ့ဘူးသော ခန္ဓာ ဒုက္ခမီးကိုလည်း ပြန်၍ဆင်ခြင် ရှုပြန်အပ်၏။ ထိုသို့ရှု၍ အပူဒုက္ခ ထင်မြင်လျှင် ၎င်းအပူဒုက္ခ၏ ဖြစ်ကြောင်း ဖြစ်သော ဟိုရှေးဘဝက တွယ်တာခဲ့သော တဏှာ၏အကြောင်း သမုဒယ ဖြစ်ပုံကိုလည်း ပြန်၍ ရှုပြန်အပ်၏။ဤသို့သောနည်းဖြင့် အပြန်အလှန် အစဉ်လျှောက်၍

ရှုလတ်သော်၊ အစ မထင်နိုင်ဘဲရှိလေ၏။ ထိုသို့ အစ မထင်သော သံသရာဘဝ အဆက်ဆက်ကပင် ယခုဘဝတိုင်အောင်၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မဟုတ်ပါဘဲလျက်၊ ၎င်း အကြောင်း အကျိုး အဆက်ဆက် တို့သည်သာလျှင် ကောန်ဖြစ်ပေ၏ဟု ဉာဏ်ဖြင့် ထိုး ထွင်းရှာသိလေ၏။ ထိုသို့သိပြီးမှတဖန် ယခုဘဝ၌ ၎င်းအပူဒုက္ခကို စင်စစ်မသိလျှင် တွယ်တာခင်မင်သော တဏှာသည် ကောန် ဖြစ်ပြန်၏။ ထိုတွယ်တာခင်မင်သော တဏှာကြောင့်ပင် နောင်ကို ခန္ဓာငါးပါး ဒုက္ခမီးသည် ကောန် ဆက်လက်၍ ပေါ်လတံ့ဟု၊ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂါတ်အကျိုးကိုဆက်စပ်၍ ဉာဏ်ဖြင့် မြင်အောင်ကြည့်ရမည်။ ထိုသို့ကြည့်၍မြင်ပြန်လျှင် ထိုနည်းအတူ အနာဂတ်ဘဝ အဆက်ဆက်တို့၌လည်း၊ ထိုအကြောင်း အကျိုး တရားတို့သာ ကောန်ဖြစ်ပေါ်သမျှ ကာလပတ်လုံး ရှိကြလတံ့ဟု ဉာဏ်အမြင် ဖြစ်အောင် ရှုကြည့်ရမည်။ ထိုသို့ ရှုကြည့်၍မြင်လျှင် စင်စစ် ဖြစ်ပြီး,ဖြစ်ဆဲ, ဖြစ်လတံ့သော အကြောင်း သမုဒယ၊ အကျိုးဒုက္ခ အဆက်ဆက်ကိုမြင်သော လောကီဉာဏ် အဆက်ဆက်သည် ကောန်ဖြစ်၏။ ထိုလောကီဉာဏ်သည်လည်း၊ စင်စစ် ဒုက္ခသစ္စာ တရားသာဖြစ်၏။ ထိုလောကီဉာဏ်ဖြင့် အကြောင်းအကျိုး အဆက်ဆက်ကိုမြင်ပြီးသော်၊ ၎င်းအကြောင်း အကျိုးတရား နှစ်ပါးမှ လွတ်ရာသဘောကို စုံစမ်းရှာဖွေလေ၏။ ထိုသို့ စုံစမ်းရှာဖွေလတ်သော်၊ ဖြစ်ပေါ်ခြင်း တည်းဟူသော ဇာတိသဘောရှိသမျှ ၎င်းအကြောင်းအကျိုးတို့မှ မလွတ်နိုင်၊ အဘယ်ကြောင့်ဆိုသော်၊ ၎င်း အကြောင်း အကျိုး တရား နှစ်ပါးသည်၊ စင်စစ် ဖြစ်ပေါ်မှုတရားနှင့် မကင်းသည်၏ အဖြစ်ကြောင့်တည်း။ ထိုကြောင့် ဖြစ်ပေါ်မှုရှိသမျှ ကာလပတ်လုံး၊ အကြောင်း သမုဒယနှင့် အကျိုး

ဒုက္ခတရားမှ စင်စစ်မလွတ်နိုင်ဟု ဟုတ်တိုင်းမှန်စွာ သိမြင်လေ၏။ ထိုသို့သိမြင်ပြီးမှ လွတ်ရာကိုရှာသော်၊ ၎င်းဖြစ်ပေါ်သော သဘော လက္ခဏာရှိသော ဇာတိတရားနှင့် ဆန့်ကျင်ဘက်ဖြစ်လျက် ထင်ရှားရှိနေသောမဖြစ်ပေါ်သောသဘောလက္ခဏာရှိသော၊ အဇာတိတရား တပါးသည်သာလျှင်၊ ၎င်းအကြောင်း အကျိုးတရားနှစ်ပါးတို့မှ လွတ်နေသော သဘော ဖြစ်ကြောင်းကို ဉာဏ်ဖြင့် ထောက်ဆပေလေ၏။ ထောက်ဆပုံမှာ အပူရှိလျှင်အပူ၏ဆန့်ကျင်ဘက် အအေးသဘောသည် မူချ ရှိသကဲ့သို့၊ ထိုနည်းအတူ ဖြစ်ပေါ်မှု သဘောရှိလျှင် မဖြစ်ပေါ်မှု သဘောသည်လည်း ကောန်ရှိသည်သာတည်းဟု ထောက်ဆမိလေ၏။

ထိုသို့ ထောက်ဆ၍ သိအပ်သော၊ မဖြစ်ပေါ်သော သဘောသည်၊ နိဗ္ဗာန်ဖြစ်၏။ ထိုနိဗ္ဗာန်သစ္စာကို ထောက်ဆ၍ သိမြင်အပ်သောဉာဏ်သည်၊ လောကိမဂ္ဂင်မည်၏။ ၎င်းလောကိမဂ်ဉာဏ်သည်လည်း၊ ဒုက္ခသစ္စာတရားသည်သာလျှင် ကောန်ဖြစ်ပေ၏။ ထို့သို့လောကိဉာဏ်ဖြင့် ထောက်ဆသိပြီးလျှင် အဘန်တလဲလဲ အကြောင်းသမုဒယ၊ အကျိုးဒုက္ခတို့ အဆက်ဆက် ဖြစ်လျက်နေသည်ကို မျှားစွာရှု၍၊ ငြိုးငဲ့ လေလေ၊ ၎င်းတို့မှ လွတ်နေသော နိဗ္ဗာန် သစ္စာ နိဗ္ဗာန်ကိုသာလျှင် ပုန်းအောင်းရာ, လည်းလျောင်းရာထင်၏။ ဉာဏ်ဖြင့် ရောက်လေလေသာဖြစ်၏။ ထို့သို့ဉာဏ်ဖြင့်ရောက်ဖန်များ၍ စေ့လွတ်ဖန်များသော်၊ အကြင်အခါ ၎င်းနိဗ္ဗာန်သစ္စာနိဗ္ဗာန်ဟု ဆိုအပ်သော၊ မဖြစ်ပေါ်သောသဘောလက္ခဏာကို ထင်ရှားစွာ အံ့သြလောက်အောင် ထိုးထွင်းသိမြင်ခြင်းသို့ရောက်လေ၏။ ထိုအခါ ၎င်းထိုးထွင်း၍သိမြင်သောဉာဏ်သည် စင်စစ် သောတာပတ္တိ မဂ်ဉာဏ်ဖြစ်၏။ ၎င်းနောက် ထပ်မံ၍

ၵင်းနိရောဓ သစ္စာကို နှစ်ကြိမ်ဖြစ်စေ၊ သုံးကြိမ်ဖြစ်စေ၊ သိလိုက်သောဉာဏ်သည် သောတာပတ္တိဖိုလ်ဉာဏ်ဖြစ်၏။ ထိုမဂ်ဉာဏ်, ဖိုလ်ဉာဏ် ဖြစ်ပြီးနောက်၊ ပစ္စဝေက္ခဏာဝီထိများလည်း ကျလေတော့၏။ ထိုသို့ပစ္စဝေက္ခဏာများကျရောက်၍ သောတာပန်ဖြစ်ပြီးသော ပုဂ္ဂိုလ်အား၊ ဒိဋ္ဌိဝိစိကိစ္ဆာ စသော ကိလေသာတို့သည် လည်းကောင်း။ထိုကိလေသာတို့ကြောင့် ဖြစ်လတံ့သောအပါယဒုက္ခဟူသမျှ တို့သည် လည်းကောင်း။ သုဂတိ ဘဝခုနစ်ဘဝမှ အထက်၌ ဖြစ်လတံ့သော ခန္ဓာဒုက္ခဟူသမျှတို့သည်လည်းကောင်း။ အကြွင်းအကျန်မရှိဘဲ ကုယ်လေတော့၏။ ထိုနောက်တဖန်၊ ၵင်းသောတာပန်ပုဂ္ဂိုလ်သည် ရှေးနည်းအတူ ခန္ဓာဒုက္ခတို့ကိုသုံးသပ်၍ အကြောင်းအကျိုး လွတ်ရာသဘော နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုလတ်သော်၊ ရှေးကထက်သာလွန်၍ အုံသြရလောက်အောင် ဉာဏ်အမြင်သည်ဖြစ်လေ၏။ ထိုအခိုက် သကဒါဂါမိ မဂ်ဖိုလ်သို့ရောက်၍၊ ရုန့်ရင်းသော ကာမ, ရာဂ, ဗျာပါဒ စသော ကိလေသာတို့သည် လည်းကောင်း။ထိုကိလေသာတို့ကြောင့် ဖြစ်လတံ့သော အပါယဒုက္ခဟူသမျှ တို့သည် လည်းကောင်း။ သုဂတိ ဘဝခုနစ်ဘဝမှ အထက်၌ ဖြစ်လတံ့သော ခန္ဓာဒုက္ခဟူသမျှတို့သည်လည်းကောင်း။ အကြွင်းအကျန်မရှိဘဲ ကုယ်လေတော့၏။ ထိုနောက်တဖန်၊ ၵင်းသောတာပန်ပုဂ္ဂိုလ်သည် ရှေးနည်းအတူ ခန္ဓာဒုက္ခတို့ကိုသုံးသပ်၍ အကြောင်းအကျိုး လွတ်ရာသဘော နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုလတ်သော်၊ ရှေးကထက်သာလွန်၍ အုံသြရလောက်အောင် ဉာဏ်အမြင်သည်ဖြစ်လေ၏။ ထိုအခိုက် သကဒါဂါမိ မဂ်ဖိုလ်သို့ရောက်၍၊ ရုန့်ရင်းသော ကာမ, ရာဂ, ဗျာပါဒ စသော ကိလေသာတို့သည် လည်းကောင်း။ထိုကိလေသာတို့ကြောင့် ဖြစ်လတံ့သော အပါယဒုက္ခဟူသမျှ တို့သည် လည်းကောင်း။ သုဂတိ ဘဝခုနစ်ဘဝမှ အထက်၌ ဖြစ်လတံ့သော ခန္ဓာဒုက္ခတို့သည် ကုယ်လေကုန်၏။ ထိုနောက်တဖန် ၵင်းသကဒါဂါမ် ပုဂ္ဂိုလ်သည် ရှေးနည်းအတိုင်း ခန္ဓာငါးပါး ဒုက္ခတရားတို့ကို သုံးသပ်ပြန်၍၊ အကြောင်းအကျိုးမှ လွတ်ရာသဘော နိရောဓ သစ္စာ နိဗ္ဗာန်ကို အာရုံပြုလတ်သော်၊ ရှေးကထက်သာလွန်၍ အုံသြရလောက်အောင် ဉာဏ်အမြင်သည်ဖြစ်၏။ ထိုအခိုက် အနာဂါမိ မဂ်ဖိုလ်သို့ရောက်၍၊ သိမ်မွေ့သော ကာမ, ရာဂ, ဗျာပါဒ စသော ကိလေသာတို့နှင့် တဘဝမှ အထက်၌ ဖြစ်လတံ့သော ဝဋ်ဒုက္ခ ဟူသမျှတို့သည်၊ အကြွင်းအကျန် မရှိဘဲ ကုယ်လေတော့၏။ ထိုနောက်တဖန်၊ ၵင်းအနာဂါမ် ပုဂ္ဂိုလ်သည်၊ ရှေးနည်းအဟိုင်း ခန္ဓာငါးပါး၊ ဒုက္ခတရား

ဘို့ကိုသုံးသပ်ပြန်၍၊ အဲ့ကြောင်းအကျိုးမှလွတ်ရာသဘော၊နိဗ္ဗာန
သစ္စာ နိဗ္ဗာန်ကို အာရုံပြုလတ်သော်၊ ရှေးကထက်သာလွန်၍အံ့ဩြ
ရလောက်အောင် ဉာဏ်အမြင်သည်ဖြစ်၏။ ထိုအခိုက် အရဟတ္တ
မဂ်ဖိုလ်သို့ရောက်၍၊ရူပရာဂ,အရူပရာဂ,မာန,ဥဒ္ဓစ္စ,အဝိဇ္ဇာစသော
ကိလေသာတို့နှင့်တကွ၊ အလုံးစုံသော ဖြစ်ပေါ်လတံ့သောဝဋ်ဒုက္ခ
တရား ဟူသမျှတို့သည် အကုန်လုံး ကွယ်လေကုန်၏။ ပစ္စက္ခဋ္ဌိ ရှိ
သော ခန္ဓာဒုက္ခမျှသာ ကျန်နေ၍၊ အကြောင်းကုန်သောအခါ၊
ဂင်းခန္ဓာဒုက္ခ တရားစုလည်း ကွယ်လေတော့၏။ ထိုခန္ဓာဒုက္ခကွယ်
သောအဆုံး၌ ဂင်းတို့မှလွတ်နေသော၊ အာရုံပြုအပ်သော နိဗ္ဗာန
သစ္စာနိဗ္ဗာန် သဘောသာလျှင် ပဋိပက္ခဖြစ်၍ တည်လေတော့၏။
ထိုသို့နိဗ္ဗာန်သစ္စာ နိဗ္ဗာန်သာလျှင် အဆုံး၌ တည်နေသည်ကိုရည်
၍၊ သိလျှင်မလို့, နိဗ္ဗာန်ထိုရဟု သံပေါက်၌စပ်ဆိုလေသည်။ ။
ဤတွင် သံပေါက်အရ သုံးသပ်ပုံ အမြွက်ကိုပြချက်ပြီး၏။

ထိုဆိုအပ်ပြီးသော ခန္ဓာငါးပါး ဒုက္ခတရားကို သုံးသပ်၍၊
ရဟန္တာအဖြစ်သို့တိုင်အောင် ရောက်နိုင်ကြောင်းကိုလည်း၊ ဇော
အဂ်ုတ္တိရ်အဋ္ဌကထာ၊ ကေဓမ္မဝဂ်အဘွင့်၌။ ပဋ္ဌပေတေခန္ဓာဒုက္ခ
သစ္စန္တိ ဝဝတ္ထပေက္ခာ တဿပဘာဝိကာ တဏှာသမုဒယသစ္စံ၊
တဿနိရောဓေါ နိရောဓသစ္စံ၊ နိရောဓပဇာနနာ ပဋိပဒါမဂ္ဂ
သစ္စန္တိ ဧဝံပုဗ္ဗဘာဂေ၊ စတ္တာရိစသစ္စာနိ၊ ဝဝတ္ထပေက္ခာ၊ ပဋိပါဋိ
ယာ၊ အရိယာဘူမိ သြက္ကမတိဟူ၍ မိန့်ဆိုသည်ကို ထောက်လေ။
ပဋ္ဌပိ၊ ငါးပါးလည်းဖြစ်ကုန်သော။ ဇေတခန္ဓာ၊ ထိုခန္ဓာတို့သည်။
ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာမည်၏။ တဿ၊ ထိုဒုက္ခကို။ ပဘာဝိကာ၊
ဖြစ်စေတတ်သော။ တဏှာ၊ ရှေးဘဝ၌ တွယ်တာခဲ့သောတဏှာ
သည်။ သမုဒယသစ္စံ၊ သမုဒယသစ္စာမည်၏။ ဝါ၊ ဒုက္ခ၏ ဖြစ်

ကြောင်း အမှန်မည်၏။ တဿ၊ ထိုခန္ဓာငါးပါး ဒုက္ခတရား၏။ နိရောဓော၊ ဖြစ်ပေါ်မှုမရှိရာမရှိကြောင်းဖြစ်သောဘေဝသည်။ နိရောဓသစ္ဆံ၊ နိရောဓသစ္ဆာမည်၏။ ဝါ၊ ဒုက္ခတရားတို့၏ ဖြစ်ပေါ်မှုမရှိဘဲ ကုယ်ကြောင်းတရားအမှန်မည်၏။နိရောဓပဇာနနာ၊ ထိုနိရောဓသစ္ဆာကို မတွေ့မဝေအပြားအားဖြင့် သိတတ်သော။ ပဋိပဒါ၊ သမ္မာဒိဋ္ဌိတည်းဟူသော အကျင့်သည်။ မဂ္ဂသစ္ဆံ၊ မဂ္ဂသစ္ဆာမည်၏။ ဣတိဝေါ၊ ဤသို့။ ပုဗ္ဗဘာဂေ၊ ရှေ့အဘို့၌။စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ အမှန်တရားတို့ကို။ ဝဝတ္ထဓေတ္ဝာ၊ ပိုင်းခြားမှတ်သား၍။ ဘာဝေန္တော၊ ပွားများလေ့လာသော ပုဂ္ဂိုလ်သည်။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ အရိဘာဘူမိ၊ သောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာဟုဆိုအပ်သော၊ အရိယာ၏အဖြစ်သို့။ သြက္ကမတိ၊သက်လေ၏။ ဤသို့ပြဆိုသည်ကိုထောက်၍၊ ခန္ဓာငါးပါး ဒုက္ခတရားတို့ကိုသုံးသပ်၍ ရဟန္တာတိုင်အောင် ဖြစ်နိုင်ကြောင်းကို ထင်ရှားသိကြလေ။

ဤတွင် ငါးဖြစ်ပူပင်၊ လိုချင်မသီ၊ သိလျှင်မလို၊ နိဗ္ဗာန်ထိုရ်။ ဟူသော သံပေါက်၏အရ၊ သုံးသပ်ပုံကို အမြွက်မျှပြသော နည်းပြီး၏။ ဤသံပေါက်သည် ဇာတိဒုက္ခကို အစဲပြု၍ပြသော အရာဖြစ်သည်။

ပဥ္စုပ္ပါဒါနက္ခန္ဓာကို ပြပြန်ဦးအံ့။ ။ငါးဖြစ်စဲပူ၊ လိုမှုမသီ၊ သိမှုမလို၊ နိဗ္ဗာထိုရ်။ (၁) ငါးဖြစ်ကား၊ခန္ဓာငါးပါးဖြစ်ပေါ်လာသည်ကိုဆိုလိုသည်။ (၂) စဲပူကား၊ ၎င်းခန္ဓာငါးပါး ဖြစ်ကြလျှင်၊ ငါ,သူ,မိန်းမ, ယောကျ်ား, သားသမီးဟူ၍ စဲလန်းခြင်းကြောင့်၊ ပျက်စီးတိုင်း, ပျက်စီးတိုင်း ပူပင်ရ၏။ ကွဲကွင်းတိုင်း,

ကွေကွင်းတိုင်း ပူပင်ရ၏။ မကွေကွင်းမှိုလည်း ကွေကွင်းလတံ့သည်ကိုမြင်၍ ပူပင်ရ၏။ စင်စစ် စဲလန်းသမျှပူရသည်သာ ဖြစ်၏ဟူလို။ (၃) လိုမှုမသိကား၊ စင်စစ်မသိခြင်းကြောင့်သာ လိုချင်သည်ဟူလို။ (၄) သိလိုမှုကား၊ စင်စစ် စဲလန်းသမျှ အပူဘဲဟု သိလျှင်မလိုချင်ပြီ။ ။ထိုအခါရှေးနည်းအတိုင်း၊နိဗ္ဗာန်သဘောကို အာရုံပြု၍ကြည့်လေအပ်၏။ ထိုအခါ နိဗ္ဗာန်အဓိကို၊ တွေ့မြင်လေ၏။ ထိုကဲ့သို့မြင်၍ အဘန်ဘန်အာရုံပြု၍၊ မဂ်လေးကြိမ် ဖြစ်လျှင်၊ စဲလန်းခြင်းဟူသမျှ, လိုချင်ခြင်းဟူသမျှ ပျောက်ငြိမ်း၍၊ ကိလေသာနိဗ္ဗာန်၊ ခန္ဓနိဗ္ဗာန်၊ အသင်္ခတနိဗ္ဗာန်သို့ ရောက်လေ၏ဟူလို။ ထိုကြောင့် နိဗ္ဗာန်ထိုရဆိုသည်။

ဤတွင် ဝိညာဏာနုပဿနိကျမ်းပြီး၏။

သမထ ဝိပဿနာ ရှုနည်း။

ရှေးဦးစွာအမိဝမ်းဌ် (၁) ဝတ္ထုဒသက ကလာပ်။ (၂) ကာယဒသက ကလာပ်။ (၃) ဘာဝဒသက ကလာပ်သုံးစည်း ဖြစ်၏။ တစည်းတစည်းဌ် အပူဟု ခေါ်သော တေဇောဓါတ်သည် တခုတခုစီရှိပေ၏။ ထိုသို့ရှိခြင်းကြောင့်၊ အပူဓါတ် သုံးခုဖြစ်၏။ ၎င်းအပူဓါတ်သုံးခုကို ပရမတ္ထ သဘော ပေါက်အောင် ရှာလေ။ ထိုနောက်မိမိ၏အမိဝမ်းထဲဌ်ဖြစ်စ အပူသုံးခု၊ သူတပါးတို့၏ အမိဝမ်းထဲဌ်ဖြစ်၍ အပူသုံးခုတို့ကို တခု,တခုစီ သဘောလက္ခဏာကို လှည့်၍ကြည့်နေလျှင်၊ ကိလေသာသည် ငြိမ်း၏။ ထိုသို့ငြိမ်းသည်ကို သမထဟုခေါ်သည်။

ထိုနောက် ဝိပဿနာရှုနည်းမှာ။ ။၎င်းအပူဓါတ် တခုခုကို အကောင်,အသက်,သတ္တဝါ,မဟုတ်သည်ကို ကြည့်၍၊ မဟုတ်မှန်း သိလျှင်အနတ္တထင်၏။ ထိုသို့ထင်မြင်၍ ရှုနည်းကိုအနတ္တဝိပဿနာ ရှုနည်းဟုခေါ်သည်။ ။ဝိပဿနာဆိုသည်မှာ၊ ဟုတ်မှန်တိုင်းကို စင်ကြယ်စွာ ရှုမြင်မှုကိုဆိုသည်။ ထိုနည်းအတူ တည်ရာပထဝီကို လည်းရှုလေ။ ၎င်းအပူဓါတ်နှင့် တည်ရာတခုခုတို့၏ အကြားဌ် ကပ်တတ်သော အာပေါဓါတ် သဘောကိုလည်းကောင်း၊ ၎င်းဓါတ်တို့၏ အတွင်းဌ်ပါရှိသော တွန်းကန် တတ်သော သဘော ဝါယောဓါတ်တို့ကိုလည်းကောင်း၊ သမထဝိပဿနာနှစ်နည်းပြု၍ ရှုလေ။ ။ထိုနောက် ၎င်းဓါတ်လေးပါး ရှိတိုင်းဌ် အာဆင်း သဘောဝဏ္ဏ၊ အနံ့သဘောဂန္ဓ၊ အရသာသဘောရသ၊ ရုပ်ကိုတိုးပွါးစေတတ်သောသဘော သြဇာတို့လည်းရှိကြ၏။ ၎င်းသဘောလေးပါးတို့ကိုလည်း အပူသဘောကဲ့သို့ သမထနည်း၊ ဝိပဿနာနည်း နှစ်ပါးပြု၍ရှုလေ။

ထိုသို့ရှုပြီးမှ ၎င်းဓါတ်ရှစ်ပါးတို့သည် ကံကြောင့် ဖြစ်သော် ကလာပ်၊ စိတ်ကြောင့်ဖြစ်သောကလာပ်၊ ဥတုကြောင့်ဖြစ်သော ကလာပ်၊အာဟာရကြောင့် ဖြစ်သောကလာပ်၊၎င်းကလာပ်တို့၌ ဓါတ်ရှစ်ပါးပါရှိပေ၏။ ပါရှိသောကလာပ်တို့ကိုအမိ ဝမ်းထဲက စ၍ အစဉ်အတိုင်း ကလာပ်စု, ကလာပ်ခဲ တိုးပွါးပြီးလျှင်၊ ဆယ်လတိုင်ရောက်၍ မွေးဖွားသည်တိုင်အောင် ကြည့်လျှင်၊ ကလာပ်အစုအဝေးမျှသာ ဖြစ်ကြောင်းကိုထင်မြင်လတံ့။ ထိုသို့ထင်မြင်ပြီးမှ ရှေ့ကိုအစဉ်အတိုင်းကြီးသည်တိုင်အောင်၊ ကလာပ်တိုးပွါး၍ကြည့်ပြီးမှ အစဉ်အတိုင်း ၎င်းဓါတ်ကလာပ်ကို တစိုးတကြိမ် ဘကြိမ်စီ နှုတ်၍ကြည့်၊ ကြည့်ပြီးတဖန်ပြန်၍ စုပုံကြည့်၊ ဤသို့ကြည့်လျှင် စင်စစ် အကောင်အထည်, သတ္တဝါ,အသက် စသည်မရှိဘဲ၊ ၎င်းကလာပ်စုမျှသာ ရှိကြောင်းကိုကောင်းစွာ ထင်မြင်လေတော့၏။ ထိုနောက် စကြာဝဠာအနန္တအတွင်း၌ ရှိရှိသမျှသော သတ္တဝါခေါ်သော ခန္ဓာတို့ကိုလည်း ထိုနည်းအတူ ဓါတ်ကလာပ်တွေကို နှုပ်၍စုကြည့်လေလျှင်၊ စင်စစ် ၎င်းဓါတ်ကလာပ်အစုအဝေးမျှသာ ထင်၍၊ ပဋိလ်သတ္တဝါ အကောင် အသက်ပျောက်လေ၏။အနတ္တသဘောသာ အမှန်မုချ ထင်လေတော့၏။ ထိုသို့ထင်သောအခါ အတ္တအစဲလည်းပျောက်လေတော့၏။ ။ ဤတွင်သတ္တလောကကို အနတ္တကြည့်မှုပြီး၏။

သတ္တလောကကိုကြည့်ပြီးနောက်၊ ဩကာသလောကအတွင်းကိုလည်း ကြည့်ရာ၏။ ကြည့်ပုံမှာ။ ။အလုံးစုံသော မြေပြင်, ရေပြင်, တောတောင်, သစ်ပင်, ချောင်း,ပုလဲ, ပတ္တမြား, အဝတ်, ပုဆိုးဟူသမျှဥ်ရှိသောဓါတ်ရှစ်ပါးကိုနှုပ်၍၊ စု၍ကြည့်လေ။ ထိုသို့ကြည့်လျှင် ဓါတ်ရှစ်ပါးအစုအဝေးမျှသာရှိကြောင်းကို မုချထင်

မြင်လတံ့။ စင်စစ် ရေပြင်,မြေပြင်,တောတောင်,ရွှေ,ငွေ စသည် မရှိကြောင်းကိုထင်မြင်လတံ့။ ထိုအခါအလုံးစုံသော သြကာသ လောကကိုလည်း၊ အနတ္တအားဖြင့် ပိုင်သည်မည်၏။

(အနတ္တအချက်ကြည့်ပုံပြီး၏။)

အနိစ္စအချက် အကျဉ်းရှုနည်း။

ပူလိုက်အေးလိုက်၊ ဖြစ်ပျက်လိုက်၊ မှတ်လိုက်, စဉ်လိုက်သာ ရှေ့နှင့်နောက်သာ မတူပါ၊ စဉ်လာဖြစ်ပျက်မှု။

ဥတုအတွက်၊ ပူခိုက်၌ဖြစ်သော ဓါတ်ရှစ်ပါးသည် အေးခိုက်သို့ မရောက်ဘဲပျက်စီးတတ်၏။ အေးခိုက်၌ဖြစ်သော ဓါတ်ရှစ်ပါးသည် ပူခိုက်သို့မရောက် ပျက်စီးတတ်၏။ ဤသို့လျှင် ပူလိုက်, အေးလိုက်, ဖြစ်လိုက်, ပျက်လိုက်နေကြ၏။ မြင်အောင် ကြည့်လေ။

တနည်း။ ။ပူစဉ်၌ဖြစ်သောဓါတ်ရှစ်ပါးသည်၊ထိုထက်တိုး၍ ပူလျှင်၊ ရှေးအပူနှင့်ဓာတ်အစုသည်ပျက်၍၊ နောက်တိုး၍ ပူသော ဓာတ်အစုသည် ဆက်၍ဖြစ်၏။ဤသို့လျှင် အပူတိုးတိုင်း-တိုးတိုင်း မရပ်မစဲ ဖြစ်ပျက်နေသည်ကိုကြည့်လေ။ အပူဆုတ်သောအခါလည်း ရှေးအပူနှင့် ဖြစ်သော ဓာတ်အစုသည် ပျက်၍ ပျက်၍၊ နောက်အပူနှင့်ဖြစ်သော ဓာတ်အစုသည် ဆက်၍ဆက်၍ ဖြစ်ကြသည်ကိုလည်းရှုလေ။

ဆာလိုက်၊ ဝလိုက်၊ ဖြစ်ပျက်လိုက်၊ မှတ်လိုက်, စဉ်လိုက်သာ၊ ရှေ့နှင့်နောက်သာ မတူပါ၊ စဉ်လာဖြစ်ပျက်မှု။

(အာဟာရအတွက်ဖြစ်ပျက်ပုံ) ဆာသောအခါ ရုပ်သည် ညှိုးနွမ်း၏။ ဝသောအခါရုပ်သည်လန်း၏။ ညှိုးသောအခါ၌ ဖြစ်သော ရုပ်ခဝတ်ရှစ်ပါးသည်၊ လန်းသောအခါသို့ မရောက်ဘဲ ဖြစ်ပျက်၏။ လန်းသောအခါ၌ ဖြစ်သော ရုပ်ရှစ်ပါးသည်ညှိုးသောအခါသို့ မရောက်ဘဲဖြစ်ပျက်၏။ ဆာစဉ် ဖြစ်သောရှေ့ရုပ်သည် ထိုထက်တိုး၍ဆာသော ရုပ်သို့မရောက်မှု၍ဖြစ်ပျက်၏။ထိုနည်းအတူအဆာတိုးတိုင်း-တိုးတိုင်း၊ အဆာပြေတိုင်း-ခပြေတိုင်း။ မရပ်မစဲပျက်စီး၍နေပုံကိုကြည့်လေ။

ဝစဉ်ဖြစ်သော ရုပ်သည်၊ ထိုထက်တိုး၍ ဝရာသို့ မရောက်ဘဲ ဖြစ်ပျက်၏။ ထိုနည်းအတူ အဝတိုးတိုင်း-တိုးတိုင်း၊ အဝဆုတ်တိုင်း-ဆုတ်တိုင်း၊ မရပ်မစဲဖြစ်ပျက်နေသည်ကို ကြည့်လေ။

(အာဟာရအချက်ပြီး၏။)

ရှင်လိုက်-နောက်လိုက်၊ ဖြစ်ပျက်လိုက်။ မှတ်လိုက်, စဉ်လိုက်သာ၊ ရှေ့နှင့်နောက်သာ မတူပါ၊ စဉ်လာဖြစ်ပျက်မှု။

(စိတ်ကြောင့်ဖြစ်ပုံ) ရှင်ခိုက်၌ ဖြစ်သော ရုပ်အစုသည် ကြည်လင်စိုရွှမ်းသော ရုပ်အစုဖြစ်၏။ နောက်ခိုက်၌ဖြစ်သော ရုပ်အစုသည် ညှိုးနွမ်းမဲပုပ်သောရုပ်အစုဖြစ်၏။

ရှင်ခိုက်၌ ဖြစ်သောရုပ်အစုသည်၊ နောက်ခိုက်၌ဖြစ်သော ရုပ်အစုသို့ မရောက်ဘဲ၊ ထိုရှင်ခိုက်၌ပင်ဖြစ်၍ ချုပ်လေ၏။ နောက်ခိုက်၌ ဖြစ်သော ရုပ်အစုသည်လည်း ရှင်ခိုက်သို့မရောက်ဘဲ။ ထို

နောက်ခိုက်၌ပင် ဖြစ်၍ချုပ်လေ၏။ ဤ သို့လျှင် ရုံခါ ရှင်၊ရုံခါ နောက်၊ ဖြစ်တိုင်းဖြစ်တိုင်း ၎င်းစိတ်ကြောင့်ဖြစ်သော ရုပ်တို့သည် လည်း ဖြစ်ပြီးလျှင် ပျက်၍ပျက်၍သာသွားကြလေ၏။ ထို့နည်း အတူ၊ ရှင်ခိုက်၌ ဖြစ်သော ရုပ်အစုသည်လည်း ရှင်ခြင်းတို့းတိုင်း-တို့းတိုင်း၊ ရှေ့နှင့်နောက်မတူဘဲ၊ မရပ်မစဲ ပျက်စီး၍သာသွားကြလေ၏။ ဆုတ်တိုင်း ဆုတ်တိုင်းလည်း ပျက်စီး၍သာ သွားကြလေ၏။ ထို့သို့ပျက်စီးပုံကို ကြည့်၍မြင်လျှင်၊ စိတ္တဇရုပ်တို့၏ အနိစ္စကို မြင်သည်မည်၏။

(စိတ္တဇရုပ်အနိစ္စပြီး၏။)

မြင်တိုင်း၊ ကြားတိုင်း၊ နမ်းလျက်တိုင်း၊ ထိတိုင်းပျောက်၏သာ။

ကမ္မဇကလာပ်ရှုနည်း။

အဓိပ္ပါယ်မှာ၊ အဖြူဟုဆိုသော ရူပါရုံကို မြင်သည့်အခါ၎င်း၊ ရူပါရုံသည် မိမိထင်ရာဖြစ်သော စက္ခုနှင့် ဥပါဒ် ပြိုင်၍ဖြစ်ကြ၏။ ထို့သို့ဖြစ်ရာ၌၎င်း ရူပါရုံနှင့် ဥပါဒ်ပြိုင်ဖြစ်သော စက္ခုဟု ခေါ်သော မျက်စိအကြည်သည် ကံကြောင့်ဖြစ်၏။ ထိုစက္ခုသည် တခု တည်းမဖြစ်၊ မိမိမှီရာဖြစ်သော မဟာဘုတ်လေးပါးကိုမှီ၍ဖြစ်၏။ မဟာဘုတ်လေးပါး ဖြစ်ကလည်း အဆင်း၊အနံ့၊ အရသာ၊ ရုပ်တို့ကို ပွားစေတတ်သော သြဇာသဘောတို့လည်း အတူဖြစ်၏။ စောင့်ရှောက်တတ်သော ရုပဇီဝိတိန္ဒြေလည်း အတူဖြစ်၏။ ဤသို့လျှင် စက္ခုတခုဖြစ်လျှင် အတူတကွ ကျန်ရုပ်ကိုးခုလည်း တပြိုင်

နက် ဖြစ်ရကား၊ ရုပ်ဆယ်ခု တပြိုင်နက်ဖြစ်၏။ ဖြစ်ပြီးလျှင် ထိုအာဆင်းနှင့်ပင် ကွယ်ပျောက်လေ၏။ ဤသို့လျှင် မြင်တိုင်း, မြင်တိုင်းစက္ခုနှင့် ရုပ်ဆယ်ခုတို့သည် မပြတ်မလပ်ဖြစ်ပျက်ကြ၏။ ထိုနည်းအတူ၊ ကြားတိုင်း ကြားတိုင်း၌လည်း အသံနှင့်အတူ ဥပါဒ်ပြိုင်သော နားအကြည်နှင့်တကွ ရုပ်ဆယ်ခုတို့လည်း ကံကြောင့်ဖြစ်၍ ပျက်ကြပြန်၏။ ထိုနည်းအတူ နမ်းတိုင်း နမ်းတိုင်း၌လည်း အနံ့နှင့်အတူ ဥပါဒ်ပြိုင်သော နှာခေါင်း အကြည်ဓာတ်နှင့်တကွ၊ ရုပ်ဆယ်ခု အပေါင်းသည် ကံကြောင့်ဖြစ်၍ ပျက်ကြလေ၏။ ထိုနည်းအတူ လျက်တိုင်း လျက်တိုင်း၌လည်း၊ အရသာနှင့်အတူ ဥပါဒ်ပြိုင်သော လျှာအကြည်ဓာတ်နှင့်တကွ၊ ရုပ်ဆယ်ခု အပေါင်းသည်လည်း၊ ကံကြောင့် ဖြစ်၍, ဖြစ်၍ပျက်ကြလေ၏။ ထိုနည်းအတူ တွေ့ထိစမ်းသပ်တိုင်း၊ ကာယဋ္ဌ ပေါ်သော အကြည်ဓာတ်နှင့် ရုပ်ဆယ်ခုအပေါင်းသည် ကံကြောင့် ဖြစ်၍-ဖြစ်၍ ပျက်ကြလေ၏။ ထိုအဆင်း, အသံ, စသော အာရုံတို့နှင့် မတွေ့ဘဲလျက်လည်း၊ မရပ်မစဲကံကြောင့်၊ ဥပါဒ်တိုင်း, ဌိတိုင်း, ဘင်တိုင်း ဖြစ်ကြသော စက္ခုဒသက, ကလာပ်၊ သောတဒသက, ကလာပ်၊ ဃာနဒသက, ကလာပ်၊ ဇိဝှာဒသက, ကလာပ်၊ကာယဒသက, ကလာပ်တို့သည်လည်း၊ စိတ္တက္ခဏ တဆယ် ခုနစ် ချက် ခန့်သာတည်၍၊ ချုပ်ကြလေကုန်၏။ ထိုသို့ဖြစ်လျက်၊ ချုပ်ပျောက်သည်ကိုမြင်အောင် ကြည့်၍မြင်လျှင် ကမ္မဇကလာပ်တို့၏ အနိစ္စကို မြင်သည်မည်၏။ ထိုကဲ့သို့ မရပ်မစဲ တသဲသဲဖြစ်လျက် ပျက်စီးနေသော ကံ, စိတ်, ဥတု, အာဟာရ တို့ကြောင့်ဖြစ်သော ရုပ်တရားစုဥ စင်စစ် ချမ်းသာခွင့်သည်ရှိ၏လော ဟု ကြည့်လျှင် စင်စစ်သက်သာခွင့်၊ ချမ်းသာခွင့် မရှိသည်ကိုသာ တရေးရေးမြင်လေ၏။ ထိုအခါ ဒုက္ခချက်ကို မြင်သည် မည်၏။

ဘာဝနာကျင့်စဉ်အကျဉ်းချုပ်။

ထိုကဲ့သို့ သတ္တဝါ, အကောင်, အသက် မဟုတ်ဘဲလျက်၊ မရုပ်မစဲတသဲသဲ ပျက်စီးလျက်၊ ဒုက္ခဖြစ်နေသော ၎င်းရုပ်တရားစုတို့ကို နှစ်သက်စရာ ရှိ၏လောဟကြည့်လျှင် စင်စစ် နှစ်သက်စရာ ဟူ၍ မမြင်မတွေ့ပြီ၊ စင်စစ် စက်ဆုပ်ဘွယ်သာ မြင်လေတော့၏။ ထိုအာခါ အသုဘကို မြင်သည်မည်၏။ ထိုကဲ့သို့မြင်ပြီးမှ ဖြစ်ပြီး,ဖြစ်ဆဲဖြစ်လတံ့ ရုပ် ဟူသမျှကိုပင် စင်စစ် နိစ္စ, သုခ, သုဘ, သတ္တမထင်အောင် အတန်တန်ရှုလေ။ထိုသို့ ရှုမြဲထင်မြင်လျှင်ရုပ်တရား၌ ဒုက္ခ သစ္စာကို ပိုင်ပိုင် နိုင်နိုင် ထိုးထွင်းမြဲသိ၏။

(ရုပ်၌ ဒုက္ခသစ္စာကို ပြချက်ပြီး၏။)

နာမ်တရားရှုနည်းအကျဉ်း။

(သို့တွေ့, ခံစား, မှတ်, စေ့ဆော်ပြုလုပ်, တည့်, စောင့်ရှောက်, နှလုံးသွင်း။)

(၁) သို။ ။ဆိုသည်ကား၊ အာရုံတခုခုကို သိတတ်သော စိတ်သဘောကိုဆိုသည်။

(၂) တွေ့။ ။ဆိုသည်ကား၊ ၎င်းစိတ်နှင့်အတူ၊ ၎င်းစိတ် သိအပ်သော အာရုံ၌တွေ့တတ်သော ဖဿ သဘောကို ဆိုသည်။

(၃) ခံစား။ ။ဆိုသည်မှာ၊ ၎င်းစိတ်နှင့် အတူ ဖြစ်သော ၎င်းစိတ်သိအပ်သော အာရုံကိုခံစားတတ်သောဝေဒနာ သဘောကိုဆိုသည်။

(၄) မွတ်။ ။ဆိုသည်မှာ၊ ၎င်းစိတ်နှင့် အတူဖြစ်သော ၎င်းစိတ်သိအပ်သော အာရုံကို မှတ်တတ်သော သညာသဘောကိုဆိုသည်။

(၅) စေ့ဆော်ပြုလုပ်။ ။ဆိုသည်မှာ၊ ၎င်းစိတ်နှင့်အတူဖြစ်သော၊ ၎င်းစိတ်သိအပ်သော အာရုံကို အာရုံပြု၍၊ မိမိနှင့်အတူဖြစ်သော တရားတို့ကို စေ့ဆော် တိုက်တွန်းခြင်းကိုပြုလုပ်တတ်သော စေတနာသဘောကိုဆိုသည်။

(၆) တည်။ ။ဆိုသည်မှာ၊ ၎င်းစိတ်နှင့် အတူ ဖြစ်သော ၎င်းစိတ် သိအပ်သော အာရုံတခုတည်းဌိသော မိမိနှင့် အတူဖြစ်သော တရားတို့ကို တည်စေတတ်သော ဧကဂ္ဂတာ စေတသိက် သဘောကိုဆိုသည်။

(၇) စောင့်ရှောက်။ ။ဆိုသည်မှာ၊ ၎င်းစိတ်နှင့် အတူဖြစ်သော၊ ၎င်းစိတ်သိအပ်သော အာရုံကို အာရုံပြု၍ မိမိနှင့် အတူဖြစ်သော သဘောတရားတို့ကို အစိုးတရ စောင့်ရှောက်ခြင်းသဘော လက္ခဏာရှိသော နာမ်ဇီဝိတိန္ဒြေ စေတသိက် သဘောကိုဆိုသည်။

(၈) နှလုံးသွင်း။ ။ဆိုသည်မှာ၊ ၎င်းစိတ်နှင့် အတူ ဖြစ်သော၊ ၎င်းစိတသိအပ်သော အာရုက္ခကို နှလုံးသွင်းတတ်သော သဘောလက္ခဏာရှိသော မနသိကာရ စေတသိက် သဘောကို ဆိုသည်။

ဤပြဆိုခဲ့ပြီးသော စိတ်သဘောတခုနှင့် ကျန်သောစေတသိက် သဘော ခုနစ်ခုတို့သည်၊ အခါခပ်သိမ်း မကွေမကွာမီးနှင့်အလင်း

ကဲ့သို့ ဖြစ်ကြပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့် စေတသိက် ခုနစ်ခုနှင့် စိတ်သဘောတခုကိုသာ အချေပြု၍ ပြပေအံ့။

အပူဓောတ်တခုကို အာရုံပြု၍သိသောအခါ၌၊ ၎င်းအာရုံကို သိတတ်သော သဘောသည်လည်း အကောင်အထည် ဒြပ် သဏ္ဌာန် မရှိ၊ သဘောသတ္တိမျှသာ ဖြစ်ကြောင်းကို ဉာဏ်ဖြင့် ပိုင်အောင်ကြည့်လေ။ ထိုသိခိုက် သိတတ်သော သဘောနှင့် အတူဖြစ်သော ၎င်းအာရုံကို တွေ့တတ်သော ဖဿ သဘော၊ ထိုအပူဓောတ် အာရုံကို ခံစားတတ်သော ဝေဒနာသဘော၊ ထိုအပူဓောတ် အာရုံကို အာရုံပြု၍ စေ့ဆော်ပြုလုပ်တတ်သော စေတနာသဘော၊ ထိုအပူဓောတ်အာရုံကို အာရုံပြု၍ တည်စေတတ်သော ဧကဂ္ဂတာသဘော၊ ထိုအပူဓောတ်အာရုံကို အာရုံပြု၍ စောင့်ရှောက် တတ်သော ဇီဝိတိန္ဒြေသဘော၊ ထိုအပူဓောတ်အာရုံကို အာရုံပြု၍ နှလုံးသွင်းတတ်သော မနသိကာရ သဘောတို့ကိုလည်း အကောင်အထည် ဒြပ် သဏ္ဌာန်မရှိ၊ စင်စစ် သဘော သတ္တိမျှသာ ဖြစ်ကြောင်းကို ဉာဏ်ဖြင့် ပိုင်အောင် ကြည့်လေ။ ထိုသို့ ပိုင်အောင် ကြည့်ပြီးမှ ၎င်း သဘောတို့သည် အကောင်, သတ္တဝါ, အသက် မဟုတ်မှန်းကို သိလျှင် အနတ္တထင်၏။ ၎င်းသဘောတို့၏ဖြစ်စဉ်သည်၊ ဇာတိမီးမည်၏။ ၎င်းသဘောတို့ တည်ဆဲအခါ၊ အားယုတ်လျော့စေမှုသည် ဇရာမီးဖြစ်၏။ ၎င်းသဘောတို့၏ ပျက်ခိုက်သည် မရဏာမီးမည်၏။ ဤသို့လျှင် ၎င်းအသိသဘောနှင့်တကွ တွေ့ထိမှုစသော စေတသိက် သဘောခုနစ်ခု၊ ပေါင်းရှစ်ပါးသော သဘောတို့ကို ပေါ်လာသည်ကစ၍၊ မီးသုံးပါးတရားတို့သည် လောင်ကျွမ်းကုန်ခမ်းစေ၏။ ထိုသို့ ကုန်ခမ်းပျက်စီး သွားသည်ကို မြင်အောင်ရှု၍ မြင်လျှင် အနိစ္စ ထင်မြင်သည် မည်၏။

ထိုကဲ့သို့ မီးသုံးပါး လောင်မှုကိုခံရသော ၎င်းသဘောတို့၌ သက်သာခွင့် ရှိမရှိကို ဆင်ခြင်၍ကြည့်လျှင်၊ စင်စစ် သက်သာခွင့် မရှိသည်ကိုတွေ့မြင်လေ၏။ ထိုအခါ ဒုက္ခချက်ကိုမြင်သည်မည်၏။ ၎င်းအနိစ္စ, ဒုက္ခဖြစ်၍ ကုန်ခမ်းသွားလေသော်၊ ၎င်းသဘောတို့ကို သတ္တဝါ၏ ဥစ္စာ ဟူ၍၎င်း၊ သတ္တဝါ ဟူ၍၎င်း၊ သတ္တဝါ၏ အစိုးပိုင်သော သဘောတရား ဟူ၍၎င်း၊ ဆိုနိုင်စရာ ရှိ၏လောဟုကြည့်လျှင် စင်စစ် မဆိုနိုင်သည်ကို သိလေ၏။ ထိုအခါလည်း အနတ္တချက်ကိုသာ၍ ပိုင်သည်မည်၏။ ထိုကဲ့သို့ မမြဲခြင်းသဘောအနိစ္စ၊ သက်သာခွင့်မရှိသောဒုက္ခ၊ သတ္တဝါ, သတ္တဝါ၏ အစိုးပိုင်သော ဥစ္စာ စသည် မဟုတ်သော ၎င်းစေတသိက် သဘောတို့ကို မြတ်နိုး စုံမက်စရာ ရှိ၏လောဟုကြည့်လေ။ ထိုသို့ကြည့်လျှင် စင်စစ် နှစ်သက်စရာကို မတွေ့မမြင်လတံ့။ ထိုအခါအသုဘချက်ကို ပိုင်သည်မည်၏။ ဤကား အသိစိတ်သဘော်ဘတချက်နှင့် ၎င်းနှင့်ယှဉ်သော စေတသိက်သဘောတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘချက် ထင်အောင်ရှုပုံ။

ဤနည်းကိုအမှီပြု၍၊ နောက်နောက်၌ ရှိသမျှ ရုပ်တရား,နာမ်တရားတို့ကိုအာရုံပြု၍ သိဟိုင်းသိတိုင်းဌိလည်း၊ သတ္တဝါအကောင် အသက်မရှိသည်ကိုလည်းကောင်း ပေါ်လာလျှင် စင်စစ် ဇာတိ, ဇရာ,မရဏ, မီးသုံးပါး လောင်ကျွမ်းသည်ကိုဂုဏ်း၊ မီးလောင်ခြင်းခြင်းခြင်းကြောင့်သက်သာခွင့်သုခမရှိသည်ကိုလည်းကောင်း၊ အဖန်ဖန် မိမိသတ္တာန်-သူတပါးသတ္တာန်တိုင်းဌ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတံ့တည်းဟူသော ကာလသုံးပါးစလုံးတို့ကို သိမ်းကျုံး၍ကြည့်လေ၊ ထိုသို့ကြည့်၍ မြင်လျှင် နာမ်တရားဌ ဒုက္ခသစ္စာကိုပိုင်ပိုင်နိုင်နိုင်မြင်သည်မည်၏။ ။နာမ်တရား၏ ဒုက္ခသစ္စာချက်ကို ပြချက်ပြီး၏။

သမုဒယသစ္စာအကျဉ်းရှုပုံ။

မသိ၍ လိုချင်၊ လိုချင်၍စွဲလန်း၊စွဲလန်း၍မကောင်းမှုကောင်းမှုကို ပြုလုပ်၊ ပြုလုပ်၍ ထိုထိုဘုံဘဝ၌ ရုပ်နာမ်အစုဒုက္ခဖြစ်။

(မသိ)ဆိုသည်မှာ သစ္စာလေးပါးကို မသိတတ်သောအဝိဇ္ဇာသဘောကိုဆိုသည်။

(လိုချင်) ဆိုသည်မှာ ကာမ-ရူပ-အရူပ-စသည်ကို တပ်သောတဏှာသဘောကိုဆိုလိုသည်။

(ဥပါဒါန်) ဆိုသည်မှာ စွဲလန်းခြင်းသဘော၊ တဏှာဒိဋ္ဌိကိုဆိုသည်။

(မကောင်းမှု၊ ကောင်းမှုကိုပြုလုပ်)ဆိုသည်မှာ ထိုအစွဲအလန်းကြောင့်၊ ရံခါ အကုသိုလ်ကံ၊ ရံခါကာမကုသိုလ်ကံ၊ ရံခါ ရူပကုသိုလ်ကံ၊ ရံခါ အရူပကုသိုလ်ကံကို ပြုလုပ်ခဲ့ဘူးကြသည်ကိုပြသည်။

(ပြုလုပ်၍ ရုပ်နာမ်အစုဒုက္ခဖြစ်) ဆိုသည်မှာ ရှေးလွန်လေပြီးသောဘဝတို့က ပြုလုပ်ခဲ့သော ကုသိုလ် အကုသိုလ်တို့တွင် တပါးပါးသည် အလှည့်သင့်၍၊ထိုထိုသောဘုံတို့၌ ရုပ်နာမ်အစုဒုက္ခသာဖြစ်ပေါ်သည်။ သတ္တဝါ, ပုဂ္ဂိုလ်, အသက်, အကောင်ဟူ၍ မဖြစ်ဆိုသည်။

ဤအရာ၌ အကြောင်းအကျိုးရှုပုံမှာ၊ ရှေးဘဝက မသိတတ်သောအဝိဇ္ဇာ။ လိုချင်သောတဏှာ၊ စွဲလန်းသော ဥပါဒါန်၊ မကောင်းသော အကုသိုလ်ကံ သန်ဒါရတို့ကြောင့်။ အပါယ်ဘုံ၌ ရုပ်နာမ်အစုဒုက္ခသစ္စာတရားတို့သည်ဖြစ်ကုန်၏။ ရှေးဘဝကမသိတတ်သော သဘောအဝိဇ္ဇာ။ လိုချင်တတ်သောတဏှာ၊ စွဲလန်းသောဥပါဒါန်၊ကာမကုသိုလ်တည်းဟူသောကံကြောင့်လူ့ဘုံနတ်

ဘုံဥဿရုပ်နာမ်အစုံဒုက္ခသစ္စာတရားဖြစ်၏၊ ရှေးဘဝကမသိတတ်သော အဝိဇ္ဇာ၊ လိုချင်တတ်သောတဏှာ၊ စွဲလန်းတတ်သော ဥပါဒါန်။ ရူပကုသိုလ်ကံဟူသော အကြောင်းတို့ကြောင့် အသညသတ်ကြဉ်သော ရူပဘုံဥဿ နာမ်ရုပ်အစုဒုက္ခသစ္စာဖြစ်၏။ ရှေးဘဝကမသိတတ်သော အဝိဇ္ဇာ၊ လိုချင်တတ်သောတဏှာ၊ စွဲလန်းတတ်သော ဥပါဒါန်၊ အာနဉ္ဇာဘိသင်္ခါရ တည်းဟူသော အရူပကုသိုလ်ကံကြောင့် အရူပလေးဘုံဥဿ နာမ်အစုဒုက္ခသစ္စာတရားဖြစ်၏။

ထိုဖြစ်ကုန်သော ဒုက္ခသစ္စာရုပ်နာမ်တရားတို့သည် အစဉ်ဖြစ်ပျက်လျက် အခြောင်းကုန်သည့်အခါ ကွယ်ပျောက် ကြလေကုန်၏။ ကံတရားကြောင့် တဖန် ထိုက်သည်အားလျော်စွာပေါ်ကြပြန်၏။ ဤသို့လျှင် အစမထင် သံသရာကစ၍ ဤနည်းအတူ အကြောင်းအကျိုးဆက်ခါဆက်ခါ ဖြစ်နေကြသည်ကိုမြင်အောင် ဉာဏ်ဖြင့်ကြည့်လေ။ ထိုသို့ကြည့်၍ အကြောင်း အဆက်ဆက် အကျိုးအဆက်ဆက်ကို မြင်လျှင် ဒုက္ခသမုဒယသစ္စာ နှစ်ပါးကို ကောင်းစွာမြင်သည်ပင်၏။ ထိုနှစ်ပါးတို့တွင် အကြောင်းကား သမုဒယသစ္စာဖြစ်၏။ အကျိုးကား ဒုက္ခသစ္စာဖြစ်၏။ အကြောင်းကိုမြင်သောဉာဏ်သည် သမုဒယကိုမြင်သော ဉာဏ်မည်၏။ ရုပ်နာမ်အစုဒုက္ခကို မြင်သောဉာဏ်သည်၊ ဒုက္ခသစ္စာကို မြင်သော ဉာဏ်မည်၏။ ဤသို့ ရှေးအတိတ်သံသရာကစ၍ အကြောင်း အကျိုးအဆက်ဆက်ကို မြင်ပြီးနောက်၊ တဘန် အနာဂါတ်၌ဖြစ်လတံ့သော အကြောင်း အကျိုးကိုလည်း ဆက်၍ဆက်၍ ကြည့်ကြလေ။ ထိုသို့ကြည့်မြင်လျှင် အနာဂါတ်၌ဖြစ်လတံ့သော အကြောင်းအကျိုးအဆက်ဆက်ကို မြင်သည်မည်၏။ ထိုသို့မြင်ပြီးမှ တဘန်၊ ၎င်းအကြောင်း အကျိုးတရားတို့သည် စင်စစ် ဖြစ်ခြင်း

တည်းဟူသော ဇာတိသဘောနှင့်သာ ကေန်ဆက်ဆံ၍ ဖြစ်ရပုံကို ကြည့်လေ။ ထိုသို့ကြည့်၍မြင်လျှင် ဇာတိနှင့်မကင်းသော တရား တွေကို မြင်သည်မည်၏။ ထိုတရားနှစ်ပါးသည် အဘယ်တရားကို အကြောင်းခံ၍ ဖြစ်ကြသနည်းဟူမူ။ ဇာတိတည်းဟူသော ဖြစ် ခြင်းတရားကို အလိုရှိ၍သာ အဆက်မပြတ် ဖြစ်နေသည်ကို မြင် လေ၏။ ထိုသို့မြင်ပြီးနောက်၊ ၎င်းတရားတို့သည် အဘယ်တရားကို အကြောင်းခံ၍ကွယ်ပျောက်သနည်းဟု ဆင်ခြင်၍ ကြည့်လေလျှင်၊ စင်စစ် ဖြစ်ခြင်းမှ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ခြင်း တည်းဟူ သော အဇာတိတရားကိုသာ အာရုံပြု၍၊ စင်စစ် ၎င်းအကြောင်း အကျိုး တရားတို့သည် ကေန် ကုန်ကြောင်းကို သိကြရလေ၏။ (ဥပမာ)အကြင်အကြင် သစ်ပင်ကို အသီးအပွင့်ဖြစ်ခြင်းကို အလို ရှိ၍ စိုက်ကြသောအခါ၊ မြန်မြန်သီးပွင့်ကြီးမားခြင်းကိုအလိုရှိ၍၊ မြေတောင်မြောက်ခြင်း၊ ရေလောင်းခြင်းကို ပြုကြ၏။ ထိုအခါ အသီး, အပွင့်, အငုံ, အကိုင်း, အခက်တို့သည် စည်ကားကြ၏။ ထိုသစ်ပင်ကို အကြင်အခါ ဘေးကိုမြင်၍၊ မဖြစ်လိုသောအခါ မဖြစ်ခြင်းကိုအကြောင်းခံ၍၊ အမြစ်တို့ကိုဖြတ်၍ တူးဆွပြီးလျှင်၊ ၎င်းသစ်ပင်ကို မီးရှို့၍ပြစ်လိုက်၏။ ထိုအခါ ၎င်းသစ်ပင်လည်း ကွယ်လေ၏။ ၎င်းသစ်ပင်ကိုအမှီပြု၍၊ အဆက်ဆက် ဖြစ်ပါးလတံ့ သော အသီး, အပွင့်, အပင်, ဟူသမျှလည်း ဖြစ်ပေါ်ခြင်းမရှိဘဲ ကွယ်ကြလေ၏။ ထိုနည်းအတူ သစ်ပင်နှင့်မူကား၊ ယခုဖြစ်ပွါး နေသော ခန္ဓာရုပ်နာမ် အဆက်ဆက်နှင့်တူ၏။ အမြစ်နှင့်မူကား၊ ကိလေသာအနုသယနှင့်တူ၏။ ဖြစ်ပေါ်လတံ့သော ခန္ဓာကိလေ သာ အဆက်ဆက်ကား၊ နောက်ကိုဆက်သွယ်၍ ဖြစ်လတံ့သော သစ်ပင်,သစ်ပွင့်,သစ်သီး, အဆက်ဆက်နှင့်တူ၏။ ထိုတရားတို့ကို

ဖြစ်လိုသောတဏှာ စသည်ရှိသောအခါ၊ ဆက်ခါဆက်ခါဖြစ်ပေါ်ကြ၏။ အကြင်အခါ ၎င်းဖြစ်ခြင်း၌ဘေးကိုမြင်၍၊ ၎င်းအကြောင်းအကျိုးတရားတို့၏ ဖြစ်ခြင်းကို အလိုမရှိဘဲ၊ ၎င်းတို့၏ လုံးရာဖြစ်သော မဖြစ်ခြင်းလက္ခဏာဖြင့်ထင်ရှားသော အဇာတိဟူခေါ်သောနိဗ္ဗာန်တရားကို မဂ်ဖြင့်အာရုံပြု၍၊ ကိလေသာအနုသယတို့ကို ဖြတ်လိုက်၏။ ထိုအခါ အနုသယတို့သည် ကုန်လေ၏။ ထိုသို့ ကုန်ခြင်းကြောင့် နောင်ဖြစ်ပေါ်ရန်ကိလေသာတို့မရှိဘဲ ကုသိုလ်ကြွလေကုန်၏။ ထိုကိလေသာတို့သာ ကုသိုလ်သည်မဟုတ်သေး၊ ထိုကိလေသာတို့ကို အကြောင်းခံ၍ဖြစ်ပေါ်လတံ့သော ခန္ဓာအဆက်ဆက်လည်း ကုသိုလ်ကြွလေ၏။ ထိုနောက် ကိလေသာတို့မှ ကြွင်းသော ခန္ဓာသာကျန်ရှိ၏။ ထိုခန္ဓာလည်း အကြောင်းကုန်သော အခါ ချုပ်ကုသိုလ်ကြွလေ၏။ ထိုနောက် ကိလေသာခန္ဓာတို့၏ အဆက်ဆက်ဖြစ်ရန်မရှိဘဲ၊ ကိလေသာခန္ဓာတို့၏ မရှိခြင်းတည်းဟူသော အဘာဝ ပညတ်မျှသာရှိလေတော့၏။ ထိုကိလေသာ ခန္ဓာတို့၏ ကုသိုလ်ပျောက်၍ မရှိခြင်း အဘာဝသို့ ရောက်ရခြင်းသည် မူလအကြောင်းခံဖြစ်သော ဖြစ်ခြင်း ဇာတိမှကင်းသော မဖြစ်ခြင်းလက္ခဏာဖြင့် ထင်ရှားသောအဇာတိသဘော အခ်တခါတ်နိဗ္ဗာန်ကြောင့်ပင်ဖြစ်၏။ ထိုအကြောင်းခံဖြစ်သော အဇာတိသဘောသည်၊ စင်စစ် ကိလေသာခန္ဓာတို့၏ ကုသိုလ်ကြောင်း၊ ပေါ်လာမှုမရှိကြောင်းဖြစ်သော ၎င်းအဇာတိသဘောနိဗ္ဗာန်ကိုပင် နိရောဓသစ္စာနိဗ္ဗာန်ဟုခေါ်သည်။ ထိုနိရောဓသစ္စာ နိဗ္ဗာန်ကို ထိုးထွင်း၍သိသောဉာဏ်သည်၊ လောကုတ္တရာမဂ္ဂသစ္စာမည်၏။

(ဘာဝနာကျင့်စဉ် အကျဉ်းချုပ်ပြီး၏။)

သန်တာသန်တ သံခိပ်ကျမ်း။

၁။ ဗုဒ္ဓသာသနာ၊ တည်ရှိရာ၊ စဉ်လာသုံးဖြာသာ။
၂။ သုံးဖြာသာသနာ၊ ပြည့်စုံပါ၊ ဥာဏ်မှာတိကွာသာ။
၃။ ဥာဏ်မှာတိကွာ၊ စိုးအုပ်လှ၊ စပ်ကြကွန်ဒိယာ။
၄။ နှစ်ပါးစပ်ခါ၊ မည်သည်ဉာ၊ မှတ်ပါတို့ဆရာ။
၅။ ဆရာကျေးဇူး၊ ကြီးကျယ်မှု၊ မေရှုမြင့်မိုရ်သာ။
၆။ မြင့်မိုရ်မေရု၊ ကြီးကျယ်မှု၊ ဥာဏ်ရှုတပည့်မှာ။
၇။ တပည့်တထွေ၊ ဥာဏ်သိလေ၊ ရှိသေရှိခိုးပါ။
၈။ ရှိခိုးဦးနှိမ်၊ သုံးအာကြိမ်၊ မာန်နှိမ်ဦးချပါ။
၉။ ဦးချပြီးခါ၊ သိထိုက်ရာ၊ ရွတ်ပါသံခိပ်စာ။
၁၀။ သံခိပ်အလာ၊ ရွတ်အံပါ၊ ညီညာဝမ်းမြောက်စွာ။
၁၁။ ညီညာဝမ်းမြောက်၊ သဒ္ဓါရောက်၊ ဆုံးအောက်တိုင်အောင်သာ။
၁၂။ ဖြစ်ပျက်ထင်လာ၊ လက္ခဏာ၊ မှတ်ပါသင်္ခါတာ။
၁၃။ ဖြစ်ပေါ်မရှိ၊ တည်ရှိဘီ၊ မှတ်ဘိအသင်္ခါတာ။
၁၄။ သင်္ခါတဟူက၊ မှတ်ပါကြ၊ ငါးဝဂ္ဂါခန္ဓာ။
၁၅။ အသင်္ခါတာ၊ ဆိုသည်မှာ၊ မှတ်ပါနိဗ္ဗာန်သာ။
၁၆။ သင်္ခါတာနယ်ရှိ၊ မတည်ဘီ၊ မှတ်ဘိအသင်္ခါတာ။
၁၇။ သင်္ခါတာနယ်မှ၊ လွန်၍ပါ၊ ဘာည်ထအသင်္ခါတာ။
၁၈။ ရေဆုံးရာမှာ၊ ကမ်းတည်ပါ၊ မှတ်ပါဥပမာ။
၁၉။ တောဆုံးရာမှာ၊ ကွင်းတည်မှာ၊ တဖြာဥပမာ။
၂၀။ သင်္ခါတနယ်တွင်၊ ရှုကြည့်မြင်၊ သုံးအင်မှန်သစ္စာ။
၂၁။ အသင်္ခါတာ၊ နိဗ္ဗာန၊ မှတ်ကြမှန်သစ္စာ။

၂၂။ သခ်ၤတၢသခ်ၤတ၊ ပေါင်းလိုက်က၊ ရကြလေးသစွၢ။
၂၃။ သစွၢလေးထွဲ၊ သိမြင်ဒးလ၊ မ့တ်လေအရိယာ။
၂၄။ အရိယာဖြစ်က၊ ဝင်ဒုံကွၢ၊ လ့တ်ကြအမြဲသၢ။
၂၅။ ဒုံကွၢလ့တ်လို၊ ကျိုးစားဆို၊ ညာဏ်ရှိကြည့်ကြပါ။
၂၆။ ညာဏ်ရှိကြည့်က၊ သိလေပ၊ ညာဏလောကုတ်သၢ။
၂၇။ မသိသမျ၊ လောကိပ၊ မ့တ်ကြပုထုဇနၢ။
၂၈။ ပုထုဇန၊ စိတ်မချ၊ လားကြပါယ်လေးရွၢ။
၂၉။ မာလိကာလို၊ ပမာဆို၊ ညာဏ်ရှိရှုလိုက်ပါ။
၃၀။ ညာဏ်ရှိရှုက၊ ထိတ်လန့်ကြ၊ မုချအဟုတ်သၢ။
၃၁။ ထိတ်လန့်မ့သၢ၊ ဘာဝနၢ၊ စဉ်ကာပ့ါးလ့ပါ။
၃၂။ ဘာဝနၢစဉ်ကၢ၊ ပ့ါးကြရာ၊ ခွါဖြာငါးခန္ဓာ။
၃၃။ ခန္ဓာငါး၀၊ ခွဲဖြာကြ၊ ဤနည်းအမှန်သၢ။
၃၄။ ရုပ်ဝေဒနာ၊ သညာ,သင်္ခါရ၊ ဝိညာဏ၊ မ့တ်ကြငါးခန္ဓာ။
၃၅။ ပထဝီစသည်၊ ပေါင်းစုတည်၊ မ့တ်လည်းရုပ်ခန္ဓာ။
၃၆။ ပထဝီခေါ်ကြ၊ တည်ရာပ၊ သဟရုပ်၏သၢ။
၃၇။ တည်ရာဟူက၊ နုမြူမျ၊ ပြရန်မရှိပါ။
၃၈။ ပြရန်မရှိ၊ ခိုင်မာရှိ၊ မ့တ်ဘိသဘောသၢ။
၃၉။ သဘောဟူက၊ မ့တ်သားကြ၊ ပညတ်မဟုတ်ပါ။
၄၀။ ပညတ်မဟုတ်၊ ပရမတ်ဟုတ်၊ အဟုတ်ဆတ်ဆတ်သၢ။
၄၁။ စသည်သဒ္ဒါ၊ သိမ်းလေပါ၊ ကျန်တာရုပ်စုသၢ။
၄၂။ ကျန်ရုပ်ဟူက၊ သံခေပ၊ သတ္တာခုနစ်သၢ။
၄၃။ ခုနစ်ကိုပင်၊ ရေတွက်လျှင်၊ မ့တ်အင်္ဂါနည်းသၢ။
၄၄။ အာပေါ, တေဇော, ဝါယော, ဘူတေ, ဝဏ္ဏဂန္ဓ၊ ရသ သြဇာ၊ ခုနစ်ဖြာ၊ စဉ်ကာလိုရေးက်ပါ။

၄၅။ စဉ်ကာရေးပြီး၊ တသီးလက္ခဏာ၊ ပိုင်းခြားခါ၊ ရူပါသူ့ကိုသာ။

၄၆။ ရူပါဟူက၊ ကျိနည်းပ၊ မှတ်ကြပညဝါ။

၄၇။ ရူပ်တူကိုပင်၊ ဖဲ့ထားလျှင်၊ ခွါလျှင်မရပါ။

၄၈။ အာပေါဟူက၊ ဖဲ့ကပ်ကြ၊ မှတ်ကြရူပ်တူသာ။

၄၉။ ခွါလျှင်မရ၊ ကေန္တ၊ ရကြကလာပ်သာ။

၅၀။ ကလာပ်ဖဲ့ခါ၊ တည်ရှိပါ၊ မှတ်ပါသဘောသာ။

၅၁။ သဘောဟူက၊ နုမြူမျှ၊ ပြရန်မရှိပါ။

၅၂။ ပြရန်မရှိ၊ သိရန်ရှိ၊ မှတ်ဘိကြိယာ။

၅၃။ တေဇောဟူက၊ ပူနွေးကြ၊ မှတ်ထလက္ခဏာ။

၅၄။ လက္ခဏာဟူက၊ နုမြူမျှ၊ ပြရန်မရှိပါ။

၅၅။ ပြရန်မရှိ၊ သဘောရှိ၊ မှတ်သိပရမတ်သာ။

၅၆။ ဝါယောဟူက၊ တွန်းကန်ကြ၊ မှတ်ထသဘောသာ။

၅၇။ တနည်းထောက်ပင့်၊ ကြွရွေ့ဆင့်၊ မှတ်လျှင်သတ္တိသာ၊

၅၈။ သဘောသတ္တိ၊ မှတ်လေဘိ၊ မရှိနုမြူသာ။

၅၉။ နုမြူမရှိ၊ ကေန်ရှိ၊ မှတ်ဘိပရမတ်သာ။

၆၀။ ၎င်းလေးထွေ၊ ပေါင်းစုလေ၊ ရှိလေအနန္တာ။

၆၁။ အနန္တမှာ၊ ရှိကြရှာ၊ ကေန်သူတို့သာ။

၆၂။ သူတို့ကေန်၊ သွင်းသကျာန်၊ အမှန်ဘန်ဆင်းပါ။

၆၃။ ဘန်ဆင်းကာနေ၊ သူတို့တွေ၊ လိမ်လည်လှည့်ပတ်ပါ။

၆၄။ ကြီးကျယ်ဒုထယ်၊ ရှိရာဝယ်၊ မှတ်ဘွယ်သူတို့သာ။

၆၅။ လှည့်ပတ်တတ်ပါ၊ ခြင်းအရာ၊ စွဲကာဘုတ်ဟူခေါ်။

၆၆။ ဘုတ်ခေါ်သမျှ၊ ကျမ်းဂန်ပြ၊ မှတ်ကြရှေးနည်းသာ။

၆၇။ လှည့်ပတ်တိုင်းသာ၊ သတ္တဝါ၊ ထင်ပါအမှားသာ။

၆၈။ သတ္တဝါမထင်၊ ရွှေငွေထင်၊ ကျိုလျှင်အမှုားသာ။
၆၉။ တနည်းထင်ကြ၊ အိမ်ယာပ၊ ကျိုလည်းအမှုသာ။
၇၀။ အမှုားထင်လေ၊ ဒိဋ္ဌတွေ့၊ မှတ်လေအတ္တသာ။
၇၁။ အတ္တပျောက်လို၊ ဘုတ်စုကို၊ ဉာဏ်ရှုခဲ့ကြည့်ပါ။
၇၂။ ဉာဏ်ရှုကြည့်က၊ မှန်မှုချ၊ သိကြလေ၏သာ။
၇၃။ သိကြမှသာ၊ အတ္တကွာ၊ အမှုန်ဟုတ်လှုပါ။
၇၄။ ကျိတ္တင်ဘုတ်စု၊ ပြသတ်မှု၊ မှတ်ရှုအပြီးသာ။
၇၅။ ဘုတ်ပြပြီးခါ၊ နောက်ထပ်မှာ၊ ပြရာဥပါဒါ။
၇၆။ ဥပါဒါတွင်၊ လေးခုအင်၊ ရှေးတင်ဝဏ္ဏသာ။
၇၇။ ဝဏ္ဏဟူက၊ ရောင်စုံပ၊ ချယ်ကြဘုတ်ကိုသာ။
၇၈။ ဘုတ်ကိုချယ်ပါ၊ ရောင်မျိုးမှာ၊ မှတ်ပါသဘောသာ။
၇၉။ သဘော်ဟူက၊ နုမြူးမျှ၊ ပြရန်မရှိပါ။
၈၀။ ပြရန်မရှိ၊ စက္ခုထိ၊ မှတ်ဘိလက္ခဏာ။
၈၁။ လက္ခဏာဟူက၊ မှတ်လေကြ၊ မုချပရမတ်သာ။
၈၂။ ဝဏ္ဏနောက်မှာ၊ ဂန္ဓလာ၊ ပြရာစဉ်ကာသာ။
၈၃။ ဂန္ဓဟူက၊ နံလေပ၊ မှတ်ကြသဘောသာ။
၈၄။ သဘောမှတ်ပါ၊ ဃာထိရှာ၊ သိပါလက္ခဏာ။
၈၅။ လက္ခဏာဟူက၊ ရှေးနည်းပ၊ မှတ်ကြပရမတ်သာ။
၈၆။ ရသခေါ်ပေ၊ ချိုချဉ်တွေ့၊ မှတ်လေသဘောသာ။
၈၇။ ချိုချဉ်သဘော၊ ဇီဝဂွေါ်၊ ထိနှောလက္ခဏာ။
၈၈။ သြဇာဆိုတာ၊ ရုပ်ကံသာ၊ စဉ်လာဖြစ်စေပါ။
၈၉။ စဉ်လာဖြစ်စေ၊ သဘောတွေ့၊ မှတ်လေလက္ခဏာ။
၉၀။ ပြဆိုလေးခု၊ ပေါင်းစုမှု၊ မှတ်ရှုဥပါဒါ။
၉၁။ ဥပါဒါဆို၊ ဘုတ်ထိုထုံ၊ မှီခိုဖြစ်ကြပါ။

၉၂။ ပြပြီးဘုတ်မှာ၊ ဥပါဒါ၊ ပေါင်းပါရှစ်ခုသာ။
၉၃။ ရှစ်ခုပေါင်းစု၊ မကွာမှု၊ မှတ်စုကလာပ်သာ။
၉၄။ ကလုပ်တွေသာ၊ မြင်မြင်ရာ၊ ကာသခြားရှိပါ။
၉၅။ ကာသခြားလေ၊ သဏ္ဌာန်တွေ၊ တည်လေကလာပ်သာ။
၉၆။ ကလာပ်တွေစု၊ ပေါင်းအထု၊ မှတ်စုသဏ္ဌာန်သာ။
၉၇။ သဏ္ဌာန်ဟူက၊ နှုမြူမှု၊ ရှိကြပညတ်သာ။
၉၈။ ပညတ်ဟူက၊ ခေါ်ဆိုကြ၊ နာမ အမည်သာ။
၉၉။ အမည်နာမ၊ ဝေါဟာရ၊ ခေါ်ကြလောကသာ။
၁၀၀။ ပညာတ်နှစ်ပါး၊ လွှတ်တုံငြား၊ မှတ်သားပရမတ်သာ။
၁၀၁။ ပရမတ်အစု၊ ကလာပ်ဟု၊ ခေါ်မှုရုပ်မည်သာ။
၁၀၂။ ကလာပ်စုံတွင်၊ ရုပ်မည်ထင်၊ ခေါ်တွင်အကြောင်းမှာ။
၁၀၃။ ထင်ရှားသမှု၊ ကလာပ်စု၊ ဖေါက်မှုသုံ့ကြောင့်သာ။
၁၀၄။ ဖေါက်ပြန်အမှု၊ ကြောင်းအစု၊ ကြည့်ရှုနည်းလမ်းမှာ။
၁၀၅။ နည်းလမ်းဟူက၊ ချမ်းပူပ၊ ကိုက်ထမြှောင်းသာ။
၁၀၆။ ဆာလောင်ဝဖြိုး၊ ခြင်မှက်မျိုး၊တွေ့ရိုးကြောင်းတွေသာ။
၁၀၇။ အကြောင်းတွေလေ၊ မတူနေ၊ ထင်လေဖေါက်ပြန်ရှာ။
၁၀၈။ တနည်းရှေ့နောက်၊အစဉ်ပျောက်၊ဉာဏ်ထောက်မတူပါ။
၁၀၉။ မတူသမျှ၊ စုံကာပ၊ ခေါ်ကြရုပ်မည်သာ။
၁၁၀။ ရုပ်မည်ထင်ပါ၊ ကလာပ်မှာ၊ သူငါမဟုတ်ပါ။
၁၁၁။ သူငါမဟုတ်၊ သဘောဟုတ်၊ အဟုတ်ပရမတ်သာ။
၁၁၂။ ပရမတ်တွေ၊ ပေါင်းစုနေ၊ ကြည့်လေဉာဏ်ဖြင့်သာ။
၁၁၃။ ဉာဏ်ဖြင့်သိကာ၊ မြင်လေပါ၊ ထင်လာအနတ္တာ။
၁၁၄။ အနတ္တာထင်လေ၊ ထပ်ခါဝေ၊ ကြည့်လေဉာဏ်ဖြင့်သာ။
၁၁၅။ ဉာဏ်ဖြင့်ထပ်ခါ၊ ကြည့်လတ်ပါ၊ ပိုင်လာအနတ္တာ။

၁၁၆။ အနတ္တပိုင်လာ၊ ဥာဏ်စဉ်မှာ၊ မှတ်ပါလောကီသာ။
၁၁၇။ အနတ္တနောက်၊ စဉ်ကာလျှောက်၊ မျှော်ထောက်အနိစ္စာ၊
၁၁၈။ အနိစ္စရူရာ၊ နည်းလမ်းမှာ၊ မှတ်ပါကြွိသို့သာ။
၁၁၉။ သူငါမပါ၊ ကလာပ်မှာ၊ ပေါ်လာပျက်မြဲသာ။
၁၂၀။ ပျက်လေသမျှ၊ ကလာပ၊ မှတ်ကြကောန်သာ။
၁၂၁။ ကောန်ပျက်လေ၊ ကလာပ်တွေ့၊ မြင်လေအနိစ္စာ။
၁၂၂။ အနိစ္စမြင်ပါ၊ ဥာဏ်စဉ်မှာ၊ မှတ်ပါလောကီသာ။
၁၂၃။ အနိစ္စနောက်၊ စဉ်ကာလျှောက်၊ မျှော်ထောက်ဒုက္ခသာ။
၁၂၄။ ဒုက္ခရူရာ၊ နည်းလမ်းမှာ၊ မှတ်ပါကြွိသို့သာ။
၁၂၅။ ဖြစ်ပေါ်၍လာ၊ ကလာပါ၊ ဇရာနှိပ်စက်ရှာ။
၁၂၆။ ဇရာပြီးနောက်၊ အပျက်ရောက်၊ ထပ်လှောက်နှိပ်စက်ပါ။
၁၂၇။ နှိပ်စက်ခံရှာ၊ ကလာပါ၊ သက်သာမရပါ။
၁၂၈။ သက်သာမရ၊ ကောန္တ၊ ဒုက္ခစင်စစ်သာ။
၁၂၉။ ဒုက္ခမြင်မှု၊ ဥာဏ်အစု၊ မှတ်ရှုလောကီသာ။
၁၃၀။ ဒုက္ခနောက်မှာ၊ စဉ်လျှောက်ခါ၊ ကြည့်ပါအသုဘာ။
၁၃၁။ အသုဘရူရာ၊ နည်းလမ်းမှာ၊ မှတ်ပါကြွိသို့သာ။
၁၃၂။ ကလာပတွေ့၊ စုပေါင်းနေ၊ တင့်တယ်မရှိပါ။
၁၃၃။ တင့်တယ်မရှိ၊ ရုံရှာတိ၊ ရှုဘိအသုဘာ။
၁၃၄။ အသုဘသာ၊ ရှုထင်လာ၊ ဥာဏ်မှာလောကီသာ။
၁၃၅။ ပြဆိုလေးဝ၊ မြဲတည်ထ၊ မှတ်ကြကလာပ်မှာ။
၁၃၆။ ကလာပ်မှာသာ၊ မြဲရှိရာ၊ လေးဖြာလက္ခဏာ။
၁၃၇။ လေးဖြာလက္ခဏာ၊ ပိုင်းခြားခါ၊ ရှုပါဥာဏ်ဖြင့်သာ။
၁၃၈။ ဥာဏ်ဖြင့်ရှုနေ၊ လေးချက်တွေ့၊ မြင်လေအစဉ်သာ။
၁၃၉။ အစဉ်မြင်အပ်၊ သစ္စာရပ်၊ မှတ်အပ်ဒုက္ခသာ။

၁၄၀။ ဒုက္ခံမှန်မှူ၊ ရုပ်အစု၊ မြင်မှုအပြီးသာ။
၁၄၁။ ရုပ်ရှုပြီးခါ၊ နာမ်ကိုသာ၊ စဉ်ကာရှုအပ်ပါ။
၁၄၂။ ရှုအပ်ဟူက၊ နုညံးလမ်းပြ၊ မှတ်ကြကျိသို့သာ။
၁၄၃။ ရုပ်ရှုဥာဏ်သာ၊ ဖြစ်လတ်ပါ၊ စိတ်မှာယှဉ်၍သာ။
၁၄၄။ စိတ်ဟူသမျှ၊ သိလေကြ၊ ရှေ့သွားအာရုံသာ။
၁၄၅။ အာရုံကိုသာ၊ ရှေ့သွားခါ၊ သိပါစိတ်စဉ်သာ။
၁၄၆။ စိတ်စဉ်ဖြစ်က၊ တဲ့ပါကြ၊ တွေ့မှုစသည်သာ။
၁၄၇။ တွေ့မှုစသည်၊ တဲ့ယှဉ်မှီ၊ ဖြစ်သည်စိတ်စဉ်သာ။
၁၄၈။ စိတ်စဉ်ဖြစ်လာ၊ သဘောမှာ၊ ငါသူမရှိပါ။
၁၄၉။ ငါသူမရှိ၊ သဘောရှိ၊ မှတ်သိနာမ်စုသာ။
၁၅၀။ နာမ်စုတွေသာ၊ ဖြစ်ပေါ်လာ၊ နေပါအစဉ်သာ။
၁၅၁။ အစဉ်ဖြစ်ရှာ၊ နာမ်စုမှာ၊ သူငါမရှိပါ။
၁၅၂။ သူငါမရှိ၊ ရှုရှိသိ၊ ထင်ဘိအနတ္တာ။
၁၅၃။ အနတ္တာထင်လေ၊ ထပ်ခါဝေ၊ ကြည့်လေဥာဏ်ဖြင့်သာ။
၁၅၄။ ဥာဏ်ဖြင့်ထပ်ခါ၊ ကြည့်လတ်ပါ၊ ပိုင်လာအနတ္တာ။
၁၅၅။ အနတ္တာပိုင်လာ၊ ဥာဏ်စဉ်မှာ၊ မှတ်ပါလောကံသာ။
၁၅၆။ အနတ္တာနောက်၊ စဉ်ကာလျှောက်၊ မျှော်ယောက်အနိစ္စာ။
၁၅၇။ အနိစ္စရှုရာ၊ နည်းလမ်းမှာ၊ မှတ်ပါကျိသို့သာ။
၁၅၈။ သူငါမပါ၊ နာမ်စုမှာ၊ ပေါ်လာပျက်မြဲသာ။
၁၅၉။ ပျက်လေသမျှ၊ နာမ်စုပါ၊ မှတ်ကြကေန်သာ။
၁၆၀။ ကေန်ပျက်လေ၊ နာမ်စုကွေ့၊ မြင်လေအနိစ္စာ။
၁၆၁။ အနိစ္စမြင်ပါ၊ ဥာဏ်စဉ်မှာ၊ မှတ်ပါလောကံသာ။
၁၆၂။ အနိစ္စနောက်၊ စဉ်ကာလျှောက်၊ ချော်ထောက်ဒုက္ခသာ။
၁၆၃။ ဒုက္ခရှုရာ၊ နည်းလမ်းမှာ၊ မှတ်ပါကျိသို့သာ။

၁၆၄။ ဖြစ်ပေါ်၍လာ၊ နာမ်စုမှာ၊ ဇရာနှိပ်စက်ရှာ။
၁၆၅။ ဇရာပြီးနောက်၊ အပျက်ရောက်၊ထပ်လှောက်နှိပ်စက်ပါ။
၁၆၆။ နှိပ်စက်ခံရှာ၊ နာမ်စုမှာ၊ သက်သာမရပါ။
၁၆၇။ သက်သာမရ၊ ကေန္တ၊ ဒုက္ခစင်စစ်သာ။
၁၆၈။ ဒုက္ခဖြစ်မှု၊ ဥာဏ်စဉ်ရှု၊ မှတ်မှုလောကီသာ။
၁၆၉။ ပြဆိုသုံးစ၊ မြဲတည်ထ၊ မှတ်ကြနာမ်စုမှာ။
၁၇၀။ နာမ်စုမှာသာ၊ မြဲရှိရာ၊ သုံးဖြာလက္ခဏာ။
၁၇၁။ သုံးဖြာလက္ခဏာ၊ ပိုင်းခြားခါ၊ ရှုပါဥာဏ်ဖြင့်သာ။
၁၇၂။ ဥာဏ်ဖြင့်ရှုနေ၊ လက္ခဏာတော့၊ မြင်လေအစဉ်သာ။
၁၇၃။ အစဉ်မြင်အပ်၊ သစ္စာရပ်၊ မှတ်အပ်ဒုက္ခသာ။
၁၇၄။ ဒုက္ခမှန်မှု၊ နာမ်အစု၊ မြင်မှုအပြီးသာ။
၁၇၅။ ပြပြီးသစ္စာ၊ ဒုက္ခမှာ၊ မှတ်ပါရုပ်နာမ်သာ။
၁၇၆။ ရုပ်နာမ်အစု၊ ဒုက္ခမှု၊ ထပ်ရှုအစဉ်သာ။
၁၇၇။ အစဉ်ရှုနေ၊ မြင်လတ်ပေ၊ မှန်လေဒုက္ခသာ။
၁၇၈။ အမှန်ဒုက္ခ၊ ရှိသမျှ၊ ကြည့်ကြဥာဏ်ဖြင့်သာ။
၁၇၉။ အောက်အဝိစိ၊ ဘဝင်ထိ၊ ဖြစ်ဘိဒုက္ခသာ။
၁၈၀။ အဇ္ဈတ်သင္ကာန်၊ ဗဟိဒ္ဓါန်၊ နှစ်တန် ဒုက္ခသာ။
၁၈၁။ နှစ်တန်ဒုက္ခ၊ ရှိလေပ၊ မှတ်ကြအနန္တာ။
၁၈၂။ အနန္တမှာ၊ ရှိကြရှာ၊ ကေန်ဒုက္ခသာ။
၁၈၃။ ကေန်ဒုက္ခ၊ အနန္တ၊ ရှိကြဖြစ်ဆဲသာ။
၁၈၄။ ဖြစ်ကြရှိဆဲ၊ ဒုက္ခဘဲ၊ မလွဲကေန်သာ။
၁၈၅။ မလွဲကေန်၊ ဒုက္ခမှန်၊ ရှုပြန်ဥာဏ်ဖြင့်သာ။
၁၈၆။ ဥာဏ်ဖြင့်ရှုပါ၊ စဉ်အလာ၊ ထင်ပါဒုက္ခသာ။
၁၈၇။ ဖြစ်ဆဲဒုက္ခ၊ ထင်ပြီးမှ၊ ရှုကြအတိတ်သာ။

၁၈၈။ အတိတ်ရှုရာ၊ နှည်းလမ်းမှာ၊ မှတ်ပါကြုံသော။
၁၈၉။ အနုမတဂ္ဂ၊ သံသာရ၊ ဒုက္ခဖြစ်ပြီးပါ။
၁၉၀။ ဖြစ်ပြီးဒုက္ခ၊ ဟူသမျှ။ နှစ်ဝရုပ်နာမ်သာ။
၁၉၁။ နှစ်ဝရုပ်နာမ်၊ ဖြစ်ပြီးမှန်၊ ဧကန်ဒုက္ခသာ။
၁၉၂။ ဖြစ်ပြီးဒုက္ခ၊ ဖြစ်ဆဲကျ၊ ရှုကြညာဏ်ဖြင့်သာ။
၁၉၃။ ညာဏ်ဖြင့်ရှုပါ၊ ဒုက္ခမှာ၊ ထင်လာအစဉ်သာ။
၁၉၄။ အစဉ်ထင်က၊ ငြီးငွေ့ကြ၊ မုချကေန်သာ။
၁၉၅။ ငြီးငွေ့ပြီးခါ၊ နောင်ဖြစ်မှာ၊ လျော့ကံခါကြည့်လေပါ။
၁၉၆။ လျော့ကံခါကြည့်က၊ နောင်ဖြစ်ကြ၊ ဒုက္ခအမှန်သာ။
၁၉၇။ ဒုက္ခတဖန်၊ ဆက်ဖြစ်ရန်၊ ဧကန်မလိုပါ။
၁၉၈။ မလိုချင်က၊ လွှတ်ရုပါ၊ ရှာထညာဏ်ဖြင့်သာ။
၁၉၉။ ညာဏ်ဖြင့်ရှာရာ၊ တွေ့မြင်ပါ၊ ဖြစ်ပေါ်မရှိရာ။
၂၀၀။ ဖြစ်ပေါ်မရှိ၊ မြဲတည်ဘိ၊ သန္တိအသင်္ခတာ။
၂၀၁။ အသင်္ခတ၊ သိလေပ၊ ညာဏ်ကထိုးထွင်းသာ။
၂၀၂။ ထိုးထွင်းသိက၊ ဒဿန၊ ကိစ္စအပြီးသာ။
၂၀၃။ အပြီးကိစ္စ၊ နိဗ္ဗာန၊ မြင်မှုအမှန်သာ။
၂၀၄။ မြင်မှုကိစ္စ၊ တချက်ကျ၊ ဖြစ်ထမဂ္ဂသာ။
၂၀၅။ မဂ္ဂသစ္စာ၊ ဖြစ်လတ်ပါ၊ သိပါလေးချက်သာ။
၂၀၆။ အာရုံပြုအပ်၊ တရားမြတ်၊ မချုတ်နိရောဓါ။
၂၀၇။ နိရောဓသာ၊ အာရုံမှာ၊ ပြုကာသိ၏သာ။
၂၀၈။ အာရုံမပြု၊ ကျန်သုံးခု၊ သိမှုကိစ္စသာ။
၂၀၉။ ကိစ္စဖြင့်သာ၊ သိလေပါ၊ သုံးဖြာသစ္စာသာ။
၂၁၀။ သစ္စာလေး၀၊ ပြိုင်တူပ၊ သိထမဂ္ဂသာ။
၂၁၁။ မဂ်ဆိုတာမှာ၊ တချက်သာ၊ ဖြစ်လာအမှန်သာ။

၂၁၂။ အမှုန်ဖြစ်ကာ၊ မဂိၢ်ဇာ၊ ပြတ်ကြဒိဋ္ဌိသဒၢ။
၂၁၃။ ဒိဋ္ဌိပြတ်ရာ၊ ယုံမှားပါ၊ တဲ့ကာပါရှိပါ။
၂၁၄။ တဲ့ကာပါရှိ၊ ကုန်လေဘိ၊ မရှိနုမြူသာ။
၂၁၅။ နုမြူမရှိ၊ ပြတ်လေဘိ၊ မှတ်သိဆုံးခန်းသာ။
၂၁၆။ ဆုံးခန်းပါယ်သတ်၊ မဂ်ပြုလတ်၊ ကုန်ရပ်အဆုံးမှာ။
၂၁၇။ မဂ်၏ဆုံးရာ၊ ဖိုလ်ဉာဏ်မှာ၊ ပေါ်လာသူ့နောက်မှာ။
၂၁၈။ ပေါ်လာသူ့နေ့၊ အာရုံရောက်၊စဉ်လျှောက်နိဗ္ဗာန်သာ။
၂၁၉။ နိဗ္ဗာန်ကိုသာ၊ စီစဉ်ကာ၊သိပါနှစ်သုံးသာ။
၂၂၀။ နှစ်သုံးသိပါ၊ ဖိုလ်စိတ်သာ၊ ပြီးပါအဆုံးမှာ။
၂၂၁။ အဆုံးနောက်မှာ၊ ဘဝင်သာ၊ စဉ်ကာကျလေပါ။
၂၂၂။ ဘဝင်ကျနေ့၊ဆင်ခြင်ရောက်၊ဉာဏ်လေ့လောကိသာ။
၂၂၃။ လောကိဉာဏ်သာ၊ ဆင်ခြင်ပါ၊ မှတ်ရာဉာဏ်နည်းသာ။
၂၂၄။ အာရုံပြုအပ်၊ တရားမြတ်၊ မဒ္ဓျတ်နိဗ္ဗာန်သာ။
၂၂၅။ နိဗ္ဗာန်ကိုသာ၊ ထင်လင်းစွာ၊ မြင်ပါမဂ္ဂသာ။
၂၂၆။ မဂ္ဂဉာဏ်နေ့၊ နှစ်သုံးရောက်၊မျက်မှောက်မဂ်ကျိုးသာ။
၂၂၇။ အကျိုးနောက်မှာ၊ ဆင်ခြင်ရာ၊ ကုန်ပါကိလေသာ။
၂၂၈။ ကုန်ကိလေသာ၊ ဆင်ခြင်ရာ၊ ပြီးပါသူ့နောက်မှာ။
၂၂၉။ သူ့နောက်တဘန်၊ ကိလေကျန်၊ အမှန်ဆင်ခြင်ပါ။
၂၃၀။ ဆင်ခြင်ပြီးလတ်၊ ကိစ္စသတ်၊ ဆုံးရပ်တိုင်၏သာ။
၂၃၁။ ဆုံးရပ်တိုင်ပါ၊ သောတမှာ၊ လမ်းမှာအပြီးသာ။
၂၃၂။ သောတ၏လမ်း၊ ပြီးစခမ်း၊ ရပ်လမ်းဒေသနာ။

အဇ္ဈတ်-သခ်ၤတာ သခ်ၤတသံခိပ်ကျမ်းဥ

သောတာပန်စခမ်းပြီး၏။

မင်္ဂလာတရား ၃၈-ပါးပေါ်ပေါက်ခြင်း အကြောင်းရင်းကား။

သုံးလှုံ့ထွင်ထား မြတ်ဘုရားသည်၊ တာဝတိံသာနတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူပြီးလျှင် မယ်တော် မိနတ်သားကို အကြောင်းပြု၍ တဝါတွင်း ကာလပတ်လုံး အာဘိဓမ္မာ(၇) ကျမ်းဟူသော တရားတော်ကြီးကို ဟောကြားတော်မူရာဝယ်၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ဟူ လေးအင်ခဲ့ခြားနတ်မျှားတို့၏ မျောက်မှား ကျင့်ကြံ တကျော့ပေါင်းကို တွန်းလှန်၍ ရုပ်ဟန်ပယ်ဖျောက် နိဗ္ဗာန်ရောက်ကြောင်း စိတ်ထားကောင်းစေခြင်းငှာ ဟောကြားတော်မူ၏။ ထိုကဲ့သို့ ခဲခြားဝေဖန် စိတ်ဖြစ်ဟန်ကား။ တခုယုတ် (၉၀)၊ အကျယ် (၁၂၁) ရှိပေသတည်း။ ထို (၈၉) ပါးသော စိတ်တို့တွင် အရှုပဋိဟာဝ တို့၏ စိတ်ကား (၁၂) ပါး၊ ရှုပဋိဟာဝ တို့၏ စိတ် (၁၅) ပါး။ ထို့ကြောင့် ဋိဟာမင်းတို့၏ စိတ်ပေါင်းမှာ မဟဂ္ဂုတ်စိတ်(၂၇) ပါး ရှိသည်။

ကာမဘုံသားဟု ဆိုအပ်သော နတ်ပြည် (၆)ထပ်၊လှုံ့ရပ်(၁) နှင့် အပါယ် (၄)ရွာ၊ ပေါင်း(၁၁)မှာကား၊ စိတ်ဖြာ (၅၄) ရှိ၏။ ကျန်(၈)ပါးသော စိတ်တို့မှာ လောကုတ္တရာစိတ်မြတ်ပင်တည်း။

ဤသို့ (၈၉) ပါးသော စိတ်ကို ဝေဖန်ခဲခြားပြရခြင်း အကြောင်းမှာ- သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသည် ကိန်းအောင်းမှုလျှင် စမ္ပါယ်နေသော အခါ၌ မထင်ရှားသော နတ်သားတပါး၏ လျှောက်ထားတောင်းပန်အပ်

သော မင်္ဂလာတရားကိုအဘယ်ကြောင့် (၃၈) ဖြာသော ညွှန်ကြားအပ်ပါသနည်းဟု အကြောင်းပြု ဖြကြား အပ်လိုသောကြောင့် (၃၈) ဖြာ မင်္ဂလာတရားမှာ နတ်နှင့်လူ အဘို့သာ ဖြစ်ပါ၍၊ ဗြဟ္မာစိတ် (၂၇) ပါး၊ အပါယ်စိတ် (၄) ပါးနှင့် လောကုတ္တရာစိတ် (၈) ပါး၊ ပေါင်း (၃၉) ပါး တို့ကို နှုတ်လျှင် လူနှင့်နတ် အတွက် (၅၀) တိတိသာကျန်ခဲ့ပေ၏။ ဤ (၅၀) အနက် အကုသိုလ် ဖြစ်ကုန်သော လောဘစိတ် (၈) ပါး၊ ဒေါသ (၂) ပါး၊ မောဟ (၂)ပါး ပေါင်း (၁၂) ပါး တို့ကို နှုတ်ပါယ်လိုက်သည် ရှိသော်၊ မင်္ဂလာတရား (၃၈)ပါးကို နတ်, လူတို့အဘို့ အကောင်းအမြတ် တည်စေအပ်သည်ဟု ကိုယ်နှုတ်စိတ်ဝယ် ဆင်ခြင်ဘွယ်ကို ရည်ရွယ်ဟောကြား အပ်ပါကြောင်း။

ထို ၃၈-ပါးသောမင်္ဂလာတရားတို့ကို အင်္ဂါလေးဖြာအားဖြင့် သာလျှင် ခဲခြား စောင့်စည်း လွယ်ကူစွာသိရှိနိုင် ကြစေခြင်းငှါ၊ မေတ္တာရှေ့ထား၊ သုတဂဝေသီ အမျှားတို့ လေ့လာမှတ်သားနိုင်ရန် ရှာဖွေဖေါ်ထုတ် တင်ပြလိုက်ရပါသည်။

ဒေါက်တာ-ရွှေလှ

အင်္ဂါလေးဖြာ မင်္ဂလာစာရွက်။

၁။ ကာကွယ်မှု ၂-ပါး
၂။ စီးပွားမှု ၁၂-
၃။ တိုးပွားမှု ၂-
၄။ ချမ်းသာမှု ၁၂-

} ၃၀-ဖြာ မင်္ဂလာ။

၁။ ကာကွယ်မှု ၂-ပါး။

★ အသေဝနာစ ဗာလာနံ၊
ဥာဏ်မဲ့နားထူ၊ မိုက်သောသူ၊ အတူမပေါင်းရာ၊

★ အာရတီ ဝိရတိပါပါ၊
မကောင်းမှုမျှား၊ မဖြစ်ပွား၊ စိတ်ထားဝေးဝေးခွါ၊

★ မဇ္ဇပါနာစသံယမော၊
သေရည်သောက်စား၊ ရှောင်ပယ်ရှား၊ စိတ်ထားစောင့်
စည်းပါ၊

★ နိဝါတောစ၊
မာနတရား၊ မထောင်လွှား၊ စိတ်ထားနှိမ့်ချပါ၊

★ ခန္တီစ၊
ကျူးလွန်စော်ကား၊ ပြုသူမျှား၊ စိတ်ထားသည်းခံပါ၊

★ တပေါစ၊
ဣန္ဒြေခြောက်ပါး၊ မပေါက်ကြား၊ စောင့်ငြားခြုံးခြုံပါ၊

★ ဗြဟ္မစရိယဉ္စ၊
မေထုန်ကာမ၊ ရှောင်ကြဉ်ကာ၊ မြတ်လှအကျင့်ပါ၊

မင်္ဂလာတရား။

၂ ။ စီးပွားမှု ၁၂-ပါး။

ပုဗ္ဗေ စ ကတပုညတာ၊
ရှေးရှေးဘဝ၊ ကုသလ၊ ရှိမှုတော်ကြမှာ၊
သိပ္ပဉ္စ၊
အပြစ်ကင်းမှတ်၊ လက်အာတတ်၊ မပြတ်သင်ကြားပါ၊
ဝိနယောစ သုသိက္ခိတော၊
ကိုယ်ကျင့်တိုးပွါး၊ ဝိနည်းများ၊ သင်ကြားစုဆောင်းပါ၊
သုဘာသိတာစ ယာဝဇီဝာ၊
မှန်ကန်ချစ်ဘွယ်၊ ပြေနုနယ်၊ ပြောဘွယ်အမြဲသာ။
ပုတ္တဒါရဿ သင်္ဂဟော၊
ဇနိ,မယား၊ သမီး,သား၊ ကြိုးစားထောက်ပံ့ပါ၊
အနာကုလာစ ကမ္မန္တာ၊
နှောင့်ယှက်လွှတ်ကင်း၊လယ်လုပ်ခြင်း၊မပျင်းကုန်သွယ်ပါ။
ဥာတကာနဉ္စ သင်္ဂဟော၊
မိဘက်,ဖဘက်၊ ဆွေမျိုးဆက်၊ မပျက်ထောက်ပံ့ပါ၊
အနဝဇ္ဇာနိ ကမ္မာနိစ၊
အပြစ်ကင်းပါ၊ မှုကိစ္စ၊ ပွါးကြအမြဲသာ၊
ဂါရဝေါစ၊
အသက်သိက္ခာ၊ ကိုယ့်ထက်သာ၊ ညွှတ်ခါရိုသေပါ၊
သမဏာနဉ္စ ဒဿနံ၊
ကိုယ်ကျင့်ဖြောင့်မတ်၊ ရဟန်းမြတ်၊ ဆည်းကပ်ပူဇော်ပါ။
ကာလေန ဓမ္မသာကစ္ဆာစ၊
အားလပ်ချိန်ပေး၊ တရားရေး၊ ဆွေးနွေးမေးမြန်းပါ၊

★ နိဗ္ဗာန သစ္ဆိကိရိယာစ၊
ကိလေသာပျောက်၊ဖိုလ်ဉာဏ်ရောံ၊ မျက်မှောက်ပြုကြပါး

၃။ တိုးပွားမှု ၇-ပါး။

★ ပဏ္ဍိတာနဉ္စ သေဝနာ၊
ကြောင်းကျိုးသိမြင်၊ ပညာရှင်၊ အစဉ်မှီဝဲပါ။
★ ပူဇာစ ပူဇ နေယျာနံ၊
ရှိခိုး ဦးခိုက်၊ ပူဇော်ထိုက်၊ ဦးတိုက်ပူဇော်ပါ။
★ ဗဟုဿုတ္တ၊
အမြင်အကြား၊ ပညာများ၊ သင်ကြားစုဆောင်းပါ။
★ မာတာပိတု ဥပဋ္ဌာနံ၊
မိခင် ဖခင်၊ ကျေးဇူးရှင်၊ အစဉ်လုပ်ကျွေးပါ။
★ ဓမ္မစရိယာစ၊
ကုသိုလ်ဆယ်ပါး၊ မြတ်တရား၊ ပွားများကျင့်ကြံပါ။
★ ကတညုတာ၊
ကောင်းစွာပြုဘူး၊ သူ့ကျေးဇူး၊ အထူးအောက်မေ့ပါ။
★ သောဝစဿတာစ၊
ကောင်းရာညွှန်ကြား၊ ဆုံးမငြား၊ မှတ်သားနာလှယ်ပါး

၄။ ချမ်းသာမှု ၁၂-ပါး။

★ ပဋိရူပ ဒေသဝါသောစ၊
သင့်တင့်လျောက်ပတ်၊ ထိုအရပ်၊ ခိုကပ်နေထိုင်ပါ။
★ အတ္တသမ္မာ ပဏိဓိစ၊
အကျင့်တရား၊ မပျက်ပြား၊ စောင့်ထားကိုယ်စိတ်မှာ၊

★ ဒါနဲ့၊
ပေးကမ်းစွန့်ချ၊ လှူဒါန၊ ပြုကြမမေ့ရာ၊
★ အပ်မာဒေါစ ဓမ္မေသု၊
ကုသိုလ်ဆယ်ပါး၊ နေ့စဉ်ပွား၊ ပိုင်းခြားမြင်ရမှာ၊
★ သန္တုဋ္ဌိစ၊
လောဘ့ပယ်ချ၊ ရသမျှ၊ မျှတရောင့်ရဲပါ၊
★ ကာလေနဓမ္မသာဝဏံ၊
သင့်တင့်သောခါ၊ တရားနာ၊ မှတ်ပါ ရှိသေပါ၊
★ အရိယာသစ္စာန ဒဿနာ၊
သစ္စာလေးပါး၊ မဂ်ဉာဏ်ပွား၊ ပိုင်းခြားမြင်ရမှာ၊
★ ဖုဋ္ဌဿလောကဓမ္မေဟိ၊
လောက့တရား၊ တွေ့ကြုံခြား၊ စိတ်ထားတည်ကြည်ပါ၊
★ စိတ္တံ့ယဿနကမ္ပတိ၊
တုံလှုပ်ခြင်းကင်း၊ စိတ်အလျင်း၊ ကိုယ်တွင်းမဝင်ပါ၊
★ အသောကံ၊
စိုးရိမ်ပူခြင်း၊ ကြောင့်ကြကင်း၊ အလျဉ်းမရှိရာ၊
★ ဝိရဇံ၊
ကိလေမြူမှုန်း၊ ညစ်အကြေး၊ ကင်းဝေးရှင်းရှင်းကွာ၊
★ ခေမံ၊
ကြောက်၊ ထိတ်၊ လန့်တွေး၊ လောဘဘေး၊ ငြိမ်းအေးလွတ်ကင်းပါ၊

ဝိပဿနာ စာမေးပွဲ မေးခွန်းများ။

ကျွန်တော်ကဉ်ပုနိသျှ "ဝိပဿနာလမ်းမှန်" ၃-စောင်တွဲနှင့် ဓါတ်ရှစ်ပါးရှုဘွယ်-ဓါတုကမ္မဝိပဿနာရှုဘွယ်-ဝိညာဏာနုပဿနာကျမ်းနှင့်နောက်ဆက်တွဲ စသည့်တရားတော်များကို အကြိမ်ကြိမ်ဘတ်ရှုသဘောပေါက် နားလည်ပြီးသည့်အခါ အောက်ပါ မေးခွန်းများ၏အဖြေကို တွေးပါ့၊ ကြံပါ၊ ကျေးဇူးများပါလိမ့်မည်။

ဤမေးခွန်းအဖြေများကို ဓနုဖြူမြို့ ဝိပဿနာအသင်းကြီး၏ နာယကဆရာတော်များက ဖြေဆိုပြီးလျှင် "သောတာပန်လမ်းအလင်းပြကျမ်း" အမည်နှင့် စာအုပ်ရိုက်နှိပ်ဖြန့်ချိခဲ့ဘူးပါသည်။ ရန်ကုန်ရုတ္တင် ရှာကြံ လေ့လာပါက အထူး ကျေးဇူး များနိုင်ပါသည်။

တိကဉ်ပုနိသျှ ဝိပဿနာစာမူများကို တိကဉ်ပုနိသျှဝိပဿနာဖြန့်ပုံးရေးအဖွဲ့မှ ဆက်လက်စုပေါင်းရိုက်နှိပ်၍၊ အများအကျိုးအတွက် ဖြန့်ချိလျက်ရှိရာတွင် ဤ "သောတာပန်လမ်း အလင်းပြကျမ်း" ကိုလည်း ဓမ္မမာမက သဟာယကတို့၏ဆန္ဒအရ အစီအစဉ်တရပ်ရပ်တွင် ဖြန့်ချိရန်ပြည့်စုံလာနိုင်လိမ့်ဦးမည်ဖြစ်ပါကြောင်း။

ဓနုဖြူမြို့-ဝိပဿနာစာမေးပွဲ အသင်းကြီးမှ ကျင်းပပြုလုပ်ခဲ့သော မေးခွန်းများ။

(ပထမအကြိမ်)၁၃၀၅-ခုနှစ်၊ ပြာသိုလပြည့်နေ့။

၁။ ပညတ်နှင့်ပရမတ်၊ သင်္ခတနှင့် အသင်္ခတ မည်သို့ခြားနားသနည်း။

ပညတ်, ပရမတ်နှစ်ပါးတွင် အဘယ်တရားသည် ဝိပရိဏာမဖေါက်ပြန်သနည်း။ ဖေါက်ပြန်ပုံကိုလည်း ရေးသားဖေါ်ပြပါ။

၂။ အနိစ္စတရား - အနိစ္စလက္ခဏာ၊ အနိစ္စ ဝိပဿနာတို့ကို ခွဲခြားပြပါ။

ရုပ်၏အနိစ္စ၊ ဒုက္ခ၊ အနတ္တာလက္ခဏာ ၃-ပါး ထင်မြင်လွယ်ရန် ဦးစွာဘယ်တရားကိုသိအောင် အားထုတ်ရမည်နည်း။

အဋ္ဌကာလာပ်ရုပ်တခု၏ အနိစ္စ, ဒုက္ခ, အနတ္တာဖြစ်ပုံကို ရေးဖော်ပြပါ။

၃။ သူသိတယ်-ငါသိတယ်ဆိုရာ၌၊ သိတတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါရှိလို့ သိတာလား။ (သို့မဟုတ်) သိတယ်ဆိုတာ ဘယ်လိုဟာလဲ ဘယ်လိုဖြစ်ပေါ်လာတာလဲ။

သိမှုနှင့် အမြဲယှဉ်တဲ့ ဖြစ်ပေါ်သည့် စေတသိက်များ၏ ဖြစ်ပေါ်ပုံကို ရေးသားဖော်ပြပါ။ သိမှုနှင့်စေတသိက်များကို ခွဲခြဲပြပါ။

၄။ ခွဲခြာ ၅-ပါးသည် အနှစ်သာရမရှိ၊ စွန့်ပစ်အပ်တဲ့အချည်းနှီးတရားဟုဆိုသည်၊ ဟုတ်မှန်ကြောင်း ရေးသားဖော်ပြပါ။

၅။ မဂ္ဂင်၏အနက်အဓိပ္ပါယ်ကို ရေးသားဖော်ပြပါ။ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်အောင် ရှုပကွန္ဓာကို ဘယ်လိုနှလုံးသွင်း ဆင်ခြင်မည်နည်း။

သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် တပြိုင်နက်ဖြစ်သည့် ကျန်မဂ္ဂင် ၇-ပါးဖြစ်ပုံကိုရေးသားဖော်ပြပါ။ မဂ္ဂင်ရှစ်ပါးကိုသိက္ခာ ၃-ပါးဖွဲ့ပြပါ။

၆။ သမုဒယသစ္စာနှင့်ဒုက္ခသစ္စာ၊ အကြောင်းတရား အကျိုးတရားဖြစ်ပုံအချင်းအရာကို ရေးသားဖော်ပြပါ။

၇။ အဟေတုကဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ, တိရစ္ဆာနပရိညာ ပစ္စယပရိဂ္ဂဟဉာဏ်တို့၏ အနက်အဓိပ္ပါယ်ကို အတိုချုပ် မှတ်ချက်ရေးပါ။

(ဒုတိယအကြိမ်) ၁၃၀၆-ခုနှစ်၊ ဝါဆိုလပြည့်နေ့။

၁။ ပညတ်-ပရမတ်နှစ်ပါးတွင် အဘယ်တရားကို လက္ခဏာရေးတင်ရှုရမည်နည်း၊ အကြောင်းပြ ဖြေပါ။ လက္ခဏာရေး ၃-ပါးကို သုံးသပ်ဆင်ခြင်ရခြင်း၏ ရည်ရွယ်ရင်းကား အဘယ်နည်း။

၂။ သိက္ခာ ၃-ပါးအမည်ကို ရေးပြပါ။ သိက္ခာ ၃-ပါးကို မဂ္ဂင် ၈-ပါးတရားဟုခေါ်ဆိုနိုင်မည်လား။ အကြောင်းပြဖြေပါ။

၆။ သစ္စာ ၄-ပါး၏ သရုပ်ကို သင်သိသလောက် ရေးသားဖော်ပြပါ။

၄။ ပရိညာဆိုတာ ဘာလဲ၊ တေဇောဓါတ်ကို ဉာတပရိညာ စခန်းဆိုက်အောင် အသိဉာဏ်ဖြစ်ပုံကို ရေးသားဖော်ပြပါ။

၅။ စက္ခုအကြည်ကို ဒဋ္ဌရဟုခေါ်ခြင်း၊ ဝတ္ထုဟုခေါ်ခြင်း၊ အာယတန ခေါ်ခြင်းသည် အဘယ်ကြောင်းများကြောင့်နည်း။

၆။ သင်၏ကျောကိုဒုတ်နှင့်တချက် ရိုက်လိုက်လျှင်၊ အဘယ် ခန္ဓာများ ဖြစ်ပေါ်ပျက်ချုပ်သည်ကို ရှင်းလင်းစွာဖော်ပြပါ။

၇။ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဟု ဟောသည်၊ မဟုတ်ကြောင်း အခြေးသူတယောက် သဘော ပေါက်လောက် အောင် မည်သို့ ပြောပြမည်ကို ရေးပြပါ။

၈။ "ရှေးဘဝက အဝိဇ္ဇာတဏှာကြောင့် ယခုဘဝ ဝဋ်ဒုက္ခ ဖြစ်တဲ့ ဤရုပ်နာမ်တွေ ဖြစ်ပေါ်လာပါတကား၊ ပုဂ္ဂိုလ် သတ္တဝါ အသက်မဟုတ်၊ အခါခပ်သိမ်း ဖြစ်ပျက်နေတဲ့တရားတွေသာဟုတ် ပါတကား။"

ဤသို့နှလုံးသွင်းဆင်ခြင်၍ ထင်မြင်သောသူမှာ အဘယ်ဒိဋ္ဌိများ လွတ်ကင်း၍နေသနည်း၊ အကြောင်းပြ၍ဖြေပါ။

(တတိယအကြိမ်) ၁၃၀၆-ခုနှစ်၊ ပြာဆိုလပြည့်နေ့။

၁။ ဝိပရိဏာမ ဖေါက်ပြန်တယ်ဆိုတာ ဘယ်လိုဖြစ်တာလဲ၊ ပရမတ္ထတရား ၄-ပါးတွင် အဘယ် ပရမတ်သည် ဖေါက်ပြန်ကြောင်း၊ ဥဒါဟရဏ်တခုစီ ဆောင်၍ဖြေပါ။

၂။ လက္ခဏာဆိုတာဘာလဲ၊ လက္ခဏာရေး ၃-ပါး တပါး ထင်လျှင် ၃-ပါးစလုံးထင်မြင်သည်ဟု ဟောသည်။ ထင်မြင်ပုံကို ရှင်းရှင်းရေးသားဖေါ်ပြပါ။ စက္ခုပသာဒ၊ ဝဏ္ဏအာသီးသီး၏ သဘာဝလက္ခဏာကို ဖေါ်ပြပါ။

၃။ ခန္ဓာဆိုတာ ဘယ်လိုသဘောလဲ၊ ပဋိုလ်ဆိုတာ ဘယ်လို သဘောလဲ။

အနုတ္တသဘောများကို ရေးပြပါ။ နိဗ္ဗာန်ဟာ အနုတ္တလား၊ အကြောင်းပြ၍ဖြေပါ။

အသခ်္ခတနိဗ္ဗာန်သည် အမြဲတည်ရှိနေတဲ့တရားလား၊သို့မဟုတ် ကျင့်မှဖြစ်ပေါ်လာတဲ့ တရားလား၊ အကြောင်းပြ၍ဖြေပါ။

၄။ ရူပပရိစ္ဆေဒဉာဏ်မှ ဘုယဉာဏ်ထိ အစဉ်လိုက် သက်ဝင် ဆိုက်ရောက်အောင် တေဇောဓါတ်ကို နှလုံးသွင်းဆင်ခြင်ပြပါ။

၅။ အဘုယ်တရားကို ဘယ်လိုဉာဏ်အမြင်ပေါက်၍ သို့ပုံကို ဒုက္ခသစ္စာကို ပိုင်းခြားသိသည်ဟု ဆိုမည်နည်း၊ ဒုက္ခသစ္စာကိုသိ ခြင်းကား မည်သို့အကျိုးရှိသနည်း။

သမုဒယသစ္စာကို သိမြင်ခြင်းသည် အဘယ်ဒိဋ္ဌများမှ လွတ် ကင်းသနည်း။

၆။ သီချင်းသံကိုကြားရသောအခါ ကိလေသာမဖြစ်အောင် ဘုယ်လိုနှလုံးသွင်း ဆင်ခြင်မည်နည်း။

ကြက်သားစွတ်ပြုတ်ရေပူပူကို သောက်လိုက်တဲ့အခါ အဘယ် ဓါတ်တွေ ဖြစ်ပေါ် ချုပ်ပျက်သနည်း။

၇။ သင်၏ခန္ဓာတွင် ရုပ်တရား, နာမ်တရားများ၏ ဖြစ်ပျက် ကိုမြင်အောင် ဘယ်လို ကြည့်ရှုသနည်း။ ကြည့်ရှုပုံကိုရေးသား ပေါ်ပြပါ။

၈။ အဘယ် တရားများကို အဘယ် အခြင်း အရာများဖြင့် နှလုံးသွင်းဆင်ခြင်အားထုတ်မှု နိဗ္ဗာန်ကိုမြင်နိုင်မည်နည်း။

ဝိပဿနာ ဘာဝနာလမ်းစဉ်တွင် အခ်ံတဓါတ် နိဗ္ဗာန်သဘော ကို ကြံစီတွေးတော ထောက်ဆ၍ အာရုံပြုရခြင်းသည် အဘယ် အကြောင်းကြောင့်နည်း။

(စတုတ္ထအကြိမ်)၁၃၀၇-နှစ်၊ တော်သလင်းလပြည့်ကျော် ၈-ရက်။

၁ ။မြတ်စွာဘုရားသာသနာတော်နှင့်ကြုံကြိုက်ခိုက်ဘယ်ကိစ္စ ကို ဘာကြောင့် အရေးတကြီး အားထုတ်သင့်ပါသနည်း၊ လေး နှက်စွာဖြေဆိုပါ။

"သမထ-ဝိပဿနာ"ဟူသည် ဘာကိုဆိုပါသနည်း၊ အကျိုး ပေးချင်းတူမျှပါသလော- စဉ်းစားဖြေပါ။

၂။ သက္ကာယဒိဋ္ဌိ၊သက္ကာယဆိုတာဘာလဲ,ဒိဋ္ဌိဆိုတာဘာလဲ။ အသက်ရှူလွှဲ၊ အမာခံဓာတ်ကြီးများပါရှိပါသလား၊ ပါ ရှိလျှင် ထိုဓာတ်ကြီးတို့၏ သဘောကား အဘယ်နည်း။

ဓာတ်ကြီးတပါးကို ဝိပဿနာပွါးပြပါ။

၃။ ဘယ်ပုဂ္ဂိုလ်မျိုးကို ကလျာဏပုထုဇဉ် ခေါ်၍၊ ဘုယ် ပုဂ္ဂိုလ်မျိုးကို အန္ဓပုထုဇဉ်,ပုထုဇဉ်ကန်းဟူ၍၊ ခေါ်ဆိုရမည်နည်း။

ယောနီသော မနသိကာရ, ဟူသည် ဘယ်လိုနှလုံးသွင်းမှုကို ဆိုသနည်း။

၄။ ဓမ္မသဘောတခုကို ဝိပဿနာ ရှုနေခိုက်၊ မဂ္ဂင်ရှစ်ပါး ရ-မရ၊ ရနိုင်လျှင် ရနိုင်ပုံအခြင်းအရာ ရေးသားပါ။

ဗောဓိပက္ခိယ တရား ၃၇-ပါး ဖြစ်အောင် ရေတွက်ပြပါ။

၅။ လှတယ်,ချောတယ်, ယဉ်တယ်ဆိုတဲ့ ရူပါရုံကို မြင်လျှင် အသုဘ တကယ်ထင်မြင်, တရားသဘောသက်ဝင်အောင်၊ ချက်ခြင်းပင်-ယောနိသောဖြင့်၊ ဘယ်လိုဆင်ခြင်မည်နည်း။

အသုဘမထင်မြင် ကရားသဘော မသက်ဝင်ဘဲ၊ သုဘထင်၍ အာရုံကို ခင်မင်တွယ်တာလျှင်၊ ဘယ်အပြစ်တာဝန်များ၊ ဆက်ပွါးခါဖြစ်ပေါ်လာမည်နည်း၊ ဥာဏ်မြင်သလောက်ဖြေပါ။

၆။ ခြေညောင်းကယ်, ခေါင်း ကိုက် တယ်, ဆို ရာ ၌ ခြေ, ခေါင်း,ဆိုတာတကယ်ရှိပါသလား။ ညောင်းတာ, ကိုက်တာက ဘယ်တရားလဲ၊ ညောင်းကာကိုက်ဘာကိုသိတာက ဘယ်တရားလဲ ထိုတရားများကို အသိုးသိုးခွဲခြားပြပါ။

ခြေကိုက ညောင်းနေတာ၊ခေါင်းကိုက ကိုက်နေတာဟု အယူရှိနေပါလျှင်၊ ဘယ်ဒိဋ္ဌိလဲ။ ခေါင်းကိုက်တဲ့သဘောကို တိရဏပရိညာဆိုက်အောင် ဝိပဿနာတင်ဆင်ခြင်ပြပါ။

၇။ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်အောင် နှလုံးသွင်းပုံကို မကျဉ်း မကျယ် အခိုပ်ဖယ်ရေးပါ။

၈။ တကယ်လှ လင်မ ကစစ်အမှုန်ဖြစ်သော နိဗ္ဗာန်ကိုရောက်တယ် ရတယ်ဆိုသည်မှာ၊ ခန္ဓာကြီးက ရောက်သွားတာ ရသွားတာလား၊ ဘယ်လိုရောက်တာ-ရတာလဲ၊ မှတ်သားလောက်အောင် ဖြေပါ။

နိဗ္ဗာန်ကို တကယ်လိုချင်လာအောင် နိဗ္ဗာန်၏ ဂုဏ်, ကျေးဇူး များကိုရေးပါ။

(ပဉ္စမအကြိမ်)၁၃၀၇-ခုနှစ်၊ တပို့တွဲလပြည့်နေ။

၁။ ဝိပဿနာအစစ်နှင့် အတု-တခုစီရှင်းပြပါ။

ပညတ်သုံးမျိုးမှ လွတ်၍၊ မာမှုသဘော၏ ပရမတ် ဖြစ်ပုံကို ထင်ရှားအောင်ပြပါ။

၂။ ငါသူတပါးလို၊အယူမှား၊ အကြံမှား၊ အတွေးမှား၊ ပျင်းရိတွဲတရားဆိုးများကို၊ ဘယ်မဂ္ဂင် တရားမျိုးတို့က ဖျက်ဆီးပါသနည်း၊ တခုစီဖျက်ပြပါ။

၃။ နိပ္ပန္နရူပါဒါ၊ အဝိနိဗ္ဘောဂ၊ အမည်သုံးလုံးရသော "ရုပ်"တို့၏ သဘောတို့ကို ရေးခဲ့ပါ။

၄။ ပထဝီသည် ဘယ်အာယတန တရားလဲ။
မြင်သိကို ခန္ဓာအာယတန ဓာတ်ဖွဲ့ပြပါ။

၅။ လက်ကိုမြင်တယ်ဆိုဒါမှန်ရဲ့လား။အမှန် ဘာကိုမြင်လဲ။
မြင်ရတဲ့အာရုံအမှန်ကို၊ ရူပပရိစ္ဆေဒဉာဏ် ကခ်ါဝိဘရဏ ဝိသုဒ္ဓိဖြစ်အောင် ဆင်ခြင်ပြပါ။

၆။ မြင်, သိ, သည် ဘယ်ဝဋ္ဌကိုမှီ၍ ဖြစ်သလဲ။
ဘယ်အာယတနကိုစွဲ၍ မြင်,သိ, ဖြစ်ပါသလဲ။
မြင်သိကို နာမ ပရိစ္ဆေဒဉာဏ်၊ သမ္မာသန ဉာဏ်များဖြစ်အောင် ဝိပဿနာရှုပြပါ။

၇။ ဘယ်ကြောင့် သောတာပတ္တိမဂ်ဉာဏ်ကို ပဟာနပရိညာဟူ ခေါ်ဆိုအပ်ပါသနည်း။
ပဟာနနှင့် ပရိညာတို့၏ အဓိပ္ပါယ်တို့ကို သိလွယ်အောင် မကျဉ်းမကျယ်ရေးခဲ့ပါ။

၈။ အဘယ် မဂ်တို့သည် ရုန့်ရင်းသော ကာမရာဂ၊ ဥဒ္ဓစ္စတို့ကို အကြွင်းမရှိ ပယ်ဖျက်ပါသနည်း။

၂၆၀ ဝိပဿနာစာမေးပွဲမေးခွန်းများ။

ဘယ်ကိစ္စတို့ကို လောကုတ္တရာ မဂ်ဉာဏ်သည် တပြိုင်နက် ပြီးစေပါသနည်း၊ ရှင်းရှင်းရေးပါ။

(ဆဋ္ဌမအကြိမ်)၁၃၀၈-ခုနှစ်၊တန်ဆောင်မုန်းလပြည့်ကျော်၈-ရက်

၁။ စာပေတတ်မြောက်တိုင်း ရုပ်နာမ်တို့၏ သဘာဝဓမ္မကို အဟုတ်ဖာကယ်သိ၏ဟု ဆိုနိုင်ပါမည်လော။

ရုပ်နာမ်တို့၏သဘာဝဓမ္မကို မည်သို့သိခြင်းကို အဟုတ်တကယ်သိဟု ဆိုပါသနည်း။

၂။ မြေကြီး, ဟူသည် ပထဝီဓာတ် ဖြစ်ပါသလော။ ပထဝီဓာတ်ဟူသည် ဘာကိုဆိုသနည်း။ ပထဝီဓာတ်ကို သမ္မသနဉာဏ်သက်သက်ဖြင့် လိုရင်း ဝိပဿနာ ပွားပြပါ။

၃။ ဝိပဿနာပွားနေခိုက် ကင်းစင်နေသော ဒိဋ္ဌိများ၏ အမည်မျှ ပေါ်ထုတ်ပါ။

၄။ သစ်ပင်ဟာ သတ္တဝါလိုဘဲ အသက်နဲ့ဟု ပြောဆိုနေကြသည် မှန်မမှန် ဆုံးဖြတ်ပါ။

သစ်ပင်မှာရှိသော ဓာတ်တို့ကို ရှင်းရှင်း အာယတန ဖွဲ့ပြပါ။

၅။ တယ်-အာကာသဓာတ်ပါကလား၊ တယ်-အဆို ကောင်းပါကလားဟု နှစ်ခြိုက်စွာ အာရုံကိုစူးစိုက်မက်မောနေတဲ့ပုဂ္ဂိုလ်မှာ ဖြစ်ပေါ်နေဆဲ တရားများကိုသစ္စာဖွဲ့ပြပါ။

၆။ သြော်-မျက်စိနှင့်မြင်မြင်သမျှဟာ ရူပါရုံဆိုတဲ့ အဆင်းမျှသာဘဲ ဖေါက်ပြန်တတ်လို့ ရုပ်တရားဘဲ၊ မဟာဘုတ်ကို မှီဖြစ်ပါကလဲ့၊ မဟာဘုတ်က အကြောင်း၊ ရူပါရုံက အကျိုးဘဲလို့ ဆင်ခြင်လိုက်လျှင် ဘယ်ဉာဏ်များဖြစ်သလဲ ရှင်းရှင်းဖြေပါ။

ထို့သို့ဆင်ခြင်ခိုက် ရနိုင်သည့် ဝိသုဒ္ဓိအမည်များကိုရေးပါ။

၂။ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ပုံ ဝိထိစိတ်အစဉ်ကို စုံလင်အောင်ရေးပါ။

သောတာပန်ပုဂ္ဂိုလ်မှာ ဘယ်သံယောဇဉ်မရှိသလဲ။

၈။ နိရောဓသမာပတ္တိ အသင်္ခတဓာတ်သည် အ ဘယ် ကြောင့် နိဗ္ဗာန်မည်သလဲ။ နိဗ္ဗာန်သည် ဘာကြောင့်အနတ္တလဲ။ နိဗ္ဗာန်ကို ဘယ်ဥာဏ်မျှားက် အာရုံပြုနိုင်ပါသလဲ။

၁၃၀၉-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂-ရက်။

၁။ ကိလေသာမသေလျှင် ဘာဖြစ်မလဲ။

၂။ ကိလေသာအကြွင်းမဲ့သေအောင် ဘာနဲ့သတ်မလဲ။

၃။ ကိလေသာကိုသတ်နိုင်အောင် ဘယ်လိုလုပ်မလဲ၊ လိုရင်း အကျဉ်းချုပ်ရေးပြပါ။

၄။ ဘယ်လိုဖြစ်မှုကို ဖဿ,ခေါ်သလဲ။

၅။ ဖဿကြောင့် ဘယ်တရားတွေ,ဘယ်သဘောနဲ့ဆက်သွယ် ဖြစ်ပေါ်လာသလဲ။

၆။ ဘယ်လိုသိလျှင် စုဥ္ဇ သောတာပန်ဖြစ်သလဲ၊ စုဥ္ဇသော့ တာပန်ဖြစ်လျှင် ရသောအကျိုး(၄)ပါးကို ဖေါ်ပြပါ။

၇။ ဓမ္မာရုံ,ဓမ္မာယတန နှစ်မည်ရသော သင်္ခတတရားများကို ဖေါ်ပြပါ။

၈။ ၎င်းတရားများကို ခန္ဓာဖွဲ့ပြပါ။

၁၀။ သုခုမရူပ်မှကြွင်းကျန်သောရူပ်များ စုံအောင်ထုတ်ပြပါ။

၁၁။ မဟာဘုတ်သည် ဝဏ္ဏအာဝေဘယ်ပစ္စည်းများဖြင့်ကျေးဇူး ပြုပါသနည်း။

၁၂။ နိဗ္ဗာန်သဘော၏အဓိပ္ပါယ်ချုပ်ကို ဂ-ခုမြောက်စေ ဖေါ်ပြပါ။

၁၃။ အသမွောဟသမ္မဇ်ဉ်၊ နိရောဓ၊ နိဿိတတို့၏ အဓိပ္ပါယ်ကို ရေးပြပါ။

၁၄။ အရိယာဖြစ်ကြောင်း အင်္ဂါ ၄-ပါးကို ဖေါ်ပြပါ။

၁၅။ ဥပါဒါနက္ခန္ဓာ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

၁၆။ ပဓါနိယင်္ဂ် ၅-ပါးကို ဖေါ်ပြပါ။

၁၇။ သမထနှင့် ဝိပဿနာ၏ အထူးကိုရေးပြပါ။

၁၈။ မဂ်ဖိုလ်မရနိုင်သောအကြောင်းတရား ၁၀-ပါးဖေါ်ပြပါ။

၁၉။ နာမရူပံ ဘိက္ခဝေ အနိစ္စသင်္ခါ၊ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ၊ ဝယဓမ္မံ၊ နိရောဓဓမ္မံပါဠိကို အနက် မြန်မာ ပြန်ဆိုပါ။

၂၀။ သမ္မဒါ ၄-ပါးကို ဖေါ်ပြပါ။

၂၁။ ရူပံဇီရတိ မစ္စာနံနာမ ဂေါတ္တံ နဇီရတိကို အနက် မြန်မာပြန်ဆိုပါ။

သတ္တမအကြိမ် ၁၃၀၉-ခုနှစ်၊ တန်ဆောင်မုန်းလဆုပ် ၁၀-ရက်နေ့။

၁။ ပရမတ္ထတရား ၄-ပါးတွင် အဘယ် ပရမတ် တရားသည် အကြောင်းကြောင့် ဖြစ်သနည်း။ ၎င်းအသီးသီးတို့ကို ဖြစ်ပေါ်စေသော အကြောင်းတရားတို့ကား မည်သည်တို့နည်း။

၂။ ခန္ဓာ, ပုဂ္ဂိုလ်, နိဗ္ဗာန်, ဆိုတာ ဘာလဲ။

၎င်းတို့ ခြားနားချက်ကို ဖေါ်ပြပါ။ ၎င်း အသီးသီး သည် ပညတ်လား၊ ပရမတ်လား၊ အကြောင်းနှင့်တကွ ဖြေပါ။

၃။ သင်သည် ဝိပဿနာတရား နှလုံးသွင်း ဆင်ခြင်နေသည့် အခါ ထင်မြင်သိရှိသည့်အတိုင်း (က) ရုပ်ကြောင့် ရုပ်ဖြစ်ပေါ်လာရပုံ။ (ခ) ရုပ်ကြောင့် နာမ် ဖြစ်ပေါ်လာပုံ။ (ဂ) နာမ်ကြောင့် ရုပ်ဖြစ်ပေါ်လာပုံ။ (ဃ) နာမ်ကြောင့် နာမ် ဖြစ်ပေါ်လာပုံတို့ကို ရေးသားဖေါ်ပြပါ။

၄။ ဖေါင်ပွဲခေတ်ဟူသည် အဘယ်နည်း။ မီးခဲကိုနှင်းမိသည့် အခါ သင့်အား မည်သည့်ခေတ်များကို ဖြစ်ပေါ်သလဲ၊ ၎င်းဖြစ် ပေါ်လာသော ခေတ်များသည် အဘယ် ဖေါင်ပွဲခေတ်ကို ဦးစွာ အာရုံပြု၍ ဖြစ်ပေါ်သလဲ။

၅။ ဒုက္ခဆိုတာ ဘယ်လိုဖြစ်နေတာကိုဆိုသလဲ၊ ဘိုင်စကုတ်ပွဲ ကို နှစ်သက် ရှင်ပြစ်ခြာ ကြည့်နေသော သူတယောက်၏သန္တာန်၌ ဒုက္ခဖြစ်နေတာကို ရေးသား ဖေါ်ပြပါ။

၆။ အဆင်းနှင့်စက္ခုအကြည်ကြောင့် စက္ခုဝိညာဏ်ဖြစ်ပေါ် သည်မှုဆင်ခြင်နှလုံးသွင်း၍နေသောပုဂ္ဂိုလ်အား မည်သည့်ဉာဏ် များ၊ဝိသုဒ္ဓိများဖြစ်ပေါ်၍ အဘယ်ဒိဋ္ဌိများ ကင်းဝင်နေသနည်း။

၇။ ပထဝီခေတ်၏သဘောဖြစ်ပုံကို ဆင်ခြင်နှလုံးသွင်းပြပါ။

၈။ ဘုရားရှင်သည် ပထဝီလို့ သာမညမဟာမှု၍ အဘယ် ကြောင့် ဓာတုသဒ္ဒါနှင့်ယှဉ်တွဲခါ ဟောတော်မူအပ်ပါသနည်း။

၉။ တည်ရာသဘောကို ပထဝီဟု ခေါ်ဆိုအပ်ကြောင်း ထင် ရှားအောင် ဥပမာပေး၍ ရေးသားဖေါ်ပြခဲ့ပါ။

၁၀။ အလွန်ချိုဆိမ့်သော ကိတ်မုန့်ကို စားသုံးနေသည့် ပုထု ဇဉ်၏သန္တာန်၌ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်ဆိုတဲ့ တရားများဖြစ်ပုံကို ရေးသားဖေါ်ပြပါ။ ၎င်းတရားကင်းအောင် ဘယ်လိုဆင်ခြင် နှလုံးသွင်း၍ စားရမည်ကိုလည်း တပါတည်းဖြေပါ။

၁၁။ သင်သည် ရုပ်နှင့် နာမ်ကို အဘယ်ကြောင့် စက်ဆုပ်ရွံ ရှာ ငြီးငွေ့ပါသနည်း။ ၎င်းရုပ်နာမ် မပေါ်အောင်မည်သည့်တရား ကို အရေးတကြီးပယ်ရှားရမည်နည်း။

၁၂။ နိဗ္ဗာန်ကိုဓမ္မာယတနဟု အဘယ်ကြောင့်ဆိုအပ်သနည်း။

(မေးခွန်းများပြီး၏။)

ကမ္ဘာဇေအား၊ ရန်ကုန်

စာအုပ်အလှူရှင်များ	အုပ်ရေ
ဦးချက်၊ အမှတ် ၁၇။ ၁ လမ်း၊ ချင်းတွေချောင်းခြံ၊	၁၂
ဦးကျော်စိန်-ဒေါ်အုံးရွှေ၊ ၂ လမ်း၊ လွတ်လပ်ရေး	၁
ဦးကျော်စိန်-ဒေါ်အေးမြ ၂ လမ်း၊ လွတ်လပ်ရေး	၂
ဒေါ်စောရင် အမှတ် ၃၊ ၅ လမ်း၊ ထီးတန်းဈေးကွက်လေး	၁
ဒေါ်ရွှေငင် ၃၀၊ ဥယျာဉ်လမ်း၊ ကြည့်မြင်တိုင်	၃
ဒေါ်ခနှင့် သို့မဟုတ်သန်း စလင်းလမ်း၊ ကြည့်မြင်တိုင်	၃
မောင်တိုးအောင်နှင့် ရဲမျိုးအောင် ၃၄၊ ဇေယျဝတီလမ်း	၂
မောင်ဇော်ဝင်းနှင့် မောင်ညွှာဏ်လင်း ။	၂
ဒေါ်စံဝင်း မစ်ရှင်လမ်း	၁၀
ဦးဆဲရာကြီး-ဒေါ်ခင်ပု ၇၄။ သံတံတားလမ်း	၁
ဦးလှ-ဒေါ်သိန်း ၂၆။ အင်းနစ်လမ်း၊ ကြည့်မြင်တိုင်	၅
ဦးကျော်လှ-ဒေါ်အုံးရှင် ၇၃၊ ထီးတန်းလမ်းမ	၁
ဦးထွန်းဦး-ဒေါ်ပု ၅၇။ လေးဒေါင့်ကန်လမ်း၊ သက်နိုးကျွန်း	၃
ဦးသောင်းစိန်-ဒေါ်ဝင်း မင်းလမ်း၊ (၁လမြို့)	၂
ဦးစောထွန်း ၂၇ လမ်း၊ ၂၀၀၊ အခမ်း (၀)၊ ရန်ကုန်	၂
ဦးတင်သိန်း-ဒေါ်မြသွေး အမှတ် ၄ သစ်စက်	၁
ဦးဘိုးမြစ်နှင့် သားသမီးတစု အမှတ် ၄ သစ်စက်	၁
ဦးသာလှိုင် ရမ်သာ၊ ပန်းတောင်းမြို့	၁
မောင်တင်ရွှေ (ဘီ-အေ) ပြင်သစ်ဘာသာပြန်	၁
ဦးမြမောင် ဝေဠုဝန် ၄ လမ်း	၂
ဦးဂုန္ဒာဝစရိယ အမျှာရာမတိုက် ရန်ကုန်	၂
ဦးပရမ ။	၂
ဒေါ်အမာ ရှမ်းလမ်း၊ စမ်းချောင်း	၁
ဒေါက်တာရွှေလွ ၅၁ လမ်း၊ ရန်ကုန်	၅၀
ဦးအောင်သိန်း ။	၅၀
ဦးအောင်ဖေ ၄ လမ်း၊ ရန်ကုန်	၂၅
ဦးအုံးဖေ ၁၄ လမ်း၊ သဟာယပွဲရုံ	၂၅
ဦးငွေမောင်း ၁၂ လမ်း၊ ရန်ကုန်မြို့	၂၅
ဦးလှိုင် ဥယျာဉ်လမ်း၊ ကြည့်မြင်တိုင်	၅၀

၂၂၀

ပြည်ထောင်စုမြန်မာနိုင်ငံ-တော်လှန်ရေးကောင်စီ
ပြည်သဲရေးဌာန

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၃၂၄၂)
(၃၂၄၂-ခ)

ထုတ်ဝေသူ။ ။ဦးရွှေလှ၊
ထုတ်ဝေသူကင်းလွတ်ခွင့် အမှတ် (၀၀၇၉)၊
အမှတ် (၁၇၉)၊ (၅၁)လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးကျော့မောင်၊
မွတ်ပုံတင်အမှတ် (၀၂၀၀၄)၊
ပြည်သူ့မိတ်ဆွေစာပုံနှိပ်တိုက်၊
အမှတ် (၁၆၆)၊ (၄၆)လမ်း၊ ရန်ကုန်မြို့။